
# စိုးပေါင်ပေါင်

## ကျောက်စိမ်းဓားနှင့်မာယာဒေဝီ



ဥုံ မဏိ ပါဒေ ဟုံ

စီစဉ်သူ—ကျော်ကျော်ဆွေ

ရိုးသင်းပန်း
စာပေ

ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊ ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။

ဒေါ်တင်ရွှေ
စာပေမွန်စာပေ
(၀၂၈၄၅-မြိ)၂၀၄၊ လမ်း ၃၀
ရန်ကုန်မြို့က ထုတ်ဝေ၍

စာမူခွင့်ပြုချက်အမှတ် (၁၅၈၈)
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် ( ၄ )
ပထမအကြိမ်၊ ဩဂုတ်လ၊ ၁၉၈၅ ခု၊ အုပ်ရေ—၁၅၀၀
မျက်နှာဖုံးပန်းချီ—ဝင်းကျော်စိုး
ရေးခံပန်းချီ—ဝင်းကျော်စိုး

ကာလာခွဲ—သန်းစိုး (လွှစ္စလမ်း)

မျက်နှာဖုံးရိုက်—ဆန်းသိန်းOFFSET

တန်ဖိုး—နှစ်ဆယ်ကျပ်

ဦးမောင်မောင်လွင်
ကဝိရတနာ ပုံနှိပ်တိုက်
(၀၂၃၅၀-မြိ) ၂၀၄၊ လမ်း ၃၀
ရန်ကုန်မြို့ တွင်
ရိုက်နှိပ် ပါသည်။

# စိုးကောင်ကောင်

## 'ကျောက်စိမ်းဓား နှင့် မာယာဒေဝီ'

သိုင်းဘာသာပြန် အသစ်စက်စက်၊ စ/ဆုံး လုံးချင်းဝတ္ထု

ကျန်းမာချမ်းသာပါစေ



ကုလုံ

၏

ပိယို့ကောင်း

## အခန်း ( ၁ )

နေ့ဦးပေါက်ကာလ အခါသမယဖြစ်၏။

ဟန်ကျိုးမြို့သည်၊ သာယာလှပသော မြို့တမြို့ဖြစ်သည်။

နေ့ဦးပေါက်ရာသီတွင်၊ ဟန်ကျိုးမြို့သည်၊ သာယာသော ရှုမျှော်ခင်း အစုံစုံဖြင့် လှချင်တိုင်းလှနေတော့၏။

ဟန်ကျိုးမြို့သည်၊ တချိန်က တောင်ပိုင်း ရန်မင်းဆက်လက်ထက်တွင်၊ တရုတ်ပြည်၏ နေပြည်တော်ဖြစ်ခဲ့သည်။

ဟန်ကျိုးမြို့ ပတ်ဝန်းကျင်ရှိ နာမည်ကျော် ရေအိုင်ကြီးများအနက်၊ မြို့အနောက်ဘက်ရှိ အနောက်ရေအိုင်ကြီးသည်၊ အလှပဆုံး၊ သာယာကြည်နူးဖွယ်အကောင်းဆုံးဖြစ်သည်၊ သာယာရှုမောဖွယ်ကောင်းသဖြင့်၊ ကမ္ဘာကျော်ခဲ့သည်။

ရေအိုင်ကြီး၏ ပတ်ဝန်းကျင်တွင်၊ သစ်ပင်ပန်း မန်များဖြင့် သာမောဖွယ်ကောင်းလှသည်။

ထို့အပြင် ရေအိုင်ကြီးပေါ်မှ ပေါင်းကူးတံတားကြီးသည်၊ အထူးပင် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

နွေဦးပေါက်ရာသီတွင်၊ တနယ်တကျေးမှ ဧည့်သည်များသာမက၊ မြို့ခံလူများသည်ပင်၊ အနောက်ဘက်အိုင်ကြီးသို့ အလည်အပတ် ရောက်နေကြသည်။

ယခုလည်း အနောက်ဘက်ရေအိုင်ကြီးတွင်၊ လူအများ စည်ကားလျက်ရှိနေသည်။

ထိုလူများထဲတွင် မရောက်ဖူး၍ ဗဟုသုတအဖြစ် ရေအိုင်ကြီးသို့ တခေါက် ဝင်ရောက်လေ့လာသူများ ရှိကြသလို၊ စားကောင်းသောက်ဖွယ်များနှင့် ပထမတန်းစား အရက်များကို တစိမ့်စိမ့်သောက်ယင်း၊ သာယာလှပသော ပတ်ဝန်းကျင်တွင် အပန်းဖြေအနားယူနေကြသူများလည်း အမြောက်အများပင်ရှိသည်။

မှန်၏။

ရေအိုင်ကြီးနှင့်တကွ ပတ်ဝန်းကျင်သည်၊ သာယာလှလေစွ၊ ပန်းမာလာအပေါင်းဖြင့်၊ မွှေးပျံ့သင်းကြိုင်လျက်၊ စိတ်ချမ်းမြေ့စရာ၊ နားနေရန်အကောင်းဆုံး ကွန်းထောက်စခန်း တခုလည်း ဖြစ်သည်။

ဟောကြည့်။

ရောက်လာပြန်ပြီ ဧည့်သည်တယောက်....။

မြင်းညိုတစီးဖြင့် ဧည့်သည်လုလင်တယောက်။





အနောက်ရေအိုင်နံဘေး၊ မြေနီလမ်းကလေးအတိုင်း မြင်းညိုကြီးကို၊ တလှမ်းချင်း ဖြည်းနှေးစွာ မောင်းနှင်ဝင်လာသည်။

တကယ်တော့ မြင်းစီးလုလင်သည်၊ မြင်းဇက်ကြိုးကို လုံးဝလျှော့ချထားလိုက်ပြီး၊ ရေအိုင်ကြီး၏ ကြည်နူးဖွယ်ရာ ရှုခင်းများဆီသို့၊ တအံ့တသြ ငေးမောယင်း၊ မြင်းညိုကြီးခေါ်ဆောင်ရာသို့ အလိုက်သင့် လိုက်ပါလာခြင်းဖြစ်သည်။

မြင်းညိုကြီး....။

အားကောင်းမောင်းသန်၊ ထွားကျိုင်းသော မြင်းညိုကြီးကို ကြည့်လျှင်၊ မြင်းစီးလုလင်သည်၊ မြောက်ပိုင်းမှ ရောက်လာသော ဧည့်သည်တယောက်ဖြစ်သည်ကို အလွယ်တကူပင်သိသာနိုင်သည်။

လုလင်ပျိုသည်၊ တောင့်တင်းသန်မာသော လူငယ်တယောက်ဖြစ်သည်။

မျက်နှာမှာ နုငယ်သေးသော်လည်း တည်ကြည်ခန့်ညားသည်။

အသက်အရွယ်အားဖြင့် အလွန်ဆုံးရှိမှ ဆယ့်ကိုးနှစ်။

မြင်းစီးလူငယ်သည်၊ အစိမ်းရောင်ပိုးသားအင်္ကျီကို ဝတ်ဆင်ထားသည်။

သူသည် စိတ်အေးလက်အေးဖြင့် ဓဲယာနှစ်ဘက်ရှိ၊ သာယာတင့်မောဖွယ် သဘာဝရှုခင်းအသွယ်သွယ်ကို ရင်သတ်ရှုမောကြည့်ရှုခံစားယင်း မြင်းညိုကြီး၏ကျောထက်တွင် တလှုပ်လှုပ်လိုက်ပါလာသည်။

မြောက်ပိုင်းမြင်းညိုကြီးသည်၊ ကျောထက်မှ သခင်၏အလိုက်

သိစွာဖြင့်၊ မြေနီလမ်းမပေါ်တွင် မပင်မပန်း တလှမ်းချင်း လှမ်းသွားနေသည်။

တောတောင်အထပ်ထပ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်လေညင်းသည်၊ ပန်းရနံ့များ ထုံသင်းလျက်ရှိသည်။

မိုးပြာအောက်မှ ပြာလဲ့လဲ့ရေအိုင်ကြီး၏ မှန်သားပြင်သည် တချက်တချက် ဆောင့်၍တိုက်ခတ်သွားသော လေပြင်းကြောင့် လှိုင်းကြက်ခွတ်ကလေးများ ထသွားသည်။

ထွားကြိုင်းသော မြင်းညိုကြီးသည်၊ ရေအိုင် ပေါင်းကူးတံတားပေါ်သို့ ဖြတ်ကျော်တက်ရောက်သွားသည်။

လူငယ်သည်၊ အေးဆေးစွာ မြင်းကျောထက်တွင် စိတ်လွတ်ကိုယ်လွတ် လိုက်ပါသွားခဲ့သည်။

ရှေ့တူရူမှ မွှေးကြိုင်သော လေပြည်လေညင်းက၊ လူငယ်၏မျက်နှာအား ဆီးကြို၍ ဝင်တိုးမိသည့်အတွက်၊ လူငယ်မျက်နှာသည် ပို၍ပင် လန်းဆန်းသွားသည်။

သာယာဖွယ်အတည့်....။

ပျော်စရာအစုံစုံ....။

ချမ်းမြေ့စရာအသွယ်သွယ်....။

လူငယ်သည်၊ အထူးပင် ကြည်နူးနေမိသည်။

လူငယ်၏ဟန်အမူအရာကို ကြည့်ရခြင်းအားဖြင့်၊ ကုံလုံပြည့်စုံသော ကြွယ်ဝသည့် သားပျိုတယောက်ဖြစ်သည်မှာ ထင်ရှားသည်။





သူသည် အပူအပင်မရှိ ကြောင့်ကျမှုကင်းစွာဖြင့် အေးဆေးစွာ လှုပ်ရှားနေမှုကို ကြည့်လျှင် ရေအိုင်ကြီးသို့ မရောက်ဖူး၍၊ အလည်အပတ် ရောက်ရှိလာကြောင်း သိနိုင်ပေသည်။

ထိုလူငယ်သည်ကား မည်သူနည်း....။

အန္တိလုလင်သည်၊ မြောက်ပိုင်းဒေသမှ နာမည်ကျော် မြို့စားကြီး ကျန်ဟွမ်ဟင်၏ တဦးတည်းသော သားဖြစ်သည်။

သူ၏အမည်မှာ ကျန်းယို့ဖြစ်သည်။

ကျန်းယို့အား၊ ဤမျှဝေးလံသောတောင်ပိုင်းပြည်နယ် ကျန်းလန်ဒေသသို့ မည်သို့သောအကြောင်းကိစ္စဖြင့် စေလွှတ်လိုက်လေသနည်း။

အကြောင်းတော့ရှိသည်။

သူသွားရမည့်ခရီးစဉ်မှာ၊ ပုလဲကျေးရွာရှိ ကျော်ကြားသော သိုင်းဆရာကြီး ကျူစွမ်း၏ အိမ်သို့ အရောက်သွားရမည်ဖြစ်သည်။

အထူးသဖြင့် "ကျူစွမ်း"၏ မွေးနေ့မင်္ဂလာပွဲအမီသွားရောက်ရမည်ဖြစ်သည်။

သိုင်းဆရာကြီးကျူစွမ်းသည်၊ ကျန်းယို့၏ဖခင်နှင့် ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။

ထို့ကြောင့် ဆရာကြီး ကျူစွမ်း၏ မွေးနေ့တွင်၊ ဘိုးဘွားပိုင်အမွေပစ္စည်းတခုဖြစ်သော၊ ကျောက်စိမ်းခေါးကို ဆရာကြီးအား မွေးနေ့လက်ဆောင်ပေးရန်ပင်ဖြစ်သည်။

ထို့ပြင် ကျွန်းယို့၏ အထူးတာဝန်တရပ်မှာ၊ ဆရာကြီး ကျူစွမ်း၏သမီးကိုပါ၊ တပါတည်း ခေါ်ဆောင်ခဲ့ရန်၊ တာဝန်တရပ် အနေဖြင့် ပေးအပ်လိုက်သည်။

ဟုတ်သည်။

ပုလဲကျေးရွာမှ သိုင်းဆရာကြီး ကျူစွမ်းတွင် သမီးရတနာတဦးသာ ထွန်းကားသည်။

သူမ၏အမည်ကို 'ပုလဲ'ဟူ၍ အမည်ပေးမှည့်ခေါ်ခဲ့၏။

သူမသည် အမည်နှင့်လိုက်အောင်ပင် ချစ်စရာ ကောင်းသူကလေးဖြစ်သည်။သည့်နယ်တဝိုက်တွင် အလှဘုရင်မလေးတဆူဖြစ်နေသည်။

သူမ၏ အသက်အရွယ်သည်(၁၇)နှစ်မျှသာရှိသေးသော်လည်း ဖခင်၏သိုင်းပညာရပ်အားလုံး နည်းပါး တတ်မြောက်ထားသော သိုင်းကေရီတဦးဖြစ်၏။

ယခုကြည့်....။

တခါမှမလုပ်စဖူး အလုပ်ထူးသည့် သိုင်းဆရာကြီး ကျူစွမ်း၏ မွေးနေ့မင်္ဂလာပွဲသည် ထူးထူးခြားခြား စိတ်ဝင်စားနေကြသည်။

တကယ်တော့ မွေးနေ့မင်္ဂလာပွဲ ကျင်းပရခြင်း၏ အကြောင်းရင်းသည် သမီးအတွက် ခင်ပွန်းလောင်းရွေးချယ်ရန်ပင်ဖြစ်သည်။

ထို့ကြောင့် မွေးနေ့မင်္ဂလာပွဲသို့ သိုင်း လောကမှ ပြောင်မြောက်သော သိုင်း လုလင်ပျိုတို့ စုရုံး ရောက်ရှိလာတော့မည်ဖြစ်သည်။





ထိုရောက်ရှိလာမည့် လုလင်ပျိုများတွင် ကျွန်းယို့သည်လည်း တယောက်အပါအဝင်ဖြစ်ခဲ့သည်။

သို့မို့ကြောင့်ပင် ကျွန်းယို့ အဖို့ ဘဝင်မကျဖြစ်နေခဲ့သည်။ မှန်သည်။

ကျွန်းယို့သည် သိုင်းဆရာကြီးကျူစွမ်း၏ သမီး ပုလဲဆိုသူကလေးကို အောင်မြင်စွာ ဆွတ်ခူးရရှိနိုင်ပါမည်လော။

ဤသည်မှာလည်းမသေချာ၊ မရေရာသည့် အလုပ်တခု။

ပုလဲဆိုသည်မှာ ဖြူသလော၊မည်းသလော။

ခက်သည်။

အကယ်၍ ပုလဲဆိုသော သမီးရတနာကို အပိုင် ဆွတ်ခူးနိုင်သည်ထားဦး။

ပုလဲသည် အကျည်းတန်၊ အရုပ် ဆိုးသော မိန်းကလေးတယောက်ဖြစ်နေခဲ့သော် မခက်ပါလား။

ကျွန်းယို့က သည်အတွက် လိပ်ခဲတည်းလည်းဖြစ်နေမိသည်။

မည်သို့ဖြစ်စေ၊ စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာအကြောင်းအရာမှန်သမျှကို ကျွန်းယို့က ခေါင်းထဲမှ နှင်လွှတ်ပစ်လိုက်သည်။

ကြုံတောင့်ကြုံခဲ၊ မြင်ရခဲသည့် ရေအိုင်ကြီး၏ သာယာတင့်မောရှုခင်းများက ကျွန်းယို့၏စိတ်အာရုံကို ပျော်ရွှင် လန်းဆန်းစေခဲ့သည်။

စိတ်အနှောင့်အယှက်ဖြစ်ဖွယ်များ ပျောက်ပြယ်သွားတော့၏။

သို့သော်....။

ကျန်းယို့၏နားထဲတွင် ဖခင်၏အမှာစကားကိုမူ ကြားနေဆဲ၊ မေ့ပျောက်မသွား၊ အမြဲတမ်း စိတ်အာရုံတွင် ထည့်ထားခဲ့သည်။

အရေးတကြီးတားမြစ်ချက်'မိန်းမ'ပင်ဖြစ်သည်။

လမ်းခရီးတွင် မသိကျွမ်းဖူးသော မိန်းကလေးများနှင့် လုံးဝ မဆက်ဆံရန် အထူးတားမြစ်ထားသည်။

ဟုတ်သည်။

ကျန်းယို့သည် ဥစ္စာပေါ၊ ရုပ်ချောသော လူငယ်တယောက်၊ ပြီးတော့ သဘောကောင်းသည်၊ သိုင်းပညာအရာတွင် ထူးချွန်စွာ တတ်မြောက်ထားသူလည်းဖြစ်သည်။

ယောကျ်ားပီသ၍ အစဉ်ပြုံးချိုသော သူ၏ နှုတ်ခမ်း အစုံသည် ပို၍ပင် လူချစ်လူခင် ပေါများစေခဲ့သည်။

ထို့ကြောင့် မိန်းကလေးများနှင့် ကင်းကင်းရှင်းရှင်း နေရန် ဖခင်ဖြစ်သူက သတိပေးတားမြစ်ခြင်းဖြစ်သည်။

ပြီးတော့ ရှိသေးသည်။

တောင်ပိုင်းပြည်နယ်သို့ ခရီးထွက်တော့မှပင် ကျန်းယို့၏ ဖခင်က ရှောင်ရန်ကိစ္စများ တစိမ့်စိမ့်စဉ်းစားပြီး သားတော်မောင် အား မှာကြားလိုက်သေးသည်။

'ဒီလိုကွ၊ ခရီးထွက်တဲ့အခါမှာ လမ်းခရီးတလျှောက် ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စထဲကို ဝင်မပါရဘူး၊ လူတွေကို ယုံစားပြီး မိတ်ဆွေ မဖွဲ့နဲ့၊ မိန်းမနဲ့ လောင်းကစားကိုတော့ အထူးရှောင်ရှားရမယ်၊ နောက်ပြီး သတိထားရမှာ တခုရှိသေးတယ်၊ ဘာလဲဆိုတော့





တရုတ်ဘုန်းတော်ကြီးနဲ့ ရသေ့သူတော်စင်များနှင့် ခိုက်ရန်မဖြစ်မိဖို့ပဲ၊ ဒါတွေကိုတော့ ငါ့သား အထူးရှောင်ရလိမ့်မယ်'

ဖခင်ဖြစ်သူ ပြောခဲ့သည့်အမှာစကားသည် ကျန်းယို့၏နားထဲတွင် သံမှိုနှက်သည့်အလား ကြားယောင်နေမိဆဲပင်ရှိသည်။

သူ၏ဖခင်သည် တကြိမ်မက အကြိမ်ကြိမ်အခါခါ မှာခဲ့သော စကားများဖြစ်၍ လွယ်လွယ်နဲ့မေ့မပစ်နိုင်။

အထူးသဖြင့် ကျန်းယို့သည် မိဘစကားကို မြေဝယ်မကျ နားထောင်တတ်သူတယောက်ဖြစ်၍လည်း အခါမလပ် ဖခင်ဖြစ်သူ၏ အမှာစကားကို သတိတရဖြစ်ခြင်းပင်။

ကျန်းယို့သည် အိပ်ရာမှ နိုးထသည်နှင့် ဖခင်၏အမှာစကားကို အမြဲ နှလုံးသွင်းလေ့ရှိသည်။

သည်မျှလိမ္မာရေးခြားရှိသော သားငယ်အား ဝေးလံသော တောင်ပိုင်းပြည်နယ်သို့ တယောက်တည်း စေလွှတ်လိုက်ခြင်းသည် ကျန်းယို့အား လုံးဝ စိတ်ချယုံကြည်လွန်း၍သာ ဖြစ်သည်။

ကျန်းယို့ ကိုယ်တိုင်ကလည်း စိတ်ချရသည့် သားလိမ္မာ တယောက် မဟုတ်ပါလော။

* * *

## အခန်း ( ၂ )

ဟန်ကျိုးမြို့၏အနောက်ဘက် ရေအိုင်ကြီးသည် သာယာဖွယ် အတိ....။

အနောက်ရေအိုင်အနီးတွင် ဖွင့်လှစ်ထားရှိသည့် အကောင်းဆုံးစားသောက်ဆိုင်သည် အထူးကျော်ကြားလှသည်။

ထို့ကြောင့် ကျန်းယို့က၊ ယင်းစားသောက်ဆိုင်သို့ ရွေး၍ ဝင်ရောက်လာခဲ့သည်။

စားသောက်ဆိုင်သည်၊ ရေအိုင်ကြီး၏ နံဘေးတွင် တည်ရှိသည့်အတွက်၊ လေကောင်းလေသန့်ရသည်။

ရေအိုင်ကြီးသို့ လှမ်းမျှော်ကြည့်ရှုနိုင်သည်။

လှပသောရှုခင်းများကို၊ စားသောက်ယင်း တစိမ့်စိမ့်ကြည့်နိုင်သည်။

ပြီးတော့ အတိုင်းအဆမရှိ၊ စိတ်ကူးယဉ်နိုင်ပေသေးသည်။





ထို့ကြောင့် အနောက်ဘက်ရေအိုင်သို့ ရောက်သူတိုင်းသည်၊ ယင်းစားသောက်ဆိုင်သို့ ဝင်ရောက်စားသောက်ကြစမြဲဖြစ်သည်။

ကျန်းယို့သည် ရေအိုင်ဘက်ကျကျ စားပွဲတလုံးတွင် ရွေးချယ်၍ ထိုင်လိုက်သည်။

ထိုစားပွဲမှကြည့်လျှင် အနောက်ဘက်ရေအိုင်၏ မှန်သားပြင်ပေါ်မှ လှပသော လှေကလေးများ သွားလာလှုပ်ရှားနေသည်ကို တွေ့မြင်နိုင်သည်။

'ဆရာလေး၊ ဘာများ သုံးဆောင်ပါမလဲခင်ဗျာ'

ကျန်းယို့သည်၊ မိမိရှေ့သို့ စားပွဲထိုးတယောက် လာရောက်ရပ်သည်ကိုပင် သတိမထားမိပဲ၊ ကန်ရေပြင်ပေါ်မှ လှေများဆီသို့သာ ငေးမောနေမိသည်။

စားပွဲထိုး၏မေးမြန်းသံကြားတော့မှပင် သတိဝင်လာသူပမာ လှုပ်ရှားလာသည်။

'ဟဲ....ဟဲ....'

ကျန်းယို့က ရှက်ရှက်ဖြင့် ခြောက်ကပ်ကပ် ရယ်မောလိုက်၏။

ပြီးမှ သူက စားပွဲထိုးအား တချက်ကြည့်လိုက်ပြီး၊ ပြောလိုက်သည်။

'တကယ်သာယာတဲ့နေရာပဲဗျ၊ စိတ်ချမ်းသာစရာ ကောင်းပါတယ်။

ကျန်းယို့ကအနောက်ဘက်ရေအိုင်ကြီး၏ သာယာတင့်တယ်ပုံကို ချီးကျူးပြောကြားလိုက်ပြန်သည်။

စားပွဲထိုးက ယဲ့ယဲ့ပြုံးလိုက်သည်။

'ဆရာလေးက၊ တနယ်တကျေးက အခုမှရောက်လာတာနဲ့ တူ တယ်နော်'

စားပွဲထိုးက ကျွန်းယို့၏အင်္ကျီရုပ်ကိုကြည့်ပြီးမှတ်ချက်ပြုလိုက် သည်၊

ကျွန်းယို့ကခေါင်းညိတ်ယင်းပြုံးပြလိုက်သည်။

'ဟုတ်တယ်၊ ဩော်—ဒါထက် ကျုပ်အတွက် အရက်ကောင်း ကောင်း၊ ဝါးရွက်စိမ်းအရက်တအိုး၊ပြီးတော့ ငါးချိုချဉ်တပွဲရယ် ကျန်တာကတော့ ကောင်းမယ့် စားစရာတွေယူခဲ့ပါ'

ကျွန်းယို့က၊ စားပွဲထိုးနှင့် စကားဖြတ်ပြီး စားသောက်ဖွယ် နှင့် အရက်များကို မှာကြားလိုက်သည်။

စားပွဲထိုးက ကိုယ်ကလေးရို့၍၊ အရိုအသေပြုပြီး ကျွန်းယို့ အပါးမှ သွက်လက်စွာ ထွက်ခွာသွားခဲ့သည်။

ကျွန်းယို့သည်၊ မြောက်ပိုင်းသားတယောက်။

နှင်းခဲတွေကိုသာ တွေ့ဖူးမြင်ဖူးသည်။

အနောက်ရေအိုင်ကဲ့သို့ သာယာလှပသောနေရာသို့ ရောက်ရှိ လာသောအခါ၊ ဘေးပတ်ဝန်းကျင်၏ သာတောင့်သာယာ ရှု ခင်းများကို၊ ကြည့်မဝနိုင်အောင်ပင် စွဲလမ်းနေမိသည်။

ပြီးတော့ သူ၏စိတ်အစဉ်ကို ညွတ်ပြောင်း သွားစေနိုင်သော ရှုခင်းအစုံစုံကိုကြည့်ယင်း၊ အလိုအလျောက် စိတ်ကူးယဉ်ချင်တိုင်း ယဉ်နေမိသည်။





သို့သော် သူ၏ဖခင်၏အမှာစကားကိုမူ စိတ်ဝယ် အမြဲစွဲထင် နေသည်။

ကျွန်းယို့သည်၊စားပွဲထိုး လာရောက်ချပေးသော အကောင်း ဆုံး ဝါးရွက်စိမ်းအရက်နှင့် အကောင်းဆုံး အစားအစာများကို ဇိမ်ခံ၍ စားသောက်နေသည်။

သူသည် အရက်သောက်နေမိသည်။

သူ၏ဖခင်သည်၊ သူ့အား အရက်မသောက်ရဟူ၍ တားမြစ် ထားခြင်းမရှိ။

မှန်သည်။

တစုံတယောက်သူသည် ကျွန်းယို့အား အရက် အလွန်အကျွံ မူးစေရန် ကြိုးစားသည်ဆိုအံ့။

မှားသွားပေမည်။ရေထဲနှစ်သတ်သည့် ဖာ သူငယ်သို့သာ ငိုပေ ချိမ့်မည်။ ကျွန်းယို့ကို အရက်မူးအောင် ကြိုးစားလျှင် ကြိုးစား သူသာ မောပေမည်။

အခုကြည့်။

ကျွန်းယို့သည် ရွက်စိမ်းအရက်ကို တခွက်ပြီးတခွက် သောက် နေသည်။ ရှစ်ခွက်တိတိ သောက်ပြီးဖြစ်သည်။

သစ်ရွက်စိမ်းအရက်သည် အဝင်ချိုသည်၊သောက်၍ ကောင်း သည်။

သို့သော် တဖြည်းဖြည်းနှင့် အရှိန်တက်၍ အလွန်အကျွံ မူး တတ်သည်။

သို့တစေ ကျွန်းယို့သည် ရှစ်ခွက်တိတိ သောက်ပြီးသည့်တိုင် ဟန်ပျက်အောင်မမူး။

ယခုမှ ရှိန်းမြမြနှင့် ကိုယ်ခန္ဓာသည် ပေါ့ပါး လာသည်ဟု ကျွန်းယို့ထင်မိသည်၊ နေလို့ကောင်းရုံ ထိုင်လို့ကောင်းရုံသာရှိသည်။

ကျွန်းယို့လိုပင် ဟန်ကျိုးမြို့သူမြို့သားများသည်လည်း အရက် ကြိုက်ကြသည်။

ဝါးရွက်စိမ်းအရက်ကို တဆစ်ဆစ် အရသာခံ၍ သောက်တတ် ကြသည်။

သို့သော် ဝါးရွက်စိမ်းအရက်ကို သုံးလေးပန်းကန်ထက် ပို၍ သောက်နိုင်သူ အတော်ပင်ရှားပါးသည်။

ယခုတော့မူ။

မြောက်ပိုင်းမှရောက်လာသော ကျွန်းယို့သည် ဝါးရွက်စိမ်း အရက်ကို ရှစ်ပန်းကန်တိတိသောက်လိုက်ပြီးဖြစ်သည်။

သည်လောက်အထိ ပြင်းထန်သော ဝါးရွက်စိမ်း အရက်ကို သောက်သူ မတွေ့ဖူးကြ။

ရှစ်ပန်းကန်တိတိ ဝါးရွက်စိမ်းအရက်ကို သောက်နိုင်သော လူငယ်တယောက်အား တအံ့တသြဖြင့်မသိမသာ တစေ့တစောင်း ကြည့်နေကြသည်။

အားလုံးက ကျွန်းယို့အား စိတ်ဝင်စားနေကြသည်။

ကျွန်းယို့ကမူ တစုံတရာမထူးခြားဟန်ဖြင့် အရက်ကို တစိမ့်စိမ့် ဆက်လက်သောက်ယင်း ပြာလဲ့လဲ့မှန်သားပြင်ရေအိုင် ဆီသို့ ငေးမောကြည့်နေသည်။





အစားအသောက်ကလည်း ကောင်းမှကောင်း။

ဝါးရွက်စိမ်းအရက်က ရှိန်းမြမြချိုသည်။

ရေအိုင်ကြီးပတ်လည်ရှိ ရှုခင်းများက သာယာလှသည်။

လေနုအေးက ပန်းရနံ့များကို သယ်ဆောင်လာသည်။

အားလုံးသည် အလွန့်အလွန် အဆင်ပြေလျက်ရှိသည်။

ကျွန်းယို့သည် အပြစ်ဆိုစရာမရှိ၊ အစစအရာရာ ကျေနပ် နှစ်သက်နေမိ၏။

ကျွန်းယို့၏စားပွဲနှင့်ကပ်လျက် စားပွဲမှ လူငယ်တယောက်ကမူ ကျွန်းယို့ကဲ့သို့မဟုတ်။

ဘေးပတ်ဝန်းကျင်ကိုလည်း စိတ်မဝင်စား။

သူက စိတ်ဝင်တစားဖြင့် အကဲခတ်မိသည်မှာ ကျွန်းယို့ပင် ဖြစ်သည်။

လုလင်ငယ်သည် ဝိုင်းဝိုင်းစက်စက် မျက်လုံးအစုံဖြင့် ကျွန်းယို့အား ငေးမောကြည့်နေသည်။

လုလင်ငယ်သည် ကျွန်းယို့ထက်ပင် ငယ်သေးသည်။

မှန်၏။

နုငယ်သောမျက်နှာကလေးကို ကြည့်ရခြင်းအားဖြင့် ကျွန်းယို့ထက် တနှစ် သို့မဟုတ် နှစ်နှစ်ခန့်ငယ်မည်ဟု ခန့်မှန်းရသည်။

လူငယ်၏ ဝိုင်းစက်ကြည်လင်သော မျက်လုံး၊ ပေါ်လွင်ဖြောင့်တန်းသော နှာတံနှင့် ပြေပြစ်သော ကိုယ်ကာယသည် လူချောတယောက်ဖြစ်သည်ကို ကြည့်ရုံဖြင့် သိနိုင်သည်။

လုလင်ငယ်သည် အစိမ်းနုနုပိုးသားဝတ်စုံကို ဝတ်ဆင်ထား သည်။

သူ၏ ဝတ်စား၊ဆင်ယင်မှုနှင့် အင်္ဂါရုပ်ကို ကြည့်ရုံဖြင့် အထက် တန်းလွှာ၊ လူချမ်းသာသားတယောက်ဖြစ်သည်ကို အလွယ်တကူ ခန့်မှန်းနိုင်ပေသည်။

ပြီးတော့....။

ထိုလူငယ်သည်လည်း ခေသူတယောက်မဟုတ်။

စားပွဲပေါ်မှ အရက်အိုးနှင်လုံးကို ကြည့်ရခြင်းအားဖြင့် အနီး လူငယ်သည်လည်း အရက် အလွန်အကျွံ သောက်တတ်သူ ဖြစ် ကြောင်း အတိအကျ ပြောနိုင်ပေသည်။

အရက်သမားအချင်းချင်း တဦးကိုတဦး စိတ်ဝင်စားတတ် သည်။

အသိမိတ်ဆွေဖြစ်တတ်သည်။

ဟုတ်သည်။

အရက်ကြိုက်သူအချင်းချင်းသည် အသိမိတ်ဆွေ ဖြစ်သွား တတ်သည်မှာ သဘာဝပင်ဖြစ်သည်။

ယခုလည်း အနီးလူငယ်ကို ကြည့်ပါဦး။

သူသည် သစ်ရွက်စိမ်းအရက် ရှစ်ပန်းကန်ထက် ကျော်လွန်ပြီး သောက်နေသော တဘက်စားပွဲမှ ကျွန်းယို့အား စူးစိုက်ကြည့် ယင်း ပြုံးပြနေသည်။

အသိမိတ်ဆွေဖြစ်လိုသည့်သဘောပင်ဖြစ်သည်။





သို့တစေ ကျွန် ယို့က ထိုလူငယ်၏အပြုံးကို မမြင်။

ငေးမိငေးရာကိုသာ ငေးမောနေသည်။

တကယ်တော့ ကျွန်းယို့သည် မျက်စိရှင် အကင်း ပါးသူ တယောက်ဖြစ်၏။

ထိုသူ၏အပြုံးရိပ်ကို မတွေ့မမြင်၍တော့မဟုတ်။

တမင်သက်သက် မတွေ့ဟန်ဆောင်နေခြင်းဖြစ်သည်ဟုဆိုလျှင် ပို၍ပင် မှန်ကန်ပေမည်။

ကျွန်းယို့သည် နုငယ်သေးသော လူငယ်ကလေး တယောက်။

အခုအကြိမ်သည် ပြင်ပလောကထဲသို့ ပထမဆုံးအကြိမ် အဖြစ် တယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်၏။

သို့သော်၊ ပါးနပ်လိမ္မာသည်။

ပြီးတော့ အကင်းပါးသည်၊ မျက်လုံးရှင်သည်။

ကျွန်းယို့ဘေးစားပွဲမှ ပြုံး၍ကြည့်နေသော ငိုင်းငက်သော မျက်လုံးရှင်လူငယ်ကို တွေ့မြင်လိုက်သည်နှင့်တပြိုင်နက် ယောကျ်ား တယောက် မဟုတ်သည်ကို ကျွန်းယို့ သိရှိပြီးဖြစ်သည်။

သူငယ်သည် ပိပိရိရိဖြင့် ယောကျ်ားတယောက် ဟန်ဆောင် နေခြင်းသာ ဖြစ်သည်။

ဤသည်ကို ကျွန်းယို့က ရိပ်စားမိပြီးဖြစ်သည်။

ကိုယ်နှင့် မသိကျွမ်းဖူးသော မိန်းကလေးများနှင့် မဆက်ဆံရ ဟူ၍ သူ၏ဖခင်က အတန်တန်မှာကြားလိုက်သည်။

သို့မို့ကြောင့်ပင်၊ တဘက်မှ ယောကျ်ားဟန်ဆောင်နေသော

မိန်းကလေးက မိတ်ဖွဲ့လိုဟန်ဖြင့် ပြုံးပြသည်ကို မသိကျိုးကျွံပြု နေလိုက်ခြင်းဖြစ်၏။

ထို့ကြောင့် ကျွန်းယို့သည်၊ ဘေးဘေးဘီဘီသို့ မျက်လုံးမကစားပဲ အနောက်ဘက်ရေအိုင်အလယ်တွင် ရပ်တန့်နေသောလှေတစင်းကို လှမ်းမျှော်ငေးမောကြည့်နေသည်။

ထိုလှေပေါ်တွင် လှပချောမောသောအသွင်၊ မိန်းကလေးတဦးကို တွေ့မြင်ရသည်။

သူမသည်၊ စားပွဲတွင်ထိုင်လျက်၊ တစုံတခု အလုပ်ရှုပ်နေဟန်တူသည်။

ကျွန်းယို့သည် မည်သည့်အတွက်ကြောင့် ထို လှေပေါ်မှ မိန်းကလေးအား ငေးမောကြည့်နေပါသနည်း။

ရှင်းပါသည်။

အနီးတွင်ရောက်ရှိနေသော ယောကျ်ားဟန်ဆောင်ထားသော မိန်းကလေးနှင့် အသိမဖွဲ့လို၍ တမင်သက်သက် ရေလယ်ရှိ လှေတစင်းပေါ်မှ မိန်းကလေးတယောက်ဆီသို့ ငေးမောနေခြင်းသာ ဖြစ်သည်။

ကျွန်းယို့သည် အဝေးမှ မိန်းကလေးထက်၊ အနီးတွင်ပြုံးပြ နေသော မိန်းကလေးအား ပို၍သတိထားနေရသည် မဟုတ်ပါလား။

ယခုလည်းကြည့်။

ထိုယောကျ်ားဟန်ဆောင်နေသော မိန်းကလေးသည်သူ့အား ဒုက္ခပေးရန် စတင်လှုပ်ရှားလာနေပြီ မဟုတ်ပါလား။





'ဒီမှာမိတ်ဆွေ'

ထိုယောကျ်ားဟန်ဆောင်သော မိန်းကလေးက ကျွန်းယို့ရှေ့သို့ လျှောက်လာသည်။

ပြီးနောက် ကျွန်းယို့အား အရှိအသေပြုလိုက်ပြီး နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

ကျွန်းယို့က တဘက်သို့ လှည့်ကြည့်လိုက်၏။

ထို့နောက် ဘေးဘေး ဘီဘီသို့ တချက် လှည့်ကြည့်ပြီး ယောကျ်ားဟန်ဆောင်သော မိန်းကလေးကို မတွေ့ဟန်ဆောင်နေလိုက်သည်။

မိန်းကလေးက တချက်ပြုံးပြလိုက်ပြန်သည်။

'ဒီမှာဗျ၊ ကျွန်တော်က ခင်ဗျားကို နှုတ်ဆက်နေတာ'

သူမကိုယ်ကို သူမ လက်ညှိုးညွှန်ပြယင်း ထပ်မံပြောလိုက်သည်။

သူမ၏နှုတ်ခမ်းလွှာတွင် ပြုံးပန်းများ ဝေဆာသွားပြန်သည်။

ချစ်စရာကလေးပါလား။

သူမကပြုံးလိုက်ပြန်တော့၊ သူမ၏မျက်နှာကလေးက ပို၍ပင် ချစ်စရာကောင်းနေပြန်သည်။

ခက်ပြီ။

ကျွန်းယို့မည်သို့လုပ်ရမည်မသိနိုင်တော့။

တဘက်က လှပသော မိန်းကလေးက ပြုံးပြုံးရွှင်ရွှင်ဖြင့်နှုတ်ဆက်လာသည်။

ထို့ကြောင့် ကျွန်းယို့သည် ပြန်လည်၍ အပြုံးဖြင့် တုံ့ပြန်လိုက်ရသည်။

'ကျုပ်ကိုနှုတ်ဆက်နေတာ မှန်ပါတယ်နော်'

ကျန်းယို့က မဝံ့မရဲဟန်ဖြင့် မေးမြန်းလိုက်သည်။

မိန်းကလေးက ခစ်ကနဲ ရယ်မောလိုက်ပြန်သည်။

မိန်းကလေး၏ ဝိုင်းစက်ကြည်လင်သောမျက်လုံးအစုံက ကျန်းယို့၏မျက်နှာကို စူးစိုက်ကြည့်နေသည်။

'ဟုတ်ပါတယ်၊ ခင်ဗျားကိုပဲ ကျွန်မတော်က နှုတ်ဆက်နေတာပါ'

သူမ၏ မျက်နှာသည် ကြည်လင်ရွှန်းလဲ့နေသည်။

ကျန်းယို့ မျက်မှောင်တချက်ကျုပ်သွားသည်။

'ဂုဏ်ကိုဆိုပါအုံး'

ကျန်းယို့က အလိုက်သင့် အလျားသင့်ပင် မေးမြန်းလိုက်ရသည်။

ယောကျ်ားဟန်ဆောင်ထားသောမိန်းမလှကလေး၏ မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားသည်။

သူမ၏လက်ထဲမှ ခေါက်ယပ်တောင်ကလေးတခုကို ဆတ်ကနဲဖွင့်လိုက်သည်။

ပြီးနောက် ဟန်ပါပါဖြင့်ယပ်တောင်ကိုတချက်နှစ်ချက်ဆက်၍ခတ်နေသည်၊ ပြီးမှ သူမက မျက်နှာချိုသွေးလိုက်သည်။

'တယောက်တည်းသောက်နေရတာမပျင်းဘူးလားဗျ၊ အဖော်နဲ့စကားပြောယင်း တစိမ့်စိမ့် အရက်သောက်ရတာက ပိုပြီးစည်းစိမ်ရှိမယ်ထင်တယ်၊ ဒါကြောင့် မိတ်ဆွေကို စိတ်မရှိယင်၊ ဒီဘက်





စားပွဲကို ပြောင်းပြီး ကျုပ်နဲ့အတူ အရက်သောက်ပါလို့ဖိတ်ခေါ်ပါရစေဗျာ'

သူမက ပြုံးပြုံးရယ်ရယ်နှင့် ကျန်းယို့အား ဖိတ်ခေါ်လိုက်သည်။

ကျန်းယို့ မျက်မှောင်တချက်ကျုပ်ပြီး စဉ်းစားနေသည်။

ထို့နောက် ကျန်းယို့ သက်ပြင်းတချက်ရှိုက်လိုက်မိ၏။

'အင်း....ကျုပ်လဲ ခင်ဗျားရဲ့ဖိတ်ခေါ်ချက်ကို သဘောကျပါတယ်၊ အဖော်လေးနဲ့ အရက်သောက်ရတာလောက် ကောင်းတာဘယ်ရှိဦးမှာလဲ၊ ဒါပေမယ့် ယောကျ်ားကလေးနဲ့ မိန်းကလေးတွဲပြီး အရက်သောက်လို့ သင့်တော်ပါ့မလား'

ယောကျ်ားဟန်ဆောင်ထားသော မိန်းကလေး၏ မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားတော့၏။

သူမသည် တချက်ငိုင်ကျသွားသည်။

'ဗျာ....ခင်ဗျားက ယောကျ်ားမဟုတ်ဘူး၊ မိန်းကလေးဟုတ်လား'

သူမက အကြောင်ရိုက်ပြီး ကျန်းယို့အား မေးခွန်းထုတ်လိုက်သည်။

ကျန်းယို့သည် ဟားတိုက်၍ ရယ်မောလိုက်ချင်သွားသည်။

မနည်းပင် အောင့်အည်းမြို့သိပ်ထားလိုက်ရ၏။

ကျန်းယို့က မျက်နှာကို တည်လိုက်သည်။

'ကျုပ်ဟာ မိန်းကလေးတယောက်မဟုတ်ဘူးဆိုတာ ခင်ဗျားအသိပဲမဟုတ်လား'

ကျွန်းယို့၏စကားကြောင့်မိန်းကလေးသည် အဖြေရခက်သွားဟန်တူသည်။ သူမသည် မျက်တောင်တဖျပ်ဖျပ်ခပ်ယင်း တွေ၍စဉ်းစားနေသည်။

'ဒါဖြင့် ခင်ဗျားက ဘယ်မိန်းကလေးကိုပြောတာလဲ'

သူမက ခပ်တည်တည်ဖြင့် ဣန္ဒြေမပျက် မေးမြန်းလိုက်၏။

ကျွန်းယို့ စိတ်ပျက်သွားမိသည်။

သူက မိန်းကလေး၏မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

'ခင်ဗျားပဲပေါ့'

မိန်းကလေး တချက်ငိုင်ကျသွားသည်။

ပြီးမှ သူမဦးခေါင်းကို အသာအယာယမ်းလိုက်သည်၊

'အင်း....ခက်လိုက်တာ၊ မျက်စိမှကောင်းရဲ့လား မသိပါဘူး'

သူမက တကိုယ်တည်း တိုးတိုးကလေး ရေရွတ်လိုက်သည်။

ထို့နောက် စားပွဲပေါ်မှ အရက်ခွက်ကိုကောက်ယူပြီး တချက်တည်း မော့ချလိုက်သည်။

ကျွန်းယို့က မိန်းကလေး အရက်သောက်ဟန်ကို တစေ့တစောင်း အကဲခတ်ကြည့်နေသည်။

သည်နောက် သက်ပြင်းကို မသိမသာချလိုက်သည်။

သူမ၏ အရက်သောက်ဟန်သည် မိန်းကလေးတယောက်နှင့် လုံးဝပင်မတူပါချေ။

အချိန်သည် တဖြည်းဖြည်းကုန်လွန်လာသည်။

နေဝင်ဆည်းဆာချိန်ရောက်သည်အထိ ကျွန်းယို့သည် အရက်ကို ဆက်လက်သောက်နေဆဲ။





ကောင်းကင်ပြင်သည် သာယာလှပနေသည်။

နီပြာဝါ၊ ရောင်စုံခြယ်လျက်၊ နတ်ပန်းချီ ခြယ်သသည့်နှယ် လှပတင့်တယ်လှသည်။

နီပြာဝါ ရောင်စုံခြယ်သော မိုးကောင်းကင် အောက်တွင် အနောက်ဘက်အိုင်ကြီးသည် ပို၍ပင်လှပနေတော့၏။

ကျွန်းယို့သည် နံဘေးကစားပွဲမှ မိန်းကလေးအား ယောင်လို့ပင် လှည့်မကြည့်တော့၊ ရေလယ်သို့သာ လှမ်းမျှော်ကြည့်နေသည်။

ထိုစဉ်။

ကျွန်းယို့၏မြင်ကွင်းအတွင်းသို့ လှေငယ်တစင်း ဖြတ်ကနဲ ဝင်ရောက်လာသည်။

လှေငယ်သည် အရှိန်ပြင်းစွာဖြင့် ရေပေါ်တွင် ရှပ်တိုက်ပြေးသွားနေသည်။

လှေငယ်သည် ရေလယ်တွင်ရပ်နေသော လှေကြီးတစင်းဆီသို့ လှော်ခတ်သွားနေခြင်းဖြစ်သည်။

လှေငယ်ပေါ်၌ လူလေးယောက် မတ်တတ်ရပ်လျက် ရှိသည်။

လေးယောက်စလုံးသည် သန်မာထွားကြိုင်း၍ ကြမ်းတမ်းသောလူကြီးများဖြစ်ဟန် လက္ခဏာရှိသည်။

ညနေခင်း လေးပြင်းတိုက်ခတ်နေသဖြင့် ရေအိုင် မျက်နှာပြင်တွင် လှိုင်းအိလေးများ လှိုင်းထနေသည်။

သို့သော် ထိုလှေငယ်ကလေးပေါ်မှ လူလေးယောက်သည် ဣန္ဒြေမပျက် မတ်တတ်ရပ်လျက်သား လိုက်ပါသွားသည်။

ထို့ကြောင့် အနီ့လူလေးယောက်သည် သိုင်းလောကသား များဖြစ်မည်ဟု ကျွန်းယို့ သတိပြုမိလိုက်သည်။

ဤမျှ သာယာလှပ၍ လူအများစည်ကားသောနေရာမျိုးတွင် ခပ်ကြမ်းကြမ်းလူများကို တွေ့မြင်လိုက်ရသည့်အတွက် အနည်းငယ် ထူးဆန်းသလိုဖြစ်နေသည်။

သို့သော် ကိုယ်နှင့်မဆိုင်သည့်ကိစ္စဖြစ်၍ သတိမထားတော့ပဲ အရက်ကိုသာ တစိမ့်စိမ့် ဖိသောက်နေမိသည်။

'ဝုန်း'

ပြင်းထန်သော ထိခိုက်မိသံကြီးတခု ပေါ်ထွက်လာသည်။

ကျွန်းယို့၏ဦးခေါင်းသည် အလိုအလျောက် ဆတ်ကနဲ မော့ကြည့်လိုက်သည်။

သူ၏ မျက်လုံးအစုံသည် ရေလယ်သို့ ရောက်ရှိသွား၏။

ရေလယ်မှလှေကြီး အား ထွားကြိုင်းသန်မာသော လူလေးဦး လိုက်ပါသွားသောလှေငယ်ကလေးက အရှိန်ပြင်းစွာဖြင့် ဝင်ရောက်တိုက်မိသွား ခြင်းဖြစ်သည်။

လှေငယ်ပေါ်မှ ယောကျ်ားကြီးလေးယောက်သည် လှေကြီးပေါ်သို့ ပေါ့ပါးစွာခုန်တက်သွားသည်ကို တွေ့မြင်လိုက်ရသည်။

လှေကြီးပေါ်မှ မိန်းမချောကလေး မျက်လုံးပြူးသွားတော့သည်။

ထိုစဉ် ထိပ်ပြောင်ပြောင်နှင့်ထွားကြိုင်းသော လူကြီးက သူ၏ ကြီးမားသောလက်ကြီးကို ဆန့်တန်းလျက် မိန်းမချောကလေး၏ ဆံပင်များကို စောင့်ဆွဲရန် ကြိုးစားနေလေသည်။





မိန်းကလေးက ယိတ်လန့်တကြားဖြင့် နောက်သို့ တဆုတ်တည်း ဆုတ်၍ ရှေ့လျားနေရှာသည်။

အားနွဲ့သောမိန်းကလေးတယောက်အား လူရမ်းကား လေးယောက်က စော်ကား၊ မော်ကားပြုလုပ်နေသည်မှာ ထင်ရှားနေသည်။

မိန်းကလေးကလည်း၊ အန္တရာယ်မှ လွတ်ရာ လွတ်ကြောင်း ရှုန်းကန်လှုပ်ရှားနေသည်။

ခက်ချေပြီ။

သူများတကာကိစ္စအကွင်းသို့ မဝင်ချင်ပါဘူး ဆိုကာမှ၊ အမြင်မတော်သည့်ပြဿနာနှင့် ပက်ပင်းတိုးနေမိသည်။

သိုင်းသမားကောင်းပီပီ၊ မတရားနိုင်ထက်စီးနင်း ပြုမူနေမှုကို လက်ပိုက်ကြည့်မနေနိုင်။

တပါးသူ၏ ပြဿနာထဲသို့ ဝင်မပါလိုသော်လည်း၊ ကျွန်းယို့ မနေနိုင်တော့။

'ဝုန်း'

ကျွန်းယို့သည် ရုတ်တရက်ထိုင်ရာမှ ဝုန်းကနဲ ထလိုက်သည်။

တချိန်တည်းမှာပင် စားပွဲပေါ်မှ သူ၏ဓားကို ကောက်ယူလိုက်သည်။

ထို့နောက် သူက ခြေဖျားတချက်ထောက်၍ ခုန်လိုက်သည်။

ကောင်းလိုက်သည့်ကိုယ်ဖော့ပညာ။

သူ၏ကိုယ်ခန္ဓာသည်၊ ပေါ့ပါးစွာဖြင့် ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ ဇွေ့ကနဲ ရောက်ရှိသွားသည်။

ကျွန်းယို့၏ကိုယ်ဖေ့ါပညာသည် ထူးကဲလှပေသည်။

ကျွန်းယို့၏ကိုယ်ခန္ဓာက ပြာလဲ့လဲ့ရေထဲသို့ ထိုးကျသွားသည်တွင်၊ မျက်လုံးဝိုင်းစက်စက်နှင့်မိန်းမချောကလေးက အထိတ်တလန့်ဖြင့် ထိုင်ရာမှအော်လိုက်မိသည်။

သို့သော် ကျွန်းယို့သည် ရေအိုင်အတွင်းသို့ ကျရောက်သွားခြင်းမရှိပါ။

ကျွန်းယို့သည် သူ၏ခြေချရမည့်နေရာကို ကြိုတင်ချိန်သားကိုက်ထားပြီးဖြစ်သည်။

ရေကန်ဘောင်တွင် အရံအတားအဖြစ် ပြုလုပ်ထားသော ဝါးလုံးပေါ်သို့ ခြေဖျားထောက်မိသွားသည်။

ထိုမှတဆင့် အားပြု၍ ခုန်လိုက်ပြန်သည်။

ကျွန်းယို့၏ ကိုယ်ခန္ဓာသည် ပေါ့ပါးစွာ မြောက်တက်သွား၏။

ပေါ့ပါးပြောင်မြောက်လှသည့် ကိုယ်ဖေ့ါပညာ။

တကယ်တော့ ကျွန်းယို့သည် အပေါ့ပါးဆုံး 'ပျံလွှား' ကိုယ်ဖေ့ါပညာဖြင့် သေထုအတွင်းသို့ခုန်တက်သွားခြင်းဖြစ်သည်။

လေထုထဲတွင် သူသည်၊ ကိုယ်ကိုတပတ်ကျွမ်း ထိုးလိုက်သည်။

ပြီးနောက် သူ့ကိုယ်ခန္ဓာသည် သစ်ရွက်ဖတ် ကလေးနှယ်၊ လှေကြီးပေါ်သို့ အသာအယာပင် ကျရောက်သွားသည်။

လှေပေါ်သို့ လူတယောက် ရောက်လာသည်ကိုပင် မည်သူမျှ မသိလိုက်၊ ဤမျှ ကိုယ်ဖေ့ါပညာ ကောင်းလှသည်။





သို့သော် လှေပေါ်မှ လူရမ်းကားကြီး လေးယောက်အနက် မျက်နှာတွင်အမာရွတ်နှင့်လူကကျွန်းယို့အား တွေ့မြင်သွားသည်။

'ဘယ်သူလဲဟေ့၊ မဆိုင်ယင် မကပ်နဲ့'

ထိုလူက အရေးတကြီးဖြင့် အော်ဟစ်မေးမြန်းလိုက်သည်။

ကျွန်းယို့ကအေးဆေးတည်ငြိမ်စွာဖြင့် အခြေအနေကိုအလျင်မြန်ဆုံး သုံးသပ်နေသည်။

'ခင်ဗျားတို့က ဒမြတွေလား'

ကျွန်းယို့က၊ ကတိုက်ကရိုက်ပင် မေးမြန်းလိုက်သည်။

ထိုသူက ဒေါသမီးတဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် ကျွန်းယို့၏မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

'မင်းနဲ့ ဒီကောင်မနဲ့က ဘယ်လိုပတ်သက်နေလို့လဲ'

ထိုလူက မေးခွန်းထုတ်လိုက်ပြန်သည်။

ကျွန်းယို့က ဟက်ကနဲရယ်မောလိုက်သည်။

ပြီးနောက် ခေါင်းကို ခါးယမ်းလိုက်၏။

'ဘယ်လိုမှမပတ်သက်ဘူး'

'မပတ်သက်ယင် နောက်ဆုတ်လိုက်၊ ဒီနေရာက မြန်မြန်ထွက်သွားမှ အသက်ချမ်းသာရရမယ်'

ထိုအမာရွတ်ကြီးနှင့်လူက ခြိမ်းခြောက်လိုက်သည်။

ကျွန်းယို့က ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။

'ဘာလဲ၊ ခင်ဗျားတို့က ကျုပ်ထွက်သွားမယ်မျှောအောက်မေ့နေသလား၊ ခင်ဗျားတို့ကို ကြောက်ယင် လှေပေါ်ကိုတောင်

ရောက်အောင်မလာဘူး၊ အားနွဲ့တဲ့ မိန်းကလေး တယောက်
ယောကျ်ားရင့်မကြီးလေးယောက်က စော်ကားမော်ကား ပြု
တာ ချီးကျူးစရာပဲ’

ကျန်းယို့က လှောင်ပြောင်သရော်လိုက်သည်။

ထိုသူ၏မျက်နှာသည် ဒေါသဖြင့် နီရဲသွားသည်။

‘တကယ်သတ္တိကောင်းပါလား၊ သေပေတော့’

ထိုသူ၏ သန်မာတုတ်ခိုင်သော လက်နှစ်ဘက် တပြိုင်တည်
ထွက်လာသည်။ ကြီးမားတုတ်ခိုင်သော လက်သီးနှစ်လုံးသ
ကျန်းယို့၏ရင်စို့သို့ ဆက်တိုက်ပစ်သွင်းလိုက်သည်။

ထိုသူ အသုံးပြုလိုက်သော သိုင်းကွက်သည် ‘ကျားနိုင် သို
ကွက်’ ပင်ဖြစ်ပေမည်၊ ရှောင်လင်သိုင်း’ ကျားနိုင်သိုင်းကွက်
ခပ်ဆင်ဆင်တူပေသည်။

သို့သော် ယင်းသိုင်းကွက်သည် ကျန်းယို့အား အနိုင်မတို
နိုင်။

ကျန်းယို့က နေရာမှမရွေ့၊ ကိုယ်ခန္ဓာကို ဘေးသို့ ယိမ်
လက်သီးချက်ကို ပွတ်ကာသီကာရှောင်တိမ်းပေးလိုက်သည်၊ တ
တည်းမှာပင် ကျန်းယို့၏ လျင်မြန်သော ညာဘက်လက်က ထို
၏ ဗယ်ဘက်လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်သည်။

ကျန်းယို့၏ဆွဲအားကြောင့် ထိုလူ၏ကိုယ်ခန္ဓာသည် ရှေ့
အရှိန်မသတ်နိုင်ပဲ လေထဲသို့မြောက်တက်သွားပြီး လှေကြီးမှလှ
လျက် ရေထဲသို့ ဝုန်းကနဲ ပစ်ကျသွားလေတော့သည်။





တယောက်တော့ ရေအိုင်ထဲ ရောက်သွားလေပြီ။

ကမ်းစပ်မှ လက်ခုပ် ဩဘာသံများ ပေါ်ထွက်လာသည်။
ကျန်းယို့၏ ဆုံးမမှုကို ထောက်ခံအားပေးသူ၏ လက်ခုပ်ဩဘာ
သံပင်ဖြစ်သည်။

ကျန်းယို့က ကမ်းစပ်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

ကျန်းယို့နှင့် စားပွဲချင်းကပ်လျက် အရက် သောက်ခဲ့သော
ယောကျ်ားအသွင်ဖြင့် မိန်းကလေးဖြစ်နေသည်ကို တွေ့ရှိရသည်။

ထိုစဉ်မှာပင် လူကြီးနှစ်ယောက်က ကျန်းယို့ထံသို့ ပြေးဝင်
တိုက်ခိုက်ပြန်သည်။

ထိုလူကြီးနှစ်ဦး၏ လှုပ်ရှားမှုကလည်းအံ့မခန်း၊ မြန်လိုက်သည့်
ဖြစ်ခြင်း၊ မျက်စိတမှိတ် လျှပ်တပြက် အတွင်းမှာပင် ကြီးမား
သောလက်သီးကြီး လေးလုံးသည် ကျန်းယို့၏မျက်နှာဆီသို့ တိုး
ဝင်လာသည်။

သာမန်သိုင်းသမားတယောက်အဖို့ ထိုလူကြီးနှစ်ယောက်၏
လက်သီးချက်မှ လွတ်အောင်ရှောင်နိုင်ရန် ခဲယဉ်းသည်။

သို့သော် ကျန်းယို့က သူတို့ထက် တော်လွန်းနေသည်။

အထူးသဖြင့် သူ၏ကိုယ်ဖော့ပညာသည် သူ၏ သိုင်းကွက်ဆန်း
ကို များစွာ အထောက်အကူ ဖြစ်စေသည်။

ကြည့်....။

ကျန်းယို့၏တိုက်ကွက်က အံ့မခန်း။

ထိုလူနှစ်ဦးက လက်သီးဖြင့်ပစ်သွင်းလိုက်သည့် တဒင်္ဂ အချိန်
ကလေးအတွင်း ကျန်းယို့၏ ကိုယ်ခန္ဓာသည် ခေါင်းပေါ်က

လေထုအတွင်းသို့ ပေါ့ပါးစွာ ရောက်ရှိသွားသည်။ လေထဲတွင် တပတ်ကျွမ်း ထိုးလိုက်သည်။

လေ့ပေါ်သို့ အသာအယာ ပြန်အကျတွင် ကျန်းယို့သည် ထိုလူနှစ်ယောက်၏ နောက်သို့ ရောက်ရှိနေလေသည်။

ထိုလူကြီးနှစ်ယောက်နောက်သို့ပင် ပြန်လှည့်ရန် အချိန် မရ တော့၊ နောက်ပြန်သိုင်းကွက်ဖြင့် တံတောင်ဆစ်ဖြင့် နောက်သို့ ဆောင့်သွင်းလိုက်သည်။

သို့သော် နှစ်ယောက်စလုံး နောက်ကျသွားသည်။

ကျန်းယို့ကလည်း လျင်သည်။

ကျန်းယို့လက်တွင်းမှ ခါးအိမ်သည် ထိုလူကြီး တယောက်၏ ပခုံးမှ 'ကျန့်ကျင်း' သွေးကြောနေရာသို့ ရိုက်မိသွားသည်။

အနီလူကြီးသည် ကြောက်ကြောက်လန့်လန့်ဖြင့် နောက်သို့ ခြေလှမ်း ခုနစ်လှမ်း ရှစ်လှမ်းခန့် အရေးတကြီးဆုတ်လိုက်ရာ၊ ဆုတ် စရာမရှိတော့ပဲ ရေအိုင်ထဲသို့ နောက်ပြန် ပစ်ကျသွားလေတော့ သည်။

ကျန်တယောက်ကိုမူ ကျန်းယို့၏ညာဘက်လက်ဝါးကအလွတ် မပေးပဲ လည်ကုပ်ကို ဆက်၍ရိုက်ချလိုက်သည်။

ထိုလူကြီးသည် မဟန်နိုင်တော့ပဲ ရှေ့သို့ ဟပ်ထိုး စိုက်ဆင်း သွားသည်။

ကျန်းယို့က အလိုက်သင့်ပင် ရှေ့မှ ခြေထောက်တဘက် ထိုး၍ ပေးလိုက်ရာ ကိုယ်ပြန်လည်မမတ်နိုင်တော့ပဲ ရေထဲသို့ ဇောက်ထိုး မိုးမျှော် ကျရောက်သွားတော့၏။





လေးယောက်အနက် သုံးယောက် ရေအိုင်တွင်းသို့ ရောက်ရှိ သွားကြသည်။

နောက်ဆုံးကျန်ရှိသည့်လူကြီးသည် ထိပ်ပြောင်ပြောင် လူကြီး ဖြစ်သည်၊

သူသည် အဖော်သုံးယောက်စလုံး ရေထဲသို့ ပစ်ကျကုန်သည်ကို မြင်ပြီး မျက်စိမျက်နှာပျက်ဖြစ်နေသည်။

ထိပ်ပြောင်ပြောင်နှင့်လူကြီးက တအံ့တသြဖြင့် ကျန်းယို့အား ကြည့်နေမိသည်။

သူသည်ဤမျှနုငယ်သော လူငယ်ကလေးတယောက်က ထိုမျှ ပြောင်မြောက်သော သိုင်းပညာကို တဘ်မြောက်လိမ့်မည်ဟုမထင် မှတ်ခဲ့ချေ။

ယခု မျက်မြင်ကိုယ်တွေ့တွေ့မြင်ရသည့်အတွက် တအံ့တသြ ဖြစ် နေမိသည်။

ထို့ကြောင့်ပင်။

သူသည် ကျန်းယို့အား ဝင်ရောက်တိုက်ခိုက်ရ ကောင်းနိုးနိုး ဖြင့် ချီတုံချတုံဖြစ်နေသည်၊

ကျန်းယို့က ထိပ်ပြောင်ပြောင်နှင့်လူကြီးအား တချက် စိုက် ကြည့်လိုက်သည်။

ပြီး နောက် တချက်ပြုံးပြလိုက်သည်။

'ခင်ဗျားကကော ကျုပ်ကိုတိုက်ဦးမှာလား၊ ခင်ဗျားတာသာ သွားမှာလား'

ထိုထိပ်ပြောင်ပြောင်နှင့်လူကြီးက ခေါင်းတချက် ဆတ်လိုက်သည်။

'ကျုပ်သွားပါ့မယ်၊ ဒါနဲ့ လူငယ့်နာမည် သိပါရစေ'

'ကျုပ်နာမည် ကျန်းယို့'

ကျန်းယို့က တိုတိုတောင်းတောင်းပင်ပြောလိုက်သည်။

ထိပ်ပြောင်ပြောင်နှင့်လူကြီးက သက်ပြင်းတချက် ချလိုက်ပြန်သည်။

'မင်းရဲ့သိုင်းပညာဟာ တကယ်ကောင်းပါတယ်'

ထိပ်ပြောင်ပြောင်နှင့်လူကြီးက ခနဲ့တဲ့တဲ့နှင့် ချီးကျူး ထောပနာပြုလိုက်သည်။

ကျန်းယို့က ပြုံးလိုက်သည်။

'ကျွန်တော်ရဲ့သိုင်းပညာကတော်လွန်းလို့မဟုတ်ပါဘူးခင်ဗျား လူဟောင့်က ညံ့ဖျင်းလွန်းအားကြီးလို့ပါ'

ထိပ်ပြောင်ကြီး၏မျက်နှာသည် ကွက်ကနဲ မည်းသွားသည်။

'အေးပါလေ၊ဘာပဲဖြစ်ဖြစ် တနေ့မှာ မင်းအတွက်ကြီးမားတဲ့ အန္တရာယ်ကြီးတခု ဖြစ်လာလိမ့်မယ်'

ကျန်းယို့၏မျက်နှာထားရုတ်ခြည်းတင်းမာခက်ထန်သွားသည်။

'ဟုတ်လား၊ အန္တရာယ်ဆိုတာ ကြီးကြီးငယ်ငယ် ရင်ဆိုင်ရမှာပဲပေါ့ဗျာ'

ကျန်းယို့က မခိုးမခန့်ဖြင့် ပြန်နှက်လိုက်သည်။

'အေး....မင်းထိုက်နဲ့မင်းကံပဲပေါ့။ တို့ဟာ ဘယ်ကလာတယ်ဆိုတာ မင်းသိရဲ့လား'





ထိပ်ပြောင်ပြောင်နှင့်လူက စောဒကတက်လိုက်ပြန်သည်။

'သိတာပေါ့၊ အိမ်တအိမ်၊ ကျောင်းတကျောင်း၊ ဒါမှမဟုတ် ဇရပ်တဆောင်တခုခုက ဖြစ်မှာပေါ့'

ကျန်းယို့စကားကြောင့် ထိပ်ပြောင်ပြောင်နှင့်လူကြီး ဒေါသအမျက်ချောင်းချောင်း ထွက်သွားသည်။

သူက မီးဝင်းဝင်းတောက်သော မျက်လုံးအစုံဖြင့် ကျန်းယို့အား စူးစူးဝါးဝါးစိုက်ကြည့်လိုက်သည်။

ပြီးနောက် ရေထဲသို့ 'ဝုန်း....'ကနဲ ခုန်ချသွားလေတော့သည်။

ကျန်းယို့က ခွက်ထိုးငွက်လန်ပင် ရယ်မောကျန်ရစ်သည်။

'ကောင်းတယ်၊ ကောင်းတယ်။ ခင်ဗျားအဖော်တွေလဲ ရေထဲမှာပဲရှိတယ်။ အတူတူပြန်ကြတာပေါ့။ မဟုတ်ဘူးလား'

ကျန်းယို့က တဟားဟားရယ်မောယင်း ပြောလိုက်သည်။

ကျန်းယို့၏စကားကို ထိုလူကြီးကြားနိုင်တော့အံ့မထင်။

ကိစ္စရှင်းပြီး၍ ကျန်းယို့က လှေကြီးပေါ်မှ ခုန်ထွက်ဟန်ပြင်လိုက်သည်။

သို့သော် ချက်ချင်းခုန်ထွက်ရန် ဟန်ပြင်ပြီးမှ စိတ်ကူးပြောင်းသွားပြန်သည်။

လှေတွင်းမှမိန်းကလေးကို သတင်းမေးမြန်းပြီးမှ ထွက်ခွာသွားရန်သင့်မသင့် ကျန်းယို့က ချင့်ချိန်တိုင်းဆနေသည်။

ထိုစဉ်မှာပင်....

သာယာနွဲ့နှောင်းသော မိန်းကလေး အသံလွင်လွင် ထွက်ပေါ်လာသည်။

'ဩော်....မောင်လေးက သွားတော့မလို့လား၊ ခဏနေပါဦး'

လှေတွင်မှ မိန်းမချောကလေးက လှမ်း၍တားလိုက်သည်။ မိန်းကလေး၏အသံသည် ဆွဲလွဲသံတမျှ သာယာလှပေသည်။

ကျွန်ုပ်တို့က စကားပြောရန် လည်ချောင်းတချက် ရှင်းလိုက်သည်။

သည်စဉ်မှာပင် လှပသော မိန်းမချောကလေးသည် လှေတွင်းမှ အပြင်သို့ သွက်လက်စွာ လှမ်းထွက်လာသည်။

မိန်းမချောကလေးက ကျွန်ုပ်တို့၏ရှေ့မှောက်တွင် ခြေစုံရပ်လိုက်သည်။

ပြီးနောက်.... ကြင်နာမှုအရိပ်အယောင်များ ဖုံးလွှမ်းနေသော မျက်လုံးအစုံဖြင့် ကျွန်ုပ်တို့အား စူးစူးစိုက်စိုက် ကြည့်နေသည်။

'မောင်လေးကို ထိခိုက်မိသွားသေးသလား'

သူမက စိုးရိမ်ပူပန်မိဟန်ဖြင့် မေးမြန်းလိုက်သည်။

ကျွန်ုပ်တို့က သက်ပြင်းတချက် ချလိုက်၏။

သူသည် လှပသောမိန်းမချောကလေး၏ မျက်နှာကို တချက်ကြည့်ယင်း မည်သို့ဖြေရမည်ကိုပင် ရုတ်တရက်မသိနိုင်အောင် ဖြစ်သွားသည်။

'ကျွန်....ကျွန်တော် ဘာမှမဖြစ်ပါဘူး'

ကျွန်ုပ်တို့က ထစ်ထစ်ငေါ့ငေါ့ဖြင့် ဖြေလိုက်သည်။

မိန်းမချောကလေးက ခစ်ကနဲ ရယ်မောလိုက်သည်။

သူမ၏ ခန္ဓာကိုယ်အစိတ်အပိုင်း အားလုံးသည် လှုပ်ခါသွားသည်။





'ကျွန့်မကို ကူညီမှုပေးတဲ့အတွက် မောင်လေးကို အများကြီးပဲ ကျေးဇူးတင်ပါတယ်ကွယ်'

မိန်းမချောကလေးက တလှိုက်တမောဖြင့် ကျေးဇူးတင်စကား ပြောလိုက်သည်။

ကျွန်ုပ်တို့က ပြာပြာသလဲပင် လက်ကာပြလိုက်သည်။

'ကျေးဇူးတင်စရာ မလိုပါဘူး။ မတရားတာ တွေ့ယင်တော့ ကူညီနိုင်တာကို ကူညီရမှာပဲ။ ကဲပါလေ....ကျွန်တော့်ကို သွားခွင့်ပြုပါအုံး'

ကျွန်ုပ်တို့က နှုတ်ဆက်စကား ဆိုလိုက်သည်။

တချိန်တည်းမှာပင် ကမ်းစပ်တွင် ခြေချရမည့်နေရာကို မျက်စိကစားကြည့်လိုက်သည်။

'မောင်လေး၊ မသွားပါနဲ့ဦးလားကွယ်'

မိန်းမချောကလေးက ကျွန်ုပ်တို့အား ရွှန်းရွှန်းစားစားကြည့်၍ တားမြစ်လိုက်ပြန်သည်။

ကျွန်ုပ်တို့ မျက်လုံးပြူးရလေတော့သည်။

သူက မိန်းကလေးအား တချက်ခေါင်းငဲ့၍ အကဲခတ်လိုက်သည်။

မိန်းကလေး၏ မျက်နှာသည် အားငယ်ညှိုးနွမ်းနေပုံရသည်။

သူမက မငို့မရဲဖြင့် ဆက်လက်တောင်းပန်ပြန်သည်။

'လူဆိုးတွေ ထပ်ပြီးဒုက္ခပေးနေမှာ စိုးလို့ပါကွယ်'

သူမက ကြောက်ရွံ့စိုးရိမ် ထိတ်လန့်နေဟန်ဖြင့်တောင်းတောင်းဒန့်ပန် ဆိုလာသည်။

ကျန်းယို့သည် အင်းမလုပ်၊ အဲမလုပ်ဖြင့် အတန်ကြာစဉ်းစား
နေမိသည်။

မှန်သည်။

ကူညီလက်စနှင့် ဆက်လက်ကူညီရ ကောင်းနိုးနိုး။

ကျန်းယို့သည် ဇဝေဇဝါဖြင့် စိတ်နှစ်ခွဖြစ်နေသည်။

ထိုစဉ် ဆိပ်ကမ်းမှ အသံတခုပေါ်ထွက်လာသည်။

'ဒီမှာ အစ်ကိုလေး၊ အရက်ဖိုးနဲ့ထမင်းဖိုး ရှင်းပေးခဲ့ပါဦး'

စားသောက်ဆိုင်မှ စားပွဲထိုး၏အသံပင်ဖြစ်သည်။

မှန်သည်။

စားသောက်ဆိုင်တွင်းမှ ဗြုန်းစားကြီး ခုန်ထွက်လာခဲ့ရသည်
အတွက် ငွေမရှင်းရသေးသည့်အဖြစ်ကို ယခုမှပင် သူက သတိရမိ
တော့သည်။

သူက အိတ်တွင်းမှငွေကို ထုတ်ယူလိုက်သည်။

အိတ်ထွင်းမှ ငွေတုံကလေးများနှင့်တကွ ကျောက်စိမ်းခေါ
ပါအပြင်သို့ ထွက်ကျလာတော့သည်။

ကျန်းယို့သည် ငွေတုံးတတုံးကို ကောက်ယူလိုက်သည်။

ကျောက်စိမ်းခေါးကိုမူ အလျင်အိတ်တွင်းသို့ ပြန်လည်ထည့်သွင်း
လိုက်သည်။

ပြီးနောက် ကျန်းယို့က ကမ်းစပ်မှစားပွဲထိုးဆီသို့ တချက်လှမ်း
ကြည့်လိုက်သည်။

'ဟိတ်....စားပွဲထိုး၊ ဟောဒီမှာ ငွေတုံးတတုံးပစ်လိုက်မယ်...
ပိုယင်လဲ ပြန်မအမ်းနဲ့တော့'





ကျန်းယို့က လက်တဘက်မှ ငွေတုံးကလေးကို ကမ်းစပ်မှ စား
ပွဲထိုးထံသို့ ပစ်ပေးလိုက်သည်။

ငွေတုံးကလေးသည် စားပွဲထိုးရှေ့သို့ တန်းတန်း မတ်မတ်
ကျရောက်သွားသည်။

စားပွဲထိုးသည် ပြာပြာသလဲ ကောက်ယူပြီး စားသောက်ဆိုင်
အတွင်းသို့ ပြေးဝင်သွားတော့သည်။

ထိုအချိန်မှာပင် လှေကြီးသည် တဖြည်းဖြည်း ရွေ့လျားသွား
ရာ။ကမ်းစပ်နှင့်အလှမ်းကွာသည်ထက်ကွာကာ ဝေး၍ ဝေး၍
သွားလေတော့သည်။

* * *

# အခန်း (၃)

လှေကြီးသည် တရွေ့ရွေ့ဖြင့် သွားနေသည်။

ကမ်းစပ်နှင့် တဖြည်းဖြည်းဝေးကွာသွားလေပြီ။

သို့သော် ကျန်းယို့သည် ထိုအချင်းအရာကို လုံးဝပင် မရိပ်စားမိ။

သူသည် စားပွဲတလုံးတွင် မိန်းမချောကလေးနှင့်အတူ အရက်ထိုင်သောက်နေမိသည်။

အရက်ကလည်း အရက်ကောင်း။

နှစ်ချို့ ဝါးရှက်စိမ်းအရက်။

မိုးဆမ်းပန်းစာပေ

အဝင်ချို၍ အရသာရှိလှသည်။

သည့်ထက်ပို၍ အရသာရှိသည်ကအနားမှမိန်းမချောကလေးက အရက်ကို ငွဲ့တိုက်နေသည့်အဖြစ်။

အရက်ကချိုချို၊ မိန်းကလေးက ခပ်လှလှ။

ကျန်းယို့ အကြိုက်တွေ့နေမိသည်။

သို့သော် သူ၏ဖခင်မှာစကား၊ တားမြစ်ချက်ကို ချိုးဖောက်မိသည့်အဖြစ်ကို သတိပြုမိသည်။

မတတ်နိုင်။

အခြေအနေအရ မလွှဲမရှောင်သာပဲ ပြဿနာတခုထဲ တိုးဝင်မိလျက်သား ဖြစ်နေခဲ့ပြီးဖြစ်သည် မဟုတ်ပါလား။

ပြီးတော့ လှေကြီးကလည်း ကမ်းနှင့် ဝေးသည်ထက် ဝေးသွားလေပြီ။

သည်တော့ မည်သို့တတ်နိုင်တော့အံ့နည်း။

လှေပေါ်တွင်ထိုင်ပြီး အရက်ကိုသာ ဖိသောက်နေမိသည်။

မိန်းမချောကလေးက အနားတွင် ပြုံးပြုံးကလေး ထိုင်ပြီး လိုလေသေးမရှိ ပြုစုပေးနေသည်။

'ကျွန်မနာမည်ကိုလဲ မှတ်ထားပါ၊ 'ညမွှေးပန်း' လို့ ခေါ်ပါတယ်'

ညမွှေးပန်း....။

လှပလွန်းသောနာမည်ကလေး....။

နာမည်နှင့်လိုက်အောင်လဲ လှပသည်။





လရောင်ဆမ်းသော အနောက်ရေအိုင်ပေါ်မှ ညချမ်းသည်လည်း လှပနေသည်။

ညမွှေးပန်း၏အလှနှင့် လသာသောညတို့ ပေါင်းလိုက်သော် မြင်မြင်သမျှအကုန်လှနေတော့၏။

ကျန်းယို့ သက်ပြင်းတချက်ချလိုက်သည်။

လှပသောညမွှေးပန်း၏ မျက်နှာကိုလည်း မကြည့်ရဲ၊

မည်သည့်အလှအပကိုမျှ မကြည့်ရဲတော့။

သို့ကြောင့်....

ကျန်းယို့သည် အရက်ကိုသာ တခွက်ပြီးတခွက် သောက်နေမိတော့သည်။

ကြာကြာသောက်တော့ ရေချိန်လွန်လာသည်။

သည်တော့ ကျန်းယို့၏ခေါင်းထဲတွင် ရီဝေလာတော့၏။

တဖြည်းဖြည်းနှင့် ကျန်းယို့၏ခေါင်းသည် စိုက်ကျလာတော့သည်။

ကျန်းယို့ အရက် အလွန်အကျွံမူးနေလေပြီ။

သတိလွတ်တချက်၊ မလွတ်တချက် ဖြစ်နေသည်။

ထိုစဉ်....

တည်းခိုခန်းလှေကြီးသည် အနောက်ဘက်ရေအိုင်ကြီး၏ ကမ်းစပ်တနေရာသို့ ဆိုက်ကပ်ထားသည်။

လှေပေါ်ရှိလူအားလုံး အရက်မူးလျက် အိပ်ပျော်နေကြကုန်ပြီ။

ထိုအရက်မူးသူထဲတွင် ကျွန်ုပ်တို့သည်လည်း တယောက်အပ
အဝင်ဖြစ်သည်။

လှေကြီးသည် မည်သည့်နေရာတွင် ရပ်နားထားလေသနည်း

ကျွန်ုပ်တို့သည် အရက်မူးနေသော်လည်း သတိမလွတ်။

သူ၏ ကိုယ်ခန္ဓာကြီးကို တစုံတယောက်သောသူက လှေကြီ
ပေါ်မှ ထမ်းယူသွားသည်ကိုလည်း သတိထားမိသည်။

ပြီးနောက်....သူ့အား အဆောက်အအုံတခုသို့ခေါ်လာသည်
အခန်းတခုထဲတွင် သိပ်ထားသည်ကိုလည်း သိရှိနေသည်။

ထို့ပြင် သူ၏နှာခေါင်းဝသို့ သင်းပျံ့သောပန်းရနံ့များ တို
ဝင်လာမိသည်ကိုလည်း သတိပြုမိလိုက်သည်။

သင်းပျံ့သောပန်းရနံ့များ မွှေးကြိုင်နေသည်။

မွှေးကြိုင်သင်းထုံနေသော ပန်းရနံ့များ မည်သည့်အရ
ဒေသမှ ရောက်လာလေသနည်း။

ဝေးလံသောတောတောင်များမှ ည၏လေပြည်က သယ်
လာခဲ့သလော။

သို့တည်းမဟုတ် ယင်းပန်းရနံ့များသည် မိန်းမချောကလေ
ညမွှေးပန်းထံမှ ပျံ့လွင့်လာခြင်းလော။

ဒါကိုတော့ ခွဲခွဲခြားခြားသူမသိ။

တကယ်ဆိုသော် ကျွန်ုပ်တို့သည် အိပ်၍မပျော်တပျော်၊ မ
တဝက် နိုးတဝက်ဖြင့် ယောင်ဝါးဝါးဖြစ်နေသည်။

ထိုစဉ်....





ခေါ်သံသဲ့သဲ့ကို ကြားယောင်မိလိုက်သည်။

အသံမှာ မိန်းကလေးတယောက်၏ အသံလွင်လွင်ကလေး။

'မောင်လေး....မောင်လေး....'

ညမွှေးပန်း၏ ခေါ်သံလွင်လွင်ပင်ဖြစ်ရမည်။

နားတွင်းသို့ ဆွဲလွဲသံကလေး တိုးဝင်လာလင့်ကစား မျက်လုံး ကဖွင့်မရ။

ထူးခြားသည်မှာ နှာခေါင်းဝသို့ မွှေးပျံ့သောရနံ့များ တိုး ဝင်လာသည့်အချက်ပင် ဖြစ်သည်။

ယင်းမွှေးရနံ့သည် ရေအိုင်ဝန်းကျင်မှ မန်းမာလာများ မွှေး ရနံ့မဟုတ်။

ကိုယ်သင်းရနံ့ ရောပြွန်းနေသော ပေါင်ဒါနှင့် ရေမွှေးရနံ့ များဖြစ်သည်ကို ကျွန်ုပ်တို့ သတိပြုမိလိုက်သည်။

ထို့ကြောင့် မွှေးရနံ့ပိုင်ရှင်သည် မိန်းမချောကလေး ညမွှေး ပန်းပင်ဖြစ်မည်ကို အတတ်သိလိုက်သည်။

သို့အတွက် မျက်စိကိုဖွင့်ကြည့်ရန် မကြိုးစားတော့။

အသာအယာပင် ငြိမ်နေလိုက်သည်။

သည်စဉ်....

နူးညံ့ပျော့ပြောင်း ဖော့ဖယောင်း လက်ချောင်းကလေးများ သည် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာပေါ်သို့ ရောက်ရှိလာသည်။

နူးညံ့သော လက်ချောင်းကလေးများ၏ ထိတွေ့မှုကြောင့် ကျွန်ုပ်တို့ ရင်တဒိတ်ဒိတ်ခုန်လာသည်။

မိန်းမချောကလေး ညမွှေးပန်း မည်သို့ လုပ်နေလေသနည်း။

ကျွန်းယို့ တုန်လှုပ်သွားမိသည်။
သိလိုက်ပြီ။
ညမွှေးပန်း...
ဟုတ်ပါသည်။ ယောကျ်ားတကာကို ညှို့ယူနိုင်သည့် ညမွှေးပန်း၊ လှပသည့်မိန်းကလေး။
အကျင့်စရိုက်ကတော့ အကျည်းတန်လှသည်။
ကျွန်းယို့၏အိတ်အတွင်းမှ ငွေလွှဲလက်မှတ် အမြောက်အများနှင့် ကျောက်စိမ်းခဲ ထည့်ထားသော ငွေအိတ်ကလေး ညမွှေးပန်းနောက်ပါသွားလေပြီ။

မွှေးကြိုင်သော ကိုယ်သင်းပေါင်ဒါနံ့ ကလေးသည်လည်း ရှုတ်ခြည်းပျောက်ကွယ်သွား၏။
သည်တော့မှ ကျွန်းထို့နားလည်လိုက်မိသည်။
သို့သော် ကျွန်းယို့ကလည်း လျင်သည်။
ရှုတ်ရှုတ်သဲသဲ မလုပ်။
မသိမသာ မျက်လုံးအစုံကို မပွင့်တပွင့်လုပ်၍ ကြည့်လိုက်သည်။
မိန်းမချောကလေး ညမွှေးပန်း၏ လှုပ်ရှားမှုများကို တွေ့ရတော့သည်။
မပွင့်တပွင့်ဖွင့်ထားသော မျက်လုံးအစုံသည် ရှုတ်တရက် ပြူးကျယ်ထွက်သွားသည်။
ကျွန်းယို့ တကယ်ပင် တအံ့တသြ ဖြစ်သွားမိသည်။

မိုးဆမ်းပန်းစာပေ



ညမွှေးပန်း....
တကယ်လည်းတဲ့ ညမွှေးပန်းပါကလား။

သူမသည် ငွေအိတ်ကိုယူပြီး အခန်းထောင့်တနေရာမှ ပန်းအိုးတခုထဲတွင်ထည့်၍ ဝှက်နေသည်ကို အထင်းသား တွေ့မြင်လိုက်ရသည်။
ကျွန်းယို့ အံ့သြမိသွားသည်။ စိတ်အလွန်ပျက်သွားမိသည်။
တချိန်တည်းမှာပင် ဒေါသဖြစ်မိသွားသည်။
မိန်းမယုတ်....
အကျင့်မကောင်း....
ကျေးဇူးကန်းသည့် မိန်းကလေးတယောက်။

ရုပ်ရေတလေး လှပကျော့ရှင်းသလောက် အကွင်းစိတ်ကကောက်ကျစ်သည်။
မှန်သည်။
ကျွန်းယို့အပေါ်တွင် ယခုလိုမလုပ်သင့်။
ကျွန်းယို့သည် သူမ၏ကျေးဇူးရှင်တယောက် မဟုတ်ပါလား။

သူမအား လူဆိုးတွေလက်မှ အသက်စွန့်၍ ကယ်တင်ပေးခဲ့သူတယောက်။
သူမ၏ကျေးဇူးရှင် အစစ်သည် ကျွန်းယို့ဖြစ်သည်။
ကျေးဇူးရှင်ဖြစ်၍ ကျေးဇူးပြန်ခြင်းပေလော။
သို့တစေ ကျွန်းယို့သည် တစုံတရာမလှုပ်ရှား။

မိုးဆမ်းပန်းစာပေ

အိပ်မြဲအိပ်နေသည်။

သို့သော် ကျန်းယို့သည် မိန်းမချောလေး ညမွှေးပန်း၏ လှုပ်ရှားမှုကို အာရုံဖွင့်၍နားထောင်နေမိသည်။

မကြာလိုက်။

သူမသည် ငွေအိတ်ကိုဝှက်ထားပြီးနောက်တွင်၊ အကြံအစည် အထမြောက်ဟန်ဖြင့် စိတ်ချလက်ချ၊ ကြမ်းပြင်ပေါ် လှဲချပြီး အိပ်မောကျသွားလေတော့သည်။

ကျန်းယို့သည်ယခုမှပင်၊ ဖခင်၏အမှာစကားကိုကြားယောင် မိလိုက်သည်။

ထို့ကြောင့်ပင်၊ ဖခင်လုပ်သူသည်၊ မိန်းကလေးများနှင့် ကင်းရှင်းအောင်နေထိုင်ရန် တဖွဖွသတိပေးခဲ့သည်ကို သဘော ပေါက်မိတော့သည်။

သို့သော်မိန်းမတိုင်းကိုတော့ အထင်သေးစရာမလို။

ညမွှေးပန်းလို မိန်းကလေးမျိုးကို သတိထားရမည်။

ကျန်းယို့သည် အိပ်ပျော်နေသော ညမွှေးပန်းအား တချက် လှမ်းကြည့်လိုက်ပြီး၊မျက်လုံးကို ပြန်မှိတ်ထားလိုက်သည်။

ညမွှေးပန်း၏အသက်ရှူသံသည် တိတ်ဆိတ်သောအခန်းတွင်း ၌ အတိုင်းသားကြားနေရသည်။

သူမသည် ကျန်းယို့နှင့်အတူ နှစ်ချို့ဝါးရွက်စိမ်း အရက်ကို သောက်ခဲ့သေးသည်။

ထို့ကြောင့်သူမသည် ဝါးရွက်စိမ်းအရက်တန်ခိုးကြောင့် နှစ် နှစ်ခြိုက်ခြိုက်အိပ်မောကျသွားလေတော့သည်။





ကျန်းယို့သည် ရှုတ်တရက်မထသေး၊ ဆက်လက်၍ မိန်းမော နေလိုက်သည်။

အတန်ကြာသည်အထိ ညမွှေးပန်း၏အခြေအနေကို စောင့်၍ အကဲခတ်ကြည့်နေခဲ့သည်။

မှန်သည်။

ညမွှေးပန်းသည်၊ တကယ်ပင် အရက်ရှိန်တဖိန်းဖိန်းတက်ပြီး၊ အိပ်မောကျသွားသည်မှာ သေချာသွားသည်။

သည်တော့မှပင် ကျန်းယို့က အိပ်ရာမှလူးလဲထလိုက်၏။

အဝတ်အစားများကို သပ်ရပ်စွာ ပြုပြင်ပတ်ဆင် လိုက်ပြီး ကျန်းယို့သည် တိတ်တဆိတ်စတင် လှုပ်ရှားလေတော့သည်။

ကျန်းယို့သည် အခန်းထောင့်မှ ပန်းအိုးကို ကောက်ယူလိုက် သည်။

ယင်း ပန်းအိုးထဲတွင် သူ၏ငွေအိတ်ကို ညမွှေးပန်းက သိုဝှက် ထားခဲ့သည်မဟုတ်ပါလား။

ထို့ကြောင့် ကျန်းယို့ကပန်းအိုးထဲမှပစ္စည်းများကိုသူ၏အိတ် အတွင်းသို့လောင်းထည့်လိုက်သည်။

ပြီးနောက်၊ ပန်းအိုးကိုအခန်းထောင့်တွင် နေသားတကျပြန် ၍အသာအယာချထားလိုက်သည်။

ထို့နောက် ကျန်းယို့က ညမွှေးပန်းဘက်သို့ တချက်လှည့် ကြည့်လိုက်၏။

ညမွှေးပန်းသည် လှလှပပကလေးပင် အိပ်မောကျနေရှာ သည်။

ကျန်းယို့သည် ညမွှေးပန်း၏ လှပသောမျက်နှာကို တချက် စူးစိုက်ကြည့်လိုက်၏။ ကျန်းယို့၏နှုတ်ခမ်းအစုံပေါ်တွင် ပြုံး ရိပ်ကလေးများ ပြေးသွားသည်။

သည့်နောက်တွင်ကျန်းယို့က ကျေနပ်စွာခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ကျန်းယို့သည် လှပသောညမွှေးပန်းကို ကျောခိုင်းပြီး အခန်း တွင်းမှ ထွက်ခွါလာခဲ့သည်။

အပြင်ဘက်တွင် လမင်းသည် ထိန်ထိန်သာနေဆဲ။

လေပြည်လေညင်းကလေးသည်၊ ညှင် ညှင်းသာသာ တိုက် ခတ်လျက်ရှိသည်။

ပတ်ဝန်းကျင်တဝိုက်တွင် မွှေးပျံ့သော ပန်းရနံ့များ ထုံ ကြိုင်လျက်ရှိ၏။

* * *

# အခန်း (၄)

အနောက်ဘက်ရေအိုင်၏အရှေ့ဦး....

ကောင်းကင်ယံတွင် လမင်းသည် သာတုန်းသာဆဲ။

အေးမြသောလေနုအေးသည် ပန်းပေါင်းစုံ၏ ရနံ့များကို သယ်ဆောင်လျက် တသုန်သုန်တိုက်ခတ်နေသည်။

နှင်းငွေ့နှင်းစက်ကလေးများပါသော လေပြည်တချက်အတိုး တွင် ကျန်းယို့၏ တကိုယ်လုံးသည် အေးကနဲ စိမ့်သွားသည်။ နောက်ကျိထိုင်းမှိုင်းနေသော ကျန်းယို့၏တကိုယ်လုံးသည် လန်း လန်းဆန်းဆန်းဖြစ်သွားသည်။

သူသည် ကျောက်စရစ် ခင်းထားသော လမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။

ကျောက်တုံးကျောက်ခဲကလေးများပေါ်တွင် နှင်းစက်ကလေးများ ပျောက်ပျောက်ကြားကြား တင်ရှိနေသည်။

လေပြင်းတချက်အဝေ့တွင် သစ်ပင်သစ်ရွက်များတွင် ရီးလေးခိုနေသော နှင်းစက်ကလေးများသည် တဖျောက်ဖျောက်ဖြင့် မြေပေါ်သို့ ပြုတ်ကျလာသည်။

အေးချမ်းသော အရုဏ်ဦးတခုပင်ဖြစ်သည်။

ကျန်းယို့သည် လူသူကင်းမဲ့သော ကျောက်စရစ်ခဲခင်း လမ်းအတိုင်း ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာသည်။

သူသည် ညမွှေးပန်း၏အဖြစ်ကို တွေးမိပြီး တကိုယ်တည်းပင်ပြုံးလိုက်မိသွားသည်။

ဟုတ်သည်။

ညမွှေးပန်းနိုးလာသောအခါတွင် ပန်းအိုးအတွင်းမှ ဝှက်ထားသောပစ္စည်းများ ပျောက်ဆုံးနေသည်ကိုတွေ့ရလျှင် မည်မျှဒေါပွသွားလေမည်နည်း။

ဤသည်ကို တွေးမိပြီး၊ ကျန်းယို့က နှစ်ခြိုက်စွာ ပြုံးလိုက်မိခြင်းဖြစ်၏။

ကျန်းယို့သည် သွက်လက်စွာ လျှောက်သွားနေရာမှ တစုံတခုကို သတိရမိသွားသည်။

သူ၏လှမ်းနေသော ခြေးလှမ်းများသည် တုံ့ကနဲ ရပ်တန့်သွားတော့၏။





သူက ဘေးတေးဘီဘီကို တချက်လှည့်ပြီး မျက်စိကစားကြည့်လိုက်သည်။

ဘေးပတ်ဝန်းကျင်တခုလုံးသည် တိတ်ဆိတ် ငြိမ်သက်လျက်ရှိသည်။ငှက်ကလေးများ၏ စိုးစီစိုးစီအော်မြည်သံကိုပင် မကြားရ။

ထို့ကြောင့် အင်္ကျီအတွင်းမှ ငွေအိတ်ကို ထုတ်ယူလိုက်သည်။

ကျန်းယို့သည် မိမိ၏အိတ်တွင်း၌ ပစ္စည်းများလျော့နည်းခြင်းရှိမရှိ စစ်ဆေးလိုက်သည်။

ဤတွင် ကျန်းယို့မျက်လုံး ပြူးသွားတော့သည်။

ကျန်းယို့ တချက်ငိုင်ကျသွားသည်။

ငွေအိတ်အတွင်း၌ သူယူလာသော ငွေလွှဲ လက်မှတ်များ၊ ရွှေတုံးကလေးများ စသည်တို့အပြင် သူပိုင်ပစ္စည်းမဟုတ်သည့်ပစ္စည်းနှစ်မျိုးပါလာသည်ကို တွေ့ရတော့သည်။

ခက်ချေပြီ။

မိမိပိုင် ပစ္စည်းများမဟုတ်သည့်အတွက် မည်သို့လုပ်ရမည်မသိဖြစ်သွားသည်။

ထိုပစ္စည်းနှစ်ခုမှာ တန်ဖိုးမဖြတ်နိုင်သည့် ပစ္စည်းဖြစ်သည်။

အရည်လည်နေသော ဆီးကင်းခန့် ပုလဲတလုံးနှင့် အရည်အသွေးကောင်းမွန်သော ကျောက်စိမ်းပြားတခုပင်ဖြစ်သည်။

ကျန်းယို့သည် ကျောက်မျက်ရတနာကြားတွင် ကြီးပြင်းလာသူလူငယ်တယောက်ဖြစ်သည်။

ကျောက်မျက်ရတနာအကြောင်းကို ကျွမ်းသည်၊ နားလည်သည်။

ယခု သူ့ထံတွင်ပါလာသော ပုလဲနှစ်လုံးနှင့် ကျောက်စိမ်းပြား သည် အဖိုး မဖြတ်နိုင်အောင် တန်ကြေးရှိသည်ကို ကျွန်းယို့ ကောင်းကောင်းနားလည်လိုက်သည်။

ဤမျှတန်ကြေးရှိသောပစ္စည်းများကို ညမွှေးပန်းသည်မည်သူ့ ထံမှ ရယူထားလိုက်လေသနည်း။

သူမသည် အကြမ်းနည်းဖြင့် ယင်းပစ္စည်းများကို ရယူထား ခြင်းသာဖြစ်ပေသည်။

သို့တည်းမဟုတ် တစုံတယောက်သောသူထံမှ တိတ်တဆိတ် ခိုးယူလာခြင်းလည်းဖြစ်နိုင်သည်။

မည်သို့ဖြစ်စေ၊ ပုလဲလုံးနှင့်ကျောက်စိမ်းပြားသည် ညမွှေးပန်း၏ ပစ္စည်းသာဖြစ်သည်။

သည်တော့ ထိုပစ္စည်းများကို ပိုင်ရှင်ညမွှေးပန်းထံသို့ ပြန်လည် ပေးအပ်မည်လော။

ကျွန်းယို့သည် လမ်းမပေါ်တွင် ရပ်လျက် အတန်ကြာ ငိုင်၍ စဉ်းစားနေသည်။

ပြီးနောက် ခေါင်းတချက်ဆတ်လိုက်၏၊

ညမွှေးပန်း အယုတ်တမာကို ဒဏ်ခတ်သည့်အနေဖြင့် ပြန်မပေး ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ပစ္စည်းအားလုံး ငွေအိတ်ကလေးထဲသို့ ပြန်ထည့်၍ သိမ်းဆည်းလိုက်သည်။





ကျွန်းယို့က အရှေ့ကောင်းကင်ဆီသို့ လှမ်းမျှော်ကြည့်လိုက် ပြန်သည်။

မိုးစင်စင်လင်းနေလေပြီ။

ရောင်ခြည်တထောင် အလင်းဆောင်သော ဖန်နေဝန်းသည် အရှေ့မိုးကုတ်စက်ဝိုင်းတွင် ခေါင်းပြူနေလေသည်။

ထိုစဉ်။

ကမ်းစပ်ရှိ ချုံနွယ်ပိတ်ပေါင်းများကြားမှ ရေသံလိုလို ကြား လိုက်ရသည်။

ကျွန်းယို့၏မျက်လုံးအစုံသည် ရေသံကြားရာဆီသို့ ရုတ်တရက် ရောက်ရှိသွားသည်။

အခန့်သင့်လိုက်သည့်ဖြစ်ခြင်း။

လှေငယ်ကလေးတစင်းသည် ချုံနွယ်ပင်များအကြားမှ ဘွား ကနဲပေါ်လာပြီး ကမ်းစပ်သို့ ထိုးကပ်လိုက်သည်။

လှေငယ်ပေါ်တွင် လူငယ်တယောက်။

လူငယ်၏အဝတ်အစားများ နွမ်းပါးသည်၊ ဝါးခမောက်တလုံး ကိုလည်း ဆောင်းထားသေးသည်။

ထိုလူငယ်သည် ဤလှေငယ်ဖြင့် အလုပ်လုပ်စားနေသည်မှာ ထင်ရှားလှပေသည်။

လူငယ်က လမ်းမပေါ်တွင်ရပ်နေသော ကျွန်းယို့အားတချက် အကဲခတ်ကြည့်လိုက်သည်။

ပြီးနောက် ခမောက်ဆောင်းလူငယ်က ပြုံးပြလိုက်၏။

'ဆရာလေး၊ ဟိုဘက်ကမ်းကူးယင် လှေအားပါတယ်'

လှေသမားလူငယ်က၊ စကားကမ်းလှမ်း မေးမြန်းလိုက်သည်။

ကျွန်းယို့က ခေါင်းညိတ်လိုက်သည်။

ပြီးလျှင် နှစ်ခြိုက်စွာပင် ပြုံးလိုက်သည်။

ကုသိုလ်ကံ ကောင်းချင်လျှင် အစစသည် အဆင်တပြေရှိလ

သည်။

တဘက်ကမ်းသို့ ကူးချင်သည့်အချိန်တွင် လှေငယ်ကလေး တ

စင်းသည်၊ အလိုအလျောက်ပင် အနားသို့ရောက်ရှိလာသည်။

ဘုန်းရှင်ကံရှင်ဆိုသည်မှာ ဤသည်ကိုပင် ဆိုကြလေသလား၊

မည်သို့ဖြစ်စေ ကျွန်းယို့က ကျေနပ်သွားသည်။

'ဟိုတ်၊ ငါ့ကိုကျောက်တုံးတည်းခိုခန်းကိုလိုက်ပို့စမ်း'

ကျွန်းယို့ကပြောပြောဆိုဆိုဖြင့် လှေငယ်ပေါ်သို့ လှမ်းက

ခုန်တက်လိုက်သည်။

ကျွန်းယို့ လှေပေါ်ရောက်သည်နှင့် လှေသမားလူငယ်သည်

လှေငယ်ကို ချုံကြားထဲမှ တိုးထွက်လာပြီး တဘက်ကမ်းသို့ဦး

တည်လှော်ခတ်လေတော့သည်။

လှေကလေးသည် အနောက်ဘက်ရေအိုင် ရေပြင်ကိုဖြတ်၍ တ

ဘက်ကမ်းဆီသို့ တရွေ့ရွေ့လှုပ်ရှားနေသည်။

နံနက်ခင်းလေနုအေးသည် တသုန်သုန်တိုက်ခတ်လျက်ရှိသည်

ရေအိုင်ကြီးအတွင်း၌ လှေအသွားအလာ ရှင်းလင်းနေသေ

သည်။





နံနက်စောစော ရေအိုင်ကြီးအတွင်း၌ လှေငယ်ကလေးစီး၍ ခရီးသွားရသည်မှာ ကြည်နူးဖွယ်ကောင်းလှသည်။

လှိုင်းကလေး တဖျပ်ဖျပ်၊ လေရူးတသုန်သုန်ဖြင့် စီးနင်းလိုက်ပါရသည်မှာ အရသာတမျိုး ဇိမ်ကျလှသည်။

ကျွန်းယို့အထူးပင်စိတ်ပျော်ရွှင်ကြည်နူးနေမိသည်။

ထို့ကြောင့် ကျွန်းယို့က အိတ်တွင်းမှ ငွေတုံးတတုံးကို ထုတ်ယူပြီး၊ လှေသမားလူငယ်အား ပေးလိုက်သည်။

'ရော့၊ ဟောဒီမှာလှေခ၊ ယူပေတော့'

ကျွန်းယို့က စေတနာထက်သန်စွာဖြင့် လှေခကို မတန်တဆ အဆပေါင်းများစွာ ပို၍ပေးကမ်းလိုက်သည်။

လူငယ်၏မျက်မှောင်နှစ်ဖက်တွန့်တက်သွားသည်။

လှေသမားလူငယ်က ခေါင်းကိုတွင်တွင်ခါယမ်းပြလိုက်သည်။

'ခင်ဗျားက ဘယ်သူလဲ၊ ဒမြလား၊ သူခိုးလား'

လှေသမားလူငယ်၏မေးမြန်းမှုကြောင့် ကျွန်းယို့ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူက လူငယ်၏မျက်နှာကို တချက်အကဲခတ်ကြည့်လိုက်သည်။

ကျွန်းယို့ကချက်ချင်းပင် အခြေအနေကို ရိပ်စားမိသွားသည်။

ရက်ရက်ရောရော ပေးကမ်းမှုကြောင့် တဘက်မှ တမျိုးတမည် ထင်မှတ်သွားခြင်းဖြစ်သည်ကို ချက်ချင်းသိလိုက်သည်။

တကယ်တော့ သူ၏စိတ်အစဉ်သည် ပျော်ရွှင်ကြည်နူးနေသဖြင့်သာ လူငယ်ကိုလှေခထက်အဆမတန်ပိုပေးလိုက်ခြင်းဖြစ်သည်။

လူရွယ်၏သဘောကို သိလိုက်သည့်အတွက် ကျန်းယို့က ပြုံးလိုက်မိသွားသည်။

'ဘာဖြစ်လို့လဲကွ၊ ငါက ဒမြန်မျိုး တူနေလို့လား'

ကျန်းယို့က စိတ်မဆိုးနိုင်တော့ပဲ၊ အသာတကြည်ပင် ပြန်၍မေးမြန်းလိုက်သည်။

'ဒမြမဟုတ်ယင် ဘယ်ယိုကြောင့် ကုတ္တိုခတို အဆမတန်ပိုပေးနိုင်ရတာလဲ'

ရော=။

ခက်ချေပြီ။

ငွေပိုမိုပေးမိသည့်အတွက်၊ ပြဿနာပင်ဖြစ်ရသည်။

နေရာဘကာတွင် သဘောကောင်းလွန်းလျှင်လည်း ဒုက္ခဖြစ်တတ်သည်။

စေတနာထားလွန်း၍လည်းမဖြစ်။

ကျန်းယို့သင်ခန်းစာဘခုရရှိခဲ့လေပြီ။

'ဘာလဲ၊ ကုတ္တိုခဆက် အဆမတန်များနေလို့ ငွေကိုလက်မခံချင်တာလား'

'ဟုတ်တယ်၊ ဒါပေမယ့် အခုတော့ မင်းပေးခဲ့တဲ့ ငွေကသိပ်ကိုနည်းနေပြီ'

'အားပါးပါး'

ကျန်းယို့ တအံ့တဩဖြင့် လွှတ်ကနဲ ညည်းလိုက်မိသွားသည်မှန်သည်။





လူငယ်စကားက ခပ်ဆန်းဆန်း။

စေတနာထားပြီး သဒ္ဒါပေါက်လို့ ငွေပိုပေးမိသည်ကို အပြစ်ဆိုသည်။

ဟောကြည့်။

အခုကျပြန်တော့ ဒီငွေလောက်နဲ့ တင်းမတိမ်နိုင်ပြန်။

သည့်ထက်ပိုလိုချင်ပြန်သည်ဟု ဆိုလာပြန်လေသည်။

ခက်ချေပြီ။

'ဘာကြောင့်လဲကွ'

ကျန်းယို့က မျက်နှာကို တည်လိုက်ပြီး ခပ်ဆတ်ဆတ် မေးမြန်းလိုက်သည်၊

လှေသမား လူငယ်က ကျန်းယို့အား အမိပ္ပာယ် ပါသောမျက်လုံးအစုံဖြင့် တချက်စူ စိုက်ကြည့်လိုက်သည်။

'ခင်ဗျားဆီမှာ ငွေတုံးငွေစတွေ ဒါလောက်များများပါလာယင်တော့ ကျုပ်ကလဲ ခပ်များများလိုချင်တာပေါ့ဗျ'

လူငယ်၏စကားက ရှင်းလှသည်။

ကျန်းယို့က မျက်ခုံတောင် ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး စဉ်းစားနေသည်။

ပြီ မှသူက လွှတ်ကနဲ မေးမြန်းလိုက်သည်။

'ခင်ဗျားက ငွေဘယ်လောက်လိုချင်လို့လဲ'

ကျန်းယို့က စူးစမ်းသလို မေးမြန်းလိုက်သည်။

လှေသမားလူငယ် အားပါးတရ ပြုံးလိုက်၏။

'ခင်ဗျား၊ဆီမှာ ပါလာသလောက် လိုချင်တယ်'

လှေသမားလူငယ်၏စကားက ပို၍ပင် ရှင်းလင်းနေသည်။

'ဟား....ဟား....ဟား....'

ကျန်းယို့က ဟွက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

ပြီးမှ လူငယ်အား လက်ညှိုး ငေါက်ငေါက်ထိုး၍ ပြောဆို လိုက်သည်။

'မင်း၊မင်းဟာ ဒမြ၊ငါက ဒမြမဟုတ်ဘူး'

ကျန်းယို့၏စကားကြောင့် လူငယ် မျက်နှာတချက် ကွက်ကနဲ ပျက်သွားသည်။

ပြီးနောက် လူငယ်က ခြောက်ကပ်ကပ် ရယ်မောလိုက်ပြန် သည်။

'အေး၊ မင်းအခုထိပြီမဟုတ်လား၊ မင်းမှာပါလာသမျှအကုန် ထုတ်လိုက်တော့'

ကျန်းယို့က ပခုံးတချက်တွန့်လိုက်၏။

'ဟင်း၊ဟင်း၊ ကျုပ်ကမပေးဘူးဆိုယင်ကော မင်းက ဘာ တတ်နိုင်ဦးမှာလဲ'

'လွယ်ပါတယ်၊ ရေချိုးပေးလိုက်ရုံပေါ့'

'ဟာဗျာ၊ဒီလိုတော့ မလုပ်လိုက်ပါနဲ့ စောစောစီးစီး အအေး မိသေနေပါဦးမယ်'

ကျန်းယို့က ခပ်တည်တည်ဖြင့် အရွှန်းဖောက်လိုက်၏။

'ဘာပဲဖြစ်ဖြစ် မင်းရေချိုးဖို့သာ ပြင်ပေတော့'





လှေသမား လူငယ်သည် ပြောပြော ဆိုဆို ခေါင်းပေါ်မှ ခမောက်ကို ချွတ်လိုက်သည်။

ပြီးနောက် ရေထဲသို့ ခုန်ဆင်းလိုက်သည်။

တချိန်တည်းမှာပင် ရေထဲမှလူငယ်၏ လှုပ်ရှားပေးမှုကြောင့် လှေငယ်ကလေးသည် ဦးတည်ရာမဲ့ချာချာလည် နေတော့သည်။

ကျန်းယို့သည် တစုံတရာ ဇွဲခြွေမပျက် မကြောက်မရွံ့ပင်ရှိနေ သည်။

လှေသမားလူငယ်က မြောက်ပိုင်းသားဆိုပြီး ရေကြောက်မည် အထင်နှင့် ယခုကဲ့သို့ ခြိမ်းခြောက်နေခြင်းဖြစ်သည်။

ကျန်းယို့ မျက်မှောင်တချက်ကြုံ့လိုက်သည်။

'ဟေ့ ဟေ့ ကြည့်လဲလုပ်ပါ၊ လှေကလေးက ချာချာလည် နေလို့ တော်ခေသးတယ်၊ တကယ်လို့များ မှောက်သွားခဲ့ယင်တော့ အကျိုးနဲ့တာပဲ'

ကျန်းယို့က ညည်းညည်း၊ညူညူ ပြောဆိုလိုက်သည်။

မကြာလိုက်ပါ။

လှေကလေးသည် ချာချာလည်ရာမှ မှောက်သွားတော့သည်။

လှေကလေးသည် တဘက်သို့ တိမ်းစောင်းသွားစဉ် မှာပင် ကျန်းယို့၏ကိုယ်ခန္ဓာသည် အထက်လေထုထဲသို့ ရောက်ရှိသွား တော့၏။

လှေကလေး တိမ်းမှောက်လုဆဲဆဲတွင် လှေနံရံကို ကန်အား ပြုပြီး ကိုယ်ဖော့၍ အထက်သို့ခုန်လိုက်ခြင်းဖြစ်သည်။

လှေကလေးတိမ်းမှောက်သွားစဉ် ကျန်းယို့၏ကိုယ်ခန္ဓာသည် ရေမစို၊ လှေထဲသို့ ရောက်သွားခဲ့သည်။

လှေကလေးသည် ရေထဲတွင် မှောက်ခုံ ဖြစ်သွားသည့်အခါတွင် ကျန်းယို့က လေထဲတွင် တပတ်ကျွမ်းထိုးလိုက်ပြီး လှေ၏ဝမ်းဗိုက်ပေါ်သို့ ပြန်လည်ကျလာသည်။

ကျန်းယို့သည် လှေ၏ဝမ်းဗိုက်ပေါ်တွင် အသာအယာပင် မတ်တတ်ရပ်လျက်ရှိသည်။

ကျန်းယို့က ရေထဲမှ လှေသမားလူငယ်ကို တချက် ငုံ့ကြည့်လိုက်ပြန်သည်။

'ခင်ဗျား တော်တော်ဆိုးတဲ့လူပဲ၊ မှောက်သွားလို့ တော်သေးတာပေါ့၊ ဟခါတည်း စုန်းစုန်းမြုပ်သွားခဲ့ယင်တော့ အကြီးအကျယ် ဒုက္ခပဲ'

ကျန်းယို့က မှောက်နေသော လှေဝမ်းပေါ်တွင် ရက်လျက်ညည်းညူပြောလိုက်ပြန်သည်။

'ဒုတ်'

'ဒုတ်'

သည်စဉ်မှာပင် ရုတ်တရက် တစုံတခုဖြင့် လှေဝမ်းကို ထိုးဖောက်လိုက်သံကို ကြားလိုက်ရသည်။

လှေဝမ်းဗိုက်တွင် အပေါက်နှစ်ပေါက်၊ ပေါက်သွားသည်ကို မြင်လိုက်ရသည်။

တချိန်တည်းမှာပင် ထိုအပေါက်နှစ်ခုမှ ရေများ တပွက်ပွက်ဖြင့် ပန်းထွက်လာတော့သည်။





မကြာလိုက်။

လှေကလေးသည် အဖြည်းဖြည်းဖြင့် ရေထဲသို့ မြုပ်ဝင်သွားတော့သည်။

သည်တခါမှ လှေကလေးပေါ်ကိစ္စတုံးသွားသည်။

မြောက်ပိုင်းနှင်းတောထဲမှလာသော ကျန်းယို့ဒုက္ခတွေ့လေပြီလော။

ဤသို့ထင်လျှင် မှား သွားချေမည်။

ကျန်းယို့သည် ရေထဲသို့ နစ်မသွားပါ။

ကံကောင်းချင်တော့ လှေကလေး၏ဦးပိုင်းမှ အံဖုံးပျဉ်ချပ်တခုသည် ရေပေါ်သို့ ပေါ်လာသည်။

ကျန်းယို့အတွက် အဆင်တပြေဖြစ်သွားသည်။

သူက လှေကလေး တဖြည်းဖြည်းမြုပ်သွားသည်နှင့် ထိုပျဉ်ချပ်ပေါ်သို့ ခြေဖျားထောက်၍ ခုန်လိုက်သည်။

တဘက်စွန်းသို့အရှိန်ဖြင့်နင်းမိသွားရာ၊ ပျဉ်ချပ်သည်ရေပေါ်တွင် ရှပ်တိုက်သည့်နှယ်၊ အဝေးသို့ ပြေးထွက်သွားသည်။

ဟန်ကျလိုက်သည့်ဖြစ်ခြင်း။

ကျန်းယို့သည် လှေနစ်မြုပ်သွားသည့်နေရာမှ အတော်ဝေးဝေးသို့ ရှပ်တိုက်ရောက်သွားသည်။

ရေလွှာပေါ်တွင်ရှောစီးသည့်နှယ် စီး၍ပင်ကောင်းလှပေသေး၏။

ကျန်းယို့ခြေတဘက်နင်းထားသည့်ပျဉ်ချပ်တဘက်စွန်း ရေထဲသို့ နစ်ဝင်မသွားမီ ခြေဖျားတဘက်က ပျဉ်ချပ်ကိုအားပြုပြီး၊

ကိုယ်ဖော့ပညာဖြင့် အသာအယာပင် ခုန်လိုက်ပြန်ရာ၊ ကျန်းယို့၏ကိုယ်ခန္ဓာသည် အထက်သို့ပေါ့ပါးစွာတက်သွားသည်။

လေထဲတွင် ကျွမ်းတပတ်ထိုးလိုက်ပြန်သည်။

ဤတွင် ရှေ့သို့လျှောထွက်သွားသော ပျဉ်ချပ်ပေါ်သို့ တဖန်ခြေချလိုက်၏။

ကျန်းယို့၏ခြေတဘက်ဖြင့် တွန်းကန်မှုကြောင့် ပျဉ်ချပ်သည် ရှောကနဲရှေ့သို့ ပြေးထွက်သွားပြန်သည်။

ဤနည်းနှင်နှင် သူသည် ပျဉ်ချပ်ကို သုံးလေးကြိမ်လျှောတိုက်စီးလိုက်ရာ၊ ကျန်းယို့၏ကိုယ်ခန္ဓာသည် ကမ်းစပ်သို့ရောက်ရှိသွားလေတော့သည်။

ကျန်းယို့က ကုန်းပေါ်သို့ အသာအယာပင် လှမ်းတက်လိုက်သည်။

'ဝုန်း'

လှေသမားလူငယ်သည် ရေထဲမှဝုန်းကနဲခေါင်းထောင်လိုက်သည်။

ပြီးနောက် စူးရဲသောမျက်လုံးအစုံဖြင့် ကမ်းပေါ်တွင် မတ်တတ်ရပ်နေသော ကျန်ယို့အား လှမ်းကြည့်နေသည်။

ကျန်းယို့ကမူ တစုံတရာဖြစ်ဟန်ဖြင့် အေးဆေးစွာ ကမ်းပေါ်တွင် မတ်တတ်ရပ်နေသည်။

သူ၏မျက်လုံးအစုံကမူ ရေထဲမှ လှေသမားလူငယ်အား စူးစိုက်ကြည့်နေသည်။





သူ၏နှုတ်ခမ်းအစုံတွင် ကျေနပ်အားရဟန်ဖြင့် ပြုံးရိပ်ကလေးများ ပြေးလွှားနေသည်။

'ဒီမှာမိတ်ဆွေ၊ စောစောစီးစီး ရေထဲမှာကြာကြာနေတာ မကောင်းဘူး၊ အအေးပတ်ပြီး သေနေဦးမယ်သတိထား'

ကမ်းပေါ်မှ ကျန်းယို့က၊ ခနဲ့တဲ့တဲ့ဖြင့် ပြောလိုက်၏။

ရေထဲမှလှေသမားလူငယ်သည်၊ အားမတန်၍မာန်လျှော့လိုက်သည်၊ သူက သက်ပြင်းတချက် မှုတ်ထုတ်လိုက်သည်။

'ဟော့၊ မင်းတော်တယ်၊ မင်းရဲ့ကိုယ်ဖော့ပညာက မခေပါလားကွ'

ရေထဲမှလှေသမားလူငယ်က ချီးကျူးစကားဆိုလိုက်သည်။

ကျန်းယို့က နှစ်ခြိုက်စွာရယ်မောလိုက်သည်။

'ဟဲ—ဟဲ—သိုင်းသမားတယောက် လုပ်နေပြီးတော့ ဒီလောက်မှမတတ်ယင်၊ သိုင်းလောကထဲမှာ မဝင်ဘူး'

ကျန်းယို့ကမခံချိမခံသာဖြစ်စေရန်၊ ခပ်ကြွားကြွားပြောလိုက်သည်။

ရေထဲမှ လှေသမားလူငယ်က အဓိပ္ပါယ်ပါပါ တချက်ပြုံးလိုက်သည်။

'အင်း၊ မင်းပြောတာမဆိုးဘူး၊ မင်းရဲ့သိုင်းပညာဟာ တကယ်ပဲတော်တယ်၊ ဒါပေမယ့်၊ မင်းဟာ ကံဆိုးတဲ့ သိုင်းသမားတယောက်ပဲ'

လှေသမားလူငယ်၏ စကားကြောင့် ကျန်းယို့က ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။

'ဟားဟား၊ကံဆိုးတယ်ဟုတ်လား၊ ဘယ်သူလဲ ခင်ဗျားလား ကျုပ်လား၊ ရှင်းစမ်းပါဦး'

ကျွန်ုပ်တို့က ရေထဲမှ လှေသမားလူငယ်အား မေးငေါ့ပြုံယင်း ပြန်လှန်မေးခွန်းထုတ်လိုက်၏။

လူငယ်၏မျက်နှာ တည်သွားသည်။

ပြီးနောက် သက်ပြင်းတချက်မှုတ်ထုတ်လိုက်ပြန်သည်။

'အေးအေး၊ မင်းကိုယ်မင်းတော့ ဘယ်သိမှာလဲ၊ ဒါပေမယ့် ကြီးမားတဲ့အန္တရာယ်ကြီးတခုနဲ့ ရင်ဆိုင်တွေ့နေရပြီ၊ အစတုန်းကတော့ မင်းကိုငါက ကူညီမလို့ပဲ၊ ခုတော့ မင်းသွားရမယ့်လမ်းက တခုပဲရှိတယ်၊မရဏလင်း မကြာခင် ဒီလောကကြီးထဲက အငြိမ်းစားယူသွားရတော့မှာပါ'

ကျွန်ုပ်တို့မျက်ခုံးအစုံသည် အလယ်တွင်စုံ၍ ရှုံ့သွားသည်။

လှေသမားလူငယ်၏စကားအဓိပ္ပာယ်ကို ကောင်းစွာ သဘောမပေါက်ဖြစ်နေသည်။

'ဘာလဲ၊ခင်ဗျားက ကျုပ်ကို ရေနှစ်သတ်တာဟာ၊ကူညီချင်တဲ့လုပ်ရပ်လား'

ကျွန်ုပ်တို့က မခံချိမခံသာဖြင့် လှမ်း မေးမြန်းလိုက်သည်။

လူငယ်က သက်ပြင်းတချက်မှုတ်ထုတ်လိုက်ပြီး ရေထဲသို့ ငုပ်လျှိုးသွားတော့သည်။

'ဟေ့ဟေ့၊ ဒီမှာမိတ်ဆွေ နေဦးလေဗျာ'

ကျွန်ုပ်တို့ကစကားမပြတ်သေး၍ ကပြာကယာလှမ်း၍တားမြစ်လိုက်သည်။





လူငယ်ရေထဲမှ ပြန်လည်ပေါ်လာသည်။

'မင်းဘာပြောချင်သေးလို့လဲ၊ ပြောလေ'

'ဪ ကျုပ်သွားတော့မယ်၊ ခင်ဗျားကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်လို့ပါ'

လူငယ်၏မျက်မှောင်ကြုံ့သွားသည်။

ကျွန်ုပ်တို့အား ထူးထူးဆန်းဆန် လူတယောက်သဖွယ် စိုက်ကြည့်နေပြန်သည်။

'မင်းက ငါ့ကို ကျေးဇူးတင်တယ် ဟုတ်လား'

ကျွန်ုပ်တို့က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ကျုပ်က ခင်ဗျားကိုတော့ တကယ်ပဲ ကျေးဇူးတင်ပါတယ်ဗျာ'

ကျွန်ုပ်တို့က တကယ်ပင်ကျေးဇူး တင်ရှိကြောင်း ပြောကြားနေသည်။

မှန်သည်။

ကျွန်ုပ်တို့သည် ရိုးသားပွင့်လင်းသောလူငယ်တယောက် ဖြစ်သည်။

သူ၏အပြုံးသည် ရိုးသားသည်၊ အပြစ်ကင်းစင်သည်။

လှေသမားလူငယ် သက်ပြင်းတချက်ချလိုက်မိသည်။

'အင်း၊ မင်းဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ လိမ္မာရေးခြားလည်းရှိတယ်၊ ဒါပေမယ့် မင်းသေရမှာကိုတော့ နှမြောစရာပဲ'

'ကျုပ်ကလဲ မသေချင်သေးပါဘူး၊ ဘာဖြစ်လို့သေခိုင်းနေရတာလဲ'

ကျန်းယို့က ရွှတ်နောက်နောက် ပြောလိုက်သည်။

လှေသမားလူငယ်သည် တစုံတခုကို အလေ'အနက် တွေးပြီး မတင်မကျချင့်ချိန်နေဟန်တူသည်။

အတန်ကြာမှ သူက ကမ်းပေါ်မှ ကျန်းယို့အား လှမ်းအော် ပြောလိုက်သည်။

'မင်း မသေချင်သေ ဘူးဆိုယင် 'ဟုန်လင်'ဘုန်းကြီးကျောင်း ကိုသွား၊ သက်သတ်လွတ်ကိုယ်တော်နဲ့တွေ့နိုင်ယင် အသက်ရှင်စရာ လမ်းရှိသေးတယ်'

ကျန်းယို့က မဲ့ပြုံးတချက်ပြုံးလိုက်၏။

'ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ၊ကျုပ်က ကျန်းကျန်းမာ မာပဲဥစ္စာ၊ ဘာ့ကြောင့်သေမယ်ချည်းပြောနေရတာလဲ'

ရေထဲမှလူငယ်က စိတ်မကောင်းဟန်ဖြင့် ခေါင်းတချက် ညိတ် လိုက်သည်။

'မင်းဟာ တကယ်ပဲ သနားစရာကောင်းတဲ့ လူငယ်တယောက် ပါပဲ၊ မင်းဘာတွေလုပ်ခဲ့မိဘယ်ဆိုတာ မေ့သွားပြီလား'

ကျန်းယို့သည် မျက်မှောင်ကြုတ်လျက်ပြန်လည် စဉ်းစားလိုက် သည်။

ပြီးနောက် သူ၏ခေါင်းကို သွက်သွက်ခါပြလိုက်သည်။

'ကျုပ်အနေနဲ့ ဘာအမှားအယွင်းမှ မလုပ်ခဲ့မိပါလား'

'မင်း တကယ်ကြောက်စရာကောင်းတဲ့လူတွေနဲ့မှ ထိပ်တိုက် တွေ့ပြီး တိုက်ခိုက်ခဲ့တာကိုး'





သည်တော့မှ ကျန်းယို့သတိရမိတော့သည်။

ဟုတ်သည်။

လူငယ်ပြောနေသည်မှာ လူရမ်းကားလေးယောက်ကို ရည် ညွှန်း ပြောဆိုနေခြင်းဖြစ်ဟန်တူသည်။

'ခင်ဗျားပြောတာက ဟိုမိန်းမချောကလေးကို စော်ကားမော် ကားလုပ်တဲ့ လူကြီးလေးယောက်ကို ပြောတာလား'

ကျန်းယို့က ဆက်၍မေးခွန်းထုတ်လိုက်ပြန်သည်။

ထိုအခါ လူငယ်သည် စိတ်မရှည်နိုင်တော့ ရေထဲသို့ ပြန်ငုပ် သွားပြန်သည်။

'ဟေ့၊ဟေ့၊ မိတ်ဆွေကြီး'ဟုတ်လင်' ဘုန်းကြီးကျောင်း ဘယ်မှာရှိတယ်ဆိုတာကိုလဲ ပြောခဲ့ဦးလေဗျာ'

ကျန်းယို့က အရေးတကြီးလှမ်း၍ မေးလိုက်သည်။

သို့သော် ထိုလူငယ်သည် ပြန်လည် ပေါ်လာခြင်း မရှိတော့ မည်သည့်အရပ်သို့ ငုပ်လျှိုးသွားလေပြီမသိ။

ထိုအချိန်တွင် လှေကလေးမှာလည်း ရေထဲသို့ စုန်စုန်း မြုပ် သွားပြီဖြစ်၏။

ကျန်းယို့သည် ထိုလှေသမားလူငယ်ကို နားမလည်နိုင်အောင် ရှိနေသည်။

သို့သော် အနှီလူငယ်သည် ပျောက်သွားခဲ့လေပြီ။

ကျန်းယို့ ရင်မောစွာဖြင့် သက်ပြင်းတချက်ချလိုက်သည်။

ပြီးနောက် အနောက်ရေအိုင်ကို ကျောခိုင်းပြီး ကုန်းပိုင်းသို့ လှမ်းတက်လိုက်သည်။

ထိုစဉ်။

ပန်းရုံကြားမှ ဝိုင်းစက်စူးရှသောမျက်လုံးအစုံက ကျွန်းယို့အား မမှိတ်မသုန် စူးစိုက်ကြည့်နေသည်။

မှန်သည်။

မျက်လုံး ဝိုင်းဝိုင်းစက်စက်ပိုင်ရှင် မိန်းကလေးတယောက်ပင်။

ကျွန်းယို့နှင့် စားသောက်ဆိုင်တွင် စားပွဲချင်း ကပ်လျက် အရက်သောက်ခဲ့သော ယောကျ်ား အသွင်နှင့် မိန်းမလှကလေး ပင်ဖြစ်သည်။

သည်တကြိမ်တွင် သူမ၏ခါးတွင် လှပသော ဓားတလက်ကို ချိတ်ဆွဲထားသည်။

ကျွန်းယို့၏မျက်လုံးအစုံသည်၊ သူမ၏ခါးတွင် ချိတ်ဆွဲထား သော ဓားဆီသို့ ရောက်ရှိသွားသည်။

ဟိုက်....။

ခက်ချေပြီ။

သည်တော့မှပင် ကျောက်စိမ်းဓားပျောက်ဆုံးနေသည်ကို သ တိရမိတော့သည်။

ဟုတ်သည်။

ပုလဲကျေးရွာ သိုင်းဆရာကြီးထံတွင် ပေးအပ်ရန်၊ ဘိုးဘွား ပိုင် ကျောက်စိမ်းဓားဖြစ်သည်။

တန်ခြေးမဖြတ်နိုင်အောင်လည်း တန်ဖိုးကြီးသည် မဟုတ်ပါ လော။





ညမွှေးပန်း။

မိန်းမလည်း ညမွှေးပန်း။

သည်ကောင်မ အသာတိတ်တိတ်ယူထားလိုက်ခြင်းဖြစ်သည်။

ကျွန်းယို့၏စိတ်ထဲတွင် ထင့်ကနဲဖြစ်သွားမိသည်။

ညမွှေးပန်းထံ ပြန်သွားရ ကောင်းလေမည်လား။

ယခုအချိန်တွင် ညမွှေးပန်း ယင်းအဆောက်အဦထဲတွင်သာ ရှိနိုင်ပါဦးမည်လော။

ကျွန်းယို့ ဝေခွဲမရဖြစ်နေမိသည်။

ထိုစဉ်။ မျက်လုံးဝိုင်းစက်စက်နှင့် ယောကျ်ားဟန်ဆောင်ထား သော မိန်းကလေးက၊ ကျွန်းယို့အား တစိမ့်စိမ့်ကြည့်ယင်း ရှေ့ သို့တိုးလာသည်။

သူမက လူမတွေ့မီကပင် တခစ်ခစ်ရယ်မောနေသည်။

'ဟင်းဟင်း၊ရှင်ကဟုန်လင်ဘုန်းကြီးကျောင်းဘယ်မှာရှိတယ်ဆို တာကိုတောင် မသိသေးဘူးလား၊ ဒါနဲ့များ သူ့ကိုယ်သူလူတတ် ကြီးလုပ်ပြီး သိုင်းလောကထဲကို တယောက်တည်း ထွက်လာခဲ့ရ သေးတယ်'

ကျွန်းယို့က မဲ့ပြုံးတချက်ပြုံးလိုက်သည်။

'ကဲ၊ ဒါဖြင့် မင်းကော သိသလား၊ ဟုန်လင် ဘုန်းကြီး ကျောင်း ဘယ်မှာရှိသလဲ'

ကျွန်းယို့က သိလိုဇောဖြင့် မေးမြန်းလိုက်သည်။

မိန်းကလေးက၊ တောင်တောင်အီအီကို တချက်ဂရုပြုကြည့် လိုက်သည်။

ပြီးမှ ပြုံးယောင်ပြုံးတုံ့ဖြင့် ကျွန်းယို့ထံ တချက်ငေ့ကြည့်
လိုက်သည်။

'ဒီမှာ၊ ခင်ဗျားက ဘယ်သူနဲ့ စကားပြောနေတာလဲဟင်'
သူမက ကျွန်းယို့အား စေခွဲမရဟန်ဖြင့် မေးမြန်းလိုက်၏။
ကျွန်းယို့က အဓိပ္ပာယ်ပါပါနှင့် ပြုံးလိုက်သည်။

'ဒီနေရာမှာ မင်းတယောက်ပဲရှိတယ်မဟုတ်လား မင်းနဲ့စကား
ပြောတာမဟုတ်ယင် ဘယ်သူနဲ့ပြောရဦးမှာလဲ'

မိန်းမချောကလေး၏မျက်နှာပြန်တည်သွားသည်။

'ခင်ဗျားပဲပြောခဲ့တယ် မဟုတ်လား၊ ယောကျ်ား ကလေးနဲ့
မိန်းကလေးဟာ ဆက်ဆံလို့မသင့်လျော်ဘူးထင်တယ်'

မိန်းကလေးသည် အတော်ပင် အမှတ်သည်းခြေ ထားတတ်
ပေသည်။

မနေ့က စားသောက်ဆိုင်တွင် ပြောခဲ့သော ကျွန်းယို့၏စကား
ကို ပြန်လည်ချေပနေခြင်းသာဖြစ်သည်။

ကျွန်းယို့က ပခုံးနှစ်ဘက်ကို တွန့်လိုက်ယင်း နှစ်လိုဖွယ်ပြုံး
လိုက်သည်။

မိန်းကလေးတွေနှင့် စကားနိုင်မပြောလို။

ပြောလေ့ပြောထမရှိ။

ဘယ်သောအခါမဆို ကျွန်းယို့သည် စကားနိုင် ပြောလေ့
ပြောထမရှိ၊ အရှုံးပေးလိုက်သည်ကများသည်။





'ကောင်းပါပြီလေ၊ မဆက်ဆံချင်နေပါ၊ ဟုန်လင်ဘုန်းကြီး
ကျောင်း ဘယ်မှာရှိတယ်ဆိုတာကိုသိယင်လဲ ညွှန်ပြပါလို့တောင်း
ပန်ပါရစေ'

ကျွန်းယို့က လေသံနှိမ့်၍ တောင်းပန်လိုက်သည်။

မိန်းကလေးက မျက်လုံးပြူးကလေးနှင့် ကျွန်းယို့အား အခဲ
မကျေဟန်ဖြင့် ကြည့်နေသည်။

'အိုရှင်၊ ရှုပ်ရှုပ်ရှက်ရှက် ကျွန်မတို့အဖေက ယောကျ်ား
ကလေးတွေနဲ့ ဆက်ဆံတာ မကြိုက်ဘူးရှင့်၊ ဒီတော့ ရှင့်တို့လဲ
ကျွန်မကပြောမပြနိုင်ဘူး'

မိန်းကလေးက ခပ်တည်တည်ဖြင့် ခါးခါးသီးသီး ငြင်းပယ်
လိုက်သည်။

ကျွန်းယို့ ရယ်ချင်သွားသည်၊ သူမရှက်သွားမည် စိုးသဖြင့်
အောင့်အည်းထားလိုက်ရသည်။

ကျွန်းယို့က မျက်နှာချိုသွေးလိုက်၏။

ဒီမှာညီမ၊ ကျုပ်နာမည်က ကျွန်းယို့လို့ခေါ်ပါတယ်'

ကျွန်းယို့က သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

မိန်းကလေးက နှုတ်ခမ်းဖူးကလေးကို ရှေ့သို့ပစ်၍ စူပြ
လိုက်၏။

'အိုရှင်၊ ရှင်နဲ့အသိဖွဲ့လို့ ဘာအကြောင်းထူးမှာလဲ၊ ရှင်က
မိန်းကလေးတွေနဲ့ အသိအကျွမ်းမလုပ်ချင်ဘူးမဟုတ်လား၊ ကျွန်
မက ခေါ်တာတောင် ရှင်ကလာမသောက်ဘူး'

သူမက မကျေမနပ်ပြောနေသည်။

ခက်ပြီ။

မိန်းမစိတ်ဟာ အင်မတန်ဆန်းကြယ်ပါကလား။

အမြင်လဲတိုသည်။

ကျန်းယို့ စိတ်ပျက်သွားတော့၏။

ဟုန်လင်တရုတ်ဘုန်းကြီးကျောင်း မေးမိသည်ကို၊ မိန်းကလေးက ဟန်ကြီးပန်ကြီးလုပ်နေခဲ့သည်။

လောကတွင် ပါးစပ်ပါလျှင် မည်သည့်နေရာမဆို ရောက်နိုင်ပေသည်။

မိန်းကလေးနှင့် စကားဆက်ပြောနေလျှင်၊ ကြာသော်အမှား ပါသွားနိုင်သည်။

ထို့ကြောင့် ကျန်းယို့က မိန်းကလေးနှင့်လူချင်းခွဲရန်ဆုံးဖြတ်လိုက်သည်။

'ကဲပါလေ၊ ညီမကမပြောပြယင်လဲ ရှိပါစေတော့၊ အတင်းအကျပ်မတောင်းဆိုတော့ပါဘူး၊ ကျုပ်ကိုခွင့်ပြုပါဦးနော်'

ကျန်းယို့က ဖြတ်ကနဲတဘက်သို့လှည့်ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။

'နေဦး ရှင့်ကိုသွားခွင့်မပြုနိုင်သေးဘူး'

ကျန်းယို့၏လှမ်းလက်စခြေလှမ်းသည် တုံ့ကနဲ ရပ်တန့်သွားသည်။

သူက နားမလည်နိုင်သောမျက်လုံးအစုံဖြင့် မိန်းကလေး၏ မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။





'ဘာပြောချင်သေးလို့လဲ'

ကျန်းယို့က အလိုအလျောက် လွတ်ကနဲ မေးမြန်းလိုက်သည်။

'ရှင့်ကိုမေးစရာတွေရှိသေးတယ်၊ ဒီလိုထွက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ'

မိန်းကလေးက အသံစာစာဖြင့် တုံ့ပြန်ပြောကြားလိုက်သည်။

ကျန်းယို့၏ မျက်ခုံးအစုံသည် အလယ်တွင်စု၍ ရှုံ့သွားသည်။

'ဘာများမေးချင်လို့လဲ၊ မေးစရာရှိယင် မြန်မြန်မေးပါ'

မိန်းကလေးက ဣန္ဒြေမပျက် အေးအေးဆေးဆေးပင် ပြုံးနေလိုက်သည်။

လှောင်ပြောင်သရော်သည့်အပြုံးတရပ်။

'နေစမ်းပါဦး ရှင့်ကို အရက်အတူသောက်ရအောင် ကျွန်မက ဖိတ်ခေါ်ခဲ့တယ်၊ ရှင်က ကြီးကြီးကျယ်ကျယ် ခွက်တဆယ်လုပ်နေခဲ့တယ်၊ ဟိုလှေပေါ်ကကောင်မနဲ့ကျတော့ စားပွဲ တလုံးထဲမှာ နှစ်ယောက်ထိုင်ပြီး အရက်သောက်ခဲ့တယ်မဟုတ်လား၊ ပြီးတော့ တညလုံး အခုမှပြန်လာတာ၊ အဲဒီလှေပေါ်က ဟာမက မိန်းမ တယောက်မဟုတ်လို့လား'

မိန်းကလေးသည် အလွန်ပင် ခံပြင်းနေပုံရသည်။

တကယ်တော့ ယမန်နေ့က သူမက ကျန်းယို့အား အဖော်ပြု အရက်သောက်ရန် ဖိတ်ခေါ်ခဲ့သည်။

ကျန်းယို့က မိန်းကလေးတယောက်နှင့် အရက် မသောက်လိုကြောင်း ငြင်းပယ်ခဲ့သည်။

ဤသည်မိန်းကလေးက အထူးမကျေမနပ်ဖြစ်နေသည်။

ထို အဖြစ်ကို သဘောပေါက်သော ကျွန်းယို့က နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်၏။

ထို့နောက် မည်သို့မျှလည်း ရှင်းလင်းချက်မပေး၊ ငြင်းချက်လည်းမထုတ်၊ ရေငုံနှုတ်ပိတ်လျက်၊ ဆိတ်ငြိမ်စွာနေလိုက်သည်။

ကျွန်းယို့၏ မတုန်မလှုပ်ဟန်အမူအရာကြောင့်၊ မိန်းကလေးသည်၊ အားမလိုအားမရဖြင့် ကျွန်းယို့၏မျက်နှာကို စေ့စေ့ကြည့်နေသည်။

'ဘယ်လိုလဲရှင်၊ ရှင်က စကားပြန်တောင် မရတော့ပါလား၊ ကိုယ့်အမှားကိုယ်သိယင်လဲ ဝန်ချရတယ်ရှင့်'

မိန်းကလေးက ပိုင်စိုးပိုင်နင်း ပြောနေပြန်သည်။

ကျွန်းယို့ မည်သို့တုံ့ပြန်ပြောဆိုရမည်မသိနိုင်တော့။

သူက ပြုံးစစဖြင့် သူမ၏မျက်နှာကလေးကိုသာ စူးစိုက်ကြည့်နေမိတော့သည်။

မိန်းကလေးက နေယင်းထိုင်ယင်း တခစ်ခစ်ရယ်မောလိုက်ပြန်သည်။

အပြောင်းအလဲမြန်လွန်းသည့် မိန်းကလေးပါတကား'

နားလည်ရခက်ခဲသည့် မိန်းကလေးတယောက်။

သူမက ဟက်ဟက်ပက်ပက် ရယ်မောနေပြန်သည်။

'ရှင်က မဆိုးပါဘူး၊ ကိုယ့်အမှားကိုယ်သိတဲ့ လူတယောက်ဆိုတော့၊ ကျွန်မလိုက်ပြပါ့မယ်'





သူမက တဘက်သို့ လှည့်လိုက်သည်။

ကျွန်းယို့က ကြောင်အမ်းအမ်းဖြစ်သွားသည်။

'နေပါဦး၊ ညီမက ကျူပ်ကို ဟုန်လင် တရုတ်ဘုန်းကြီးကျောင်း လိုက်ပြမလို့လား'

ကျွန်းယို့က မယုံကြည်ဟန်ဖြင့် မေးမြန်းလိုက်သည်။

မိန်းကလေးက ဟက်ဟက်ပက်ပက်ရယ်မောလိုက်၏။

'ရှင့်ကို ကျွန်မက ရောင်းမစားဘူး၊ ဟုန်လင်တရုတ်ဘုန်းကြီးကျောင်းကို လိုက်ပို့မလို့ပါရှင့်'

သူမက၊မျက်စောင်းတချက်ချိတ်၍ အရွဲ့တိုက်ပြောကြားလိုက်သည်။

ပြီးနောက် သူမ၏ခြေလှမ်းများက စတင်လှုပ်ရှားလေတော့သည်။

သူမကရှေ့ဆုံးမှ ဦးဆောင်သွားသည်။

ကျွန်းယို့ကသူမနောက်မှ တကောက်ကောက်လိုက်ပါခဲ့သည်။

ခက်သည်။

ကျွန်းယို့ သက်ပြင်းတချက်ချလိုက်မိသည်။

မိန်းကလေးတွေနှင့် မပတ်သက်လိုပါမှ၊ မိန်းကလေးတွေနဲ့ချည်း ကြုံဆုံနေရသည်။

အခုလည်းကြည့်။

မမျှော်လင့်ပဲ မိန်းကလေးက ရောက်လာသည်။

သူသွားလိုသည့် ဟုန်လင်ဘုန်းကြီးကျောင်းကို ဦးဆောင်လမ်းပြလျက်ရှိသည်။

မည်သို့ဖြစ်စေ၊ စေတနာနှင့်လိုက်ပါပို့ဆောင် ပေးသူကလေး ဖြစ်၍ ကျေးဇူးတင်မိသည်။

ယခု တွေ့ကြုံ ဆက်ဆံနေရသောမိန်းကလေးသည်၊ လှေကြီး ပေါ်မှ ညမွှေးပန်းထက်တော့ အစစသာသည်။

ရုပ်ရည်ကလည်း ချောသည်၊ ချစ်စရာကောင်းသည်။

စိတ်နေသဘောထား ကောင်းပုံလည်းရသည်။

အနှီလှပသော မိန်းကလေးသည်၊ ကမ်းစပ်ရှိ ချုံနွယ်ပိတ် ပေါင်းများကို လက်ဖြင့်ဖယ်ယမ်းပြီး ရှေ့သို့ တွင်တွင် သွားနေ သည်။

ကျန်းယို့က သူမ၏နောက်ပါးမှ လိုက်သွားခဲ့သည်။

ကျစ်လျစ်တောင့်တင်း၍ အချိုးအဆစ်ကျနသောသူမ၏ ကိုယ် ခန္ဓာသည်၊ ယိမ်းကာနွဲ့ကာဖြင့် ချုံထဲတွင်ကွေ့ကာ ဝှေ့ကာသွား နေသည်။

ကျန်းယို့ရင်မောရလေတော့သည်။

မှန်သည်။

မိန်းကလေး၏မျက်နှာသည် လှပါသည်ဟု ဆိုရုံဖြင့် မပြည့်စုံ နိုင်။

ချောသည်၊ လှသည်၊ ချစ်စရာကောင်းသည်၊ စွဲလမ်းဖွယ်ရုပ် သွင်ရှိသည်။

ပြီးတော့ သူမ၏ကိုယ်ခန္ဓာအချိုးအဆစ်သည် အံ့ဩလောက် အောင်ပင် ကျနပြေပြစ်သည်။





ပြောင်မြောက်သော ပန်းပုဆရာ တဦး၏ လက်ရာမြောက်သည့် နတ်မိမယ်ရုပ်နှယ်အချိုးအဆစ် ပြေပြစ်လှသည်။

ကျန်းယို့ သက်ပြင်းအခါခါပင်ချမိတော့၏။

သည်စဉ်မိန်းကလေးက နောက်သို့သမင်လည်ပြန်လှည့်၍ပြော လိုက်သည်။

'ကျွန်မနာမည် ဝေဝေဘုန်းလို့ခေါ်တယ်၊ ရှင်မှတ်ထားဦး ပေါ့'

သူမက ခုမှပင် သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

'ဝေဝေဘုန်း'

ကျန်းယို့က လွှတ်ကနဲ အာမေဍိတ်သံပြုလိုက်သည်။

လှလိုက်တဲ့ နာမည်ကလေး။

နာမည်လှသလို၊ လူကလည်းလှသည်။

ကျန်းယို့၏စိတ်အစဉ်သည် အလိုလိုကြည်နူးမိသွားသည်။

* * *

## အခန်း (၅)

ဟုန်လင်တရှတ်ဘုန်းကြီးကျောင်း။

သာယာသော အနောက်ဘက်ရေအိုင်အနီးရှိ တောအုပ်တခု အတွင်း၌ တည်ဆောက်ထားခြင်းဖြစ်သည်။

အဆောက်အအုံမှာ ကြီးကျယ်ခန့်ညားသည်။

ဗုဒ္ဓဘာသာဝင်များ လာရောက်တရားဘာဝနာပွားများ အား ထုတ်ရာ ကျောင်းကြီးတကျောင်းဖြစ်သည်။

ချိန်ခါမလပ် လူများစည်ကားလျက်ရှိသည်။

သို့သော် ခက်သည်။ သက်သတ်လွတ်ကိုယ်တော်ဟူ၍ ဘုန်းကြီး ကျောင်းတွင်မရှိ။

ခက်ချေပြီ။

'ဒီမှာရှင့်၊ သက်သတ်လွတ်ကိုယ်တော်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား ရှင်နားကြားလွဲနေလို့များလား'

ဝေဝေဘုန်းက ဇဝေဇဝါဖြင့် ပြန်လည် မေးမြန်းလိုက်သည်။

'ဘာကြောင့်များလဲညီမ'

ကျန်းယို့က နားမလည်ဟန်ဖြင့် ပြန်လည် မေးခွန်းထုတ်လိုက်သည်။

'သက်သတ်လွတ်ကိုယ်တော်ဆိုတာ မကြားဖူးလို့ပါ'

ကျန်းယို့ တွေသွားသည်။

'အဲဒီလူက အသေချာအပြောလိုက်တာပဲ၊ ဘုန်းကြီးကျောင်းမှာ သက်သတ်လွတ်ကိုယ်တော်ရှိမှာပေါ့ညီမရဲ့'

'ဒါဖြင့် အဲဒီလူကိုကော ရှင်သိလို့လား'

ကျန်းယို့က ခေါင်းခါလိုက်သည်။

'ဟင့်အင်း မသိဘူး'

ဝေဝေဘုန်းက ဟက်ဟက်ပက်ပက်ရယ်မောလိုက်လည်။

'ဟင်၊ အံ့ပါရဲ့ရှင်၊ သူပြောတိုင်း လျှောက်လုပ်နေလို့ဖြစ်ပါမလားရှင့်'

မှန်သည်။

ဝေဝေဘုန်း၏ ပြောစကားသည် သွေးထွက်အောင်ပင် မှန်လေစွ။

ထိုသူ၏စကားသည် ယုံကြည်စရာမရှိ။





မည်သို့ဖြစ်စေ၊ စေတနာကောင်းနဲ့ပြောခြင်းလည်း ဖြစ်နိုင်သည်။

သည်တခါသက်ပြင်းချရသူက ဝေဝေဘုန်းဖြစ်၏။

ဝေဝေဘုန်းသည် အမှန်ပင် စိတ်ပျက်သွားမိသည်။

'ရှင်၊ တော်တော်ခက်ပါလား၊ သူများပြောတိုင်း ယုံကြည်နေလို့ဖြစ်မလား၊ တယောက်ယောက်က အကောက်ကြံယင် ရှင်ခံရလိမ့်မယ်'

ကျန်းယို့က လေးလေးနက်နက် စဉ်းစားနေသည်။

'ဒီလူ့ကို ကျုပ်ကယုံကြည်လို့ သူပြောတဲ့အတိုင်းလျှောက်လုပ်နေတာတော့ မဟုတ်ဘူး သက်သတ်လွတ်ကိုယ်တော်နဲ့ တွေ့ခိုင်းတာဟာ အကြောင်းတခုခုတော့ ရှိလိမ့်မယ်လို့ ကျုပ်ထင်တယ်၊ ဒါကြောင့် အကြောင်းသိရအောင် ကျုပ်လာခဲ့တာ'

ကျန်းယို့က သူ၏စိတ်ကူးစိတ်သန်းကို ရှင်းပြလိုက်၏။

ဝေဝေဘုန်း မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်ယင်း စဉ်းစားနေပြန်သည်၊

ပြီးမှ သူမက ခေါင်းတချက်ဆတ်လိုက်သည်။

'ဟုတ်တယ်၊ ရှင်တွေးတာလဲမဆိုးဘူး'

ဝေဝေဘုန်းက တဖြည်းဖြည်းဖြင့် သဘောပေါက်၍ ထောက်ခံလိုက်သည်။

'ဟုတ်တယ်ညီမ၊ သူကကျုပ်ကို အကြံနဲ့ ဒီကိုလွှတ်လိုက်တယ်ဆိုတာ ဒီအနီးအနားမှာပဲ သူ့အကြံ ဘယ်လိုဆိုတာ သိနိုင်မှာပါ'

ဝေဝေဘုန်း ခေါင်းညိတ်လိုက်သည်။

ကျန်းယို့က ဝေဝေဘုန်း၏မျက်နှာကို စေ့စေ့ ကြည့်လိုက်သည်။

'ဟင်း ဟင်း၊ ညီမကကော သူတို့လူတွေထဲက တယောက် မဖြစ်နိုင်ဘူးလား'

ကျန်းယို့က ရယ်ရွှန်းပတ်ရွှန်းဖြင့် ပြောလိုက်သည်။

ဝေဝေဘုန်းက ပခုံးနှစ်ဖက်ကို ဆတ်ကနဲ တွန့်ပြလိုက်သည်။

'ဖြစ်နိုင်တယ်၊ သိပ်ဖြစ်နိုင်တာပေါ့၊ ကျွန်မက ရှင်တို့ကိုအဆိပ်ကျွေးပြီ ကိုသတ်မှာ၊ ရှင် ကျွန်မနောက် ဆက်ပြီး လိုက်ရဲပါဦးမလား'

'ဘယ်ကိုလိုက်ရမှာလဲ'

ဝေဝေဘုန်းက တနေရာသို့ လက်ညှိုးထိုးပြလိုက်သည်။

'ထမင်းဆိုင်တဆိုင်ကိုပေါ့'

သူမသည် ရုတ်ခြည်းပင် တအံ့တသြဖြစ်သွားသည်။

သူမညွှန်ပြသည့်ဘက်တွင် တကယ်ပင် ထမင်းဆိုင်ရှိနေသောကြောင့်ပင်ဖြစ်သည်။

ထမင်းဆိုင်မှ ဆိုင်းဘုတ်ပေါ်တွင် ရေးသားထားသောစာလုံးမည်းကြီးများကြောင့် ပို၍ပင် တအံ့တသြဖြစ်သွားမိသည်။

အကြောင်းသော်မူ 'သက်သတ်လွတ်ထမင်းဆိုင်' ဟူ၍ ရေးသားထားသောကြောင့်ပင်ဖြစ်ပါသည်။

သက်သတ်လွတ်ထမင်းဆိုင်သည် အတန်ငယ် ကျယ်ဝန်းလှသည်။ စားသောက်သူများနှင့် စည်စည်ကားကားရှိနေသည်။





သက်သတ်လွတ်စားသောက်လိုသူများဖြင့် ပြည့်ကျပ်နေတော့သည်။

ကျန်းယို့နှင့် ဝေဝေဘုန်းတို့ နှစ်ယောက်သား ထမင်းဆိုင်တွင်းသို့ ဝင်ရောက်သွားခဲ့ကြသည်။

စားပွဲလွတ်တလုံးတွင် နှစ်ယောက်သား ဝင်ထိုင်လိုက်ကြသည်။

စားသောက်ဆိုင်တွင် လူကျနေချိန်ဖြစ်၍ စားပွဲထိုးများလက်မလည်အောင် ရှိနေသည်။

အတန်ကြာထိုင်နေမိသည့်တိုင် စားပွဲထိုးတယောက်တလေမျှ ရောက်မလာ။

သက်သတ်လွတ်စားသောက်သူများ အလွန်ပင်များပြားလှပေသည်။

ကျန်းယို့က စိတ်မရှည်နိုင်တော့။

ကျန်းယို့၏ခေါင်း ပတ်ချာလည်ယမ်း၍ စားပွဲထိုးကို လိုက်လံရှာဖွေကြည့်နေမိသည်။

သို့သော် စားပွဲထိုးများ အလုပ်ရှုပ်နေကြဟန် မတူ၊ တစုံတယောက်ကိုမျှ မတွေ့ရပဲ ဖြစ်နေသည်။

ဟော....။

တွေ့ရလေပြီ။

စားပွဲထိုးတယောက်တော့မဟုတ်။

လှပသော အမျိုးသမီးတယောက်ဖြစ်သည်။

သူမသည် တောက်ပြောင်စူးလက်သော မျက်လုံး အစုံဖြင့် ကျန်းယို့ကို စိုက်ကြည့်နေသည်။

ကျွန်ုပ်တို့နှင့် မျက်လုံးချင်းဆုံမိသောအခါ သူမက ပြုံးပြ
လိုက်သည်။

လှပသောအပြုံး။

နှစ်လိုဖွယ်ဖွယ်အပြုံးရိပ်တခုဖြစ်၏။

သူမ၏မျက်နှာသည် အထူးပင်လှပနေသည်။

သို့သော် မပြုမပြင် ယဉ်ယဉ်ကလေးနှင့် ချစ်စရာကောင်းသော
လှပခြင်းမျိုးကားမဟုတ်။

အလှပြင်ပစ္စည်းများ ခြယ်သထားသော မျက်နှာ ပြုပြင်ထား
သော အလှမျက်နှာလာဖြစ်သည်။

သို့တစေ သူမသည် အရွယ်နှင့်မလိုက်အောင်ပင် နုငယ်လှသည်၊

ကိုယ်ခန္ဓာအချိုးအဆစ် ကျနလှသည်ဟု မဆိုသာသော်လည်
သေးကျဉ်းသောခါး၊ ဖွံ့ဖြိုးကားသောတင်နှင့် ရင်အစုံသည် သူမ
အလှကို ပို၍ထင်ပေါ်စေတော့သည်။

အသက်အရွယ်အားဖြင့်မူ သုံးဆယ်ဝန်းကျင်တွင် ရှိလိမ့်မည်ဟု
ခန့်မှန်းရပေသည်။

ကျွန်ုပ်တို့သည် ထိုအမျိုးသမီးကို သေချာစွာ စူးစိုက်ကြည့်နေ
မိသည်။

မြင်ဖူးသလိုလိုတော့ အရှိသား။

ဘယ်နေရာ၊ ဘယ်ဌာနတွင် တွေ့ဖူးကြုံဖူးခဲ့သည်ကိုမူ မေ
ဇဝေ ဖြစ်နေသည်။

အမျိုးသမီးက ကျွန်ုပ်တို့အား စူးစူးစိုက်စိုက်ကြည့်နေသည်
ဝေဝေဘုန်း သတိပြုမိလိုက်သည်။





အမျိုးသမီး၏အကြည့်သည် ထူးခြားနေသည်ဟု ဝေဝေဘုန်း
ထင်မိသည်။

သူမ၏မျက်နှာသည် ရုတ်ခြည်းပင် တင်းမာသွားတော့သည်။

ဝေဝေဘုန်းက ကျွန်ုပ်တို့ဘက်သို့လှည့်ပြီး လေသံ တိုးတိုးဖြင့်
လှစ်ကနဲမေးမြန်းလိုက်သည်။

'ဒီအမျိုးသမီးက ဘယ်သူလဲ'

'မသိဘူး'

ကျွန်ုပ်တို့က ရှင်းရှင်းပင်ဖြေလိုက်သည်။

'မသိပဲနဲ့ သူကဘာကြောင့်ပြုံးပြနေရတာလဲ'

ကျွန်ုပ်တို့က ဟက်ကနဲရယ်မောလိုက်သည်။

'ဒါတော့ ကျုပ်လဲမသိဘူး၊ အနှောင့်အယှက် ပေးတာထက်
စာယင် ပြုံးပြတာက တော်သေးတာပေါ့'

ဝေဝေဘုန်းက ခေါင်းခါလိုက်သည်။

'ရှင်ကထင်နေတာကိုး၊ အဲဒီအမျိုးသမီးက ရှင့်ကို အန္တရာယ်
မပေးဘူးလို့ ပြောနိုင်မလား'

ကျွန်ုပ်တို့ ငိုင်သွားသည်။

ထိုစဉ် ပြုံးပြနေသောအမျိုးသမီးက ကျွန်ုပ်တို့ထံသို့လျှောက်
လာသည်။

ကျွန်ုပ်တို့နှင့်ဝေဝေဘုန်းတို့နှစ်ယောက်စလုံး အံ့ဩသွားသည်။

'ရှင်တို့က ဒီအရပ်ဒေသကတော့ မဟုတ်ဘူးနဲ့ တူပါတယ်
နော်'

အမျိုးသမီးက ကောက်ကာငင်ကာ မေးမြန်းလိုက်၏။

ကျွန်းယို့က ရုတ်တရက်ကြောင်အမ်းအမ်း ဖြစ်နေစဉ်မှာပင် ဝေဝေဘုန်းက မျက်လွှာပင့်၍ကြည့်လိုက်သည်။

'ရှင်က ဘာကိစ္စနဲ့လာမေးရတာလဲ၊ ဒီအရပ်က မဟုတ်မှန်း ဘယ်လိုကြောင့်သိရတာလဲ'

ဝေဝေဘုန်းက မဆိုင်းမတွပင် ပြန်မေးလိုက်သည်။

အမျိုးသမီးက အခြောက်တိုက်တချက်ရယ်မောလိုက်၏။

'ဘာရယ်လို့မဟုတ်ပါဘူးရှင်၊ ရှင်တို့ကိုတခါမှ မမြင်ဖူးခဲ့လို့ပါ'

'ရှင်ကဘယ်သူလဲ'

'ကျွန် မက ဆိုင်ရှင်ပါ'

'ဪ....လက်စသတ်တော့ ရှင်က ထမင်းဆိုင်ပိုင်ရှင် ဖြစ်နေတာကိုး'

ဝေဝေဘုန်းက အံ့သြဟန်ဖြင့် ပြောမိပြောရာ ပြောလိုက်မိသည်။

ဆိုင်ရှင်ဆိုသောအမျိုးသမီးက ပြုံးလိုက်ပြန်သည်။

'ရှင်တို့က ဆိုင်ကိုလာတာ ထမင်းစားဖို့သက်သက်ပဲလား'

ဆိုင်ရှင်အမျိုးသမီး၏မေးမြန်းချက်သည် ခပ်ဆန်းဆန်းဖြစ်နေသည်။

ဝေဝေဘုန်း မျက်ခုံးနှစ်ဖက် တွန့်တက်သွားသည်။

ကျွန်းယို့ကမူ ဆိုင်ရှင်၏အပြုံးကို တုံ့ပြန် ပြုံးပြလိုက်သည်။

'ထမင်းစားရုံ သက်သက်တော့မဟုတ်ပါဘူး၊ ကျွန်တော်က သက်သတ်လွှတ်ကိုယ်တော်နဲ့ တွေ့ချင်လို့လာတာပါ'





ဆိုင်ရှင်အမျိုးသမီး၏မျက်လုံး ရုတ်တရက်ပြူးကျယ် ဝိုင်းစက်သွားသည်။

'ဪ....ဟုတ်လား၊ ရှင်က သက်သတ်လွှတ် ကိုယ်တော်ကို သိလို့လား'

ကျွန်းယို့က ခေါင်းကို သွက်သွက်ခါယမ်းပြလိုက်သည်။

'ကျွန်တော်နဲ့ အသိအကျွမ်းမဟုတ်ပါဘူး'

ဆိုင်ရှင်အမျိုးသမီး၏မျက်လုံးအစုံ ပို၍ ပြူးကျယ်သွားပြန်သည်။

'ကျွန်မက သက်သတ်လွှတ် တရုတ်ဘုန်းကြီးနဲ့ အမျိုး တော်တယ်၊ ရှင်ကသူ့ကိုမသိဘူးဆိုတော့ ဘယ်လိုပုဂ္ဂိုလ်က ရှင့်လို လမ်းညွှန်စေလွှတ်လိုက်လို့လဲ'

ကျွန်းယို့ အဖြေရခက်ဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်၏။

ပြီးမှ သူကစဉ်းစဉ်းစားစားဖြင့်ဖြေသည်။

'ဟို....အနောက်ဘက်ရေအိုင်က လှေသမား လူငယ်တယောက်ကပြောလိုက်လို့ပါ'

ဆိုင်ရှင်အမျိုးသမီးက မျက်မှောင်ကြုတ်ပြီးစဉ်းစားလိုက်သည်။

ပြီးမှ ခေါင်းတချက်ဆတ်လိုက်သည်။

'ဟုတ်ပြီ၊ သူ သူဟာ 'ဝှာချောင်ဆိုတဲ့'လူပဲဖြစ်ရမယ်၊ဒါထက် သူက ရှင့်ကို ဘာကိစ္စနဲ့ လွှတ်လိုက်ရတာလဲ'

ကျွန်းယို့ အဖြေရခက်သွားပြန်သည်။

သူက သက်ပြင်းတချက်ချလိုက်သည်။

'ကျွန်တော်က လူဆိုးလေးယောက်ကို ရေထဲ တွန်းချလိုက်တယ်'

ဆိုင်ရှင်အမျိုးသမီး မျက်လုံးပြူးသွားတော့၏။

'ဟင်....ဖြစ်မှဖြစ်ရလေ၊ ရှင်က သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးနဲ့မှ ထိပ်တိုက် သွားတိုးမိတာကိုး'

သည်တခါ မျက်လုံးပြူးရသူက ကျွန်းယို့'

ကျွန်းယို့သည် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးဆို၍ စိုးရိမ်သွားမိသည်။

အထူးသဖြင့် တရုတ်ရသေ့နှင့် တရုတ်ဘုန်းကြီးတွေနှင့်အချင်းမများလိုပါ။

သူ၏ဖခင်ကလည်း ရသေ့နှင့် ဘုန်းတော်ကြီးများနှင့် ခိုက်ရန်မဖြစ်ပွားရန် အတန်တန်ပင်မှာကြားခဲ့သည်မဟုတ်ပါလား။

ထို့ကြောင့် ယခုကိစ္စသည် တရုတ်ဘုန်းတော်ကြီးနှင့်ပတ်သက်နေသည်ဆိုသည့်အတွက် စိုးရိမ်မကင်းဖြစ်မိသွားသည်။

'သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီး ဟုတ်လား၊ သူကရှောင်လင်ကျောင်းက ကိုယ်တော်လား'

အမျိုးသမီးကခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ အစတုန်းကတော့ ရှောင်လင်ဘုန်းကြီးကျောင်းကပဲ၊ ဒါပေမယ့် ရှောင်လင်ဘုန်းကြီးကျောင်းကို ပုန်ကန်ပြီးထွက်လာခဲ့တယ်။ နောက်ပိုင်းတော့ လူထွက်ပြီး ဒီနယ်မြေကို ရောက်လာတာပဲရှင့်။ အခုတော့ ဒီနယ်မြေတဝိုက်မှာတော့ သူ့ကိုအံတုရဲသူမရှိတဲ့ ပြိုင်ဘက်ကင်းသိုင်းသမားတယောက်ပေါ့ရှင်'





အမျိုးသမီးက ဇာတ်ကြောင်းလှန်၍ စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြနေသည်။

အမျိုးသမီးက ကျွန်းယို့၏မျက်နှာကို တချက်ကြည့်၍ အကဲခတ်ပြီး ဆက်လက်မေးခွန်းထုတ်လိုက်ပြန်သည်။

'ရှင်က ဘာကိစ္စကြောင့် သူနဲ့ရန်စဖြစ်ခဲ့ရတာလဲ'

ကျွန်းယို့ ခပ်တွေတွေလုပ်ပြီး စဉ်းစားနေသည်။

တချိန်လုံးစကားမပြောပဲ ငြိမ်သက်နေသော ဝေဝေဘုန်းက ဟက်ကနဲရယ်မောလိုက်သည်။

'သူလား....မိန်းကလေးတယောက်ကို လူစွမ်းကောင်းကြီးလုပ်ပြီး ဝင်ကယ်ခဲ့တယ်လေ၊ အခုတော့ ဟိုက သူ့ကိုရန်ငြိုးဖွဲ့သွားတာပေါ့ရှင်'

ဝေဝေဘုန်း၏စကားကြောင့် ဆိုင်ရှင်အမျိုးသမီးက ကျွန်းယို့၏မျက်နှာကိုလှမ်း၍ အကဲခတ်ကြည့်လိုက်၏။

'ဟုတ်လား၊ ရှင်က ဘယ်မိန်းကလေးကို ကယ်တင်လိုက်လို့လဲရှင်....'

ဆိုင်ရှင်အမျိုးသမီးက ဟန်ပါပါဖြင့် မေးမြန်းလိုက်၏။

ကျွန်းယို့၏မျက်နှာသည် နီရဲသွားသည်။

မတတ်နိုင်။

ရှက်ရှက်နှင့်ပင် ဆိုင်ရှင်အမျိုးသမီး၏ အမေးကို ဖြေကြားလိုက်ရသည်။

'ဟိုဗျာ၊ ညမွှေးပန်းဆိုတဲ့ မိန်းကလေးပါ'

ဆိုင်ရှင်အမျိုးသမီးက ခေါင်းကိုသွက်သွက်ခါလိုက်သည်။

ပြီးနောက် သက်ပြင်းတချက်ချလိုက်၏။

'ဖြစ်မှဖြစ်ရလေရှင်၊ ညမွှေးပန်းဆိုတာ တကိုယ်တော် မိန်းမ ဒမြရှင့်၊ ရှင်မကြားဖူးဘူးလား၊ ထားပါတော့လေ၊ အခုရှင်က ဘာလုပ်ချင်လို့လဲ'

ကျန်းယို့ အတန်ကြာတွေပြီး စဉ်းစားလိုက်၏။

'ကျွန်တော့်အနေနဲ့ စိတ်အနှောင့်အယှက် မဖြစ်ချင်ဘူး... တကယ်တော့ ကျွန်တော်က ခရီးဆက်ရအုံးမှာပါ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ လုပ်မှားကိုင်မှား ရှိခဲ့တယ်လို့ မဆိုသာပေမယ့် အချင်းများခဲ့တဲ့ကိစ္စကို ပြေပြေလည်လည်ရှင်းသွားချင်လို့ပါ'

ဆိုင်ရှင်အမျိုးသမီးက ခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်နေသည်။

'ကဲပါလေ၊ သက်သတ်လွတ် တရုတ်ဘုန်းကြီးအခန်းထဲမှာ ရှိတယ်။ ရှင်ဝင်တွေ့လိုက်လေ'

အမျိုးသမီးက အတွင်းဘက်သို့ လက်ညှိုးထိုးပြယင်း ပြောလိုက်၏။

ကျန်းယို့သည် တစုံတရာပြောမနေတော့ပဲ ထိုင်ရာမှ ဆတ်ကနဲထ၍ မတ်တတ်ရပ်လိုက်သည်။

'ကျေးဇူးအများကြီး တင်ပါတယ်ဗျာ၊ ကျွန်တော် ခဏဝင်တွေ့လိုက်ပါဦးမယ်'

ကျန်းယို့က ဆိုင်ရှင်အမျိုးသမီးအား ကျေးဇူးတင်စကားပြောလိုက်သည်။





ဝေဝေဘုန်းက ရှုတည်တည်ဖြင့် ကျန်းယို့အား မျက်လုံးဝင့်၍ကြည့်လိုက်သည်။

'ဘယ်လိုလဲ၊ ရှင်က တကယ်ပဲဝင်တွေ့မလို့လား'

ဝေဝေဘုန်းက မယုံကြည်ဟန်ဖြင့် မေးမြန်းလိုက်၏။

ကျန်းယို့က ဝေဝေဘုန်း၏မျက်နှာကို အကဲခတ်ကြည့်လိုက်ပြန်သည်။

'ဘာဖြစ်လို့လဲ၊ သက်သတ်လွတ်တရုတ်ဘုန်းကြီး တွေ့ဖို့လာခဲ့တာပဲ....ဝင်တွေ့ရမှာပေါ့'

'အင်းပေါ့လေ၊ ရှင့်ဘာသာ တွေ့ချင်လဲ ဝင်တွေ့ပေါ့'

ဝေဝေဘုန်းက မဲ့ကာရွဲ့ကာ ခပ်ငေါ့ငေါ့ ပြောလိုက်သည်။

ကျန်းယို့ ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ဘာလဲ၊ ညီမကော မလိုက်တော့ဘူးလား'

'ကျွန်မ ရောင်းစားခံရတဲ့အထဲ အဆစ်မပါလိုပါဘူးရှင်။သွားလိုက်ပါဦးမယ်'

ဝေဝေဘုန်းက ခါးခါးသီးသီးငြင်းပယ်ယင်း ထိုင်ရာမှတချီးတည်း ထ၍လစ်ထွက်သွားလေတော့သည်။

ကျန်းယို့က သူမ ထွက်သွားသည်ကို မျက်စိတဆုံးကြည့်ယင်း ကျန်ရစ်ခဲ့သည်။

ထို့နောက် ကျန်းယို့သည် ဆိုင်ရှင်အမျိုးသမီး ညွှန်ပြရာ နောက်ဘက်အခန်းဆီသို့ လျှောက်သွားလေသည်။

ထမင်းဆိုင်၏ နောက်ဘက်အခန်းထဲတွင် အရက်အိုးများဖြင့် ပြည့်ကျပ်လျက်ရှိ၏။

အခန်း၏အလယ်ဗဟိုတွင် လူလေးယောက်သည် ဝိုင်းဖွဲ့ထိုင်ကာ ဖဲကစားနေသည်ကို တွေ့ရှိရသည်။

ဖဲဒိုင်ခံသူသည် လက်တဖက်ပြတ်နေသည်။

သို့သော် ဖဲထုပ်ကိုကိုင်တွယ်ရာတွင် လက်တဖက်နှင့် ဖဲဒိုင်သည် လက်နှစ်ဖက်ရှိသူထက်ပင် လျင်မြန်သေးသည်။

ဖဲဒိုင်ခံစားသောက်နေကျ လူတယောက်ပင် ဖြစ်ရပေမည်။

ဖဲထုပ်ကိုင်တွယ်ရာတွင် ကျွမ်းကျင်နိုင်နင်းလှသည်။

ဖဲဒိုင်ခံသူက လက်ပြတ်နှင့်လူ။

သူ၏နံဘေးတွင် အရပ်ပုပုပြတ်ပြတ်လူတယောက်၊ အနည်းငယ်ပိန်လှ သည်။ ထိုသူ၏ ဘေးချင်းတိုက် ထိုင်နေသူက အဘိုးအို တယောက်။

သူ၏မျက်နှာသည် စက္ကူဖြူတချပ်နှယ်။ သွေးမရှိသလို ဖြူဖပ်ဖြူလျော် ဖြစ်နေသည်။

အဘိုးအိုသည် ပဝါဖြူတထည်ဖြင့် သူ၏ပါးစပ်ကို ပိတ်၍ ချောင်းဆိုးလျက်ရှိသည်။

အဘိုးအိုနှင့်ကပ်လျက်ထိုင်နေသူမှာ ကြံ့ခိုင်သန်မာသော ဗလကောင်းကောင်း လူတယောက်။

လူပုံပန်းကိုကြည့်လျှင် အထက်တန်းကျကျ ဝတ်စားထားသည်ကိုတွေ့ရှိရသည်။

ကစားဝိုင်းအတွင်းရှိ လောင်းကြေးငွေကြေးများမှာ စက္ကူကတ်ပြား ဝိုင်းဝိုင်းများကိုသာ လောင်းကြေး ငွေကြေးအဖြစ် အသုံးပြုကစားနေခြင်းဖြစ်သည်။





ထိုလူလေးယောက်သည် မိမိလက်ထဲမှ ဖဲချပ်များကိုသာ စိတ်ဝင်စားလျက် အာရုံပြုနေကြသည်။

အခန်းတွင်းသို့ ကျန်းယို့ ဝင်ရောက်လာသည်ကိုပင် တယောက်မှ သတိထားမိကြဟန်မတူပေ။

ထိုစဉ်....

အဘိုးအိုက၊ သူ၏ရှေ့မှ လောင်းကြေးငွေ ကတ်ပြားဝိုင်းကလေးများကို ရုတ်တရက်ရေတွက် ကြည့်လိုက်ပြီး၊ သက်ပြင်းရှည်တချက်ချလိုက်သည်။

ပြီးနောက်အားပါးတရ တဟားဟား ရယ်မောလိုက်ပြန်သည်။

'ဟော့၊ ဒီကနေ့တော့၊ ငါ့အနေနဲ့ ဘာအရှုံးအနိုင်မှ မရှိဘူး'

ဗလကောင်းကောင်းလူကြီးက မျက်မှောင်တချက် ကြုတ်လိုက်၏။

'အိုင်း၊ ဝိုင်းမှမပြီးသေးတာ၊ အရှုံးအနိုင်တွက်လို့ ရမလားဗျ....'

အဘိုးအိုက ညောင်းညာဟန်ဖြင့် ထိုင်ရာမှ ရုတ်တရက်ထ၍ မတ်တတ်ရပ်လိုက်သည်။

'ကိုင်းကျုပ်ကို ခွင့်ပြုကြဦး၊ ကျုပ်အနေနဲ့ နိုင်လဲမနိုင်ဘူး၊ ရှုံ့လဲမရှုံးဘူး၊ ကျုပ်မှာက အရေးတကြီး လုပ်စရာတော့ရှိနေသေးလို့၊ ခင်ဗျားတို့သုံးယောက် ဆက်ပြီးကစားကြပါဗျာ'

အဘိုးအိုကတ၀က်တပျက်နှင့် ၀ိုင်းထဲမှထွက်ခွင့်တောင် လိုက်
သည်။

ဗလကောင်းကောင်းနှင့် လူ၏မျက်နှာသည် ကွက်ကနဲပျက်
သွားသည်။

'ကျုပ်တို့ သုံးယောက်တည်းနဲ့ ဘယ်လိုလုပ် ကစား ရမှာလဲ၊
ခဏနေဦးဗျ'

ဗလကောင်းကောင်းနှင့်လူ ကန့်ကွက်လိုက်၏။

သို့သော် အဘိုးအိုက အရေးမစိုက် အလေးမထား။

၀ မုံတရာပြန်၍ပင် မပြောတော့ပဲ၊ အခန်းတွင်းမှ ထွက်သွား
တော့သည်။

ဗလကောင်းကောင်းနှင့် လူကြီးကအံကိုတင်းတင်း ကြိတ်ယင်း
ကြိမ်းဝါးလိုက်၏။

'ဒီအဘိုးကြီး တော်တော်ဆိုးတယ်၊ အနိုင်နဲ့ ပိုင်သွားတာ၊
အလှည့်ဆိုတာ တနေ့နေ့ကြုံလိမ့်ဦးမပေါ့၊ ကဲပါဗျာကျုပ်တို့
သုံးယောက်ပဲဆက်ပြီးကစားကြတာပေါ့'

မျက်နှာဖြူဖပ်ဖြူရော်နှင့် လူကြီးရှေ့တွင် လောင်းကြေးကတ်
ပြားဝိုင်း အတော်များများရှိနေသည်။

သူက လောင်းကြေးငွေကတ်ပြားများကို ရေတွက် ကြည့်နေ
သည်။

'ကျုပ်တို့သုံးယောက်တည်းဆိုယင်တော့ ဘယ်လိုလုပ် ကစား
မှာလဲ။ ၀ိုင်းသိမ်းလိုက်ကြစို့။ နောက်နေ့မှပဲ စိတ်မကျေပွဲကစား
ကြယင် မကောင်းဘူးလား'





မျက်နှာဖြူရော်ရော်နှင့်လူကြီးက ဖဲဝိုင်းသိမ်းရန် အကြံပြု
လိုက်သည်။

ဗလကောင်းကောင်းနှင့်လူကြီးက စိတ်ပျက်သွားသည်။

'ဒီလိုမလုပ်ပါနဲ့လေ၊ ကျုပ်က ကတ်ပြား ဆယ့်လေးငါးခု
တောင် ရှုံးနေတာ။ ၀ိုင်းသိမ်းလို့ ဘယ်ဖြစ်ပါ့မလဲ'

ဗလကောင်းကောင်းနှင့်လူကြီးကရှုံ့ကာ မဲ့ကာ ကန့်ကွက်
လိုက်၏။

ဖဲဝိုင်းနံဘေးတွင် တိတ်တိတ်ဆိတ်ဆိတ်ငြိမ်သက်စွာ ရပ်ကြည့်
နေသော ကျန်းယို့က ရယ်ချင်လာသည်။

သူတို့နံဘေးတွင် ကျန်းယို့ရောက်ရှိနေသည်ကို မည်သူမျှမရိပ်မိ
ကြ။

ဖဲဝိုင်းဒိုင် လက်တဖက်ပြတ်နေသူကလည်း ဖဲ့စိုင်းကိုဆက်လက်
ကစားလိုဟန်ရှိသည်။

သူက ရုတ်တရက် စိတ်ပျက်ဟန်ဖြင့် သက်ပြင်းတချက်ချပြီး
ခါးဆန့်ယင်း အညောင်းအညာဖြေလိုက်သည်။

ထိုအခါ သူ၏မျက်လုံးအစုံသည် အနီးတွင်ရပ်ကြည့်နေသော
ကျန်းယို့အား တွေ့မြင်သွားတော့၏။

လက်တဖက်ပြတ်လူကြီး ၀မ်းသာသွားသည်။

'ဟာ....အတော်ပဲဗျို့၊ လာပါမိတ်ဆွေ၊ တအိမ်လိုနေတာနဲ့
အတော်ပဲ။ ၀င်ကစားပါလားဗျာ'

လက်တဖက်ပြတ် ဖဲ့ဝိုင်းဒိုင်လုပ်သူက ကျန်းယို့အား လှိုက်လှဲ
စွာဖိတ်ခေါ်လိုက်သည်။

ကျန်းယို့က ခေါင်းခါပြလိုက်သည်။

'ကျုပ်လာတာ ဖဲကစားဖို့မဟုတ်ပါဘူးဗျာ'

ကျန်းယို့က ပြာပြာသလဲ ငြင်းပယ်လိုက်သည်။

သို့သော် ဖဲကစားလိုသေးသော ဗလကောင်းကောင်းနှင့် လူကြီးက ကျန်းယို့အားဖိတ်ခေါ်လိုက်ပြန်သည်။

'ဟုတ်သားပဲ၊ မိတ်ဆွေလာပါဗျာ။ မိတ်ဖြစ်ဆွေဖြစ် ဝင်ကစားကြည့်ပါလား။ ဖဲဝိုင်းပြီးတာနဲ့ ကျုပ်တို့ ထမင်းစားကြတာပေါ့။ ကျုပ်က ဒကာခံပါ့မယ်ဗျာ'

ဗလကြီးက တိုက်တိုက်တွန်းတွန်း ပြောကြားနေပြန်သည်။

ကျန်းယို့က အတန်ငယ်စဉ်းစားနေသည်။

သူသည် ဖဲကစားရန်သင့်မသင့် အလေးအနက် ချိန်ဆစဉ်းစားနေခြင်း ဖြစ်သည်။

လောလောဆယ် ဖွဲ့ဝိုင်းတွင်းမှာ လောင်းကြေးသည် များပြားလှသည်မဟုတ်။

တကယ်လို့ ရှုံးသည်ပဲထားဦး၊ ရှစ်ဆယ်တရာ လောက်ကတော့ ပြောပလောက်သည် မဟုတ်ပေ။

သူတို့နှင့်ရောနှောပြီး ဖဲကစားလျှင် အနည်းဆုံးမိတ်ဆွေတော့ဖြစ်နိုင်ကည်။

မိမိသည် သူတို့ထံသို့ အကူအညီလို၍ လာရောက်ခဲ့ခြင်း ဖြစ်သည်၊

သူတို့နှင့် ဖဲကစားမိပြီး ခင်မင်သွားသော် မိမိကိစ္စအတွက်များစွာပင် အထောက်အကူဖြစ်ပေမည်။





ကျန်းယို့သည် မိမိအလုပ်ကိစ္စအဆင်ပြေရေးကိုရှေ့ရှုပြီး ဝင်ရောက်ကစားရန် ဆုံးဖြတ်လိုက်သည်။

'ကောင်းပြီလေ၊ ကျွန်တော်က ဖဲကစားရအောင် လာတာမဟုတ်ပေမယ့် မိတ်ဆွေတို့အဆင်ပြေအောင် ကျွန်တော်ဝင်ကစားပေးပါ့မယ်။ ဒါပေမယ့်.... ကျွန်တော်သိပ်ပြီးတော့ မကျွမ်းကျင်ဘူးနော်'

ဗလကြီးနှင့်လူက ဝမ်းသာသွားသည်။

'အေးဗျာ၊ ခင်ဗျားကမှ သဘောကောင်းသေးတယ်'

လက်တဖက်နှင့်လူက ကျန်းယို့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

'မိတ်ဆွေက ဒီနယ်ကတော့ မဟုတ်ဘူးနဲ့တူတယ်'

လက်တဖက်နှင့်လူက ကျန်းယို့၏ အင်္ကျီရင်ဘတ်ကိုကြည့်ပြီး မေးမြန်းလိုက်သည်။

ကျန်းယို့က မဆိုင်းမတွပင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်တော်ကမြောက်ပိုင်းသား'

'နာမည်ကကော ဘယ်လိုခေါ်ပါသလဲ'

'ကျွန်တော့်နာမည် ကျန် ယို့....'

ကျန်းယို့က စိတ်ရှည်လက်ရှည်ပင် မေးသမျှကို ဖြေနေသည်။

လက်တဖက်ပြတ်လူ၏ မျက်လုံးအစုံသည် ဝင်းလက်တောက်ပြောင်သွားတော့၏။

'ကဲ....ဒီလိုဆိုယင် မိတ်ဆွေက ဒိုင်လုပ်ဗျာ၊ ကျုပ်တို့က ထိုးသားပေါ့'

'ရပါတယ်၊ စိတ်ချမ်းသာသလိုသာလုပ်ပါ'

ပြောပြောဆိုနှင့် ကျန်းယို့က လစ်လပ်သောနေရာတွင် ဝင်၍ ထိုင်လိုက်သည်။

လက်တဖက်ပြတ်နှင့်လူက စက္ကူ တိုကင် ပြားဝိုင်း ကလေးငါးဆယ်တိတိ ကျန်းယို့၏ ရှေ့သို့ ချပေးလိုက်သည်။

'တို့က ပောဒီတိုကင်ပြားကလေးတွေနဲ့ပဲ ကစားတယ်၊ ဝိုင်းပြီးတော့မှ ငွေရှင်းကြတယ်ဗျ၊ ခင်ဗျားမှာ ငွေကြေးချပါယင်လဲ နောက်မှရှင်းပေးနိုင်ပါတယ်'

ကျန်းယို့က ဟန်ပါပါပြုံးလိုက်၏။

'ရပါတယ်၊ ကျွန်တော့်ဆီမှာ ဒီလောက်ငွေတော့ အလှယ်တကူရှိပါတယ်'

မျက်နှာ ဖြူဖပ်ဖြူရော်နှင့်လူက ကျန်းယို့အား အကဲခတ်ကြည့်လိုက်သည်။

'မိတ်ဆွေက လောင်းကြေး ဘယ်လောက်ကစားမှာလဲ'

ကျန်းယို့က သူ၏ရှေ့မှ ကတ်ထူတိုကင်ပြားဝိုင်း ကလေးများကို စစ်ဆေးရေတွက်ကြည့်နေသည်။

ပြီးမှ ကျန်းယို့က ခေါင်းတချက်ဆတ်လိုက်သည်။

'လောလောဆယ်တော့ ဒီလောက်ပဲ ကစားကြတာပေါ့၊ ဒီတိုကင်ပြားကုန်သွားတော့မှ ထပ်ပြီးပြောကြတာပေါ့။

ဗလကောင်းကောင်းနှင့်လူကြီး၏ မျက်လုံး အစုံသည် တောက်ပြောင်သွားသည်။

သူက ကျန်းယို့ကိုတချက်ကြည့်ပြီး ရယ်မောလိုက်၏။





'ဟဲ့....ဟဲ ခင်ဗျားကိုတော့ သဘောကျသွားပြီ၊ ဒီတော့ ခင်ဗျားကို ကျုပ်ရဲ့ရင်းနှီးတဲ့မိတ်ဆွေအဖြစ် အသိအမှတ် ပြုပါတယ်ဗျာ၊ ကျုပ်နာမည်က 'ဝှမ်းဟွ'ီးထားပါ နောက်ကိုလဲ ကျွန်တော့်ကို မိတ်ဆွေတယောက်လို သဘောထားပြီး ဆက်ဆံနိုင်ပါတယ်။

ကျန်းယို့က ခေါင်းတချက်ညိတ်လိုက်၏။

'ဟုတ်ကဲ့ အခုလိုမိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်'

မျက်နှာ ဖြူဖပ်ဖြူရော်နှင့်လူက တချက်ပြုံးလိုက်ပြန်သည်။

'ကျုပ်နာမည်ကတော့ လျူကောင်းလို့ ခေါ်ပါတယ်၊ ကျုပ်ကိုလဲ မိတ်ဆွေအဖြစ် အသိအမှတ်ပြုစေလိုပါတယ်'

ကျန်းယို့က ပြုံးပြုံးရွှင်ရွှင်ဖြင့် ခေါင်းတညိတ်ညိတ်လုပ်နေသည်။

လက်တဖက်ပြတ်နှင့်လူကလည်း ခေါင်းတချက်ညိတ်လိုက်ပြီး သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

'ကျုပ်နာမည်ကတော့ ကြားဖူးပါလိမ့်မယ်၊ သက်သတ်လွတ်တရုတ်ဘုန်းကြီးလို့အများက ခေါ်ကြပါတယ်'

ကျန်းယို့က ယဉ်ကျေးစွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ကဲ့၊ ခုလိုသိရတာဝမ်းသာပါတယ်၊ ကျွန်တော့်ကိုလဲ မိတ်ဆွေရင်းချာလို သဘောထားကြပါလို့ ပြောကြားလိုပါတယ်'

ကျန်းယို့ကလည်း အလိုက်အထိုက် ပြန်လည် မိတ်ဆက်စကား ဆိုလိုက်သည်။

'ကဲ၊ ဝိုင်းစကြရအောင်'

ဝှမ်ဟွ ီးက စတင်နှိုးဆော်လိုက်သည်။

ဤသို့ဖြင့် ကျန်းယို့က ဖဲဒိုင်ဖြစ်သွားပြီး၊ ဝှမ်းဟွ ီး၊ လျူကောင်းနှင့် သက်သတ်လွတ်ရှုတ်ဘုန်းကြီးတို့က ထိုးသားများ ဖြစ်သည်။

ဖဲဝိုင်း စတင်ကြလေပြီ။

သက်သတ်လွတ် တရုတ်ဘုန်းကြီး ဝှမ်းဟွ ီး၊လျူကောင်းတို့ သုံးယောက်က ဖဲ့သမားများပီပီ ဖဲကိုသာ အာရုံစိုက်နေကြသည်။

ကျန်းယို့မှ ကိစ္စတခုဖြင့် ရောက်လာသူလူတယောက်ဖြစ်သဖြင့် ဖဲတွင် အထူးတလည် စိတ်ပါလှုပုံမပေါ်။

မိတ်ဆွေဖြစ်သာ ဝင်ရောက် ကစားနေခြင်း ဖြစ်သည်၊ ထို့ကြောင့်ကျန်းယို့က ဣန္ဒြေရရပင်ကစားနေသည်။

ပထမတချီ။

ထိုပွဲတွင် ကျန်းယို့ အားလုံးကိုရှုံးသွားသည်။

ဒုတိယအကြိမ် ရောက်ပြန်သည်။

ကျန်းယို့ပင် အရှုံးနှင့်ရင်ဆိုင်ရသည်။

နှစ်လက်ကစားလိုက်ရုံရှိသေးသည် ကျန်းယို့ရှေ့မှ ကတ်ပြားတိုကင်ဝိုင်းကလေး အချပ်သုံးဆယ်ခန့် ဆုံးရှုံးသွားခဲ့သည်။

ကျန်းယို့က တွက်ချက်ကြည့်သည်။

တိုကင်ပြားဝိုင်းကလေးတခုကို ငွေသုံးဆယ် တန်လျှင် အခု သုံးဆယ်ဆိုပါက ငွေသုံးရာပင်ရှိပေမည်။

ထို့ကြောင့် ကျန်ယို့က အပြုံးပင်မပျက် ပကတိ ရှင်ပျစွာဖြင့် ကစားနေသည်။





သို့တစေ။

လျူကောင်းနှင့် ဝှမ်းဟွ ီးတို့နှစ်ယောက်က ကျန်းယို့ကို အကဲခတ်ကြည့်နေကြသည်။

ကျန်းယို့သည် အပြုံးမပျက်ပင်ရှိနေသည့်အတွက် အံ့သြနေကြသည်။

တနည်းဆိုသော် ကျန်းယို့အား အထင်ကြီးနေမိကြသည်။

ဝှမ်းဟွ ီးမှာမူ သူရှုံးထားသော ငွေကိုပြန်နိုင်ထားပြီးဖြစ်သည့်အတွက် စိတ်ရှင်လာသည်။

ကျန်းယို့အပေါ်တွင်လည်း ခင်မင်လာသည်။

'မိတ်ဆွေ၊ခင်ဗျားဖဲ့က သေတယ်၊ သိပ်ပြီးလောင်းကြေးမများနဲ့လေ၊လျှော့ထိုးမှပေါ့'

ကျန်းယို့က အပြုံးမပျက် ခပ်အေးအေးပင် ရှိနေသည်။

'ကိစ္စမရှိပါဘူးဗျာ၊ ဒါလောက်ငွေလေးကိုတော့ ကျုပ်က မဖြုံပါဘူး'

ကျန်းယို့က ပြောပြောဆိုဆိုဖြင့် သူ့ရှေ့တွင် ကျန်နေသော ကတ်ပြားဝိုင်းဆယ်ချပ်ကို အလယ်သို့ တွန်းပို့လိုက်သည်။

'ကဲ၊ အဲဒီငွေကိုဖြတ်ကြရအောင်'

ကျန်းယို့က သူ၏ငွေမြန်မြန်ကုန်ရန်ကိုသာ စိတ်စောနေသည်။

သူ့ရှေ့မှ တိုကင်ပြားအားလုံးကုန်လျှင် ဝိုင်းသိမ်းမည်။

သည်တော့မှ မိမိလာရင်းကိစ္စကို စကားပြောနိုင်မည် မဟုတ်ပါလော။

ကျန်းယို့က ဤသို့ပင် ရိုးရိုးသားသား စိတ်ကူးထားသည်။

ဤမျှငွေကြေးဆုံးရှုံးသွားခြင်းကိုလည်း သူမမှု။

ပြီးတော့ သိုင်းမြောင်းပြန် တရုတ်ဘုန်းကြီးကိုလည်းကြောက်ရွံ့မှုဘော့မဟုတ်ပါ၊ ခရီးဆက်ရန်ရှိ၍သာ အရှုပ်အရှင်းကို ရှင်းလင်းသွားလိုခြင်းဖြစ်သည်။

ထို့ကြောင့် အရှုပ်အရှင်းပြဿနာ ရှင်းလင်းရေး အတွက် သက်သတ်လွတ် တရုတ်ဘုန်းကြီးထံမှ အကူအညီရလျှင် ကျန်းယို့ ကျေနပ်ပေပြီ။

ငွေကြေးဆုံးရှုံးခြင်းကိုမူ သူက တစုံတရာ နှမြော တွန့်ဆုတ်ခြင်း မဖြစ်မိပေ။

ခက်သည်။

ရှုံးချင်ရှုံးပါစေ၊ ဝိုင်းအမြန် ပြီးစေချင်ပါသည် ဆိုကာမှ အမျှင်မပြတ်တော့။

သည်တကြိမ်တွင် ကျန်းယို့က အနိုင်ရလိုက်သည်။

တိုကင်ကတ်ပြားဆယ်ခုမှ အခုနှစ်ဆယ်ဖြစ်လာသည်။

ကျန်းယို့က စိတ်ပျက်သွားမိသည်။

ရှုံးချင်ပါသည်ဆိုကာမှ အနိုင်ရလိုက်သည်။

ကျန်းယို့သည် မြန်မြန်ကုန်၊ မြန်မြန်ပြီးဟူသည့်သဘောဖြင့် တိုကင်ပြားနှစ်ဆယ်ကို ဝိုင်းလယ်သို့တွန်းပို့လိုက်ပြန်သည်။

ခက်တော့ဖြင့်နေချေပြီ။

ကျန်းယို့ပင် အနိုင်ရလိုက်ပြန်သည်။

တိုကင်ပြားနှစ်ဆယ်က နှစ်ဆတိုးပြီး လေးဆယ်ဖြစ်လာသည်။





တိုကင်ပြားလေးဆယ်ဖြစ်လာလို့ ကျန်းယို စိတ်ပျက်သွားမိသည်။

ဝိုင်းပြီးစေချင်သည်ဆိုကာမှ ပို၍ပင်ရှည်လာသည်။

'ဒါလောက်နိုင်ချင်လှတာ ဒီတခါတော့ ပြတ်ကရောဟာ'

ကျန်းယို့က စိတ်ထဲမှ ကြိတ်ပြီးကြိမ်းဝါးယင်း ကတ်ပြား ဝိုင်းလေးဆယ်ကို ဝိုင်းအလယ်သို့တွန်းလိုက်ပြန်သည်။

ကျန်းယို့က ဣန္ဒြေပျက် ခပ်ပြုံးပြုံးပင် ရှိနေလင့်ကစား ဗုဒ္ဓဘုရင်သက်သတ်လွတ်တ်ရုတဘုန်းကြီးပင်ဟန်မဆောင်နိုင်ပဲမျက်စိမျက်နှာပျက်နေသည်။

သူ၏နဖူးတွင် ဇောချွေးများပင် ပြန်နေလေသည်။

လျှုကောင်းနှင့် ဝှမ်းဟွမ်းတို့နှစ်ယောက်ကမူ အကြီးအကျယ် အံ့သြတုန်လှုပ်နေမိသည်။

'မိတ်ဆွေကြီး လောလှချည်လား ဖြည်းဖြည်းပေါ့'

ဝှမ်းဟွမ်းက မနေနိုင်တော့သည့်အဆုံး ကျန်းယို့အား သတိပေးလိုက်သည်။

'ကိစ္စမရှိပါဘူး ဗျာ'

ကျန်းယို့မှာ ထုံးစံအတိုင်းပင် အေးဆေးတည်ငြိမ်လှသည်။

'ခင်ဗျားကိုချီးကျူးပါတယ်၊ ခင်ဗျားက ကျုပ်တို့ထက် သတ္တိရှိတယ်'

ဝှမ်းဟွမ်းက လက်မကိုထောင်ပြ၍ ချီးကျူးလိုက်သည်။

ကျန်းယို့က ရယ်ချင်လာသည်။

မည်သို့ဖြစ်စေ၊ ထိုးသားသုံးယောက် ဤခြေပျက်နေချိန်တွင် ကျန်းယို့သည် အေးအေးဆေးဆေးပင်ရှိနေသည်။

ကျန်းယို့က ဆက်လက်၍ ဖဲကိုဝေလိုက်သည်။

သူ၏ရှေ့တွင် တိုကင်ပြား ရှစ်ဆယ်မျှ ဖြစ်လာသည်။

ကျန်းယို့သည် နှစ်ကြိမ်တိုင်တိုင်အနိုင်ရလိုက်ပြန်သဖြင့် တိုကင်ပြားဝိုင်း(၃၂၀)အထိ တိုးပွားလာတော့သည်။

ဝမ်းဟွီးအနေဖြင့် အရင်းပြန်ရနေသည့်ပြင် အနည်းငယ်ပင် အနိုင်ပြနေသည့်အတွက် တည်တည်ငြိမ်ငြိမ်ပင်။

လျူကောင်းမှာလည်း အရှုံးမပေါ် သေးသည့် အတွက် မထော်းသာလှ။

သူတို့အထဲတွင် အရှုံးကြီးရှုံးနေသူမှာသက်သတ်လွတ်တရုတ်ဘုန်းကြီးပင် ဖြစ်သည်။

သူ တကိုယ်လုံး ဇောချွေးများပင် ပြန်နေသည်။

သက်သတ်လွတ် တရုတ်ဘုန်းကြီး၏ ဖဲကိုင်လက်ကလေးများသည်ပင် တုန်ယင်နေသည်။

သူ၏စိတ်သည် အလွန်ပင်လှုပ်ရှားလျက်ရှိ၏။

ကျန်းယို့သည် သူ၏ရှေ့တွင်ရှိသော တိုကင်ပြားဝိုင်း ၃၂၀ ကို အလယ်သို့ တွန်းပို့လိုက်ပြန်သည်။

သက်သတ်လွတ်တရုတ်ဘုန်းကြီး အကြီးအကျယ် မျက်လုံးပြူးကျယ်သွားသည်။

ကြောက်ကြောက်လန့်လန့်ဖြင့် သူက ကျန်းယို့၏မျက်နှာကို ကြည့်နေတော့သည်။





‘ဟော့....ဟော့....မင်း... မင်း ငါ့ငွေတွေအားလုံး ဖြတ်ခိုင်းဦးမလို့လား’

သက်သတ်လွတ် တရုတ်ဘုန်းကြီး တုန်တုန်ယင်ယင်ဖြင့် မေးမြန်းလိုက်၏။

ကျန်းယို့က မအောင့်အီးနိုင်တော့ပဲ ရယ်ချလိုက်တော့သည်။

‘ဟုတ်တယ်လေဗျာ၊ ရှုံးသွားယင်လဲ တချီတည်းပြီးတာပဲ’

သက်သတ်လွတ် တရုတ်ဘုန်းကြီး မျက်လုံးပြူးကျယ် ထွက်သွား၏။

သူက သက်ပြင်းတချက်ချလိုက်သည်။

ပြီးနောက် ကျန်းယို့၏မျက်နှာကို တချက်အကဲခတ် ကြည့်လိုက်သည်။

‘ကဲပါဗျာ၊ ခင်ဗျားရဲ့သတ္တိကိုတော့ ကျုပ်ချီးကျူးပါတယ်။ ကျုပ်ကပဲ အရှုံးပေးလိုက်ပါပြီ၊ ဆက်ပြီး မကစားပါရစေနဲ့တော့’

သက်သတ်လွတ်တရုတ်ဘုန်းကြီးက လက်မြှောက် အရှုံးပေးလိုက်သည်။

သူက ရှေ့မှဖဲများကို တွန်းဖယ်ပြီး ထိုင်ရာမှ ထလိုက်သည်။

ကျန်းယို့က နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်၏။

‘ခင်ဗျားတို့ရဲ့ သဘောပါပဲဗျာ၊ ဒါပေမယ့်.... ခင်ဗျားတို့အားလုံးအတွက် ကျွန်တော်ကပဲ ဒကာခံပါရစေဗျာ’

ကျန်းယို့က အားလုံးကို ဖိတ်ခေါ်ကမ်းလှမ်းလိုက်သည်။

တချိန်တည်းမှာပင် ဖွဲ့ချပ်များကို လာရောက်သိမ်းဆည်းပေး နေသော လူငယ်ကလေးအား တိုကင်ပြားဝိုင်း နှစ်ချပ်ကို ဆုအဖြစ် လှမ်း၍ပေးလိုက်သည်။

'ရော့....ရော့....မင်းအတွက် ငါကဆုချတာ'

ကျွန်းယို့က ရက်ရက်ရောရောပင် ပြောလိုက်သည်။

လူငယ်ကလေး မျက်လုံးပြူးကျယ်သွားသည်။

သူက မယုံကြည်နိုင်သော မျက်လုံးပြူးပြူးကလေးနှင့် ကျွန်း ယို့အား စူးစိုက်ကြည့်နေသည်။

'ကျွန်....ကျွန်တော့်ကို တ....တ....တကယ်ပေးတာလား ခင် ဗျာ'

လူငယ်ကလေးက တုန့်တုန့်ယင်ယင်ဖြင့် ထပ်မံမေးမြန်းလိုက် သည်။

ကျွန်းယို့က မျက်မှောင်ကြုတ်လျက် လူငယ်ကလေးအား စူး စမ်းအကဲခတ်ကြည့်လိုက်သည်။

'အေး....ဟုတ်တယ်၊ မင်းအတွက် ငါက သက်သက်မဲ့ ဆုချ တာ၊ ဘာဖြစ်လို့လဲ'

ထိုအခါမှ လူငယ်ကလေးက ကတ်ပြားဝိုင်းလေးနှစ်ခုကို ဆတ် ကနဲကောက်ယူပြီး လက်ထဲတွင်ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား လိုက်သည်။

'ကျေးဇူးတင်ပါတယ် ဆရာ'

လူငယ်ကလေးက ကျွန်းယို့အား အရိုအသေပြုပြီး ပြေးထွက် သွားတော့သည်။





လျှူကောင်းကသူ၏ခေါင်းကို အခါခါယမ်းပြလိုက်သည်။

'ငတိလေးတော့ ဌေးသွားပြီ'

ဝှမ်းဟွာ်းကပြောပြောဆိုဆိုဖြင့် ကျွန်းယို့၏ပခုံးကို လှမ်း၍ အသာအယာပုတ်လိုက်သည်။

'ခင်ဗျားလို အပေးအကမ်းရက်ရောတဲ့လူတော့ ကျုပ်တခါမှ မတွေ့ဖူးသေးဘူး'

ဝှမ်းဟွာ်း၏စကားကြောင့် ကျွန်းယို့အနည်းငယ် ရိပ်စား မိသလိုရှိလာသည်။

တိုကင်ကတ်ပြား အဝိုင်းကလေးတပြား၏တန်ကြေးသည် မည် မျှတန်ဖိုးရှိလေသနည်း။

မည်သို့ဖြစ်စေ ကတ်ပြားဝိုင်းတခုသည် တစ်ဆယ်မက၊ တင်ရာ လောက်များ တန်ကြေးရှိနေလေသလော။

သို့သော် မည်မျှတန်ကြေးရှိသည်ကိုမူ ယခုတိုင်ပင်တိတိကျကျ သူမသိရှိသေးချေ။

ထိုအချိန်တွင် သက်သတ်လွှတ်တရုတ်ဘုန်းကြီးသည် ချွေးများ သုတ်ပြီး တည်တည်ငြိမ်ငြိမ်ပင်ရှိလာသည်။

'ကဲပါမိတ်ဆွေ၊ ခင်ဗျား ဘယ်လောက်နိုင်တယ်ဆိုတာ တွက် ကြည့်ပါဦး'

သက်သတ်လွှတ်တရုတ်ဘုန်းကြီးက ငွေများ လဲလှယ် ပေးရန် ရေတွက်ခိုင်းလိုက်သည်။

ကျွန်းယို့က ပြုံးလိုက်သည်။

'အိုဗျာ....ဘာမှ တွက်ချက်မနေနဲ့တော့၊ အဲဒါတွေအားလုံးကို ကျုပ်က ဒကာခံရမယ့်ငွေအဖြစ် လက်ခံပါဗျာ'

ကျန်းယို့က သူ့ရှေ့မှ ကတ်ပြားစိုင်းအားလုံးအား တွန်းပို့ပေးလိုက်သည်။

သူတို့အားလုံး မျက်လုံးမျက်ဆံပြူးသွားတော့၏။

အထူးသဖြင့် ကာယကံရှင် သက်သတ်လွတ် တရုတ်ဘုန်းကြီး၏ မျက်လုံးအစုံသည် တောက်လက်ပြူးကျယ်သွားတော့၏။

သက်သတ်လွတ် တရုတ်ဘုန်းကြီးက သူ၏ခေါင်းကို သွက်သွက်ခါပြလိုက်သည်။

'မလုပ်နဲ့၊ ခင်ဗျားပေးတာ ကျုပ်က လက်မခံနိုင်ပါဘူးဗျာ'

'ဘာကြောင့် လက်မခံနိုင်ရတာလဲ၊ ကျုပ်ကဒကာခံတာပါ'

'ဒါပေမယ့်....ငွေက များအားကြီးလို့ပါ'

ကျန်းယို့က ရယ်မောလိုက်သည်။

ထို့နောက် ကတ်ပြားဆယ်ခုကို ပြန်နှုတ်ယူထားလိုက်သည်။

'ကဲ၊ ကျွန်တော်က ဆယ်ခုတောင် ပြန်နှုတ်ယူထားလိုက်ပြီးပြီ ခင်ဗျားလက်မခံနိုင်ဘူးလား၊ ဒီလိုသာငြင်းပယ်လိုက်မယ် ဆိုယင် ခင်ဗျားက ကျွန်တော့်ကို မိတ်ဆွေလိုသဘောမထားဘူးလို့ပဲယူဆလိုက်မယ်'

ကျန်းယို့က တကယ်ပင်စိတ်ဆိုးမည့်ဟန်ဖြင့် ပြောလိုက်သည်။

သက်သတ်လွတ် တရုတ်ဘုန်းကြီးက ကျန်းယို့၏ မျက်နှာကို တချက်စေ့စေ့ကြည့်လိုက်၏။





ပြီးနောက် သက်ပြင်းရှည်တချက်ချလိုက်မိသည်။

'ကောင်းပြီလေ၊ ခင်ဗျားကဒါလောက်တောင် ရှိနေတယ်ဆိုတော့ ကျုပ်ကလက်ခံပါ့မယ်၊ ခင်ဗျားအတွက် မိတ်ဆွေတွေအများကြီးတိုးလာမယ်ဆိုတာ ကျုပ်ပြောရဲတယ်၊ ခင်ဗျားလက်ထဲကကတ်ပြားဆယ်ခုအတွက် ဘာနဲ့လဲမှာလဲ၊ ရွှေနဲ့လား၊ ငွေနဲ့လား၊ ဒါမှမဟုတ် ငွေလွှဲလက်မှတ်ယူမလား'

သက်သတ်လွတ်တရုတ်ဘုန်းကြီးက အရေးတကြီးမေးမြန်းလိုက်သည်။

သို့သော် ကျန်းယို့က အရေးမထားဟန် အေးတိအေးစက်ပင်လုပ်နေသည်။

'ရပါတယ်ဗျာ၊ဘာပဲဖြစ်ဖြစ်ပေါ့၊အဆင်ပြေသလိုသာ လဲပါ'

ကျန်းယို့က ထိုကတ်ပြားဆယ်ခုအတွက် လိုချင်တပ်မက်မှုအလျဉ်းမပြပဲ အမှုမထားသလိုပင်နေလိုက်သည်။

သက်သတ်လွတ်တရုတ်ဘုန်းကြီးက အခန်းတွင်းမှ အရက်အိုးတလုံးကိုဖောက်လိုက်၏။

အရက်အိုးဆိုသော်လည်း အိုးထဲ၌အရက်များအလျဉ်းမရှိ ရွှေတုံးကလေးများသာ အပြည့်ရှိနေသည်။

သက်သတ်လွတ် တရုတ်ဘုန်းကြီးက ရွှေတုံးထည့်ထားသောအိုးကိုကျန်းယို့ သို့ကမ်းပေးလိုက်သည်။

'အဲဒီရွှေတုံးအားလုံးတန်ဖိုးအားဖြင့် တသောင်းတိတိရှိတယ်ဟိုက်'

ခက်ပြီ။

ကျန်းယို့ တအံ့တသြဖြစ်သွားသည်။

ယခုမှပင် ကတ်ပြားဝိုင်းကလေးတခု၏ တန်ဖိုးကို ကျန်းယို့ အသေအချာသိရတော့သည်။

ကျန်းယို့ ငိုင်ကျသွားသည်။

ပြီးမှသူက ခေါင်းခါလိုက်သည်။

'ကျွန်တော် ဒီရွှေတုံးတွေကို လက်မခံနိုင်ဘူး'

သက်သတ်လွတ် တရုတ်ဘုန်းကြီး မျက်လုံးပြူးသွားပြန်သည်။

သူက ကျန်းယို့အား စေ့စေ့ကြည့်လိုက်ပြန်သည်။

'ခင်ဗျားနိုင်တဲ့ငွေပဲ၊ ဘာဖြစ်လို့ လက်မခံနိုင်ရမှာလဲ'

ကျန်းယို့က ပြုံးလိုက်သည်။

ရိုးသားဖြူစင်သောအပြုံးရိပ်တရပ်ပင်။

'ဘာကြောင့်လဲဆိုယင် အစကအဲဒီကတ်ပြားတချပ်ဟာတန်ဖိုး ငွေ တထောင်ရှိတယ်ဆိုတာ ကျွန်တော်မသိခဲ့လို့ပဲ၊ ဒါကြောင့် ကျွန်တော်က အရမ်းလောင်းကစားမိတာ၊ တကယ်လို့ ကျွန်တော် ရှုံးခဲ့ယင် ဒါလောက်များတဲ့ငွေတွေကို တထိုင်တည်း ပေးနိုင်မှာ မဟုတ်ဘူးဗျ'

ကျန်းယို့က ရိုးသားစွာရှင်းလင်းပြလိုက်သည်။

သက်သတ်လွတ် တရုတ်ဘုန်းကြီး မျက်မှောင်ကြုတ်လျက် တွေဝေသွားသည်။

ပြီးမှသူက ကျန်းယို့၏ မျက်နှာကိုတချက်ကြည့်လိုက်ပြန်သည်။

'အခုခင်ဗျားက ရှုံးတာမှမဟုတ်တာပဲ'

မည်သို့ဖြစ်စေ ကျန်းယို့ ခေါင်းခါမြဲခါပြလိုက်သည်။





'ကျွန်တော်ပြောတာရှင်းပါတယ်၊ ကျွန်တော့် အိတ်ထဲမှာ ဒါလောက်တောင်ရှုံးနိုင်တဲ့ ငွေကြေးပမာဏမပါပဲ များပြားတဲ့ငွေကိုယူလိုက်ယင် ကျွန်တော် တရားရာကျဦးမတဲ့လား'

'အို၊ ဒါကတော့ ဘယ်သူမှသိတာမဟုတ်ဘူး၊ ခင်ဗျားမပြောပဲ ငြိမ်နေလိုက်ယင်ပြီးတာပဲ'

ကျန်းယို့ သက်ပြင်းတချက်ချလိုက်သည်။

'မှန်တယ် လူများတကာကို လိမ်လို့ရပေမယ့် ကိုယ့်ကိုကိုယ် လိမ်လို့ ဘယ်မှာရမလဲ၊ ဒီငွေတွေကို ကျွန်တော်ယူမိယင် တညလုံး အိပ်ပျော်မှာမဟုတ်ဘူး၊ မလုပ်ပါနဲ့ ကျွန်တော်မယူပါရစေနဲ့ဗျာ'

ကျန်းယို့၏ရှင်းလင်းချက်ကြောင့် သက်သတ်လွတ် တရုတ်ဘုန်းကြီးက အားပါးတရ ရယ်မောလိုက်သည်။

ကျန်းယို့အား လူထူးလူဆန်းသဖွယ် ကြည့်နေမိတော့သည်။

'ဟော့ အပေါင်းအသင်းတို့ အဲဒီလောက်ရိုးစင်းတဲ့ လူငယ်တွေကို မင်းတို့တွေ့ဖူးကြရဲ့လား'

လျှို့ကောင်းနှင့် ဝှမ်းဟွီးတို့က နှုတ်ဖြင့်မဖြေ၊ ခေါင်းရမ်းပြလိုက်သည်။

ကျန်းယို့ ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။

'ကျွန်တော် မဟုတ်တာမလုပ်ချင်ဘူး၊ မတရားတာလဲ မယူချင်ဘူး၊ မလုပ်သင့်မလုပ်ထိုက်တာကို မလုပ်ဖို့ကျွန်တော့်အဖေက အမြဲမှာထားတယ်ဗျ'

ကျန်းယို့၏စကားကြောင့် အားလုံးက သဘောကျပြီး ရယ်မောလိုက်ကြသည်။

လျူကောင်းက ကျန်းယို့အား စူးစမ်းကြည့်လိုက်သည်။

'အခုမှပဲစကားပြောရတော့မယ်၊ ခင်ဗျားဒီကိုလာတာ ဖဲရိုက်ဖို့ သက်သက်တော့ မဟုတ်ဘူးထင်တယ်'

လျူကောင်းက ကျန်းယို့၏အရိပ်အကဲကိုကြည့်ပြီး မေးဖန် လိုက်သည်။

'ဟုတ်တာပေါ့၊ကျွန်တော်က ဖဲရိုက်ဖို့လာတာမှ မဟုတ်တာ'

'ဒါဖြင့် ခင်ဗျားက ဒီဆိုင်ကိုလာရတာ ဘယ်လို အခက်အခဲ ရှိနေလို့လဲ'

ကျန်းယို့က လျူကောင်းအားတချက် စိုက်ကြည့်လိုက်သည်။

'ခင်ဗျားက ဘယ်လိုကြောင့်သိနေရတာလဲ'

ကျန်းယို့က အံ့သြဟန်ဖြင့်မေးမြန်းလိုက်သည်။

'ဒါကတော့လွယ်ပါတယ်၊ အခက်အခဲမရှိပဲနဲ့ ဟောသည် သက်သတ်လွတ်ဆိုင်ကို ဘယ်သူကလာမှာတဲ့လဲ'

ကျန်းယို့ကခေါင်းညိတ်၍ ဝန်ခံလိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော်နဲ့ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးနဲ့ ထိပ်တိုက်တွေ့မိလို့ပါ'

ဝှမ်းဟွီ့က မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျားနှယ့်ဗျာ၊ ဘယ်လိုလုပ်ပြီး သိုင်းပြောင်းပြန် တရုတ် ဘုန်းကြီးနဲ့မှ ထိပ်တိုက်တွေ့ရတာလဲ'

'ညမွှေးပန်းဆိုတဲ့ အမျိုးသမီးအတွက်နဲ့ ဖြစ်ခဲ့ရတာပါဗျာ'





ကျန်းယို့က အဖြစ်အပျက်အလုံးစုံကို အစအဆုံးပြောပြလိုက်သည်။

သက်သတ်လွတ် တရုတ်ဘုန်းကြီးသည် ခေါင်းခါယင်း သက်ပြင်းတချက်ချလိုက်သည်။

'ခက်လိုက်ဘာဗျာ၊ တကယ့်လူနဲ့မှ ရန်ဘက်ဖြစ်လာရတာကိုး'

လျူကောင်းက တချိန်လုံး ပြဿနာကိုငြိမ်သက်စွာနား ထောင် နေရာမှ ခေါင်းထောင်ထလာသည်။

'နေပါအုံးဗျ၊ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက ဘာဖြစ်လို့ ညမွှေးပန်းကိုသွားပြီး ရန်ရှာရတယ်ဆိုတာကော ခင်ဗျားသိရဲ့ လား'

ကျန်းယို့ကခေါင်းခါလိုက်၏။

လျူကောင်းသည် ငဝါဖြင့်ပါးစပ်ကိုပိတ်ပြီး ချောင်းဆိုးနေသည်။

'ကျုပ်အတွက်ပေါ့ဗျ'

ကျန်းယို့က အံ့အားသင့်သွားသည်။

လျူကောင်းက စကားဆက်လက်ပြောပြန်သည်။

'ကျုပ်မှာသားတယောက်ရှိတယ်၊ နာမည်ကလူလျှောက်ယင်းလို့ခေါ်တယ်'

ကျန်းယို့က ခေါင်းတချက်ညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ဒီနာမည်ကို ကျွန်တော်ကြားဖူးတယ်'

ကျန်းယို့စကားကြောင့် လျူကောင်းအံ့သြ သွားပြန်သည်။

'ခင်ဗျားကဒီနာမည်ကိုကြားဖူးသလား'

'ဟုတ်တယ်၊ ကျွန်တော့်အဖေက မှာလိုက်တယ်၊ ပုလဲကျေးရွာရောက်ယင် ခင်ဗျားနဲ့ ခင်ဗျားသား လူရှောက်ယင်ကို တွေ့လိမ့်မယ်လို့ ပြောလိုက်တယ်'

လျှုကောင်းက ကျေနပ်စွာပြုံးပြလိုက်၏။

'ဩော်၊ လက်စသတ်တော့ မင်းကလဲပုလဲကျေးရွာကိုပဲ သွားမှာကိုး'

ကျန်းယို့က လေးစားစွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

လျှုကောင်းက ကျန်းယို့အား အသေအချာ စူးစိုက်ကြည့်ယင်း၊ အကဲခတ်နေသည်။ ပြီးမှခေါင်းတဆတ်ဆတ် ညိတ်နေသည်။

အင်....အင်း မင်းကတော့ အောင်မြင်ဖို့များတယ်'

လျှုကောင်းက မှတ်ချက်ပြုလိုက်၏။

ကျန်းယို့က လျှုကောင်းအား မေးငေါ့ပြလိုက်သည်။

'အခုနမင်းပြောတဲ့ စကားကမဆုံးသေးဘူး'

'ဟုတ်တယ်၊ ကျုပ်သားကလဲ၊ ပုလဲကျေးရွာကိုပဲ သွားမလို့လာခဲ့တာပဲ၊ ဟန်ကျိုးမြို့ရောက်တော့မှ ပျောက်ခြင်းမလှပျောက်သွားခဲ့တယ်'

လျှုကောင်းက၊ ချောင်းတချက်ဟန့်လိုက်ပြီး ဆက်လက်ပြောပြပြန်သည်။

'ဒါကြောင့်ကျုပ်ကသူ့ကိုလိုက်ရှာနေတာ၊ သူနဲ့ညမွှေးပန်းတိုလှေကြီးတစင်းပေါ်မှာ အတူတွေ့တယ်ဆိုတော့၊ ကျုပ်ကသိုင်း





ဖြောင်းပြန်တရုတ်ဘုန်းကြီးဆီသွားပြီး အကူအညီတောင်းရတော့တာပေါ့'

သည်တော့မှပင် ကျန်းယို့ သဘောပေါက် နားလည်သွားတော့သည်။

ကျန်းယို့က အားတုံ့အားနာဖြစ်သွားမိသည်။

'ဩော်....ဒီလိုကိုး၊ သိုင်းဖြောင်းပြန် တရုတ်ဘုန်းကြီးက လူလွှတ်ပြီး ညမွှေးပန်းဆီမှာ စုံစမ်းခိုင်းတာမဟုတ်လား'

လျှုကောင်းက ခေါင်းညိတ်လိုက်သည်။

'အခု....ကျုပ်ကိုယ်တိုင် သက်သတ်လွှတ် တရုတ်ဘုန်းကြီးဆီလာရတဲ့အကြောင်းကိုတော့ ခင်ဗျားသိရဲ့လား'

ကျန်းယို့က ခေါင်းခါလိုက်၏။

'မသိဘူး၊ ဖဲရိုက်ဖို့ပဲလာတာ မဟုတ်လား'

'ဖဲရိုက်ဖို့လာတာမဟုတ်ဘူး၊ မင်းကိုရှာပေးဖို့ လာပြီး အကူအညီတောင်းတာ'

သည်တော့မှပင် ကျန်းယို့ တအံ့တဩဖြစ်သွားတော့သည်။

'ကျွန်တော့်ကိုရှာဖို့ ဟုတ်လား....၊ ဘယ်လိုကိစ္စကြောင့်လဲ၊ တဆိတ်လောက်ပြောပြပါလား'

လျှုကောင်းက ပြောရန်သင့်မသင့် အတန်ငယ်စဉ်းစား ချင့်ချိန်နေသည်။

'ဒီလိုကွယ့်....လူငယ်တယောက်က သိုင်းမြောင်းပြန် တရုတ်ဘုန်းကြီးရဲ့ လူလေးယောက်ကို ရေထဲရိုက်ချလိုက်တယ်၊ပြီးတော့ ညမွှေးပန်းနဲ့ လိုက်သွားတယ်ဆိုတဲ့သတင်း ကြားမိလိုက်တယ်'

ဤတွင် သက်သတ်လွတ် တရုတ်ဘုန်းကြီးက ခွက်ထိုးခွက်လန် ရယ်မောနေတော့၏။

'ဩော်....ခင်ဗျားကလဲ ဖဲရိုက်ဖို့သက်သက်လာခဲ့တာ မဟုတ်ဘူးကိုး၊ ဒီသူငယ်ကိုရှာပေးဖို့ ကျုပ်ဆီလာခဲ့တယ်ဆိုပါတော့'

လျှိုကောင်းက ဆတ်ကနဲခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ဒီနယ်တဝိုက်မှာတော့ ခင်ဗျားကိုကျော်နိုင်တဲ့သူ ဘယ်သူမှမရှိဘူး မဟုတ်လား'

'ဒါဖြင့် ခင်ဗျားက ကျုပ်ကို.... ဘာစကားမှ မပြောသေးပါလား'

'ဒါကတော့ဗျာ.... ခင်ဗျားဆီလာပြီး အကူအညီ လိုချင်တယ်ဆိုယင် ခင်ဗျားနဲ့ ပထမဆုံး ဖဲရိုက်ရမယ်ဆိုတာ ကျုပ်ကနားလည်ထားတယ်။ ဒါကြောင့်မို့ပါ'

သက်သတ်လွတ်တရုတ်ဘုန်းကြီးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'တယ် ဟုတ်ပါလား....၊ ကျုပ်ရဲ့ ဖဲရိုက် ဝါသနာပါတဲ့အကြောင်း နာမည်ကြီးနေပြီ၊ ဟဲ....ဟဲ....'

ထို့ဥ်....လျှိုကောင်းက ကျန်းယို့၏ပခုံးကို အသာပုတ်လိုက်သည်။





'ဒီမှာမိတ်ဆွေ၊ တကယ်လို့သာ ခင်ဗျားဟာ ကျုပ်တို့နဲ့ ဝင်ဖဲ့မရိုက်ဖြစ်ယင် ခင်ဗျားကို ကျုပ်က တိုက်ခိုက်မိမှာအမှန်ပဲ။ အခုတော့ဖဲကစားယင်း ခင်ဗျားရဲ့ ရိုးသားတဲ့အကျင့်စရိုက်ကို သတိပြုမိလိုက်တယ်။ခင်ဗျားဟာ ရိုးသားတယ်၊မလိမ်မညာတတ်ဘူး.... ဒါကြောင့် ခင်ဗျားပြောတာယုံကြည်တယ်'

ကျန်းယို့က ပြုံးလိုက်မိသည်။

ဖဲရိုက်မိသည်မှာ ကောင်းလေစွဟူ၍ ထင်မှတ်မိသွားသည်။

ကျန်းယို့က လျှိုကောင်းအား တချက်အကဲခတ် ကြည့်လိုက်ယင်း မေးခွန်းထုတ်လိုက်ပြန်သည်။

'ခင်ဗျားသားက ပျောက်ဆုံးနေတာ လေးရက်တောင်ရှိနေပြီဆို....'

'ဟုတ်တယ်....'

'ဒါဖြင့် အဲဒီလေးရက်အတွင်းမှာ ညမွှေးပန်းကိုလဲ ရှာမတွေ့ဘူးဆိုပါတော့'

'ဟုတ်တယ်၊ ညမွှေးပန်းလဲ ပျောက်နေတာ လေးရက်ရှိသွားပြီ....'

'ဒါပေမယ့် အနောက်ဘက်ရေအိုင်မှာ ကျွန်တော်နဲ့ တွေ့လိုက်တယ်ဗျ....'

ကျန်းယို့က အမှန်အတိုင်း ပြောပြလိုက်သည်။

'မှန်တယ်၊ အဲဒါကြောင့် ကျုပ်က ခင်ဗျားကိုလိုက်ရှာနေတာပေါ့'

'ဒီလိုလေ....မနေ့ညတုန်းကတော့ ကျွန်တော်ဟာ ညမွှေးပန်းနဲ့အတူ ရှိနေခဲ့တာပဲ'

'လှေကြီးပေါ်မှာလား'

'မဟုတ်ဘူး၊ အနောက်ဘက်ရေအိုင်အနီးက အိမ်ကြီး တဆောင်ထဲမှာပါ'

လျှုကောင်း၏မျက်လုံးအစုံသည် ပြောင်လက်သွားသည်။

'အဲဒီအိမ်ကြီးကို ခင်ဗျားမှတ်မိသေးလား'

ကျွန်းယို့ အတန်ငယ်စဉ်းစားလိုက်သည်။

'အသေအချာတော့ မပြောနိုင်ဘူး၊ ဒါပေမယ့် ကျွန်တော်မှတ်မိနိုင်ပါတယ်'

ဝှမ်းဟွာ်းက ထိုင်ရာမှထလိုက်သည်။

'ကဲ....ဒါဆိုယင် အဲဒီအိမ်ဆောင်ကြီးဆီ သွားရှာကြရအောင်'

ထိုစဉ်....ကျွန်းယို့က သူ၏အိတ်အတွင်းမှ ပုလဲတကုံးနှင့် ကျောက်စိမ်းပြားတပြားကို ထုတ်ယူလိုက်သည်။

'ဟောဒီပစ္စည်းနှစ်မျိုးကို ကြည့်ပါဦး၊ လူကောင်းရဲ့ ပစ္စည်းတွေများ ဖြစ်နေမလားမသိဘူး'

ထိုပစ္စည်းနှစ်မျိုးကို တွေ့မြင်လိုက်သောလျှုကောင်း၏မျက်နှာသည် သိသိသာသာပင် ဖျော့ပျက်သွားသည်။

'ဟင်....ခင်ဗျား အဲဒီပစ္စည်းတွေ ဘယ်သူ့ဆီကရတာလဲ'

'ညမွှေးပန်းရဲ့ ပန်းအိုးတခုထဲက ရလိုက်တာ'





လျှုကောင်းက မျက်နှာတချက်ကြုတ်လိုက်ပြီး စဉ်းစားလိုက်သည်။

'ပန်းအိုးထဲက ဟုတ်လား'

လျှုကောင်းက ထပ်မံမေးလိုက်ပြန်သည်။

ကျွန်းယို့ရှက်သွားသည်။ သူ၏မျက်နှာတခုလုံးသည် နီရဲသွားတော့တည်။

ထို့ကြောင့် အကြောင်းစုံကို အစအဆုံးပင် ပြန်လည်ရှင်းလင်းပြောပြလိုက်ရသည်။

လျှုကောင်းသည်ကျွန်းယို့၏ ပြန်လည်ရှင်းလင်း ပြောကြားချက်များကို သေချာစွာ ဂရုစိုက်နားထောင်နေသည်။

ပြီးမှ သက်ပြင်းတချက်ချလိုက်သည်။

'ခင်ဗျားကို ကျုပ် အများကြီးချီးကျူးပါတယ်ဗျာ။ ခင်ဗျားဟာ မှန်တာကိုပြောရဲတယ်။ အမှားကိုဝန်ခံရဲတဲ့ သတ္တိရှိတယ်။ ဒါကြောင့် ကျုပ်ရဲ့သားကိုရှာတွေ့ယင်လဲ ပုလဲကျေးရွာကို မလွှတ်တော့ဘူးလို့ ကျုပ်ဆုံးဖြတ်လိုက်ပြီ'

ကျွန်းယို့ မျက်လုံးပြူးသွားပြန်သည်။

'ဘာကြောင့်လဲဗျ'

'သူက မင်းကို ဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာ မဟုတ်လို့ပဲပေါ့....ကျုပ်သာ သမီးရှင်ဖြစ်ခဲ့ယင်လဲ သမက်လောင်းအဖြစ် မင်းကိုပဲ ရွေးမှာသေချာတယ်'

လျှုကောင်း၏ ချီးကျူးစကားကြောင့် ကျန်းယို့သည် မနေတတ် မထိုင်တတ်ဖြစ်သွားသည်။

သို့သော် ထပ်မံစကားမရှည်လိုသည့်အတွက် ဆိတ်ဆိတ်ပင်နေလိုက်သည်။

ညမွှေးပန်းနှင့်တွေ့ခဲ့သည့်အိမ်ကို အချိန်မီ သွားရောက် ရှာဖွေရန်က အရေးကြီးသည်မဟုတ်ပါလား။

*　　*　　*



## အခန်း ( ၆ )

အနောက်ဘက် ရေအိုင်တဝိုက်သည်အလွန်ပင်သာယာလှသည်။

အနောက်ဘက်ရေအိုင်နှင့်ကပ်လျက် လှပသောအဆောက်အဦ ကလေးများကိုလည်း ဆောက်လုပ်ထားသည်။

အဆောက်အဦများသည် လှပခန့်ညားၡ ပန်းဥယျာဉ် တခုစီပြုလုပ်ထားသည်။

ရေအိုင်စပ်တွင်မူ ချုံနွယ်များဖြင့် ပြည့်ကြပ်နေသည်။

ကျန်းယို့သည် ဤဒေသခံ မဟုတ်လင့်ကစား ရှေ့ဆုံးမှ ဦးဆောင်သွားနေသည်။

ကျန်းယို့၏နောက်မှ လျှုကောင်း၊ ဝှမ်းဟွ ီးနှင့် သက်သတ်လွတ်တရုတ်ဘုန်းကြီးတို့က ထက်ကြပ်မကွာလိုက်လာကြသည်။

ကျန်းယို့အဖို့မူ ဤနေရာ၊ဤဒေသသို့ ဒုတိယအခေါက် ပြန်ရောက်လာခြင်းဖြစ်သည်။

ပထမအခေါက်ကဆိုလျှင် မျက်လုံး ဝိုင်းဝိုင်း ကလေးနှင့်ယောကျ်ားဟန်ဆောင်သောမိန်းကလေးနှင့်အတူ လျှောက်ခဲ့ကြသည်။

ဝေဝေဘုန်းဖြစ်သည်။

ယခုတော့ လျှုကောင်းတို့သုံးယောက်နှင့် ရောက်လာခဲ့ခြင်းဖြစ်သည်။

သည်ရောအခါမှ ကျန်းယို့က ဝေဝေဘုန်းကို အထူးတလည် သတိရနေမိတော့သည်။

ဝေဝေဘုန်းနှင့်အတူသွားစဉ်ကမူ စိတ်ပျက်မိသည်။

သူမသည် စိတ်ကောက်တတ်သေးသည်။

ပြီးတော့ စကားနာလည်းထိုးတတ်သည်။

ရန်လည်းတွေ့တတ်သေးသည်။

ထို့ကြောင့် တခါတလေ စိတ်အနှောင့်အယှက်ဖြစ်ရပေသည်။

ယခုတော့ သူမ ဘယ်ရပ်ရွာနေသို့ ရောက်သွားလေပြီနည်း။

ဘာ့ကြောင့်မှန်းတော့မသိ။

ဝေဝေဘုန်းမရှိမှ သူမကို အထူး တန်းတန်းတတ ဖြစ်နေမိသည်။





သူမနှင့်စတင်တွေ့ဆုံခဲ့ပုံများကို ပြန်ပြောင်းစဉ်းစားမိပြီး မျက်စိထဲတွင် ထင်ယောင်လာသည်။

သည်တော့ ကျန်းယို့ပြုံးလိုက်မိသည်။

မကြာမီမှာပင် နံနက်ခင်းက တကိုယ်တည်း လျှောက်ခဲ့သောကျောက်ခဲခင်းလမ်းမကလေးပေါ်သို့ ရောက်ရှိလာကြသည်။

ကျန်းယို့သည် ကျောက်ခဲခင်းလမ်းကလေးအတိုင်းချိုးကွေ့၍ လိုက်သွားသည်။

သက်သတ်လွတ် တရုတ်ဘုန်းကြီးနှင့် လျှုကောင်းတို့က သူ့နောက်မှဆရာတင်၍ လိုက်ပါလာခဲ့သည်။

လမ်းကလေးဆုံးသွားသည်နှင့် အဆောက်အဦတခုကို တွေ့ရသည်။

ထိုအဆောက်အဦ၏အဝင်တံခါးကို ဆေးနီများ သုတ်ထားသဖြင့် မှတ်သားရလွယ်ကူပေသည်။

သူတို့လူစု ကျန်းယို့၊လျှုကောင်း၊ဝှမ်းဟွ ီးနှင့် သက်သတ်လွတ်တရုတ်ဘုန်းကြီးတို့သည် တံခါးဝတွင် ရပ်တန့်လိုက်ကြ၏။

လျှုကောင်းက ကျန်းယို့အား အဓိပ္ပါယ် ပါပါဖြင့် လှမ်းကြည့်လိုက်သည်။

'ဘယ့်နှယ့်လဲ ဒီအိမ်သေချာရဲ့လား'

ကျန်းယို့သည် အတန်ကြာ တွေဝေစဉ်းစားနေသည်။

သူ၏မျက်လုံးအစုံကမူ အရပ်လေးမျက်နှာသို့လှည့်၍ ကြည့်ရှုလေ့လာနေသည်။

'ဟုတ်တယ်၊ သေချာသလောက်ပဲဖြစ်နိုင်ပါလိမ့်မယ်'

ကျန်းယို့က မရှုတ်မလွန်အဖြေပေးလိုက်သည်။

လျှုကောင်း၏မျက်နှာပေါ်တွင် အံ့သြမှုအရိပ်အယောင်များ အထင်းသားပေါ်လွင်နေသည်။

သူက တံခါးအနီးသို့တိုးကပ်သွားသည်။

'ဒေါက်....ဒေါက်....ဒေါက်'

သူက တံခါးပေါ်သို့ လက်ခေါက်ဖြင့် သုံးချက်တိတိ ခေါက်လိုက်သည်။

ကြာကြာမခေါက်လိုက်ရ။

ရှုတ်ခြည်းပင် တံခါးပွင့်လာသည်။

တံခါး လာရောက်ဖွင့်ပေးသူမှာ လှပသော မိန်းကလေးတယောက်ပင်ဖြစ်သည်။

မိန်းကလေးက ဧည့်သည်များအား ချိုသာစွာပြုံးပြလိုက်ပြီး လမ်းဖယ်ပေးလိုက်သည်။

ကျန်းယို့ အံ့သြသွားသည်။

သူရောက်ခဲ့စဉ်က ထိုအဆောက်အဦအတွင်း၌ အခြားလူတစုံတယောက်မျှ မရှိဟုထင်မှတ်ခဲ့သည်။

ယခုသော်မူ သည်မိန်းကလေးသည် အဘယ်သူနည်း။

သူမသည် အတယ်က ပေါ်လာရလေသနည်း။

အဆောက်အဦမှာ:နေလေပြီလော။

ကျန်းယို့ ဇဝေဇဝါဖြစ်သွားသည်။

သူက လျှုကောင်းဘက်သို့ တချက် လှည့်ကြည့်လိုက်ပြီး အဆောက်အဦတွင်းသို့ လှမ်းဝင်လိုက်၏။





သူ့နောက်တွင် လျှုကောင်း၊ ဝှမ်းဟွာ့နှင့် သက်သတ်လွတ်တရှုတ်ဘုန်းကြီးတို့ လိုက်ပါလာကြသည်။

သူတို့အားလုံး ဧည့်ခန်းတံခါးဝသို့ ရောက်ရှိလာကြသောအခါ အလိုအလျောက်ပင်ခြေလှမ်းများ ရပ်တန့်သွားကြသည်။

အကြောင်းသော်မူ ဧည့်ခန်းတွင်းရှိကြီးမားသော ကုလားထိုင်ကြီးတလုံးပေါ်တွင် အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူကြီးတယောက် ထိုင်နေသည်ကို တွေ့မြင်ရသောကြောင့်ပင် ဖြစ်၏။

ထိုပုဂ္ဂိုလ်ကြီး၏နံဘေးတွင် အမျိုးသမီးတယောက်က ယို့ယို့ကလေးထိုင်ပြီး ခြေဆုပ်လက်နှယ်ပြုစုပေးနေသည်။

ပုဂ္ဂိုလ်ကြီး ဇိမ်ကျနေဟန်တူသည်။

ထိုအဝါရောင်ဝတ်စုံနှင့်လူကြီးက အပြင်သို့ လှမ်းကြည့်လိုက်သည်။

လျှုကောင်းအားမြင်လိုက်သည်နှင့် ကျယ်လောင်စွာ ရယ်မောလိုက်သည်။

သူ၏ရယ်မောသံသည် အဆောက်အဦတခုလုံး ဟိန်းသွားတော့သည်။

'ဟေ့ လျှုးကောင်း ဝင်ခဲ့လေဗျာ၊ကျုပ်ဆီမှာ အကောင်းဆုံးအရက်တအိုး ဖောက်ထားပါတယ်ဗျ'

လျှုကောင်းက တချက်ပြုံးလိုက်ပြီးမှလိုက်သင့်ပင် ဧည့်ခန်းတွင်းသို့ လှမ်းဝင်သွားသည်။

ကျွန်းယို့၊ ဝှမ်.ဟွ<sup></sup>ိးနှင့် သက်သတ်လွတ် တရုတ်ဘုန်းကြီးတို့ သုံးယောက်ကမူ ဧည့်ခန်းဝတွင် ကြောင်အမ်းအမ်းနှင့် ရပ်ကျန်ရစ်ခဲ့သည်။

မှန်သည်။

ဧည့်ခန်းစွင်းမှအိမ်ရှင်သည် လျှုကောင်း၊ ဝယောက်တည်းကိုသာ ဖိတ်ခေါ်ခဲ့သည်။

ကျွန်လူများကိုမူ ပ လာသည်ဟုပင် အသိအမှတ် ပြုဟန်မထင်၊ ထို့ကြောင့်သူတို့သုံးယောက်က ဧည့်ခန်းတွင်ရပ်နေခြင်းဖြစ်သည်။

သက်သတ်လွတ် တရုတ် ဘုန်းကြီးက သက်ပြင်း တချက်ချလိုက်၏။

ပြီးနောက် သူကကျွန်းယို့အား မေးငေါ့၍ မေးမြန်းလိုက်သည်။

'မင်းပြောတော့ ဒီမှာညမွှေးပန်းရှိတယ်ဆို'

ကျွန်းယို့က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်ဗျ၊ကျွန်တော်ညမွှေးပန်းကို ဒီမှာတွေ့ခဲ့တာပဲ'

သက်သတ်လွတ် တရုတ်ဘုန်းကြီးက ခေါင်းခါလိုက်သည်။

'မဟုတ်ဘူး၊ဒီနေရာဟာ မင်းပြောတဲ့ သိုင်းဗြောင်းပြန်တရုတ်ဘုန်းကြီးနေတဲ့ အဆောက်အဦကွ'

သက်သတ်လွတ် တရုတ်ဘုန်းကြီး၏စကားကြောင့် ကျွန်းယို့တွေဝေသွားသည်။

သူသည် တအံ့တသြဖြစ်နေသည်။

သို့သော် သူသည် ကောင်းစွာပင် မှတ်မိနေသည်။





ထို့ကြောင့် စူးစမ်းလိုသော စိတ်၏စေစားမှုကြောင့် သူ၏ခြေလှမ်းများက ဧည့်ခန်းအတွင်းသို့ အလိုအလျောက်ဝင်ရောက်သွားမိလျက်သားဖြစ်သွားသည်။

ဧည့်ခန်း၏ဝဲဘက်တွင် ပြတင်းပေါက်တပေါက်ရှိသည်။ပြတင်းပေါက်ဘောင်ပေါ်တွင် ပန်းအိုးတလုံးရှိသည်ကို တွေ့ရသည်။

ဟုတ်ပြီ။

သေချာသည်။

သူရောက်ခဲ့သည်မှာ ဤအဆောက်အဦနှင့် ဤအခန်းပင် ဖြစ်သည်။

သည်အခန်းတွင် ညမွှေးပန်းနှင့် တညအိပ်ခဲ့သေးသည်။

ပြီးတော့ ပြတင်းပေါက်ဘောင်ပေါ်က ပန်းအိုးအတွင်းမှ သူ၏ပစ္စည်းများကို သွန်ချယူခဲ့သေးသည်။

ထိုပစ္စည်းများထဲတွင် ကျွန်းယို့ထံပါလာသော ပုလဲတလုံးနှင့် ကျောက်စိမ်းပြားတခုပင်ပါလာသေးသည် မဟုတ်ပါလော။

ကျွန်းယို့သည် ကောင်းကောင်းမှတ်မိနေသေးသည်။

သို့သော် ခုအခါ အခန်းအခြေအနေ ပြောင်းလဲသွားသည့်အတွက် ကျွန်းယို့သည် မစဉ်းစားတတ်၊မတွေးတောတတ်အောင်ပင် ရှိနေတော့သည်။

ကျွန်းယို့ ခေါင်းရှုပ်လာတော့သည်။

ထိုစဉ်သက်သတ်လွတ် တရုတ်ဘုန်းကြီးသည်လည်း ဧည့်ခန်းတွင်းသို့ဝင်ရောက်လာလေပြီ။

'သူကဘယ်သူလဲ'

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ အသံသည် တခန်းလုံး ပဲ့တင်ထပ် ဟိန်းထွက်သွားသည်။

ထိုသူ၏အတွင်းအား မည်မျှကောင်းမွန် ကြီးမားသည်ကို အလွယ်တကူပင် သိသာနိုင်သည်။

သက်သတ်လွတ် တရုတ်ဘုန်းကြီးက၊ တည်ငြိမ်သောလေသံ ဖြင့်ပြန်ပြောလိုက်သည်။

'သက်သတ်လွတ် တရုတ်ဘုန်းကြီးဆိုတာ ကျုပ်ပဲ'

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက တချက်ပြုံးလိုက်၏။

'မင်းက၊ ဇဲ့သမားသက်သတ်လွတ် တရုတ်ဘုန်းကြီး ဆိုတာ လား'

သက်သတ်လွတ် တရုတ်ဘုန်းကြီးက ခေါင်းညိတ်လိုက်သည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

'ကဲပါလေ၊ ရောက်လာမှတော့ အရက်သောက်လိုက် ပါဦး'

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက ပြောပြောဆိုဆို အရက် အိုးကိုမယူပြီး သက်သတ်လွတ် တရုတ်ဘုန်းကြီးထံသို့ လွှင့်ပစ်လိုက် သည်။

အချိန်တဆယ်ခန့်ရှိသော အရက်အိုးသည်၊ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးထံမှ အရှိန်ပြင်းစွာဖြင့် ပြေးထွက်လာပြီး၊ သက် သတ်လွတ်တရုတ်ဘုန်းကြီး၏ မျက်နှာတည့်တည့်သို့ ပြေးဝင်လာ သည်။

သက်သတ်လွတ် တရုတ်ဘုန်းကြီး က ပြုံးလိုက်သည်။







သူကတဖက်တည်းသောလက်ဖြင့် ပြေးဝင်လာသော အရက် အိုးကို အလွယ်တကူပင် တားထားလိုက်သည်။

ပြီးနောက်အရက်ကိုငှဲ၍ သောက်ချလိုက်သည်။

'ကောင်းလိုက်တဲ့အရက်၊ နှစ်ချို့ဝါးရွက်စိမ်းအရက်ဆိုတော့ တယ်အရသာရှိတာပဲ'

သက်သတ်လွတ်တရုတ်ဘုန်းကြီးက ပြောပြောဆိုဆိုဖြင့်အရက် အိုးကို၊ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ ထိပ်တည့်တည့်သို့ ပစ်ပေါက်ထည့်လိုက်သည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးသည်၊ သက်သတ်လွတ် တရုတ်ဘုန်းကြီးသို့ တစေ့တစောင်းပင် လှည့်မကြည့်ပဲ၊ လျှို ကောင်းနှင့် အမြည်းဝါးယင်း စကားကောင်းနေသည်။

လျှိုကောင်းကလည်း သက်သတ်လွတ် တရုတ်ဘုန်းကြီး ပစ် လွှင့်လိုက်သော အရက်အိုးကိုမမြင်ဟန်ဆောင်နေလိုက်သည်။

'ခွပ်'

ပြင်းထန်သောပေါက်ကွဲသံတခု ပေါ်ထွက်လာသည်။

အရက်အိုးနှင့် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ ခေါင်းတို့ ဂဟေဆက်မိသွားသည့်အသံပင်ဖြစ်၏။

သက်သတ်လွတ်တရုတ်ဘုန်းကြီး ပစ်ပေါက်လိုက်သော အရက် အိုးသည် သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီး၏ ဦးခေါင်းကို ထိမှန် ပြီး အစိတ်စိတ်အမြွာမြွာ ကွဲကြေသွားလေတော့သည်။

အာဂသိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးပါကလား။

သူကဟန်ပင်မပျက်။

အရက်အိုးကြီးက သူ့ခေါင်းသို့ လာရောက်ထိမှန် ကွဲရှသွားသည်ကိုပင် မသိသည့်အလား။

စကားပြောမပျက်။

အရက်သောက်မပျက်။

အမြည်းစားလျက် အေးဆေးတည်ငြိမ်စွာပင် ရှိနေသည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ အပြုံ အမူ ကြောင့် ဝှမ်ဟွမ်း ခံပြင်းသွားသည်။

သူသည် မည်သူကမျှမဖိတ်ခေါ်ပဲလျက် ဧည့်ခန်းတွင်းသို့ ဝင်ရောက်သွားသည်။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးနှင့်လျှုကောင် တို့နှစ်ယောက်ကြားတွင် ဝင်ထိုင်လိုက်သည်။

ပြီးနောက် အရက်ခွက်ကိုဆွဲပြီး သောက်လိုက်သည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး မျက်လုံး ပြူးသွားသည်။

'မင်းကဘယ်သူလဲ'

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက မေးမြန်းလိုက်၏။

ဝှမ်းဟွမ်းက တစုံတရာတုံ့ပြန်မဖြေ။

အရက်ကိုသာဖိ၍ သောက်နေတော့သည်။

လျှုကောင်းကမနေသာတော့ပဲ ကြားဝင်၍ရယ်ရယ်မောမောဖြင့် ပြောလိုက်ရသည်။

'သူကကျုပ်ရဲ့ မိတ်ဆွေပါမိုးကြိုး၊ ဝှမ်ဟွမ်းဆိုတာသူပေါ့'

သိုင်းပြောင်ပြန် တရုတ်ဘုန်းကြီးက ခေါင်းညိတ်လိုက်သည်။





'ဟုတ်လား၊ ဒီလိုဆိုယင် ခင်ဗျားက ကျုပ်ရဲ့မိတ်ဆွေပါပဲ'

သူက သက်သတ်လွတ် တရုတ်ဘုန်းကြီးဘက်သို့ လှည့်ကြည့်လိုက်ပြန်သည်။

'လာပါမိတ်ဆွေ တော်ကြာခင်ဗျားက ကျုပ်ကို အရက်အိုးနဲ့ ထပေါက်နေပါဦးမယ်'

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက ဖိတ်ခေါ်လိုက်ပြန်သည်။

နောက်ဆုံး ကျန်းယို့ တယောက်တည်းသာ ထီးထီးကြီး မတ်ဘတ်ရပ်လျက်ရှိတော့သည်။

'ဒီသူငယ်ကိုလဲ ဖိတ်ခေါ်လိုက်ပါဦး'

လျှုကောင်းက သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးအား တိုက်တွန်းလိုက်ပြန်သည်။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက ကျန်းယို့အား စေ့စေ့ကြည့်ယင်း အကဲခတ်နေသည်။

'သူကကော ဘယ်သူလဲ'

'သူ့နာမည်က ကျန်းယို့တဲ့၊ မနေ့ကမင်းရဲ့တပည့်လေးယောက်ကို ရေထဲ တွန်းချပေးခဲ့တဲ့သူငယ်ပေါ့'

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ မျက်နှာသည် ရုတ်ခြည်းပင် မည်းသွားသည်။

'မင်းက ဘာဖြစ်လို့သူ့ကိုခေါ်လာရတာလဲ'

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက လေသံ မာမာဖြင့် လျှုးကောင်းအား အပြစ်တင်စကား ဆိုလိုက်သည်။

လျှုကောင်းက ပခုံးနှစ်ဖက်တွန့်ပြလိုက်၏။

'ကျုပ်ကခေါ်လာတာမဟုတ်ဘူး၊သူကကျုပ်ကိုခေါ်လာတာ' သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး အံ့ဩသွားသည်။

'သူကဘာ့ကြောင့်မင်းတို့ကို ခေါ်လာရတာလဲ'

'ဒီမှာညမွှေးပန်း တအိမ်မှာတွေ့ခဲ့တယ်ဆိုလို့ လိုက်လာတာပဲ'

လျှုကောင်း၏ စကားကြောင့် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး ဒေါသအိုးပေါက်ကွဲထွက်သွားသည်။

'ဒီကောင်မက ကျုပ်ဆီကိုလာဝံ့ပါ့မလားဗျ၊ စဉ်းစဉ်း စား စားလဲလုပ်ကြပါဦး၊ ရှုပ်ရှုပ်ရှက်ရှက် ပေါက်ကရတွေ လာပြော မနေကြနဲ့'

'ဒါဖြင့် ညမွှေးပန်းဒီမှာမရှိဘူးပေါ့ ဟုတ်လား'

လျှုကောင်းက ဘဝင်မကျဟန်ဖြင့် မေးမြန်းလိုက်ပြန်သည်။

'မရှိဘူးဆိုမှ ဘယ်နှစ်ခါပြောရဦးမလဲ'

လျှုကောင်းရင်မောသွားတော့၏။ သူကသက်ပြင်းတချက်ချ လိုက်ပြီး၊ ဟန်ပါပါဖြင့် ကျန်းယို့ထံသို့ လှမ်း ကြည့်လိုက်သည်။

'မင်းကြားတယ်မဟုတ်လား၊ ဒီအိမ်မှာ ညမွှေးပန်း မရှိဘူး ဆိုပါလား၊ ဘယ့်နှယ်လဲမောင်ရင်'

ကျန်းယို့ မဲ့ပြုံးတချက်ပြုံးလိုက်သည်။

'ကျွန်တော်လဲ မပြောတတ်အောင် ဖြစ်နေပြီ'

ကျန်းယို့က စိတ်ပျက်လက်ပျက်ဖြင့် ပြန်ပြောလိုက်သည်။

'ကဲပါလေ ဒါဖြင့်ယင်လဲ ခင်ဗျားသွားနိုင်ပါပြီ'

လျှုကောင်းက အေးဆေးစွာပင် ပြောလိုက်၏။





ထိုစဉ် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက ဝုန်းကနဲ ထိုင်ရာမှ ထလိုက်၏။

'မင်းမသွားရဘူး'

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက စိတ်ဆိုးမာန်ဆိုးဖြင့်ထ၍ အော်လိုက်သည်။

'မဟုတ်ပါဘူး၊ သူသွားချင်လို့မဟုတ်ပါဘူး၊ ကျုပ်ကသွား ခိုင်းတာပါ'

လျှုကောင်းက ကြားဝင်ပြောလိုက်ရသည်။

သို့သော် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက ကျေနပ်ဟန် မတူ။

'ခင်ဗျားက ဘာဖြစ်လို့ သူ့ကိုပြန်လွှတ်ချင်ရတာလဲ'

'သူက ကျုပ်ရဲ့မိတ်ဆွေဖြစ်လို့ပါ'

'သူကခင်ဗျားရဲ့မိတ်ဆွေဟုတ်လား၊ မိတ်ဆွေမဟုတ်နိုင်ဘူး၊ လူလိမ်တယောက်ပဲဖြစ်မယ်၊ သူကခင်ဗျားကို ပိပိရိရိလိမ်နေတာ'

'မဟုတ်သေးပါဘူး၊သူ့ကို ကျုပ်ကလုံးဝယုံကြည်ပါတယ်၊ ဒါကြောင့် သူသွားလိုရာကိုသွားပါစေတော့'

'အေးကောင်းပြီ၊သူသွားရမယ့်လမ်းက သေလမ်း တလမ်းပဲ ရှိတယ်'

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက လက်သီးကို ကျစ်ကျစ် ပါအောင် ဆုပ်ယင်း ကျန်းယို့ထံသို့ တလှမ်းချင်း တိုးလာသည်။

ကျန်းယို့သည် မည်သည့်အခါမျှ ဒူးမထောက်၊အရှုံးမပေး။

ယခုလည်း၊ သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးရှေ့သို့ တိုးလာသည်ကို တွေ့သော်လည်း၊ တစုံတရာနောက်သို့ဆုတ်ပေးခြင်းမပြု။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးအား မည်သို့ပြန်လည်တိုက်ခိုက်ရမည်ကိုသာ စဉ်းစားနေမိသည်။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးသည်၊ ကျန်းယို့နှင့် လက်တကမ်းအကွာအဝေးအထိ တိုးကပ်လာသည်။

လျူကောင်း၊ ဝှမ်းဟွီးနှင့်သက်သတ်လွတ်တရုတ်ဘုန်းကြီးတို့သည်၊ မှင်သက်မိသည့်အလား မည်သို့ပြုလုပ်ရမည် မသိကြောင်နေကြသည်။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးနှင့် ကျန်းယို့တို့ နှစ်ယောက်သည်တဦးနှင့်တဦး တိုက်ခိုက်ရန်သာ ရှိတော့သည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ စူးရှတောက်လက်သောမျက်လုံးအစုံသည်၊ ကျန်းယို့၏မျက်နှာပေါ်သို့တည့်မတ်စွာစူးစိုက်ကြည့်နေသည်။

သူ၏ စူးရဲသောအကြည့်သည်၊ ဓားသွားထက်ပင် ထက်မြက်လှပေသည်။

သည်စဉ်....။

ရုတ်တရက် လူတယောက်သည် ဧည့်ခန်းအတွင်းသို့ သုတ်သုတ်ပြာပြာ ပြေးဝင်လာသည်။

'ဆရာ၊ ဆရာ၊ ညမွှေးပန်းကို တွေ့ပြီ လှေကြီးထဲမှာပဲ ရှိသေးတယ်ဆရာ'

ထိုလူက ဣန္ဒြေပျက်လောက်အောင်ပင် ပျာယာခတ်နေသည်။





ထိုလူကို၊ ကျန်းယို့ ကောင်းကောင်းမှတ်မိသည်။

ညမွှေးပန်း လှေကြီးပေါ်တွင် ထိပ်တိုက်တွေ့ခဲ့သော ထိပ်ပြောင်ပြောင်နှင့် လူကြီးပင်ဖြစ်သည်။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီး ချက်ချင်းပင် အာရုံပြောင်းသွားတော့သည်။

'ညမွှေးပန်းဟုတ်လား၊ ဒီကောင်မ အခုဘယ်မှာလဲကွ'

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက အယင်စလိုမေးမြန်းလိုက်သည်။

ထိပ်ပြောင်ပြောင်နှင့်လူကြီးက ပြတင်းပေါက်ဘက်သို့ လှည့်၍ လက်ညှိုးထိုးပြလိုက်၏။

'ဟို၊ ဟိုရေအိုင်အလယ်က လှေကြီးပေါ်မှာပါဆရာ'

ဟုတ်သည်။

အနောက်ရေအိုင်ကြီး၏အလယ်တွင်၊ တည်းခိုခန်း လှေကြီးတစင်းသည်၊ဦးတည်ရာမဲ့ လှုပ်ရှားရွေ့လျားလျက်ရှိသည်။

အနောက်ဘက်ရေအိုင်ထဲတွင်အပန်းဖြေထွက်ကြသောလှေကြီးလှေငယ်အသွယ်သွယ်ဖြင့် အထူးပင်စည်ကားလျက်ရှိသည်။

အပျော်စီးလှေငယ်ကလေး များသည်၊ ရေအိုင်အတွင်း၌ လူးလားခတ်သွားလာနေကြသည်။

သို့သော် ယင်းတည်းခိုခန်းလှေကြီးအနီးသို့မူ မည်သည့်လှေကြီးလှေငယ်မျှကပ်မသွား၊ တည်းခိုခန်းလှေကြီးသည် အနှောင့်အယှက်ကင်းကင်းဖြင့် ထီးထီးမားမား တရွေ့ရွေ့မျောပါလျက်ရှိသည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးသည် ပြတင်းပေါက်မှတဆင့်အပြင်ဘက်ရေအိုင်ဆီသို့ တချက်လှမ်းမျှော် ကြည့်လိုက်သည်။

ပြီးနောက် သူက ဒေါမာန်ပါပါဖြင့် ခေါင်းတချက် ဆတ်လိုက်ပြီး အိမ်ဆောင်တွင်းမှ ဗြုန်းစားကြီး ပြေးထွက်သွားသည်။

ကျန်းယို့၊ လျူကောင်း၊ ဝှမ်းဟွှီးနှင့် သက်သတ်လွယ်တရုတ်ဘုန်းကြီးတို့ကလည်း နောက်မှပြေးလိုက်သွားကြလေတော့သည်။

* * *



အခန်း (၇)

အနောက်ဘက်ရေအိုင်တွင်း၀ယ်၊ လှေငယ်ကလေးများသည် ဥဒဟိုလှော်ခတ်သွားလာနေကြသည်။

အပျော်စီး အပန်းဖြေလှေကလေးများသာဖြစ်သည်။

ထိုလှေများနှင့်သွေဖည်လျက် ရေလယ်တွင် ထီးထီးမားမား ရှိ‌နေသော တည်းခိုခန်းလှေကြီးအနီးသို့မူ မည်သည့်လှေများကမျှ အနားသို့ပင်ကပ်မသွား။

မသိလိုက်မသိဘာသာ ဥပေက္ခာပြုနေကြသည်။

ထိုစဉ်….။

လှေငယ်တစင်းအရှိန်ပြင်းစွာဖြင့် ရေအိုင်အလယ်သို့ လှော်ခတ်ပြေးထွက်လာသည်။

လှေငယ်သည် အရှိန်အဟုန်ပြင်းစွာဖြင့် လှော်ခတ်လျက်ရှိပြီး၊ ရေအိုင်အလယ်မှ တည်းခိုခန်းလှေကြီးဆီသို့ ဦးတည်လှော်ခတ်နေခြင်းဖြစ်သည်။

လှေကလေး၏ဦးပိုင်းတွင် ကြီးမားတုတ်ခိုင်သော ကိုယ်လုံးကိုယ်ထည်ရှိသည့် လူကြီးတယောက်သည် ခါးထောက်လျက်ရပ်နေသည်။

သူ၏ စူးရှတောက်ပြောင်သော မျက်လုံးအစုံသည်၊ ရေလယ်မှ တည်းခိုခန်းလှေကြီးဆီသို့ မမှိတ်မသုန် စူးစိုက်ကြည့်နေသည်။

ထိုသူသည် အဝါရောင်ဝတ်စုံနှင့် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးပင်ဖြစ်သည်။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးဆိုသော်လည်း၊ တရုတ်ဘုန်းကြီးဘဝမှ လူထွက်ထားပြီးဖြစ်သည်။

ရှောင်လင်ဘုန်းတော်ကြီးကျောင်းကို ပုန်ကန်၍ ယခုကဲ့သို့ထွက်လာခဲ့ခြင်းဖြစ်သည်။

သို့သော် သူ့အား အများတကာကသိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးဟူ၍ပင် ကင်ပွန်းတပ်ခေါ်နေကြသည်။

လှေကလေးသည် တည်းခိုခန်းကြီးဆီသို့ တရိပ်ရိပ်ပြေးလွှားနေသည်။





လှေကလေး၏ဝမ်းထဲတွင် ကျန်းယို့ လျှိုကောင်း၊ ဝှမ်းဟွီးနှင့် သက်သတ်လွတ်တရုတ်ဘုန်းကြီးတို့သည် ထိုင်လျက် လိုက်ပါလာခဲ့သည်။

လှေကလေးသည် တည်းခိုခန်းလှေကြီးနှင့် ဝါးတရိုက်ခန့်အကွာသို့ ရောက်ရှိသည်နှင့်သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးကစတင်လှုပ်ရှားလိုက်သည်။

သူ၏ခြေတဘက်ကို အသာအယာကွေးညွတ်လိုက်ပြီး ရုတ်တရက်ဆန့်ထုတ်လိုက်သည်။

ကြီးမားတုတ်ခိုင်သော သူ၏ကိုယ်ခန္ဓာကြီးသည် အထက်လေထုထဲသို့ ဝှီးကနဲမြောက်တက်သွားလေသည်။

လေထုထဲတွင် သူ၏ခန္ဓာကိုယ်က တပတ်ကျွမ်းထိုး၍ ဆန့်ထုတ်လိုက်ရာ တည်းခိုခန်းလှေကြီးပေါ်သို့ ကြီးမားသောကိုယ်ခန္ဓာကြီးသည် စွေ့ကနဲရောက်ရှိသွားလေတော့သည်။

ကောင်းလိုက်သည့် ကိုယ်ဖော့ပညာ။

ကောင်းမှကောင်း၊ အလွန်ကောင်းသည့် ကိုယ်ဖော့ပညာပါတကား။

အနီးအနားမှ ထိုအချင်းအရာကို တွေ့မြင်လိုက်ရသော လှေကြီးလှေငယ်များပေါ်မှ လူများကပင် 'ဟာ'ကနဲ အာမေဍိတ်သံများ ပေါ်ထွက်လာခဲ့သည်။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီး၏ ကိုယ်ဖော့ပညာကို ဝိုင်း၍ အံ့သြမကုန် ချီးကျူးကြကုန်သည်။

သည့်နောက်တွင် ကျန်းယို့ကလည်း ခြေဖျားတချက်ထောက်၍ ဆောင့်ခုန်လိုက်သည်။

သူ၏ကိုယ်ခန္ဓာသည် လေအတွင်းသို့ ဖေါ့ဖတ် ကလေး နှယ် ပေါ့ပါးမြင့်မား စွာ တိုးတက်သွားသည်။

လေထဲတွင် ကျန်းယို့က တပတ်ကျွမ်းထိုးလိုက်ရာ တည်းခိုခန်း လှေကြီးပေါ်သို့ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးနည်းတူ ဇွေ့ကနဲ ရောက်ရှိသွားသည်။

‘တော်တယ်၊ မင်းတို့ရဲ့ကိုယ်ဖေါ့ပညာဟာ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးထက် မညံ့ပါဘူး’

လျှုကောင်းက လွှတ်ကနဲချီးကျူးလိုက်သည်။

ယိုစဉ် လှေငယ်ကလေးသည် လှေကြီးနှင့် အလွန်ပင် နီးကပ်သွားပြီဖြစ်သည့်အတွက်၊ လျှုကောင်း ဝှမ်ဟွီးနှင့် သက်သတ်လွှတ်တရုတ်ဘုန်းကြီးတို့သည်အလွယ်တကူပင်လှေပေါ်သို့ ခုန်ကူးလိုက်ကြသည်။

သူတို့အားလုံး လှေကြီး၏အခန်းဝသို့အရောက်တွင် ခြေလှမ်းများ တုံ့ကနဲရပ်တန့်သွားသည်။

အကြောင်းသော်မူ တွေ့လိုက်ရသည့်မြင်ကွင်းက တုန်လှုပ်စရာ ရက်စက်လိုက်သည့်ဖြစ်ခြင်း၊။

အခန်းနံရံတွင် ဖြူဖွေးသောစက္ကူများဖြင့် သန့်ရှင်းစွာ ကပ် ထားသည်။

ထိုစက္ကူဖြူများပေါ်တွင် သွေးစိမ်းရှင်ရှင်တို့က အလိမ်းလိမ်း ပေကျံနေတော့သည်။





အခန်း၏အလယ်ဗဟို နံရံတွင် လူတယောက်သည် တောင့်တောင့်ကြီးမှီရပ်လျက် သေနေလေသည်။

သူ၏ရင်ဝတွင် ဓားတလက်က စိုက်ဝင်နေသည်။

စိုက်ဝင်နေသည့်ဓားမှာ ကျောက်စိမ်းဓားတလက် ဖြစ်သည်။

ကျောက်စိမ်းဓား၏လက်ကိုင်တွင် ပန်းရောင် ပဝါတထည်ကိုပင် ချည်နှောင်ထားလိုက်သေးသည်။

လေအဝှေ့တွင် ဓားရိုးတွင် ချည်နှောင်ထားသောပဝါစသည် တလူးလူး လေတွင်လူးလွန့်လှုပ်ရှားလျက်ရှိသည်။

ထိုလူ၏တကိုယ်လုံးတွင် သွေးကွက်များဖြင့် အလူးလူးအလိမ်းလိမ်းဖြစ်နေသည်။

ဦးခေါင်းမှာမူ အောက်စိုက်၍ ဇက်ကျိုးကျနေသည်။

မျက်နှာတွင်မူ ဒဏ်ရာများပြည့်နှက်နေပြီး မူရင်းရုပ်ကို ဖမ်းမရလောက်အောင်ပင် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။

ရင်ဝတွင် ဓားစိုက်၍သေနေသူ၏ အဝတ်အစားများမှာအဆင့်အတန်းမြင့်မြင့် သပ်ရပ်စွာ ဝတ်ဆင်ထားသည်။

ထိုလူသေအလောင်းကိုကြည့်ပြီး လျှုကောင်းသည် အကြီးအကျယ်ပင်မျက်နှာပျက်သွားတော့သည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက ရင်ဝမှဓားကို ဆွဲနုတ်လိုက်သည်။

‘ဟယ် တယ်ကောင်းတဲ့ဓားပါလား’

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက အသံ ဩဩဖြင့် ကျယ်လောင်စွာ ချီးကျူးစကားပြောလိုက်သည်။

လူအားလုံး၏မျက်လုံးများသည် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ လက်ထဲမှ ကျောက်စိမ်းဓားဆီသို့ ရောက်ရှိသွားသည်။

ပြီးလျှင် အားလုံးကပင် ပြိုင်တူ ခေါင်းညိတ်လိုက်ကြသည်။

'ဟုတ်တယ်၊ ဓားကောင်းသလို အဖိုးတန်ဓားတလက်ပါပဲ'

ဝှမ်ဟွမ်းက မှတ်ချက်ချလိုက်သည်။

သို့သော် ကျန်းယို့၏မျက်နှာသည် ကွက်ကနဲပျက်သွားတော့သည်။

မှန်သည်။

ယင်းကျောက်စိမ်းဓားသည် ယမန်နေ့က ညမွှေးပန်းက သူ၏အိတ်ဘင်းမှ နှိုက်ယူထားလိုက်သော ဓားတလက်ပင် ဖြစ်သည်။

ယင်းကျောက်စိမ်းဓားသည် ပုလဲကျေးရွာမှ သိုင်းဆရာကြီးထံ ပေးအပ်ရမည့် မိသားစုပိုင် ဘိုးဘွားလက်ထက်က ကျောက်စိမ်းဓားပင်ဖြစ်သည်။

ဓားရိုးတွင်'ကျန်း'ဟူသောထွင်းစာလုံးအမှတ်အသားပင် ပါရှိသေးသည်။

'ဟောသည့်ဓားက ဘယ်သူ့ဓားဆိုတာ သိကြရဲ့လား'

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက ဝှမ်းဟွမ်းဘက်သို့ လှည့်၍ မေးမြန်းလိုက်သည်။

ဝှမ်ဟွမ်းက ခေါင်းခါပြလိုက်၏။

'ဘယ်သိမှာလဲ၊ခင်ဗျားကောသိသလား'

ဝှမ်းဟွမ်းက ပြန်လည်မေးမြန်းလိုက်သေးသည်။





သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက ကျန်းယို့ဘက်သို့ လှည့်၍ ကြည့်လိုက်ပြန်သည်။

သူ၏မျက်လုံးအစုံသည် တလက်လက် တောက်ပြောင်လှသည်။

'ဒီဓားပိုင်ရှင် မင်းကောသိသလား'

ကျန်းယို့က ခေါင်းညိတ်ပြလိုက်သည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက ပခုံးတချက် တွန့်လိုက်၏။

ပြီးနောက် ကျန်းယို့အား စူးစူးစိုက်စိုက်ကြည့်လိုက်ပြန်သည်။

'သူ့ကိုကောသိသလား'

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက ဓားဒဏ်ရာဖြင့် သေနေသော လူငယ်တယောက်အား ညွှန်ပြယင်း မေးမြန်းလိုက်သည်။

ကျန်းယို့သည် သေဆုံးနေသော လူငယ်ကို တချက်စူးစိုက်အကဲခတ်ကြည့်လိုက်သည်။

သေသူ၏အဝတ်အစားများသည် သစ်လွင်၍ အထက်တန်းကျလှသည်။သို့အတွက် အနှီလူငယ်သည် အထက်တန်းစား မိသားစုမှ ပေါက်ဖွားလာသော လူငယ်တယောက်ပင်ဖြစ်ပေမည်။

သို့သော် ထိုလူငယ်ကို ကျန်းယို့မသိသည်မှာ အမှန်ပင် ဖြစ်သည်။

ထို့ကြောင့်ကျန်းယို့က ခေါင်းခါပြလိုက်သည်။

'ကျွန်တော် သူ့ကိုမသိဘူး၊ တွေ့တောင်မတွေ့ဖူးဘူး'

ကျန်းယို့၏စိတ်တွေသည် လှုပ်ရှားနေသည်။

ယခုမှပင် သူကရိပ်စားမိတော့သည်။

ကျန်းယို့သည် လျှုကောင်း၏မျက်နှာကို ဖြတ်ကနဲတချက် လှမ်းကြည့်လိုက်သည်။

သိလိုက်ပြီ။

သေသူသည် လျှုကောင်း၏သားပင်ဖြစ်မည်ကို ကျန်းယို့ရိပ် စားမိသွားသည်။

ထို့အတွက် ကျန်းယို့၏ရင်သည် တလှပ်လှပ်ခုန်လာရှိတော့ သည်။

ထိုစဉ်မှာပင် သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက၊ စူးရှတောက် ပြောင်သော မျက်လုံးများဖြင့် ကျန်းယို့ကို စူးစူးစိုက်စိုက် ကြည့်နေပြန်သည်။

'မင်းဒီကိုရောက်လာတာဟာ၊ ပုလဲကျေးရွာကို သွားဖို့ရောက် လာတာမဟုတ်လား'

ကျန်းယို့က နှုတ်ဖြင့်မဖြေ၊ ခေါင်းကိုပင် ညိတ်ပြလိုက်သည်၊

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက အကြောင်းမရှိအကြောင်း ရှာပြီး ခြောက်ကပ်ကပ်ရယ်မောလိုက်သည်။

'လျှုကောင်းရဲ့သား၊ လျှုရှောင်ယင်းဟာ ပုလဲကျေးရွာ မင် လာပွဲသွားမယ့် လူငယ်တယောက်၊ မင်းနဲ့မြိုင်ဖက်ဖြစ်တယ် ဆိုတာ မင်းက သိထားတယ်မဟုတ်လား'

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက တရားစစ်မေးနည်းကာ စစ်မေးနေပြန်သည်။

ကျန်းယို့ စိတ်ပျက်သွားမိသည်။





အမှန်စင်စစ်သော်၊ လျှုကောင်း၏သား လျှု ရှောင်ယင်အား ခရီးမထွက်မီကပင် သူ၏ဖခင် ပြောပြချက်အရ၊ နာမည်များကို ကြားဖူးနားဝရှိခဲ့ဖူးသည်။ မှန်အမှန်ပင်ဖြစ်သည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက ဆက်၍ မေးမြန်းပြန် သည်။

'မင်းက၊ မင်းနဲ့မြိုင်ဘက် လျှုရှောင်ယင်းကို စောစောစီး စီးက သုတ်သင်ရှင်းလင်းပစ်လိုက်တာပဲမဟုတ်လား'

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက ပြောင်ပြောင်တင်းတင်း ပင်စွပ်စွဲပြောကြား လိုက်သည်။

ကျန်းယို့၏မျက်လုံးအစုံသည် တောက်လက် ပြူးကျယ်သွား သည်။

သည်တကြိမ်တွင်မူ ကျန်းယို့ကငြိမ်၍မနေတော့။

သူက ပြာပြာသလဲ၊ လက်ကာပြယင်း ငြင်းပယ်လိုက်သည်။

'အို၊ ခင်ဗျားဟာ လူကြီးတယောက်ပါ၊ ဒီလိုမကောက်ကျစ် ချင်ပါနဲ့၊ ကျုပ်ဟာ သူ့ကိုမြင်တောင် မမြင်ဖူးပါဘူးဗျ'

ကျန်းယို့က ဒေါသသံနှော၍ ပြန်လှန်ပြောဆို ငြင်းပယ်လိုက် သည်။

ဒေါသလည်း ဖြစ်မိသွား သည်။

သိုင်းပြောင်းပြ ် တရုတ်ဘုန်းကြီးက မဲ့ပြုံးတချက် ပြုံးလိုက် သည်။

'လူသတ်တယ်ဆိုတာဟာ၊ သတ္တိရှိလို့ကွ၊ မင်းက သူများသား သမီးကိုတော့ သတ်ရဲတယ်၊ ဝန်မခံရဲဘူးလား'

ကျန်းယို့ ဒေါသထွက်သွားသည်။

သို့သော် လူသည် စိတ်ကို သတိနှင့်ယှဉ်၍ ပြန်ထိန်းထားလိုက်သည်။

'ခင်ဗျားဟာ အရည်အချင်းမရှိတဲ့ လူကြီးတယောက်၊ ကျုပ်က သတ်ယင်သတ်တယ်ပြောမှာပေါ့၊ခင်ဗျာ ကိုတောင် မကြောက်လို့ အခုခင်ဗျာ နောက်လိုက်လာတယ်မှတ်၊ ကျုပ်ကလူငယ်၊မလိမ်ဘူး၊ လိမ်တယ်ညာတယ်ဆိုတာက ခင်ဗျား၊ ခင်ဗျားက ကိုယ့်အပြစ် သူများပေါ် လွှဲချဖို့ကြံနေတာ၊ သူရဲဘောကြောင်တဲ့လူကြီးတယောက်ပဲ'

ကျန်းယို့က စိတ်ကိုမထိန်းနိုင်တော့ပဲ၊သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးအားပြစ်ပြစ်ခါခါဒေါသအလျောက်ပြောချလိုက်သည်။

သိုင်းပြောင် ပြန် တရုတ်ဘုန်းကြီး ရှက်ရမ်းရမ်းပြီး တဟားဟား ရယ်မောလိုက်သည်။

'နို့၊ ဒီဓားက မင်းရဲ့ဓားမဟုတ်ဘူးလား'

'ဟုတ်တယ်၊ ဒါပေမယ့်ကျုပ်သတ်တာမဟုတ်ဘူး၊ ကျုပ်က ညမွှေးပန်းနဲ့ခင်ဗျားကို လိုက်ရှာနေထဲ့လူ၊ ခင်ဗျားတို့နဲ့စာရင်းရှင်းဖို့ရှာတာ၊ ကျုပ်သတ်ခြင်းသတ်ယင် ခင်ဗျားကိုပဲ သတ်မယ်၊ ကျုပ်မသိတဲ့လူတယောက် ဘာရန်ညှိုးမှမရှိတဲ့ လူတယောက်ကို ကျုပ်က ဘယ်တော့မှမသတ်ဘူး'

ကျန်းယို့က ခံပြင်းစွာ အော်ဟစ်ပြောဆိုလိုက်သည်။

'ဟဲ....ဟဲ....ဟဲ'





သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက အေးစက်စွာရယ်မောလိုက်သည်။

'ငါကတော့ ဟောဒီဓားနဲ့ လူသတ်သမားကို ပြန်ပြီး ကလဲ့စားချေရတော့မှာပဲ'

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက၊အော်ဟစ်ကြိမ်းဝါးလိုက်သည်။

ကျန်းယို့က ကြောင်အမ်းအမ်းဖြင့် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးအား လှမ်း၍အကဲခတ်ကြည့်လိုက်သည်။

'ဟား ဟား ဟား ကဲသာပြီ'

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးသည် လက်ထဲမှကျောက်စိမ်းဓားဖြင့် ကျန်းယို့၏ရင်စို့သို့ ထိုးချလိုက်သည်။

ကျောက်စိမ်းဓားသည် အထူးပင်ထက်မြက်သော ဓားဖြစ်သည်။

အတွင်းအားနှင့် သိုင်းပညာကို ထိပ်တန်းကျကျ မတတ်ကျွမ်းပါက ယင်းဓားကို မည်သို့မျှမကိုင်တွယ်နိုင်။

ယခုမူ ဓားရောင်များသည် တဖျပ်ဖျပ်ဝင်းလက်သွားသည်ကို ကြည့်ရုံဖြင့် အဆင့်အတန်းအလွန်မြင့်မားသူတယောက်ဖြစ်သည်ကို အလွယ်တကူပင်သိနိုင်၏။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး ရုတ်တရက်လှုပ်ရှားတိုက်ခိုက်မှုကြောင့် ကျန်းယို့အံ့အားသင့်သွားသည်။

'ဟော့ ဒီမှာ ခင်ဗျားလူမှားနေပြီ'

ဓားချက်ကလျှင်မြန်သော်လည်း ကျန်းယို့၏လှုပ်ရှားမှုက ပို၍လျှင်မြန်နေသည်။

ကျန်းယို့ လျှပ်တပြက်နည်းဖြင့် နောက်သို့ ခုန်ဆုတ်ရှောင်ပေးလိုက်သည်။

သိုင်းပြောင်းပြန်၏ဓားသည် လေကိုသာ ဝှီးကနဲ ထွင်းဖောက်သွားတော့သည်။

ကျန်းယို့သည် စကားပြန်ပြောယင်း သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီး၏တိုက်ကွက်ခုနင်ကွက်ကို ရှောင်တိမ်းပေးလိုက်နိုင်သည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ဓားချက် ခုနစ်ချက်စလုံးသည်လွဲချော်သွားသည်။

သူသည် ဒေါသထွက်လာတော့သည်။

သို့သော် လှေကြီးပေါ်မှ အခန်းတွင်း၌ တိုက်ခိုက်နေခြင်းဖြစ်သည့်အတွက်၊ အရှောင်အတိမ်းလုပ်၍မလွယ်၊ နေရာက ကျဉ်းမြောင်းလှသည်။

ကျန်းယို့သည် ကိုယ်ဖော့ပညာရပ်တွင် သူမတူအောင်ပင်တော်စွမ်းသူတယောက်။

သို့တစေ၊ နေရာမှာကျဉ်းမြောင်းနေသဖြင့် ကိုယ်ဖော့ပညာကိုမည်သို့မျှ အသုံးမချနိုင်အောင်ပင်ရှိသည်။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက နည်းနည်းကလေးမှမညှာတာ တရကြမ်းအတင်းဇင်၍ ထိုးခုတ်နေသည်။

သူ၏သိုင်းကွက်များသည် တကွက်ထက်တကွက် ပို၍ဆန်းပြား





လာသလို ဓားချက်ကလည်း တချက်ထက်တချက် ပို၍ လျှင်မြန်ထက်မြက်လာသည်။

တော်သေးသည်။

လျှုကောင်က သိုင်းပြောင်းပြန်ဘုန်းကြီးဘက်မှ ဝင်ရောက်ကူညီတိုက်ခိုက်ခြင်းမရှိမဲ၊ ရပ်ကြည့်နေသေးသဖြင့် တော်သေးသည်ဟု အောက်မေ့ရသည်။

သို့တစေ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ ဓားချက်များသည် တစထက်တစ ထက်မြက်လျှင်မြန်လာသည်။

သူ၏သိုင်းပညာသည် ရှောင်လင်ဘုန်းတော်ကြီးဘဝက ရှောင်လင်ကျောင်းမှ တတ်မြောက်လာခြင်းဖြစ်သည်။

ထို့ကြောင့် ရှောင်လင်ကျောင်း ထိပ်တန်းဓားကွက်ကို ရှောင်နိုင်သူရှားသည်။

သည်ကြားထဲ နေရာကလဲ ကျဉ်းမြောင်းလှသည်။

လျှင်မြန်စွာ ရှောင်တိမ်းနိုင်သော ပညာကိုလည်း အသုံးချ၍မရ။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ တိုက်ကွက် ကလည်းပို၍ပင်ပြင်းထန်လာသည်။

လှေကြီး၏ အခန်းကျင်း၌ ဓားရောင်သည် လျှပ်ပစ်သကဲ့သို့ တဝင်းဝင်းတလက်လက်ဖြစ်နေသည်။

ကျန်းယို့သည် လက်နက်မဲ့ဖြစ်နေသည်။

ကျန်းယို့ကဲ့သို့လက်နက်မဲ့သူတယောက်ကို၊ သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးသည်၊ ဓားကိုင်၍ အနိုင်အထက် တိုက်ခိုက်နေသည်။

ကျွန်းယို့သည် တွေ့ရာကုလားထိုင်နှင့် ခုံများကိုယူ၍ ခုံခံနေရရှာသည်။

ဝှမ်းဟွ ီးက သက်ပြင်းချလိုက်သည်။

'ဒီကောင်လေးက တကယ်ရိုးသားတဲ့ လူငယ်တယောက်၊ သူသတ်တာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'

ဝှမ်းဟွ ီးက သူ၏ထင်မြင်ချက်ကို ပြောလိုက်သည်။

လက်တဘက်ပြတ်၊ သက်သတ်လွှတ်တရုတ်ဘုန်းကြီးက ခေါင်းခါလိုက်သည်။

'ဒါပေမယ့် သက်သေခံဓားနဲ့ မိနေတော့ အစဉ်းစားရ ကျပ်တယ်ဗျာ'

'ဘယ်လိုပြောလိုက်တာလဲ၊ မင်းပြောတာက ကျော ာက်စိမ်းဓားကို ပြောနေတာလား'

'ဟုတ်တယ်၊ သူပိုင်ဓားက ရင်ဝမှာစိုက်နေတာ ကြည့်လေ၊ ဘယ်သူမယုံပဲရှိပါ့မလဲကွ'

ဝှမ်းဟွ ီးက ခေါင်းခါလိုက်သည်။

'မဟုတ်သေးဘူး၊ ခင်ဗျား စဉ်းစား ကြည့်စမ်းပါဦး.... နည်းနည်းကလေး ဦးနှောက်သုံးပြီး စဉ်းစားယင် သိနိုင်ပါတယ်.... တကယ်လို့ ဓားရှင်က လူတယောက်ကိုသတ်ပြီး သူ့ရဲ့ဓားကို သက်သေခံအဖြစ် ဒီအတိုင်းရင်ဝမှာပဲ စိုက်ထားခဲ့မလား'

လက်တဖက်ပြတ် သက်သတ်လွှတ်တရုတ်ဘုန်းကြီး ငိုင်တွေသွားတော့သည်။





'အေး....ဟုတ်တယ်၊ ခင်ဗျားပြော တာလဲဖြစ်နိုင်တယ်၊ သဘာဝလဲကျပါတယ်'

ထိုတချိန်တွင် ကျွန်းယို့နှင့် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးတို့၏တိုက်ပွဲမှာ အထွတ်အထိပ်သို့ရောက်ရှိလာလေပြီ။

ကျွန်းယို့သည် တဖြည်းဖြည်း ဖြင့် ရှောင်တိမ်းရန် နယ်မြေကျဉ်းမြောင်းလာသည်။

အခန်းတွင်းရှိ စားပွဲကုလားထိုင်များမှာလည်း သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီး ဓားချက်ကြောင့် ရစရာမရှိအောင်ပင် ကျိုးပဲ့ပျက်စီးကုန်လေပြီ။

ခက်ပြီ။

ကျွန် ယို့ ရှောင်တိမ်းစရာ နေရာမရှိတော့။

ချောင်ပိတ်မိနေတော့သည်။

မလှုပ်သာ၊ မလွန့်သာ၊ မလူးသာဖြစ်နေသည်။

ကျွန်းယို့၏အခြေအနေ ဆိုးလေပြီ။

ဤတွင် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးသည် ရက်စက်လှသည်။ ရရှိသောအခွင့်အရေးကို လက်မလွှတ်တမ်း အသုံးချလိုက်သည်။

ဘိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးသည် သုံးချက်တိတိ ဆက်တိုက် ဓားဖြင့်တိုက်ခိုက် လိုက် ပြီး။

ကျွန်းယို့သည် အခန်းထောင့်တွင် မလှုပ်နိုင်အောင် ပိတ်မိနေသည်။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးသည် ရှေ့သို့အပိုင် တိုးသွားသည်။

'ဟား....ဟား....ဟား....မင် ပြေးနိုင်သေးလား'

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ အောင်ပွဲခင်သည့် ရယ်မောသံကြီးသည် အခန်းတခုလုံး ပွင့်ထွက်သွားတော့ မတတ်ပင် ကျယ်လောင်လှသည်။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီး၏ ဓားကိုင်လက် အထက်သို့ မြောက်တက်သွားသည်။

'သေပေတော့....'

သူ၏ ကြီးမားတုတ်ခိုင်သော ဓားကိုင်လက်က ကျွန်းယို့၏ လည်ကုပ်ဆီသို့ အပိုင်ခုတ်ချလိုက်သည်။

'ဝှန်း....'

လှေကြီးသည် တစုံတခုနှင့်တိုက်မိပြီး တုန်ခါလှုပ်ယမ်း သွားတော့၏။

တိုက်မိသည့်အရှိန်မှာ ပြင်းထန်လှသည့်အတွက် လှေ၏အခန်းတွင်းမှ ဓားမြှောင်ကိုင်လျက်သား နှင့် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးသည် နောက်သို့ယိမ်းယိုင်သွားတော့၏။

တကယ်တော့ အစိမ်းရောင်ဝတ်စုံနှင့် လူငယ်တယောက်က လှေတစင်းဖြင့် လှေကြီး၏ခါးလယ်သို့ ဝင်ရောက်တိုက် လိုက်ခြင်း ကြောင့်ပင် ဖြစ်၏။

တချိန်တည်းမှာပင် အစိမ်းရောင်ဝတ်စုံနှင့် လူငယ်သည် လှေ ကြီးပေါ်သို့ ပေါ့ပါးစွာ ခုန်ဝင်လာသည်။





ဤသည်ကို သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက လှစ်ကနဲတွေ့ မြင်လိုက်သည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ အာရုံသည် လှေပေါ်သို့ ရောက်ရှိလာသော အစိမ်းရောင်လူငယ်ထံသို့ ရောက်ရှိသွားသည့် တခဏအတွင်းဝယ်၊ ကျွန်းယို့က အချိန်အခါနှင့် အခွင့်အရေးကို အမိအရ အသုံးချလိုက်သည်။

ကျွန်းယို့သည် ကိုယ်ကို ဆတ်၍ခုန်လိုက်သည်။

သူ၏ကိုယ်ခန္ဓာသည် ပြတင်းပေါက်မှ ထိုးဖောက် ထွက်သွား သည်။

လေထဲတွင် ကျွမ်းတပတ်ထိုးပ လိုက်ရာ ရေထဲဝုန်းကနဲထိုးကျ သွားလေတော့သည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးသည် ကျွန်းယို့ လွတ်ထွက် သွားသည်ကိုတွေ့မြင်ပြီး ဒေါသထွက်သွားသည်။

သူက ခြေတဖက်ကိုစောင့်လိုက်ပြီး အစိမ်းရောင် လူငယ်ထံသို့ ဒေါသတကြီးဖြင့် ခုန်ထွက်သွားသည်။

'ဟိတ်....ဘယ်သူလဲဟေ့'

သိုင်းပြောင်း ပြန်တရုတ်ဘုန်းကြီးက ကျယ်လောင်စွာ အော် ငေါက် မေးမြန်းလိုက်သည်။

တစိမ်းရောင်လူငယ်က သွာ ကလေးများပေါ်အောင်ပင် ပြုံး ပြလိုက်သည်။

ပြီးလျှင် သူ၏လက်တဖက်ကို ရုတ်တရက်ဝှေ့ယမ်းလိုက်သည်။

အစိမ်းရောင်တန်းတခု ပြေးထွက်သွားသည်။

ယင်းစိမ်းရောင်တန်းသည် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး ထံသို့ တန်းတန်းမတ်မတ် ပြေးဝင်သွားတော့၏။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးသည် ကြောင်အမ်းသွားပြီး မတိုးသာ မဆုတ်သာ ဖြစ်သွားသည်။

သူက နေရာမှမရွေ့လျားနိုင်တော့ပဲ ပြေးဝင်လာသော အစိမ်းရောင်အလင်းတန်းကို ခါးဖြင့်ဖွေ့ယမ်း ဖယ်ရှားပစ်လိုက်သည်။

'ထန်း....ထန်း....'

အလင်းတန်းသည် ကျောက်စိမ်းခါးနှင့် ထိခိုက်မိပြီး ဘေးသို့ လွင့်စင်ထွက်သွားသည်။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီး ဒေါသထွက်သွားသည်။

ထို့ကြောင့် တဆက်တည်းပင် အစိမ်းရောင်လူငယ်အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီး အနည်းငယ်နောက်ကျသွားသည်။

'ဟိတ်....'

အစိမ်းရောင်လူငယ်က သတိပေးဟန်ဖြင့် အော်ဟစ်သတိပေးရန်၊ သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးထံသို့ ခုန်ဝင်လိုက်သည်။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက အထိတ်တလန့်ဖြစ်သွားပြီး ကိုယ်ကို ဘေးသို့တိမ်း၍ရှောင်လိုက်သည်။

မမျှော်လင့်ပဲ အတိုက်ခံလိုက်ရသည့်အတွက် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ကိုယ်သည် အနည်းငယ်ယိမ်းယိုင်သွားသည်။





ထိုစဉ်မှာပင် လျင်မြန်သွက်လက် ထက်မြက်လှသော အစိမ်းရောင်လူငယ်က သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီး၏ လက်တွင်းမှ ကျောက်စိမ်းခါးကို ဖြတ်ကနဲလုယူလိုက်သည်။

အစိမ်းရောင်လူငယ်သည် အချိန်ဖြုန်းမနေတော့၊ ကျောက်စိမ်းခါးကို ကျစ်ကျစ်ဆုပ်ကိုင်ပြီး ရေထဲသို့ ခုန်ချထွက်ပြေးသွားလေတော့သည်။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးသည် မှင်တက် မိသွားသည့် အလား၊ မလှုပ်မယှက် ကြောင်၍ရပ်ကြည့်နေမိသည်။

ထိုအချိန်တွင် အစိမ်းရောင် ဝတ်ဆင်ထားသော လူငယ်သည် ပျောက်ကွယ်သွားလေပြီ။

ရေပေါ်သို့ပင် တချက်ကလေးမှ ပြန်လည်ပေါ်လာခြင်းမရှိ။

ရေထဲခုန်ချ၍ ဖြစ်ပေါ်လာသောရေလှိုင်းငယ်ကလေးများပင် ပြန်လည်ငြိမ်သက်သွားလေပြီ။

'တောက်'

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက ခံပြင်းစွာဖြင့် တောက်တချက်ခေါက်လိုက်သည်။

သူခံလိုက်ရသည့်အတွက် အရှက်ကြီးရှက်နေသည်။

ထို့ကြောင့် သူက လက်တဖက်ပြတ်၊ သက်သတ်လွတ်တရုတ်ဘုန်းကြီး၏ ရင်ဝမှ အင်္ကျီစကို ဒေါသတကြီးဖြင့်ဖမ်း၍ဆွဲလိုက်သည်။

'ဒီကောင်က ဘယ်သူလဲ'

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက ဒေါသတကြီးဖြင့် မေး
မြန်းလိုက်သည်။

သူ၏မျက်နှာတခုလုံး နီရဲနေတော့သည်။

လက်တဘက်ပြတ် သက်သတ် လွှတ်တရုတ်ဘုန်းကြီးကမူအေး
အေးစွာပင်အဖြေပေးလိုက်သည်။

'ဘယ်သိမှာလဲ၊ တနေ့တော့ သိရမှာပေါ့'

သိုင်း ပြောင်း ပြန် တရုတ်ဘုန်းကြီးက အံကြိတ်လိုက်သည်။

ပြီးနောက် ခံပြင်းဟန်ဖြင့် တောက်တချက် ခေါက်လိုက်ပြန်
သည်။

'မင်း တနေ့ကို စောင့်နေယင်း ကျုန်းယို့ လွှတ်မြောက်သွား
ပြီပေါ့ကွ'

'ဒီအတွက်တော့ မပူနဲ့၊ စိတ်သာချ၊ ကျုန်းယို့ဘယ်နည်းနဲ့
မှ မလွတ်နိုင်ဘူး'

'ဘာဖြစ်လို့မလွှတ်ရမှာလဲ၊ မင်းရှုံးနေသလား'

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက အော်ငေါက်လိုက်သည်။

လက်တဖက်ပြတ် သက်သတ်လွှတ် တရုတ်ဘုန်းကြီး၏မျက်နှာ
သည်ကွက်ကနဲပျက်သွားတော့သည်။

ကျုန်းယို့က မြောက်ပိုင်းသား၊ သူက ရေမကူးတတ်ဘူး၊ မ
ကြာခင် သေတော့မယ်၊ မနက်ဖြန်ဆိုယင် သူ့ရဲ့အလောင်းက တ
နေရာရာမှာ ပေါ်လာမှာ သေချာတယ်၊ ဒီတော့ ခင်ဗျားစောင့်
ပြီး အလောင်းကို ဆယ်ယူဖို့သာ ပြင်ပေတော့'





လက်တဖက်ပြတ် သက်သတ်လွှတ် တရုတ်ဘုန်းကြီး က အေး
အေးစွာပင် ရှင်းပြလိုက်သည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ မျက်လုံးအစုံသည် ရုတ်
ခြည်းပင်ပြောင်လက်သွားသည်။

သက်သတ်လွှတ် တရုတ်ဘုန်းကြီး၏ အင်္ကျီစကိုလွှတ်ပေးလိုက်
သည်။

သူ၏မျက်နှာပေါ်တွင် ဝမ်းသာမှုအရိပ်အရောင်များ တရိပ်
ရိပ်ပြေးသွားသည်။

'ဟုတ်တယ်၊ ခင်ဗျားပြောတာသိပ်ကိုမှန်တယ်၊ ဒီမြောက်ပိုင်း
သားတော့ ရေနစ်သေမှာအမှန်ပဲ၊ ကောင်းတယ်၊ ကောင်းတယ်၊
သူ့စရိတ်နဲ့သူသွားတာပဲ၊ တာဝန်အေးပါတယ်လေ'

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက ကျေနပ်အားရစွာဖြင့်
ပြောချလိုက်သည်။

ဝှမ်းဟွာ ီးက၊ လက်တဖက်ပြတ် သက်သတ်လွှတ် တရုတ်ဘုန်း
ကြီးအား၊ တချက်မျက်စောင်းချိတ်ကြည့်လိုက်၏။

သက်သတ်လွှတ် တရုတ်ဘုန်းကြီ က အဓိပ္ပါယ်ပါပါဖြင့် ပြုံး
ပြလိုက်သည်။

ဝှမ်းဟွာ ီးနားလည်လိုက်လေပြီ။

လက်တဖက်ပြတ် သက်သတ်လွှတ် တရုတ်ဘုန်းကြီးသည်ကျုန်း
ယို့အတွက် သက်သက်မဲ့ အကာအကွယ်ပေးလိုက်ခြင်း ဖြစ်သည်
ကိုရိပ်စားမိသွားသည်။

သို့အတွက်သူကယဲ့ယဲ့ပြုံးလိုက်သည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးမှာမူ ထိုအကြောင်းကိုမသိရှာ။

သူ့အတွေးနှင့်သူ ကျေးနပ်စွာပြုံးလျက် ခေါင်းတဆတ်ဆတ်ညိတ်နေလေသည်။

အစိမ်းရောင်ဝတ်စုံဝတ် လူငယ်နှင့်ကျန်းယို့တို့ နှစ်ယောက်မှုလွတ်မြောက်သွားလေသည်။

*　　*　　*



## အခန်း (၈)

မြောက်ပိုင်းသားကျန်းယို့မသေ။

သူသည်တကာယ်ပင်ရေကူးတတ်သည်။

ရေကူးတတ်ရုံမက၊ ရေကိုကျွမ်းကျင်စွာကူးတတ်သလို၊ ရေထဲတွင် ငုတ်လျှိုးတတ်ပေသည်။

သိုင်းသမားတယောက်အဖို့ ရေကူးကျွမ်းကျင်စေရန် ကျန်းယို့သည် တကူးတကစံနစ်တကျပင် သင်ကြားခဲ့ရသည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏ အထင်နှင့်အမြင် ကွာခြားသွားလေတော့သည်။

အစိမ်းရောင်ဝတ်စုံနှင့် လှုယ်သည်ကျွမ်းကျင်စွာ ရေကူးတတ်သော ကျန်းယို့အားကြည့်ပြီး တအံ့တသြဖြစ်နေသည်။

အစိမ်းရောင် လှုယ်သည်၊ ယောကျ်ား ဟန်ဆောင် သော ဝေဝေဘုန်းပင်ဖြစ်သည်။

ထို့ကြောင့်ပင်၊ သူမသည်သံယောဇဉ်ကြီးကြီးဖြင့် ကျန်းယို့အားကယ်တင်နေခြင်းဖြစ်သည်။

သူမသည် ကျန်းယို့ရေကူး ကျွမ်းကျင်မည်မထင်ခဲ့၊ ထို့ကြောင့်သူ့နောက်သို့ ရေကူးလိုက်ခဲ့ခြင်းဖြစ်သည်။

ယခုတွေ့မှု ကျန်းယို့က ဝေဝေဘုန်းအား လက်ယပ်ပင်ခေါ်နေသေးသည်။

သူတို့နှစ်ယောက်သည် ရေထဲဟွင်ငုပ်ပြီး အလှမ်းအတော်ဝေးကွာသည်အထိ ကူးခတ်လာခဲ့ကြသည်။

အတန်ကြာမှ ရေပေါ်သို့နှာခေါင်းတချက်ဖော်ပြီး အသက်ရှူလိုက်သည်။

ပြီးနောက် တဖန်ငုပ်လျှိုးပြီးကူးခတ်ပြန်သည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် လှေများနှင့် ဝေးကွာသည့်နေရာသို့ရောက်ရှိလာသည်။

သည်တော့မှ သူတို့ရေပေါ်သို့ ခေါင်းမော် လိုက်ကြသည်။

ဝေဝေဘုန်းက ကျန်းယို့အားလှမ်း၍ ကြည့်လိုက်သည်။

ကျန်းယို့၏မျက်နှာသည် ပြုံးလျက်ရွှင်လျက်၊ ဂုဏ်ယူမျက်ပင်ရှိနေသည်။





သူမကကျန်းယို့အား တမင်မဲ့ရွဲ့ပြလိုက်သည်။

သူမသည် ကျန်းယို့အား လူထူးလူဆန်းကြီးသဖွယ် စူးစိုက်ကြည့်နေပြန်သည်။

'သြော်....ရှင်ကတော့ ပြုံးနိုင်သေးတယ်နော်'

သည်တော့မှပင် ကျန်းယို့က လေးလေးနက်နက် ပြုံးပြလိုက်ပြန်သည်။

ပြီးနောက် ဝေဝေဘုန်း၏မျက်နှာကို ပြုံးပြုံးကြီးစိုက်ကြည့်နေသည်။

'ရှင်တော့ ရေနစ်သေပြီလို့ ကျွန်မကထင်နေတာ'

ကျန်းယို့က တစုံတရာမဖြေ။

သူမ၏မျက်နှာကိုသာ တစိမ့်စိမ့်ကြည့်နေသည်။

'ရှင်က စကားပြန်ဘောင် မပေးနိုင်ဘူးလားဟင်၊ ရှင်....ရှင်ကဘာဖြစ်လို့ ကျွန်မကို ဒါလောက်တောင် စိုက်ကြည့်နေရတာလဲ'

'လှလို့ပေါ့....'

'ဟင်....'

ကျန်းယို့သည် ရေထဲသို့ စုတ်ကနဲငုပ်သွားသည်။

ကျန်းယို့ ရေထဲငုပ်သွားသဖြင့် ဝေဝေဘုန်းသည် ဒေါ်ကလေး ဖောင်းကျန်ရစ်သည်။

သူမက ကျန်းယို့အား အနီးပတ်ဝန်းကျင်သို့လှည့်ပတ်၍ ရှာကြည့်သည်။

'ဟော....'

တွေ့သွားပြီ။

ကျွန်းယို့သည် သူမနှင့်အလွန်ဝေးကွာသောနေရာသို့ ရောက်သွားလေပြီ။

ကျွန်းယို့သည် အနောက်ဘက်ရေအိုင်၏ကမ်းစပ်သို့ ရောက်ရှိသွားပြီး မတ်တတ်ရပ်လျက် ဝေဝေဘုန်းအား ပြန်၍ကြည့်နေသည်။

သူ့မျက်နှာသည် ပျားရည် လောင်းထားသည့်နှယ် ချိုလို့၊ ပြုံးလို့၊ ရွှင်လို့။

ဝေဝေဘုန်းက ရန်တွေ့မည်စိတ်ကူးကားရှိသေးသည်။ ကျွန်းယို့က သူမအား ကမ်းစပ်ဆီသို့လာရန် လက်ယပ်ခေါ်နေသည်။

သည်တော့ သူမသည် ရန်မတွေ့အားတော့။

ကျွန်းယို့ဆီသို့ အရောက်ကူးခတ်ရပြန်သည်။

ထိုစဉ်.... ကျွန်းယို့သည် ကမ်းစပ်တွင် သေတ္တာကြီးတလုံးကို တွေ့ရသည်၊

ထိုသေတ္တာသည်ကြီးမားလွန်းသဖြင့် စိတ်ထဲတွင် မယုံသင်္ကာဖြစ်နေမိသည်။

သေတ္တာကြီးသည် ကမ် စပ်တွင်ရေတဝက်မြုပ်နေသည်။

သေတ္တာကြီး၏အဖုံးမှာ ကြေးဝါဖြင့်ပြုလုပ်ထားပြီးအပေါ်က ငယ်ကလေးများကို ဖောက်ထားသည်။

ကျွန်းယို့က သေတ္တာကြီးအား ကမ်းပေါ်သို့ဆွဲတင်နေသည်။

ဝေဝေဘုန်းရောက်လာသောအခါ ကျွန်းယို့နှင့် သေတ္တာကြီးအား မြင်လိုက်ရ၍ မျက်လုံးပြူးသွားသည်။

'ရှင်ဘယ်ကရတာလဲ'





'ဘယ်ကမှရတာမဟုတ်ဘူး၊ ဟောဒီ ကမ်းစပ်မှာတွေ့တာနဲ့ မသင်္ကာလို့ ဆွဲတင်နေတာ၊ လာပါကမ်းပေါ်ရောက်အောင်ဆွဲတင်ကြရအောင်'

ကျွန်းယို့က ရှင်းလင်းပြယင်း ဝေဝေဘုန်းကို အကူအညီတောင်းလိုက်သည်။

သူတို့နှစ်ယောက်သည် ရောမသေတ္တာကြီးကိုကန်ဘောင်ရိုးပေါ်အရောက် တပင်တပန်းဆွဲတင်ကြသည်။

'အောင်မလေး၊ ကြီးလိုက်တဲ့သေတ္တာကြီး၊ လေးလိုက်တာလဲ လွန်ရော၊ အဘဲမှာ ဘာတွေများရှိလို့လဲမသိဘူး'

ဝေဝေဘုန်းက သက်ပြင်းတချက်မှုတ်ထုတ်လိုက်ပြီး ညည်းညည်းညူညူပြောဆိုလိုက်သည်။

'ဒါကတော့ အထဲမှာ ဘာရှိတယ်ဆိုတာ သိချင်ယင် ဖွင့်ကြည့်မှ သိမှာပေါ့'

ဝေဝေဘုန်းက နှုတ်ခမ်းဖူးဖူးကလေး စူယောင် ပြုလိုက်သည်။

'ဒါကတော့ ရှင်ပြောမှလား၊ ဘာဖြစ်လို့ လူကိုကြည့်နေပြန်ရတာလဲ၊ သေတ္တာကိုဖွင့်မှာသာဖွင့်ပါ'

ကျွန်းယို့က ပြုံးလျက်ပင် ကြည့်နေသည်။

'အင်း ခက်တယ်၊ သေတ္တာကိုနောက်မှဖွင့်ကြတာပေါ့၊ အရေးကြီးတာက ရေတွေစိုနေတဲ့ ညီမရဲ့အဝတ်အစားတွေကို အယင်လဲဖယ်လိုက်ပါဦး'

ကျွန်းယို့က ဝေဝေဘုန်းကို စူးစူးစိုက်စိုက်ကြည့်ယင်း အကြံပေးလိုက်သည်။

သူမက သက်ပြင်းတချက် ချလိုက်သည်။

ရေစိုနေသော သူမ၏ကိုယ်ကာယကိုကြည့်ပြီး သဘောပေါက် သွားသည်။

သူမ၏ အချိုးအဆစ်ကျနသော ကိုယ်ကာယသည် ရေစိုဝတ်စုံတွင် အထင်သား အလုံကြွယ်လျက်ရှိသည်။

ဝေဝေဘုန်းနွတ်ခမ်း ရှေ့သို့ပင်၍ စူထားလိုက်သည်။

'ဟင်း ရှင်တို့ယောကျ်ားတွေရဲ့မျက်လုံးဟာ တော်တော်ဆိုးတယ်၊ မြင်သင့်တာကြတော့ မမြင်ဘူး ဟင်းဟင်း'

သူမက လက်နှစ်ဖက်ဖြင့် သူမ၏ရင်သို့ ယှက်၍ ပိထားလိုက်သည်။

ကျွန်းယို့ကမူ ပြုံးမြဲပြုံးနေသည်။

ဝေဝေဘုန်းက ဦးဆောင်၍ ထွက်သွားသည်။

ကမ်းစပ်အလွန်တွင် အိမ်တဆောင်ကိုလှမ်းမြင်ရသည်။

ကျွန်းယို့ အံ့ဩသွားမိသည်။

လူသူကင်းသည့်ချောင်ကျသော သည်လိုနေရာမျိုးတွင် ထိုကဲ့သို့ ခန့်ညားသောအဆောက်အအုံမျိုး ရှိလိမ့်မည်ဟု ကျွန်းယို့မထင်ခဲ့။

အဆောက်အအုံက ကြီးမားလျက် ကျယ်ဝန်းခြင်း မရှိသော်လည်း အလွန်အမင်း သေးငယ်သည်ဟုတော့ မဆိုသာ။

အထိုက်အလျောက် ကျယ်ဝန်းသည်၊ သပ်ရပ်သည်။

အခန်း ငယ်ကလေး အသွယ်သွယ်ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။





ဝေဝေဘုန်းနေထိုင်သော အဆောက်အအုံပင် ဖြစ်ရပေရည်ဟု ကျွန်းယို့တွက်ချက်ကြည့်လိုက်သည်။

အကြောင်းသော်မူ သူမသည် အဝတ်အစားလဲဖယ်ခန်းတွင်းသို့ ဝင်ရောက်၍ လှပသော အဝတ်အစားများ လဲဖယ်၍ ထွက်လာသည်။

သူမသည် အစိမ်းရောင်ကို သဘောကျဟန်တူသည်။

အစိမ်းရောင်အင်္ကျီကို ဂါဝန်ရှည်ဖြင့် ဝတ်ဆင်လာသည်။

ခေတ်ဆန်သော အဝတ်အထည်များဖြစ်၍ သူမ၏ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်သည် လိုက်ဖက်စွာပေါ်လွင်လျက်ရသည်။

သူမ၏အလှသည် လှချင်တိုင်းလှနေတော့သည်။

ကျွန်းယို့သည် ဝေဝေဘုန်းအား စူးစိုက်ကြည့်နေမိသည်။

သူ၏ မျက်စိအာရုံတွင် ဝေဝေဘုန်းသည် အလွန်အမင်းလှနေသည်။

အထူးသဖြင့် ယောကျ်ားကလေးလို ဝတ်ဆင်သည်ထက် မိန်းကလေးဆန်ဆန် ဂါဝန်နှင့်ဝတ်ထားခြင်းက ပို၍အလှသွေးကြွသည်ဟု ကျွန်းယို့ထင်သည်။

သူမသည် ကျွန်းယို့စိုက်ကြည့်နေသည်ကိုပင် မသိဟန် ပြုနေသည်။

တကယ်တော့ ဝေဝေဘုန်းသည် ကျွန်းယို့၏ရှေ့တွင် သူမအလှကို ဘက်စုံပြသနေခြင်းသာဖြစ်သည်။

ကျွန်းယို့ သက်ပြင်းချလိုက်သည်။

ဝေဝေဘုန်းသည် သေတ္တာကြီးဆီသို့ ရောက်ရှိသွားသည်။

သေတ္တာကြီးသည် ကြီးမားသလောက် သော့ခလောက်ကြီးကလည်း ကြီးသည်။

အလွယ်တကူဖွင့်ရန်မလွယ်။

'ဒီလောက်ကြီးတဲ့သေတ္တာကြီးမျိုးကို ညီမမြင်ဖူးသလား'

ဝေဝေဘုန်း ခေါင်းခါလိုက်သည်။

ကျန်းယို့က ခေါင်းညိတ်လိုက်သည်။

'ကျုပ်လဲ မမြင်ဖူးဘူး၊ ဒါပေမယ့် ဒီလောက်ခိုင်ခံ့တဲ့သေတ္တာဟာ အဖိုးတန်ပစ္စည်းတွေထည့်တဲ့ သေတ္တာဖြစ်နိုင်တယ်'

ဝေဝေဘုန်းက ခေါင်းညိတ်၍ ပြုံးနေသည်။

ကျန်းယို့က ဆက်လက်၍ပြောပြန်သည်။

'အေး၊ တခုတော့ရှိတယ်၊ အဲဒီသေတ္တာကြီးဟာ ဘယ်လိုအကြောင်းနဲ့ဒီကမ်းစပ်ကို ရောက်နေရတယ်မသိဘူး'

ဝေဝေဘုန်းက တခစ်ခစ် ရယ်မောလိုက်သည်။

'ရှင်က သေတ္တာထဲမှာ အဖိုးတန်ပစ္စည်း ရွှေငွေ အမြောက်အမြား ပါလိမ့်မယ်တော့ မထင်နဲ့၊ လူသေအလောင်းပါလာမှ ဒုက္ခရောက်နေဦးမယ်'

သူမက ရှင်းပြယင်း သေတ္တာကြီးရှေ့တွင် ကိုယ်ဟန်ပြ၍ လူးလားခေါက်ပြန် လမ်းသလားနေသည်။

ကျန်းယို့က အကင်းမပါး။

သူမကိုပင်မကြည့် သေတ္တာကြီးကိုသာ စိတ်ဝင်တစား စိုက်ကြည့်နေသည်။





သည်တော့ အလှပြမယ်ကလေးဝေဝေဘုန်း ဒေါပွသွားသည်။

'ရှင်က ဒီသေတ္တာကြီးကို တော်တော် စိတ်ဝင်စားနေတယ်၊ ဖွင့်ကြည့်ပါလား။

ဝေဝေဘုန်းက အကြံပြုလိုက်သည်။

ကျန်းယို့မျက်မှောင်ကြုတ်ပြီး သူမ၏မျက်နှာကိုစူးစိုက်ကြည့်လိုက်သည်။

သူမ၏နှုတ်ခမ်းအစုံသည် ကွေးကော့တက်သွားသည်၊ သူမကနှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်သည်။

'ရှင်ဘာဖြစ်လို့ကျွန်မကိုဒါလောက်ကြည့်နေရတာလဲ၊မမြင်ဖူးဘူးလား'

ကျန်းယို့ရှက်ရှက်နှင့်ရယ်မောလိုက်သည်။

'မဟုတ်ဘူး၊ ညီမ ဒီသေတ္တာကို ဖွင့်လိုက်ယင် ဖြစ်ပါ့မလား'

ဝေဝေဘုန်း၏မျက်လုံးကလေးများ ပြူးကျယ်ဝိုင်းစက်သွားသည်။

'ဘာဖြစ်လို့လဲရှင်'

'ဒီသေတ္တာကို ဖွင့်လိုက်ယင် ဘာထွက်လာမယ်ထင်သလဲ'

ဝေဝေဘုန်းက မဲ့ပြလိုက်သည်။

'ဒါတော့ ဘယ်သိမလဲရှင့်'

'တကယ်လို့ မိန်းကလေးချောချော ထွက်လာယင် ဘယ့်နှယ့်လုပ်မလဲ'

ဝေဝေဘုန်းက ချစ်စဖွယ်ကိုယ်လုံးကလေးတခုလုံး တုံ့ခါသွားအောင်ပင် တခစ်ခစ်ရယ်မောလိုက်သည်။

'မဖြစ်နိုင်တာရှင်၊ ထွက်ခြင်းထွက်၊ ဝက်ဝံတကောင် ထွက်လာချင်လာမယ်'

ကျွန်းယို့က မရယ်မိအောင်ပင်အံကြိတ်၍ အောင့်အည်းထားလိုက်ရသည်။

'မဟုတ်တာကို မပြောပါနဲ့၊ ကျုပ်က သစ္စာသမာဓိရှိတဲ့လူ တယောက်၊ လူတွေကို ကူညီခဲ့တယ်၊ ပြီးတော့ ညီမတို့လို မိန်းကလေးလှလှလေးတွေကိုလဲ ချစ်တတ်ပါတယ်၊ ဒါကြောင့် ချစ်စရာကောင်းတဲ့ သင်္ဘေးသမီးကလေးတယောက် ထွက်ချင်ထွက်လာမှာ'

ဝေဝေဘုန်းက ရယ်မောလိုက်သည်။

'မဖြစ်နိုင်တာရှင်၊ သေချာပါတယ်၊ မိန်းမလှလှကို ကြိုက်တတ်တဲ့လူဟာ၊ ဝက်ဝံနဲ့ပဲတိုးမယ်'

သူမက ကျွန်းယို့အား ထေ့ထေ့ကြည့်ယင်း ပြောလိုက်သည်။

'ဒီလိုမထင်နဲ့လေ၊ ကျုပ်က ကံကောင်းနေတဲ့လူ၊ မိန်းမလှလှကလေးထွက်လာနိုင်တယ်'

ကျွန်းယို့က ထေ့လုံးကလေးများဖြင့်ကြည်ကြည်နူးနူး ပြောနေမိသည်။

တဒင်္ဂအတွင်း နှစ်ယောက်သား ကြည်နူးမိသွားသည်။

ပြီးတော့ နှလုံးသားချင်း စကားပြောနေသည့် အဖြစ်ကိုလည်း နှစ်ယောက်စလုံးက သိနေမိသည်။





"ဘာလဲ၊ ရှင်က မိန်းမလှလှကလေးလိုချင်သေး....'

သူမ၏စကားအဆုံးမသတ်၊ တပိုင်းတစဖြင့် ရပ်သွားသည်။

အကြောင်း သော်မူ၊ သေတ္တာတွင်းမှ လူတယောက်၏ ညည်းညူသံသဲ့သဲ့ကို ကြားလိုက်မိသောကြောင့်ပင်ဖြစ်သည်။

ဝေဝေဘုန်း၏ မျက်လုံးအစုံသည် ဝိုင်းစက်မြူးကျယ်သွားသည်။

ကျွန် ယို့ကိုယ်တိုင်သည်ပင်၊ အထိတ်တလန့် ဖြစ်သွားသည်။ မှန်သည်။

တကယ်ပင် သေတ္တာအတွင်း၌ လူတယောက်ရှိနေသည်။

ထိုလူသည် မသေသေး၊ အသက်ရှိနေသေးသည်မှာ အမှန်ပင်ဖြစ်သည်။

ခက်ချေပြီ။

လောကတွင် မဖြစ်နိုင်သည်ဟူ၍မရှိ။

သူတို့နှစ်ယောက်သည်၊ သေတ္တာကြီးကိုအကြောင်းပြုပြီး တယောက်နှင့်တယောက် နောက်ပြောင်နေကြခြင်းဖြစ်သည်။

တကယ်တမ်း ထိမ်ဝှက်ပြောကြစတမ်းဆိုလျှင်၊ ကျွန်းယို့နှင့်ဝေဝေဘုန်းတို့သည် သေတ္တာကြီးကို အကြောင်းပြုပြီး တယောက်နှင့်တယောက် အသည်းစကားပြောနေကြသည်ဆိုက ပို၍ပင်မှန်ကန်ပေမည်။

ယခုတော့ နောက်ပြောင်ပြောမိရာက တကယ်ပင်ဖြစ်လာသည်။

သေတ္တာတွင်းမှ တကယ်ပင် ညည်းညူသံသဲ့သဲ့ထွက်ပေါ်နေသည်။

ညည်းညူသံသည် အဆက်မပြတ် တမျှဉ်းမျှဉ်းပေါ်ထွက်နေသည်။

ဝေဝေဘုန်းသည် သေတ္တာကြီးနှင့် ခပ်လှမ်းလှမ်းနေရာတွင် သွားရောက်ရပ်နေသည်။

ကျန်းယို့ကမူ သေတ္တာအနီးမှပင်ရပ်လျက် တအံ့တသြဖြစ်နေသည်။

ဝေဝေဘုန်းက ကျန်းယို့အား လှမ်း၍ ကြည့်လိုက်သည်။

ပြီးနောက် အဓိပ္ပာယ်ပါပါဖြင့်ပြုံးလိုက်၏။

'ဒီသေတ္တာကြီးကို ရှင်တွေ့လာတာမဟုတ်လား'

သူမက ကောက်ကာငင်ကာ မေးမြန်းလိုက်သည်။

ကျန်းယို့က ခေါင်းညိတ်လိုက်သည်။

ဝေဝေဘုန်း ပြုံးလိုက်ပြန်သည်။

'ဒါဖြင့်ယင် ဒီသေတ္တာဟာ ခင်ဗျားပိုင်တဲ့သေတ္တာပဲ၊ ခင်ဗျားကိုယ်တိုင်ဖွင့်ကြည့်ပေါ့'

သူမက မဲ့ကာရွဲ့ကာဖြင့် ပြောလိုက်သည်။

ကျန်းယို့က ခေါင်းညိတ်လိုက်ပြန်သည်။

'ရပါတယ်'

'ဒီလိုဆိုလဲ သေတ္တာကိုဖွင့်လိုက်တော့လေ'

'ကျုပ်လဲစဉ်းစားနေတယ်၊ သော့ခလောက်ကြီးက အဆမတန်ကြီးနေတော့ လွယ်လွယ်နဲ့ဖွင့်လို့ ရပါ့မလားလို့ စဉ်းစားနေတာ





'အို့ရှင် ရပါတယ်၊ ရှင်ရဲ့သိုင်းပညာကလဲ ခေတာမှတ်လို့ တာဖြစ်လို့ဖွင့်မရနိုင်ရမှာလဲ'

'ဟုတ်ပါတယ် ညီမကလဲ ဖွင့်နိုင်ပါတယ်'

ဝေဝေဘုန်းက ခေါင်းခါလိုက်သည်။

ကျန်းယို့ မနေသာတော့ သေတ္တာကြီးကို သူကိုယ်တိုင်ပင်ဖွင့်လိုက်သည်။

သော့ခလောက်ပွင့်သွားသောအခါ အဖုံးကို လှန်လိုက်သည်။

ကျန်းယို့က သေတ္တာတွင်းသို့ ငုံ့ကြည့်နေသည်။

သေတ္တာတွင်းမှ ညည်းညူသံသဲ့သဲ့ ပေါ်ထွက်နေသည်။

ဝေဝေဘုန်းသည် သေတ္တာနှင့် ခပ်ဝေးဝေးတွင် ရပ်နေရာမှ ကျန်းယို့၏ အမူအရာ အပြုအမူကို စူးစိုက်ကြည့်နေသည်။

ကျန်းယို့ကလည်း စိတ်ဝင်တစားဖြင့် သေတ္တာတွင်းသို့ ငုံ့၍ကြည့်နေသည်။

သူမသည် သေတ္တာတွင်း၌ မည်သည့်ပုဂ္ဂိုလ်ရှိနေသည်ကိုသိချင်နေသည်။

လူလော....။

တိရစ္ဆာန်လော။

သဲသဲကွဲကွဲသိလိုလှသည်။

မအောင့်အည်းနိုင်တော့သည့် အဆုံးတွင် ဝေဝေဘုန်းက လှမ်း၍ မေးမြန်းလိုက်သည်။

'သေတ္တာထဲမှာ လူရှိသလား။

'ရှိတယ်'

ကျန်းယို့က ခေါင်းငုံ့လျက်ပင်ဖြေကြားလိုက်သည်။

'အသက်ကော ရှိသေးရဲ့လားဟင်'

'အသက်ရှင်တုန်းပဲ'

'ဟင်၊ အသက်ကြီးသလား၊ ငယ်သလား'

'နုနုငယ်ငယ်ကလေးပဲရှိသေးတယ်'

ဝေဝေဘုန်း မသိမသာသက်ပြင်းချလိုက်သည်။

'ဒါဖြင့် ယောကျ်ားလား၊ မိန်းမလား'

ဝေဝေဘုန်းသည် တကယ်ပင် စိတ်ပူပန်မိသွားသည်။

သေတ္တာတွင်း၌ မိန်းကလေးမရှိပါစေနှင့်ဟူ၍ပင် ကြိတ်ပြီး ဆုတောင်းမိသည်။

'မိန်း၊ မိန်း၊ မိန်းကလေး တယောက်တော့ မဟုတ်ဘူး၊ ယောကျ်ားလေးတယောက်ပါ'

ဝေဝေဘုန်း ဘဝင်ကျသွားသည်။

ထို့ကြောင့် သက်ပြင်းတချက်ဟင်းကနဲမြည်အောင်ပင် မှုတ်ထုတ်လိုက်မိသွားသည်။

မှန်သည်။

ခုလိုအချိန်တွင် ဝေဝေဘုန်းသည် မိန်းကလေးတွေကို အမုန်းဆုံးပင်ဖြစ်သည်။

တလောကလုံးတွင် သူမတယောက်သာ မိန်းကလေးရှိနေ ဖြစ်နေစေချင်သည်။

အထူးသဖြင့် ကျန်းယို့နှင့် မိန်းကလေး လှလှလေးတွေနှင့် ကြုံမှာကို အလွန်စိုးရိမ်နေမိသည်။





ခက်ချေပြီ။

သံယောဇဉ်ကြိုးကလေး တင်းလေပြီထင့်။

တကယ်ပင်သေတ္တာအတွင်း၌ လူငယ်တယောက် ရှိနေသည်။ အသက်အရွယ်အားဖြင့် နှစ်ဆယ်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ခန့်ညားသောမျက်နှာပိုင်ရှင်ဖြစ်သည်။

သို့သော် သူ၏မျက်နှာတွင် သွေးရောင်ဟူ၍ လုံးဝမရှိ၊ စက္ကူဖြူတချပ်နှယ် ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

မှန်သည်။

လူငယ်သည် သွေးများဆုတ်နေလေပြီ။

ကြာလျှင် သေနိုင်လောက်သည်။

သူ၏ကိုယ်ပေါ်တွင် အဝတ်အစား ဟူ၍ အလျဉ်းမရှိ၊ အတွင်းခံဘောင်းဘီတထည်သာရှိသည်။

ထိုသူသည် သေတ္တာတွင်း၌ ကွေးကွေးလုပ်၍ ညည်းညူနေသည်။

ဝေဝေဘုန်းသည် သေတ္တာအနီးသို့တိုးကပ်လာသည်။

သေတ္တာတွင်းမှအရက်နံ့သည် သူမ၏နှာခေါင်းတွင်းသို့ဆောင့်ဝင်လာတော့၏။

သူမက နှာခေါင်းရှုံ့လိုက်သည်။

'ဒီလူဟာ အရက်မူးနေတဲ့လူနဲ့တူတယ်'

ကျန်းယို့က ခေါင်းခါလိုက်သည်။

'သူအရက်မမူးပါဘူး'

'ဒါဖြင့်ဘာလို့သတိမရတာလဲ'

'သူဟာ အိပ်ဆေးတမျို မိထားလို့ဖြစ်မှာပေါ့'

'ဘာလဲ သူ့ကိုလူတယောက်က အိပ်ဆေးကျွေးပြီး သေတ္တာထဲထည့်လိုက်တယ်လို့ ရှင်ကထင်လို့လား'

'ထင်တာမဟုတ်ဘူး၊ တကယ်ဖြစ်တာ၊ လူတယောက်က သတိရှိနေယင် သူ့ကိုဘယ်လိုလုပ်ပြီး သေတ္တာထဲထည့်နိုင်မှာလဲ၊ သတိလွတ်နေတဲ့လူတယောက်ဖြစ်နေလို့သာ သေတ္တာထဲရောက်နေတာပေါ့ညီမရဲ့'

ဝေဝေဘုန်းက မျက်တောင်တဖျပ်ဖျပ်ခပ်ပြီး ကျန်းယို့ကို လှပစွာ တချက်ကြည့်လိုက်သည်။

'ဒါဖြင့် သူ့ကိုဘာဖြစ်လို့ သေတ္တာထဲ ထည့်လိုက်ရတာလဲ'

ကျန်းယို့က ခေါင်းခါလိုက်သည်။

ဝေဝေဘုန်းက ဟက်ကနဲရယ်မောလိုက်သည်။

'ရှင့်လိုလူမျိုးပဲဖြစ်မယ်၊ ဘယ်သူပြောပြော ယုံလိုက်တာပဲ'

ကျန်း ယို့ကပခုံးတွန့်၍ ပြုံးပြလိုက်သည်။

'အကောင်းဆုံးကတော့၊ ဒီလူသတိရလာတော့မှ မေးကြည့်ယင် အဖြေမှန်ပေါ်မှာပဲ'

'မှန်မှန်လဲဟောပါဆရာကြီး'

ဝေဝေဘုန်းက ရယ်ရယ်မောမောဖြင့် ပျက်လုံးထုတ်လိုက်သည်။

အဘန်ကြာသည်အထိကျန်းယို့နှင့်ဝေဝေဘုန်းတို့နှစ်ယောက်က ထိုလူငယ်အား စောင့်ကြည့်နေလေသည်။





သို့သော် အလွန်အကျွံမစောင့်လိုက်ရ။

သေတ္တာတွင်းမှ လူငယ်သည်၊ သတိရလာတော့သည်။

လူငယ်သည် မျက်လုံးဖွင့်၍ တောင်တောင်အီအီကို ငေးယမ်းကြည့်လိုက်သည်။

လူငယ်သည် အနည်းငယ်ထိတ်လန့်သွားသည်မှအပ၊ ပကတိတည်ငြိမ်စွာရှိနေခဲ့သည်။

ထိုလူငယ်သည် ခပ်ဆန်းဆန်းပင်ဖြစ်သည်။

စကားမပြော၊ မေးမြန်းခဖေါ်လည်းမရ။

သူဘယ်သူဘယ်ဝါဖြစ်သည်ကိုလည်း မပြော။

တကယ်ဆိုသော်၊ မိမိ၏အဖြစ်ကို မိမိသည်သာ အသိဆုံး။

ယခုလိုသေတ္တာတွင်းမှကယ်ခဲ့သောလူများကို ကျေးဇူးတင်စကားတော့ပြောထိုက်သည်။

ထို့ကြောင့် ဝေဝေဘုန်းက ဒေါ်ဖောင်းသွားသည်။

'ဒီမှာ၊ ရှင်က ဘယ်လိုလုပ်ပြီး ဒီသေတ္တာထဲ ရောက်နေရတာလဲ'

ဝေဝေဘုန်းက မနေတတ်မထိုင်တတ်ဇိုးဇိုးဆတ်ဆတ် မေးမြန်းလိုက်၏။

သေတ္တာတွင်းမှ လူငယ်က ခေါင်းယမ်းပြသည်။

ဝေဝေဘုန်းက တချက်မဲ့သွားသည်။

'ရှင်မသိဘူးလား၊ ရှင့်ကိုဟောဒီသေတ္တာထဲထည့် ပြီးသော့ခတ်ရေထဲပစ်ချထားတယ်'

ထိုလူငယ်က တစုံတရာမပြော၊ ရေငုံနှုတ်ပိတ်နေသည်။

ဝေဝေဘုန်းစိတ်ပျက်သွားသည်။

'ကျွန်မတို့ မှားနေပြီနဲ့တူတယ်'

ကျန်းယို့က တအံ့တဩဖြင့် ဝေဝေဘုန်း၏မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။

'ဘယ်လိုကြောင့်လဲ'

'သူ့ကြည့်ရတာတမျိုးပဲ၊ ကျွန်မတို့ကယ်လာတာကို သူက ကျေနပ်ပုံမရဘူးရှင့်'

ကျန်းယို့ကပြုံးလိုက်သည်။

'အို...ညီမရယ်၊ ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ၊ သူ့အကြောင်းနဲ့သူရှိမှာပေါ့၊ ထုတ်ဖော်မပြောနိုင်တဲ့အကြောင်းတွေ သူ့မှာရှိနေပါလိမ့်မယ်'

သေတ္တာတွင်းမှလူငယ်က ကျန်းယို့အား တချက်မော့ကြည့်လိုက်သည်။

'ကျေးဇူးတင်ပါတယ်ဗျာ'

လူငယ်သည် သူ့အား ကယ်ဆယ်လိုက်သဖြင့် ကျေးဇူးတင်စကားပြောဆိုလိုက်ခြင်းမဟုတ်။

တကယ်တော့ သူ၏ရင်ထဲမှာရှိသော ခံစားချက်များကို ကျန်းယို့က ထုတ်ဖော်ပြောပြလိုက်သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

လူငယ်သည် သေတ္တာတွင်းမှ ထွက်လာသည်။

သူက တံခါးဝဆီသို့ လျှောက်သွားသည်။





'ဟော့လူ သွားဘော့မလို့လား'

ကျန်းယို့ကနောက်မှ လှမ်း၍မေးလိုက်သည်။

ထိုလူငယ်၏ခြေလှမ်းများ တုံ့ကနဲရပ်တန့်သွားသည်။

လူငယ်သည် ရပ်လျက်ငြိမ်သက်နေသည်။

သူ၏မျက်နှာသည် ရှုံ့မဲ့နေသည်။

ပြင်းထန်သောဝေဒနာတရပ်ကို ကြိတ်မှိတ်ခံနေရသည့်အလား ရှိနေသည်။

သူ၏ကိုယ်ခန္ဓာသည် တဖြည်းဖြည်း ယိမ်းယိုင်လာပြီး ကြမ်းပြင်ပေါ်သို့ ဘိုင်း ကနဲကျသွားလေတော့သည်။

ထိုသူငယ်သည် ကြမ်းပြင်ပေါ်တွင် အားလျှားမှောက်လျက်သားဖြစ်နေသည်။

သည်တော့မှပင် သူ၏နောက်ကျောတွင် ရရှိထားသောဒဏ်ရာမှသွေးများထွက်နေသည်ကို တွေ့ရှိရတော့သည်။

'ဟင်....သူဒဏ်ရာရထားပါလား'

ဝေဝေဘုန်းက အထိတ်တလန့်ဖြင့် ပြောလိုက်သည်။

ကျန်းယို့က လူငယ်၏ဒဏ်ရာကို ရှာဖွေစစ်ဆေး ကြည့်ရှုနေသည်။

ဒဏ်ရာသည် လူငယ်၏ညာဘက်လက်ဖျံပေါ်တွင် ဖြစ်သည်။

ဒဏ်ရာဆိုသော်လည်း ဓားဖြင့်ထိုးမိခြင်းမဟုတ်။

ဒဏ်ရာအကျယ်အဝန်းမှာ အပ်ပေါက်လောက်ပင် ရှိသည်။

သို့သော် ညာဘက်ပခုံးတခုလုံးသည် ညိုမဲယောင်ကိုင်း နေသည်။

အဆိပ်အပ်ဖြင့် ထိမှန်ခံရခြင်းဖြစ်သည်မှာ ထင်ရှားနေသည်။

'ဟင်....သူအဆိပ်ပုန်းလက်နက်နဲ့ အပစ်ခံရတာပဲ'

ဝေဝေဘုန်းက တအံ့တသြဖြင့် ပြောလိုက်သည်။

ကျန်းယို့က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ အဆိပ်ပါတဲ့ လက်နက်ပုန်းနဲ့ အပစ်ခံခဲ့ရတာ၊ အဆိပ်ကလဲ ဘော်တော်ပြင်းထန်ပုံရတယ်ကွဲ'

'ဒီလိုဆိုယင် ဒီလူအသက်ရှင်နိုင်ပါဦး တော့မလားဟင်'

ဝေဝေဘုန်းက စိုးရိမ်မကင်းဟန်ဖြင့် မေးမြန်းလိုက်သည်။

ကျန်းယို့က ဟက်ကနဲရယ်မောလိုက်၏။

'ကျုပ်နဲ့တွေ့တာ၊ ဒီလူကံကောင်းတယ်၊ ငွေးစမ်းကျုပ်ကို အရက်တဗူး'

ဝေဝေဘုန်းက ကျန်းယို့အား မျက်စောင်းတချက် ချိ၍ ကြည့်လိုက်သည်။

'ဟုတ်မှလဲ လုပ်ပါဆရာကြီးရယ်၊ ကျွန်မရဲ့ အရက်ကိုများ ညာသောက်မလို့လား'

ဝေဝေဘုန်းက ရယ်ရယ်မောမောဖြင့် ကျန်းယို့အား ကျီဆယ်လိုက်သည်။

ကျန်းယို့ကခေါင်းခါလိုက်သည်။

'ကျုပ်က လူတယောက်ရဲ့ အသက်ကိုတော့ ကယ်ဆယ်တတ်ပါတယ်၊ စိတ်သာချ၊ အရက်တဗူးလုံးကုန်အောင် သောက်ပစ်လိုက်မယ်'





ကျန်းယို့၏ ပျက်လုံးကြောင့် ဝေဝေဘုန်းက တခစ်ခစ်ရယ်မောနေသည်။

ဝေဝေဘုန်းက၊ အထုပ်များကို စားပွဲပေါ်တွင် ဖြေချလိုက်သည်။

ထမင်းဖြူ၊ ခေါက်ဆွဲကြော်၊ ပုစွန်ကြော်၊ ချိုချဉ်ကြော်နှင့် အကောင်းစားသစ်ရွက်စိမ်းနှစ်ပုလင်း ပါလာသည်။

ကျန်းယို့က ဆာဆာနှင့် မြိန်ယှက်စွာစားပစ်လိုက်သည်။

ထိုစဉ် ဝေဝေဘုန်းက စက္ကူလိပ်ကလေးတခုကိုဖြန့်လိုက်ပြီး၊ ကျန်းယို့ထံသို့ လှမ်းပေးလိုက်သည်။

'ဒီမှာကြည့်စမ်းပါအုံး၊ ဒီရုပ်ပုံကိုရှင်မှတ်မိမလား မသိဘူး'

စက္ကူရွက်ပေါ်တွင်၊ ကိုယ်တပိုင်း လူငယ်တယောက်၏ ပုံကို ရေးဆွဲထားသည်၊ လူငယ်၏မျက်နှာသည် ပြုံးနေသည်။

ကိုယ်တပိုင်းရုပ်ပုံ၏အောက်ခြေတွင်၊ ဆုငွေ (၅၀၀၀)ဟူ၍ ရေးသားထားသည်။

ကျန်းယို့က ရုပ်ပုံကို အသေအချာ စိုက်ကြည့်နေသည်။

ထိုရုပ်ပုံကို သူကောင်းကောင်းမှတ်မိသည်။

အစဉ်ပြုံးချိုနေသောလူငယ်တဦး၏ပုံဖြစ်သည်။

ဟုတ်သည်။

ဆုငွေ(၅၀၀၀)ထုတ်ထားသောပုံသည် ကျန်းယို့၏ပုံပင်ဖြစ်သည်။

ကျန်းယို့က ဝေဝေဘုန်း၏မျက်နှာကို တချက်စိုက်ကြည့်လိုက်၏။

'အင်း၊ ရုပ်ပုံကတော့ ကျုပ်နဲ့ သိပ်မတူလှဘူး၊ ပိုပြီးချောနေပုံရတယ်'

ကျန်းယို့က အရွှန်းဖောက်၍ပြောလိုက်သည်။

ဝေဝေဘုန်းက ချစ်မျက်စောင်းကလေး ချိတ်လိုက်ပြီး နှုတ်ခြိုက်စွာပြုံးလိုက်သည်။

'ဒီအတိုင်းဆိုယင် ခင်ဗျားဟာ ငွေ ၅၀၀၀ တန်နေပြီ'

ကျန်းယို့က သက်ပြင်းတချက်ချလိုက်၏။

'ဘယ်လိုပုဂ္ဂိုလ်ကများ ကျုပ်ကို ငွေ ၅၀၀၀ အကုန်အကျခံပြီး တွေ့ချင်နေတယ်မသိဘူး'

ဝေဝေဘုန်းက ကျန်းယို့၏မျက်နှာကို စေ့စေ့ကြည့်၍ ထေ့ထေ့ပြောလိုက်သည်။

'ကျွန်မသိတယ်'

'ဘယ်သူလဲ'

'သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး'

ကျန် ယို့က သက်ပြင်းတချက်ချလိုက်သည်။

သူသည် အရက်တခွက်ကို ကောက်ယူ၍ မော့ချလိုက်သည်။





ပြီးနောက် ဖြစ်ပျက်ခဲ့သည်များကို တွေးနေမိသည်။

တွေးယင်း ခေါင်းရှုပ်လာသည်။

သို့သော်၊ သူသည် လူသတ်တရားခံအဖြစ်အထင်ခံနေရသည်။

ထိုကိစ္စကို ရှင်းပြီးမှ ပုလဲကျေးရွာသို့ သွားရောက်ရန် ဆုံးဖြတ်လိုက်သည်။

* * *

# အခန်း (၉)

သေကံမရောက် သက်မပျောက်=။

ဤစကားသည် သွေးသွက်အောင်ပင် မှန်ကန်လှပေသည်။

သေကံမရောက်၊ သေနေ့မစေ့လျှင် လူတယောက်သည်မည်သို့မျှမသေ။

မှန်သည်။

သေတ္တာတွင်းမှ လူငယ်ကိုကြည့်။

သေဖို့သိပ်ကောင်းသည်။

အိပ်ဆေးလည်း မိထားသေးသည်၊ နောက်ကျောတွင်လည်း ပြင်းထန်သော လက်နက်ပုန်း ထိမှန်ခြင်းခံထားရသည်။

သတိလုံးဝမရပဲ သေတ္တာကြီးထဲသော့ခတ်ထည့်ထားခြင်း ခံရသည်။

ဒါတွင်မက ရေထဲတွင် ပစ်ချထားသေးသည်။

ရေတဝက်ကုန်းတဝက်၊ အဆိပ်တက်နေသူတယောက်သည်၊ သေတ္တာတွင်း၌ သေပွဲဝင်ရန်သာရှိသည်။

သို့သော်။

ကံတရားသည် ဆန်းကြယ်ဘိခြင်း။

လူငယ်မသေ။

ကျန်းယို့ကဲ့သို့သော လူငယ်ကလေးနှင့်မှ လာရောက်တွေ့ဆုံရသည်။

ကျန်းယို့သည် လူငယ်၏အသက်သခင်၊ သူသာမကယ်လျှင် နောက်ထပ် နာရီအနည်းငယ်ကြာလျှင်၊ အနှီလူငယ်သည် လောကကြီးအတွင်းမှ အပြီးအပိုင် ထွက်ခွာသွားရတော့မည်မှာ အမှန်ပင်ဖြစ်သည်။

ကံကောင်းလှပေစွ။

ကံကောင်းသောလုလင်ငယ်သည် ကျန်းယို့အနီးတွင်ထိုင်၍ နားနေလျက်ရှိသည်။

လုလင်က စက္ကူဖြူပေါ်မှဆုငွေထုတ်ထားသည့် လူငယ်ကို သေချာစွာကြည့်နေသည်။





ကျန်းယို့က ရုပ်ပုံကို လုလင်ရှေ့သို့တိုးပေးလိုက်ပြီး မေးမြန်းလိုက်သည်။

'ဒီရုပ်ပုံကို သေသေချာချာကြည့်စမ်းပါ၊ လူသတ်သမားနဲ့တူရဲ့လားဗျ'

လုလင်က ချက်ချင်းပင်ခေါင်းခါလိုက်သည်။

'လုံးဝမတူပါဘူးဗျာ'

'ဟုတ်တယ်၊ ကျုပ်လဲ ဒီလိုပဲထင်တယ်'

လုလင်က ကျန်းယို့အား တချက်အကဲခတ် ကြည့်လိုက်သည်။

'သူက ဘယ်သူ့ကိုသတ်လို့လဲဗျ'

'သူသား၊ သူကလူရှောင်ယင်းဆိုတဲ့လူကိုသတ်တယ်ဆိုပြီး ဆုငွေတောင်ထုတ်ထားတာကြည့်တော့'

လုလင်က ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

'လူရှောင်ယင်း ဟုတ်လား မဖြစ်နိုင်တာ လူရှောင်ယင်းကို သတ်တာ သူမဟုတ်ဘူးဗျ'

လုလင်က အသေအချာသိရှိဟန်ဖြင့် ကျိမ်းသေကာပြောကြားနေသည်။

ကျန်းယို့က ခေါင်းတချက်ညိတ်လိုက်သည်။

'မှန်တယ်၊ ဒါပေမယ့် ကာယကံရှင်တွေဘက်က လူရှောင်ယင်းကိုသတ်တာ အဲဒီလူပါလို့ စွပ်စွဲနေတော့ သူဟာ အချောင်တရားခံဖြစ်နေရတာပေါ့ဗျာ'

ကျန်းယို့က ခံပြင်းဟန်ဖြင့် ညည်းညည်းညူညူ ပြောလိုက်သည်။

လုလင်ငယ်က ကိုယ်ချင်းစာဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

ဝေဝေဘုန်းက လုလင်ငယ်ကို စူးစိုက်၍ အကဲခတ်နေသည်။

'ဒီမှာ ရှင့်အသက်ကိုကယ်ခဲ့တဲ့လူက သူပဲ သူ့ကိစ္စကိုရှင်မကူညီနိုင်ဘူးလား'

လုလင်ငယ်က ခေါင်းခါလိုက်သည်။

'ကျုပ်မကူညီနိုင်တာဝမ်းနည်းပါတယ်၊ ကျုပ်ကို တခုခုကျေးနိုင်လျှင်ကျေးပါ၊ ဗိုက်သိပ်ဆာနေလို့ပါ'

'ရပါတယ်'

ကျွန်းယို့က စားပွဲပေါ်မှ အစားအသောက်များကို ချကျွေးလိုက်သည်၊ အရက်တအိုးကိုပါ ချပေးလိုက်သည်။

လုလင်သည် အစားအသောက်များကို အငမ်းမရစားသောက်နေတော့၏။အရက်ကိုလည်း ဆက်တိုက် သောက်နေတော့သည်။

ဝေဝေဘုန်းက ကျွန်းယို့ဘက်သို့လှည့်၍ မေးခွန်း ထုတ်လိုက်သည်။

'အဲဒီလူကိုကြည့်နေယင် အပိုပဲ၊ အခု ရှင်ဘာလုပ်ချင်သလဲ၊ ရှေ့ဆက်ဘယ်လိုစခန်းသွားကြမှာလဲ'

ဝေဝေဘုန်းက အဓိကအချက်အလက်များကိုသာ မေးမြန်းလိုက်သည်။

'ဒီအတိုင်းဆိုယင်တော့ လုပ်နိုင်တဲ့နည်းလမ်းတခုပဲရှိတယ်'

ကျွန်းယို့စကားကြောင့် အရက်သောက်နေသော လုလင်မျက်လုံးပြူးသွားသည်။





'ဘယ်လိုနည်းလမ်းလဲ'

လုလင်က အားစက်စက်မေးမြန်းလိုက်သည်။

ကျွန်းယို့သည် အဘန်ကြာစဉ်းစားပြီးမှ အဖြေပေးလိုက်သည်။

'ညမွှေးပန်းကို မတွေ့ တွေ့အောင်ရှာပြီး စာရင်းရှင်းရတော့မှာပဲ'

'ညမွှေးပန်းကို ရှာလို့တွေ့ပါ့မလားဗျ'

'လွယ်ပါတယ်'

'ဘယ်လိုနည်းလမ်းများလဲ ဆိုစမ်းပါဦး'

လုလင်က စိတ်ဝင်တစားဖြင့် မေးမြန်းနေသည်။

'ညမွှေးပန်းဟာ ငါးကြီးတကောင်ပဲ၊ငါးလိုချင်ယင် ငါးများချိတ်နဲ့ မျှားရမှာပေါ့'

လုလင်က အရက်ခွက်ကိုမော့လိုက်ပြန်သည်။

အရက်တအိုးလုံးသည် လုလင်သောက်၍ ကုန်လုနေလေပြီ။

'ကောင်းတယ်၊ ကံကောင်းယင် ငါးတင်မကဘူး၊ နဂါးပါရနိုင်လိမ့်မယ်'

ကျွန်းယို့က ရယ်မောလိုက်သည်။လုလင်သည် အလွန်အကျွံပင် အရက်မူးနေလေပြီ။

အရက်မူး၍ တွေကရောရှစ်သောင်း လျှောက်ပြောနေခြင်း ဖြစ်ဟန်တူပေသည်။

'ဟုတ်မှလဲပြောပါကိုယ့်လူရာ'

ကျန်းယို့က အထင်သေးဟန်ဖြင့် ပြောလိုက်သည်။

လုလင်သည် အရက်အလွန်အကျွံ မူးနေသည်။

သူ၏မျက်လုံးအစုံသည် မှေးစင်းလျက်ရှိသည်။

သို့သော် သူကစကားဆက်ပြောပြန်သည်။

'ရေအိုင်ထဲမှာ ငါးတင်မကဘူး နဂါးစုံရှိတယ်၊ အကြီးအသေး အစုံပဲ၊ နဂါးစိမ်းလဲရှိတယ်'

ကျန်းယို့မျက်လုံး ပြူးသွားတော့၏။

လုလင်က တကယ်ရှိဟန်ဖြင့်ပြောနေသည်။

'ဟုတ်ပါတယ်ဗျ၊ နဂါးစိမ်းဟာအများရအခက်ဆုံးပဲ၊ ခင်ဗျား တို့ဆန္ဒရှိတယ်ဆိုယင် ဒီကနေ့ဟာအကောင်းဆုံးပဲ၊ ဘာကြောင့်လဲ ဆိုတော့ သည်ကနေ့ဟာ ဒုတိယလဆန်း နှစ်ရက်၊ နဂါးခေါင်း ထောင်တဲ့နေ့ဗျ'

ကျန်းယို့က ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏၊ လုလင် သည် အရက်မူးလွန်း၍ ပြောချင်ရာကို ဂရမ်းပတာလျှောက်ပြော နေသည်ဟု ထင်မှတ်လိုက်သည်။

အကြောင်းသော်မူ ယနေ့သည် လဆန်းဆယ့်နှစ်ရက်ပင်ရှိနေ သည်မဟုတ်ပါလော။

လုလင်၏ခေါင်းသည် စိုက်ကျလျက် အိပ်ပျော်ခြင်းသို့ ရောက် ရှိသွားခဲ့လေပြီ။

ဝေဝေဘုန်းက ပြုံးလိုက်မိသည်။

လေးနက်သောအပြုံး။





လုလင်အရက်မူးလွန်ပြီး အိပ်ပျော်သွားသည်ကို ကြည့်ပြီး ပြုံး လိုက်ခြင်းဖြစ်သည်။

ကျန်းယို့သည် စားပွဲတွင်ထိုင်လျက် အတွေးငငဲနေသည်။

အထူးသဖြင့် ညမွှေးပန်းကို မည်သို့ရှာမည်နည်း။

လူရှောင်ယင်းသတ်သည့်တရားခံကို အမြန်ဆုံး ဖော်ထုတ်နိုင်ရန် နည်းလမ်းအသွယ်သွယ်ကို ကြံစည်စဉ်းစားနေမိသည်။

အနီးရှိကြမ်းပြင်ပေါ်တွင်မူ သေတ္တာတွင်းမှ ထွက်လာသော လုလင်သည် အရက်မူးလွန်လျက် တခေါခေါ အိပ်မောကျလျက် ရှိသည်။

ဝေဝေဘုန်းသည် အဝတ်အစားလဲခန်းတွင်းသို့ ဝင်ရောက် သွားသည်။

ကျန်းယို့သည် စားပွဲပေါ်မှအရက်ခွက်ကို ယူပြီးမော့ချလိုက် သည်။

လုလင်ပြောသည့်အတိုင်း နဂါးကိုမိပါစေဟုသာ ဆုတောင်း နေမိသည်။

ကျန်းယို့သည် ဝေဝေဘုန်း ဝင်သွားသော အခန်းဆီသို့ စူးစိုက်ကြည့်ယင်း အတွေးဝင်နေမိသည်။

ထိုစဉ် အခန်း၏ ခန်းဆီးသည် လေတိုက်ပဲ လှုပ်သမ် သည်၊ အတွင်းဘက်မှ ဝင်းဝါဖြူဖွေးသော လက်ကလေးတဘက်က၊ ကျန်းယို့အား လက်ယပ်ခေါ်နေသည်ကို တွေ့ရှိရသည်။

ကျန်းယို့မျက်လုံးပြူးသွားသည်။

ဝေဝေဘုန်း၏အခန်းတွင်းသို့ စင်ရောက်ရမည်ကို မဝံ့မရဲဖြစ်နေသည်။

သို့သော် သူ၏ခြေထောက်အစုံသည် ရုတ်တရက်ထ၍ရပ်လိုက်ပြီးဖြစ်သည်။

ကျွန်းယို့စဉ်းစားချိန်မရ။

သူ့ခြေထောက်အစုံသည် လှုပ်ရှားလှမ်းသွားသည်။

ဝေဝေဘုန်း၏အခန်းတွင်းသို့ ခြေထောက်အစုံ၏ခေါ်ဆောင်ရာသို့ ကျွန်းယို့က ဖြည်းညင်းစွာလိုက်ပါသွားလေတော့သည်။

အခန်း ထောင့်ရှိ ခုတင်ပေါ်တွင် မိန်းကလေးဝတ်စုံလေးငါးစုံ ချွတ်တင်ထားသည်ကို တွေ့ရှိရသည်။

ကျွန်းယို့မျက်လုံးပြူးသွားသည်။

သူ၏မျက်လုံးအစုံသည် မှန်တင်ခုံရှေ့ရှိ ဝေဝေဘုန်းကိုပင်မကြည့်ဝံ့တော့။

သူ၏ရင်တွင်း၌ တဒိန်းဒိန်းခုန်လျက်ရှိသည်။

ဝေဝေဘုန်း မည်သည့်အတွက် သူ့ကိုခေါ်ရလေသနည်း။ ကျွန်းယို့မတွေးရဲတော့။

သူမသည် အဝတ်အစားများ ချွတ်ထားပြီး အလှပြင်နေတုန်းပဲလော။

ကျွန်းယို့သည် အလိုလိုကြောက်ဒူးတုန်နေသည်။

သို့သော် သူ၏မျက်လုံးအစုံက သတ္တိရှိသည်။

အငြိမ်ပင်မနေ၊ စူးရဲလှစွာ မှန်တင်ခုံရှေ့မှ ဝေဝေဘုန်းထံသို့ ချက်ချင်းရောက်သွားသည်။





လှလိုက်တာခြင်း။

သို့သော် ယောကျ်ားကလေးဟန်ဝတ်ဆင်ထားသည်။

'ဒီမှာကြည့်ပါဦး၊ ကျွန်မဘာနဲ့တူသလဲ'

သူမကကျွန်းယို့၏ရှေ့တွင် တပတ်လှည့်၍ ကိုယ်ဟန်ပြလိုက်သည်။

ကျွန်းယို့ကနှာခေါင်းရှုံ့လိုက်သည်။

'ကြည့်မကောင်းဘူး၊ မိန်းကလေးလိုဝတ်တာကသိပ်လှတယ်'

'အိုရှင်၊ လှအောင်ဝတ်ဘာမှ မဟုတ်တာ၊ ရှင်နဲ့အတူ အတွဲညီအောင် ဝတ်ရတာပဲ'

ကျွန်းယို့မျက်လုံးပြူးကျယ်သွားတော့သည်။

ဟိုက်....။

ခက်ပြီ။

'ဘယ်လိုလဲ၊ ညီမက ကျုပ်နဲ့လိုက်ဦးမလို့လား'

ဝေဝေဘုန်းခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ ရှင်နဲ့လိုက်မလို့'

ကျွန်းယို့က ပြာပြာသလဲ ခေါင်းခါလျက် ငြင်းပယ်လိုက်သည်။

'မလိုက်နဲ့၊ ကျုပ်သွားမယ့်လမ်းက အန္တရာယ်များတယ်၊ နဂါးသွားဖမ်းမှာ၊ အခန့်မသင့်ယင်၊ နဂါးကပြန်မျို သွားနိုင်တယ်'

ဝေဝေဘုန်းက မမှုဟန်ဖြင့် တချက်ဟက်ကနဲ ရယ်မောလိုက်သည်။

'အန္တရာယ်များတဲ့လမ်းသွားမှာမို့၊ ကျွန်မကော ရှင့်နောက်ကို လိုက်တာပေါ့၊ မှင်းပြီလား'

ဝေဝေဘုန်း၏စကားသည် စူးရှလှပေသည်။

ကျွန်းယို့၏ရင်ကိုခွဲပြီး အသည်းနှလုံးအတွင်းသို့ စိမ့်ဝင်သွားတော့သည်။

ကျွန်းယို့ရင်မောသွား သည်။

ဝေဝေဘုန်း၏မေတ္တာစေတနာသည် ကြီးမားလှချေစွ။

ကျွန်းယို့သည် ဝေဝေဘုန်း၏မျက်နှာကို အတန်ကြာစူးစိုက်ကြည့်နေသည်။

ဝေဝေဘုန်းသည် ချစ်ရည်ရွှန်းသော မျက်လုံးဝိုင်းဝိုင်းကလေး ဖြင့် ကျွန်းယို့အား တချက်ကြည့်လိုက်သည်။

မျက်လုံးချင်းဆုံမိသွားသည်။

ရင်တွေတလှပ်လှပ်ခုန်လာသည်။

သူမကမျက်နှာလွှဲလိုက်ပြီး တံခါးဆီသို့လျှောက်သွားသည်။

ဝေဝေဘုန်းသည် အခန်းတံခါးကို စေ့၍ပိတ်လိုက်သည်။ အတွင်းမှချက်ချလိုက်သည်။

ကျွန်းယို့မျက်လုံးပြူးသွားတော့သည်။

ဝေဝေဘုန်း၏အပြုအမူကို နားမလည်နိုင်အောင်ရှိနေသည်။

သူ၏ရင်ထဲတွင်၊ ပလေးဘွုင်တီးဝိုင်း တီးခတ်နေသည့်အလား ဗ-ဒိန်းဒိန်းမြည်နေတော့သည်။

သူမက ကျွန်းယို့၏မျက်နှာကို တချက်ကြည့်လိုက် ပြန်သည်။





သူမ၏မျက်နှာသည် ပြုံးနေသည်။

သူမ၏အပြုံးသည် ချိုသာလွန်းလှသည်။

ကျွန်းယို့ရင်တွေခုန်နေသည်။

သူမသည် မည်သည့်အတွက် အခန်းတံခါးပိတ်လိုက်သနည်း။

အခန်းတံခါးပိတ်ခြင်းသည်၊ ကျွန်းယို့ရင်ခုန်မိခြင်းဖြစ်သည်။

'ညီမဘာလုပ်မလို့လဲ'

ဝေဝေဘုန်းမျက်လုံးကလေး ဝိုင်းစက်ပြူးကျယ် သွားတော့သည်။

'ဟင်....ရှင်ပဲနဂါးဖမ်းထွက်မယ်ဆို'

ကျွန်းယို့ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါပေမယ့် ဒီအခန်းထဲမှာ ဘယ်နဂါးကို ဖမ်းမှာလဲ၊ ဖမ်းခြင်းဖမ်းယင် ဒီနဂါးကိုပဲ ဖမ်းရတော့မှာပဲ'

ကျွန်းယို့က စိတ်ကိုထိန်းထားသည့်ကြားမှ သူ့စိတ်ကို သူမနိုင်။

ဝေဝေဘုန်း၏ ကိုယ်ကလေးကို ပြေ၍ဖက်လိုက်ပြီး၊ နုံထွေးသောပါးပြင်ပေါ်သို့ မိုးရွာချလိုက်သည်။

ဝေဝေဘုန်း၏ ပါးပြင်သည် နီရဲသွားသည်။

'ဟင်....ဟင်....သူ တော်တော်ရဲတယ်'

ဝေဝေဘုန်းက ကျွန်းယို့၏ရင်ကို တွန်းလွှတ်လိုက်သည်။

'နဂါးဖမ်းမယ့်လူပဲ သတ္တိရှိတာပေါ့'

'နဂါးဖမ်းရဲယင် သွားဖမ် ပါလား'

'ဒီအခန်းထဲမှာ နဂါးမှမရှိတာ၊ ဒီတော့....'

ကျွန်းယို့က စကားတပိုင်းတစဖြင့် ဖြတ်ထားလိုက်သည်။

ဝေဝေဘုန်း သဘောပေါက်သွားသည်။

"ရှင်တို့ ယောကျ်ားတွေဟာ တော်တော်ခက်တယ်၊ မတွေ့သင့်တာကိုတွေ့တယ်၊ မမြင်သင့်တာကိုမှ ရွေးပြီးမြင်တယ်"

ဝေဝေဘုန်းက ကျွန်းယို့ထံသို့ မျက်စောင်းတချက် ပစ်လိုက်သည်။

ပြီးနောက် အခန်း၏နောက်ဘက်သို့ လျှောက်သွားသည်။

အခန်း၏အနောက်တွင် ပြတင်းပေါက်တခုရှိနေသည်၊ သူမကပြတင်းပေါက်ကို ဖွင့်လိုက်သည်။

ပြတင်းပေါက်အပြင်ဘက်သည် အနောက်ရေအိုင်၏ ရေပြင်ပင်ဖြစ်သည်။

အဆောက်အဦမှာ ကမ်းစပ်တွင် ဆောက်လုပ်ထားခြင်း ဖြစ်သည်။

အနောက် ရေအိုင်ပေါ်တွင် ထိန်လင်းသော လရောင်များတလက်လက်ပြေးလွှားနေသည်။

ရေပြင်သည် ပကတိတည်ငြိမ်လျက်ရှိသည်။

တသုန်သုန်တိုက်ခတ်နေသော ညလေပြည်ကြောင့် လှိုင်းကြက်ခွပ်ကလေးများ တဖျပ်ဖျပ်ထနေသည်။

ပြတင်းပေါက်တည့်တည့်တွင် လှေငယ်ကလေးတစင်း ချည်နှောင်ထားသည်ကိုတွေ့ရှိရသည်။





သည်တော့မှပင် ဝေဝေဘုန်း၏ အစီအစဉ်နှင့် အကြံညဏ်ကို ကျွန်းယို့က ရိပ်စားမိသွားသည်။

ထို့ကြောင့် ကျွန်းယို့က အဓိပ္ပါယ်ပါသော မျက်လုံးအစုံဖြင့် ဝေဝေဘုန်း၏ လှပသောမျက်နှာကလေးကို လှမ်းကြည့်ပြီး ပြုံးလိုက်မိသည်။

အပြင်ဘက်တွင် လမင်းသည်ထိန်ထိန်လင်းနေလည်။

ကျွန်းယို့နှင့် ဝေဝေဘုန်းတို့နောက်ဖေး ပြတင်းပေါက်မှ တဆင့်လှေကလေးပေါ်သို့ ခုန်ဆင်းလိုက်ကြသည်။

ထိန်လင်းသော လရောင်အောက်တွင်၊ လှေကလေးတစင်းသည် တရိပ်ရိပ်ပြေးနေသည်။

လှေကလေးပေါ်တွင် ကျွန်းယို့နှင့်ဝေဝေဘုန်းတို့နှစ်ယောက်က ယှဉ်တွဲထိုင်လျက် လှော်တက်ကိုယ်စီဖြင့် လှော်ခတ်လျက်ရှိသည်။

အနောက်ကန်ရေပြင်သည် လရောင်တွင်တဖျပ်ဖျပ် လင်းလက်နေသည်။

ကျွန်းယို့နှင့် ဝေဝေဘုန်းတို့ နှစ်ယောက်သည်၊ စည်းချက်ကျကျလှော်ခတ်လျက်ရှိသည်။

သူတို့၏ကိုယ်ခန္ဓာနှစ်ခုသည် ဘေးချင်းပူးကပ်လျက် ရှိသည်။

နှစ်ယောက်စလုံးသည် အတွေ့အကြုံရင့်ကျက်သူများ မဟုတ်ကြ။

ဆန့်ကျင်ဘက်လင်ချင်း ယခုကဲ့သို့နီးနီးကပ်ကပ် နေမိခြင်းသည်၊ နှစ်ဦးစလုံးအဖို့ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။

အချိန်မှာ တိတ်ဆိတ်သောညအချိန်။

ကန်ရေပြင်တွင် သူတို့နှစ်ယောက်တည်း။

နှစ်ယောက်စလုံး၏ ရင်ခုန်သံသည်၊ အတိုင်းသားကြားနေရသည်။

မည်မျှကြာသွားသည်မသိ။

ကျန်းယို့၏ သက်ပြင်းချသံ ထွက်ပေါ်လာသည်။

'အစ်ကို့မှာသာ ဒီလိုအနှောင့်အယှက်မျိုးတွေမရှိယင် ဘယ်လောက်ကောင်းလိမ့်မလဲ မသိဘူးနော်'

ကျန်းယို့က တမ်းတမ်းတတဖြင့် ပြောလိုက်သည်။ ပြီးတော့ သူ့ကိုသူ 'အစ်ကို'ရယ်ဟု ခေါ်ဝေါ်သုံးစွဲလိုက်သည်။

ဝေဝေဘုန်းက သက်ပြင်းတချက် ချလိုက်ပြန်သည်။

'ဟင်း....ဟင်း၊ တကယ်လို့ ဒီလိုနှောက်အရှက်တွေနဲ့ မတွေ့ခဲ့ယင် အစ်ကိုနဲ့ကျွန်မ အခုအချိန်ကန်ရေပြင်ပေါ်မှာ အတူတကွရှိနေမယ် မထင်ဘူးရှင်'

ကျန်းယို့ခေါင်းညိတ်လိုက်သည်။





ကျန်းယို့၏ လက်တဖက်က ဝေဝေဘုန်း၏ ကိုယ်ကလေးကို ပွေ့ဖက်လိုက်သည်။

ဝေဝေဘုန်း၏ လက်တဖက်ကလည်း ကျန်းယို့၏ကိုယ်ကို ပြန်၍ဖက်တွယ်ထားလိုက်သည်။

နှစ်ဦးစလုံးသည် မလှုပ်မယှက်ငြိမ်သက်နေသည်။

နှလုံးသားချင်းကတော့ မရေတွက်နိုင်သည့် စကားများပြောဆိုနှီးနှောနေကြလေသည်။

* * *

## အခန်း (၁၀)

လှေကလေးကမ်းစပ်သို့ ထိုးဆိုက်လိုက်သည်။

ကျန်းယို့နှင့် ဝေဝေဘုန်းတို့သည် ကမ်းပေါ်သို့ အတူတကွ ခုန်တက်လိုက်ကြသည်။

'ကဲ....ဘာဆက်လုပ်ကြမလဲ'

ဝေဝေဘုန်းက ကမ်းပေါ်ရောက်သည်နှင့်တပြိုင်နက် မေးမြန်းလိုက်သည်။

'ညမွှေးပန်းအိမ်ကို သွားရှာမယ်'

'အစ်ကိုမှတ်မိလို့လား၊ တခါလဲမှားခဲ့ပြီနော်'

'အစ်ကိုမမှားဘူး၊ မျက်စိလည်သွားတာ'

သည်တကြိမ်တွင် ကျန်းယို့သည် အသေအချာလိုက်၍ ရှာဖွေကြည့်ရှုနေသည်။

အချိန်မှာ ညဥ့်သန်းခေါင်ကျော်။

လကလည်း ထိန်ထိန်သာနေသည်။

လူကလည်းရှင်းသည်။

ထို့ကြောင့် ကျန်းယို့က အေးအေးဆေးဆေးပင် ရှာဖွေနေသည်။

အိမ်ဆောင်အတော်များများကို လိုက်လံကြည့်ရှုသည်။

တွေ့ပြီ။

မမှားနိုင်။

ကျန်းယို့သည် သိပ်သေချာသည်။

ဤအိမ်ဆောင်သည် ညမွှေးပန်းနှင့်နေခဲ့သည့်အိမ်ပင် ဖြစ်သည်။ သို့သော် နေ့လယ်ရောက်ရှိစဉ်က ညမွှေးပန်းမရှိ၊ သိုင်းပြောင်းမြန် တရုတ်ဘုန်းကြီးရောက်ရှိနေသည်။

ဤသည်ကို သူကနားမလည်နိုင်အောင်ဖြစ်နေမိသည်။

မည်သို့ဖြစ်စေ၊အိမ်ဆောင်တွင်းသို့ တိတ်တဆိတ်ဝင်ရောက်ရန် ဆုံးဖြတ်လိုက်သည်။

'နေ့လယ်ကတခေါက်ရောက်ခဲ့တဲ့ အိမ်ပဲမဟုတ်လား'

ကျန်းယို့ခေါင်းညိတ်လိုက်သည်။





'ဒါဖြင့် အစ်ကိုနဲ့ညမွှေးပန်းတို့ တနေ့ကနေခဲ့တဲ့အိမ်ကကော၊ ဒီအိမ်ပဲလား၊ သိုင်းပြောင်းမြန် တရုတ်ဘုန်းကြီးက ဒီအိမ်မှာပဲလား သိုင်းပြောင်းမြန် တရုတ်ဘုန်းကြီးက ဒီအိမ်မှာပဲ နေခဲ့တယ်ဆို'

ဝေဝေဘုန်းက နားမလည်နိုင်ဟန်ဖြင့် မေးမြန်းလိုက်သည်။

ကျန်းယို့ကတွေပြီး အတန်ကြာစဉ်းစားနေသည်။

'ဟုတ်တယ်ညီမ၊သိုင်းပြောင်းမြန် တရုတ်ဘုန်းကြီးနဲ့ ညမွှေးပန်း၊ ပြီးတော့သက်သတ်လွှတ်တရုတ်ဘုန်းကြီး၊ ဘယ်လိုဆက်နွယ်မှန်းမသိဘူး၊ ဒါကိုသိချင်လို့ တခေါက်ပြန်ကျော့လာတာပဲ'

ဝေဝေဘုန်းက သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်၏။

အိမ်ဆောင်တခုလုံး အသံဗလံများ လုံးဝမကြားရပဲ ငြိမ်သက်တိတ်ဆိတ်နေသည်။

ပြီးတော့ မီးရောင်လည်းမတွေ့ရ၊ အိမ်ဆောင်တွင်းတွင် မည်းမှောင်လျက်ရှိသည်။

'ဘာလုပ်မယ်စိတ်ကူး သလဲ'

'အိမ်ထဲကိုဝင်မယ်၊ ဒါမှတို့အကြောင်းစုံသိရမယ်'

ဝေဝေဘုန်းခေါင်းညိတ်လိုက်ပြန်သည်။

သူမက လက်နှစ်ဖက်ကို ဆန့်တန်းထုတ်လိုက်ပြီး ကိုယ်ကလေးကို အနည်ငယ်ယို့ လိုက်သည်။

ပြီးနောက် အရှိန်ဖြင့်ခုန်လိုက်သည်။

သူ၏ကိုယ်ကလေးသည် အမြင့်သို့ခွေ့ကနဲ မြောက်တက်သွားသည်။

လေထုအတွင်း၌ပင် သူမက ကျွမ်းတပတ်ထိုးပြီး ကိုယ်ကို ဆန့်ထုတ်လိုက်သည်။

သူမကိုယ်ကလေးသည် အိမ်ဆောင်အတွင်းသို့ ဇွေ့ကနဲရောက်ရှိသွားတော့သည်။

သူမ၏ကိုယ်ဖော့ပညာသည် အဆင့်မြင့်သည်။

သူ့ထက်မသာသည့်တိုင်၊ မနိမ့်ကျလှ အထူးပင်ကောင်းမွန်လှသည်။

ကျန်းယို့သည်လည်း ကိုယ်ဖော့ပညာကိုသုံးပြီး အိမ်ဆောင်တွင်းသို့ ခုန်ဝင်လိုက်သည်။

ပြတင်းပေါက်၏ ဘောင်ပေါ်တွင် ပန်းအိုးတလုံး၏ အရိပ်သဏ္ဌာန်ကို တွေ့မြင်လိုက်ရသည်။

'တနေ့ညက အစ်ကိုဒီအခန်းထဲမှာပဲအိပ်ခဲ့တာပဲ'

ကျန်းယို့က လွှတ်ကနဲပြောလိုက်သည်။

'ညမွှေးပန်းကကော ဒီအခန်းထဲမှာပဲ အိပ်တာပဲလား'

ကျန်းယို့ ခေါင်းညိတ်လိုက်၏။

ဝေဝေဘုန်း၏မျက်နှာသည် ရုတ်ခြည်း ပြောင်းလဲ တင်းမာသွားသည်။

'ဟင်းဟင်း တော်တော်စွတ်တဲ့လူကြီးပဲ ညမွှေးပန်းနဲ့တောင် အတူတူအိပ်ခဲ့တယ်ဆိုတော့ ကံထူးတာပေါ့'

သည်တော့မှပင် ကျန်းယို့သည် စကား မှား သွားကြောင်းကို သိရတော့သည်။

'အို ညီမရယ် အစ်ကို့ကိုအထင်မလွဲလိုက်ပါနဲ့'





'တော်ပါရှင်၊ အခုမှဖုံးမနေပါနဲ့ ညမွှေးပန်းနဲ့အတူတူအိပ်ခဲ့မှတော့ ဘာမှဆင်ခြေတွေပေးနေစရာမလိုတော့ပါဘူး'

သူမက ဒေါသဖြင့် အသံကိုကျယ်လောင်စွာပြောလိုက်သည်။

'ဟိတ် အခုမှမခုတ်တတ်တဲ့ကြောင်လို လုပ်မနေနဲ့ လာ'

သူမက ဆောင့်ဆောင့်အောင့်အောင့်ပြောပြီး တံခါးဝဆီသို့ လျှောက်သွားသည်။

ပြီးနောက် အခန်းတံခါးကို ခြေဖြင့်'ဝုန်း'ကနဲ ဆောင့်ကန်ထဲ့လိုက်သည်။

'ဒိုင်း' ကနဲ တံခါးပွင့်ထွက်သွားသည်။

သို့သော် အခန်းတွင်း၌ မည်သည့်သက်ရှိသတ္တဝါမှ မရှိသည်ကို တွေ့ရှိရသည်။

အိမ်ခန်းတွင်း၌ လူတယောက်မှမရှိသလို အသုံးအဆောင် ပရိဘောဂများလည်း လုံးဝမရှိ၊ တခန်းလုံးရှင်းလင်းနေသည်။

ပစ္စည်းပစ္စယဆိုလို့ ပြတင်းပေါက်ဘောင်မှ ပန်းအိုးတလုံးသာ ကျန်ရှိတော့သည်။

ကြည့်ရသည်မှာ ထိုအခန်းမှပစ္စည်းများ ပြောင်းရွှေ့ သွားခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။

နှစ်ယောက်သား ငိုင်ကျသွားသည်။

'အစ်ကို အိမ်မှားနေသလား'

ကျန်းယို့က ခေါင်းခါလိုက်သည်။

ထိုစဉ်။

လေချွန်သံသဲ့သဲ့ ပေါ်ထွက်လာသည်။

တိတ်ဆိတ်သောညအချိန်ဖြစ်၍ လေချွန်သံကို ကောင်းစွာ သဲသဲကွဲကွဲ ကြားနေရသည်။

လေချွန်သံ။

အချိန် ၂ ဒဘာ်၊ အကာလညအခါ ထွက်ပေါ်လာသည့်လေချွန်သံ၊

ညဉ့်သူခိုး၏ အချက်ပေးသင်္ကေတပင်ဖြစ်သည်။

ကျန်းယို့နှင့် ဝေဝေဘုန်းတို့ နှစ်ယောက် အခန်းထဲတွင် ငြိမ်သက်စွာမတ်တတ်ရပ်လျက် နားစွင့်ထောင်နေသည်။

လေချွန်သံ တိတ်သွားပြီး လူနှစ်ယောက်၏ စကားသံများ မတိုမကျယ် ပေါ်ထွက်လာသည်။

'ဒီအိမ်မှဟုတ်ရဲ့လား'

'သေချာတယ်၊ ပြီးခဲ့တဲ့လကပဲ ကျုပ်ရောက်ခဲ့တယ်'

'ဒါနဲ့ တောင် အိမ်ထဲကဘာမှတုံ့ပြန်သံ မကြာ ရပါလား'

အိပ်ပျော်နေလို့ ဖြစ်ပါလိမ့်မယ်'

'ဒါဖြင့်ယင်လဲ အိမ်ထဲဝင်ကြည့်ရအောင်'

'အခွင့်မပြုပဲ အိမ်ထဲ င်လို့ တော်ပါ့မလား'

'ကိစ္စမရှိပါဘူး၊ အချင်းချင်း တွေပဲဥစ္စာ'

အပြန်အလှန် စကားသံများသည် ခပ်တိုးတိုးပြောဆိုနေကြသော်လည်း၊ တိတ်ဆိတ်သောညအချိန်ဖြစ်၍၊ အတိုင်းသား ကြားနေရသည်။





ကျန်းယို့နှင့် ဝေဝေဘုန်းတို့နှစ်ယောက်၊ တယောက်ကိုတယောက် မျက်လုံးပြူးကြည့်လိုက်ကြသည်။

'အပြင်မှာ ရောက်နေတဲ့ ညသူ့သည်ဟာ၊ အိမ်ရှင်နဲ့ အသိအကျွမ်းဖြစ်ရမယ်'

ကျန်းယို့က တိုးတိုးလေသံဖြင့် ပြောလိုက်သည်။

'ဟုတ်တယ်၊ ဒီလူတွေကိုမေးယင် ဒီအိမ်ရှင် ဘယ်သူဆိုတာ ပေါ်လာမှာပေါ့'

ထိုစဉ် အပြင်မှ လူရိပ်နှစ်ခုသည် အုတ်နံရံကိုခုန်၍ ဝင်ရောက်လာသည်။

ဝေဝေဘုန်းသည် ပြတင်းပေါက်မှ ခုန်ထွက်သွားသည်။

ထိုလူနှစ်ယောက်သည်၊ အနက်ရောင်ကိုယ်ကျပ်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ကျောထက်တွင် ဓားရှည်တချောင်းစီကို လွယ်ပိုးထားသည်။

ဤသည်ကိုကြည့်လျှင်၊ အနီးလူနှစ်ယောက်သည် သိုင်းလောကသားများဖြစ်သည်ကို အလွယ်တကူ သိသာနိုင်သည်။

ထိုလူနှစ်ယောက်သည် ဝေဝေဘုန်းအား တွေ့မြင်လိုက်သည်။

ထိုလူနှစ်ယောက်စလုံးက၊ ဗယ်လက်ကိုမိုးပေါ်သို့ မြှောက်လိုက်ပြီး၊ ညာလက်က အောက်သို့ချ၍ မြေကြီးပေါ်သို့ လက်ညှိုးထိုးထားသည်။

ထိုလူနှစ်ယောက်သည် အချင်းချင်း မည်သူမည်ဝါဖြစ်သည် ဆိုသည့် သင်္ကေတပင်ဖြစ်ပေမည်။

ဝေဝေဘုန်းက စေ့စေ့စပ်စပ် အကဲခတ်လိုက်သည်။

ဝေဝေဘုန်း မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး စဉ်းစားလိုက်သည်။

ပြီးမှ ထိုသူနှစ်ယောက် ပြုလုပ်သည့်အတိုင်း သူမကလည်း ပြန်၍ လုပ်ပြလိုက်သည်။

ထိုလူနှစ်ယောက်က စတင်မေးမြန်းသည်။

'ကနေ့ဘာနေ့လဲ'

ဝေဝေဘုန်း၏ မျက်လုံးကလေး ဝိုင်းစက် ပြူးကျယ်သွားသည်။

သူမသည် အတန်ငယ်စဉ်းစားပြီးမှ ဖြေလိုက်၏။

'ဒုတိယလ၊ လဆန်းနှစ်ရက်'

ထိုလူနှစ်ယောက်စလုံး သက်ပြင်းချလိုက်သည်။

သူတို့နှစ်ယောက်က ဝေဝေဘုန်း အား စိတ်ချသွားဟန်ဖြင့် အလေးပြုလိုက်သည်။

'ကျုပ်နာမည်၊ ကျူးဆင်းလို့ခေါ်ပါတယ်၊ တတိယလ၊ လဆန်းသုံးရက်ကပါ၊ ခရီးကြုံတာနဲ့ ဝင်လာခဲ့တာပါ'

ဝေဝေဘုန်းကလည်း သူတို့နည်းအတိုင်း လက်သီးနှစ်ဖက်ဆုပ်၍ ပြန်လည်အရိုအသေပြုလိုက်သည်။

'နဂါးအိပ်ပျော်နေပြီထင်တယ်'

ကျူးဆင်းဆိုသူက မေးမြန်းလိုက်သည်။

ဝေဝေဘုန်းတကိုယ်လုံး တုန်လှုပ်သွားသည်။

'သူအပြင်ကိုသွားတယ်၊ ကိစ္စရှိယင် ကျုပ်ကိုပဲပြောနိုင်ပါတယ်'





ဝေဝေဘုန်းက ဣန္ဒြေရစွာဖြင့် ပြောလိုက်သည်။

ကျူးဆင်းဆိုသူက မျက်နှာချိုသွေးလိုက်၏။

'ဟွင်းဟင်း၊ သွားယင်းလာယင်း လမ်းစရိတ်ပြတ်သွားလို့ အစ်ကိုကြီး နဂါးဆီ ဝင်လာတာပါ'

ဝေဝေဘုန်းက ဟန်ပါပါ ရယ်မောလိုက်သည်။

'ရပါတယ်၊ အချင်းချင်းတွေပဲ'

ထို့နောက် သူမက အိမ်ဘက်သို့လှမ်း၍ အော်လိုက်သည်။

'ဟေ့ ငွေ ၅၀၀ ယူခဲ့စမ်း'

ကျန်းယို့က ဝေဝေဘုန်းအကွက်ဆင်နေပုံကို သဘောကျနေသည်။

သူက ငွေလွှဲစက္ကူငါးရွက်ကို ရေတွက်နေသည်။

ဝေဝေဘုန်းစိတ်မရှည်။

ကျန်းယို့လက်မှ ငွေလွှဲစက္ကူအားလုံးကိုယူ၍ ပေးလိုက်သည်။

'ရော့ အားလုံးကိုပဲယူသွားပါ၊ မလောက်ယင်လဲ တပတ်လှည့်ခဲ့ဦးပေါ့'

ကျူးဆင်းက ငွေလွှဲစက္ကူများကို လှမ်းယူလိုက်သည်။

ပြီးနောက် ဝေဝေဘုန်းအားအလေးပြုလိုက်သည်။

'ခုလိုကူညီတာ ကျေးဇူးတင်ပါတယ်'

'ကိစ္စမရှိပါဘူး၊ အချင်းချင်းတွေပဲ ဒီလိုပဲပေါ့'

ကျူးဆင်းနှင့်အဖော်တယောက်သည် နောက်ကြောင်း ပြန်လှည့်သွားသည်။

သူတို့နှစ်ယောက်သည် အုတ်နံရံကိုခုန်လွှားကျော်သွားပြီး ထွက်ခွာသွားတော့သည်။

'အစ်ကို့ဆီမှာ ငွေပါတယ်ဆိုတာ ညီမသိနေသလား'

ဝေဝေဘုန်းက ရယ်မောလိုက်သည်။

'သိတာပေါ့ရှင်'

သူမက ခပ်တိုးတိုးပင်အဖြေပေးလိုက်သည်။

'ဒါကအရေးမကြီးပါဘူး၊ နဂါးဆိုတာ ဘယ်သူလဲ ညီမသိသလား'

သူမက အတန်ကြာစဉ်းစားနေလိုက်သည်။

ပြီးမှ တလုံးချင်းရှင်းပြလိုက်သည်။

'ဗီနယ်တဝိုက်မှာ နဂါးဂိုဏ်း ရှိတယ်ဆိုတာ ရှင်ကြားဖူးသလား'

ကျန်းယို့က ခေါင်းညိတ်လိုက်သည်။

ဝေဝေဘုန်း၏စကားကို အလေးအနက်နားထောင်နေမိသည်မှန်သည်။

'နဂါးစိမ်း'ဂိုဏ်းသည် အလွန် ကျော်ကြားသော လျှို့ဝှက်အမှောင်ဂိုဏ်းဘခုဖြစ်သည်။

သို့သော်။

ယင်းနဂါးစိမ်းဂိုဏ်းသည် လူတိုင်းကသိရှိနေသော်လည်း မည်သည့်နေရာတွင် တည်ရှိလေသည်၊ ယနေ့တိုင် မည်သူတဦးတယောက်ကမှမသိကြ။

တည်ရာဌာနကိုထားပါဦး။





ခေါင်းဆောင်လုပ်သူသည် မည်သူဖြစ်လေသနည်း။

သည်အမေးကိုလည်း လူတိုင်းမသိ။

ဂိုဏ်းအဖွဲ့ဝင် မည်မျှရှိလေသနည်း။

ဤသည်ကိုလည်း အများက သိရှိလိုသော အမေးပုစ္ဆာပင်ဖြစ်သည်။

'နဂါးစိမ်း' ဂိုဏ်းသည် နာမည်ကျော်သလောက် အလွန်ပင်လျှို့ဝှက်သည်။

သူ၏အနာဂတ်သည် တဖြည်းဖြည်း ကျယ်ပြန့်လာသည်။

နဂါးစိမ်းဂိုဏ်း၏စွမ်းရည်သည် ထက်မြက်လှသည်။

နေရာမရွေး၊ အချိန်မရွေး၊လူတယောက်ကို အစဖျောက်ပစ်နိုင်သည်။

ထူးခြားသည်က လူသတ်တရားခံဖော်ထုတ်နိုင်ခြင်း မရှိပေ။

ဤသည်မှာ နဂါးစိမ်းဂိုဏ်း၏ ထူးခြားချက်တရပ် ဖြစ်သည်။

နဂါးစိမ်းဂိုဏ်းသည် ဂိုဏ်းခွဲပေါင်းမြောက်မြားစွာ ရှိသည်။

ဂိုဏ်းခွဲများကိုလည်း ရက်စွဲများအလိုက် မှည့်ခေါ်ထားသည်။

ထို့ကြောင့်ပင် သေတ္တာထဲမှ လုလင်၏ ပြောစကားများကို အမှတ်ရပြီး ဝေဝေဘုန်းက ဖြီးလိုက်ခြင်းဖြစ်သည်။

'တကယ်တော့ ကျွန်မက အလိုက်သင့်ဖြီးပြီး ပြောလိုက်ရတာမှန်သွားလို့တော်သေးတာပေါ့ရှင်'

ဝေဝေဘုန်းက ဘဝင်ကျသွားဟန်ဖြင့်လက်တဖက်ကို ရင်ဘတ်ပေါ်ဖိကပ်ယင်း ပြောလိုက်သည်။

ကျွန်းယို့၏မျက်လုံးအစုံသည် တောက်ပြောင်ဝင်းလက်သွားသည်။

'ဟုတ်တယ် သေတ္တာထဲကလူက ရေကန်ထဲမှာ နဂါးရှိတယ်လို့ပြောခဲ့တယ်၊ ပြီးတော့ ဒီကနေ့ဟာ ဒုတိယလဆန်း နှစ်ရက်လို့လဲပြောတယ်'

ဝေဝေဘုန်းက နှင်ခြိုက်စွာပြုံးလိုက်သည်။

'ကျွန်မကလဲ အရဲစွန့်ပြီး ဖြေးလိုက်ရတာပါပဲရှင်'

'ဒီလူနှစ်ယောက်ဟာ နဂါးစိမ်းဂိုဏ်းကဆိုတော့ ဒီနေရာဟာလဲ နဂါးစိမ်းဂိုဏ်းရဲ့ လျှို့ဝှက်ဌာနခွဲတခုဖြစ်နိုင်တယ်'

သူမက ခေါင်းညိတ်သည်။

'အင်း ဒီနယ်မြေဟာ နဂါးစိမ်းဂိုဏ်းရဲ့ နယ်မြေဖြစ်မယ်၊ ပြီးတော့ ဒီနယ်မြေကို ဒုတိယလဆန်း နှစ်ရက်အဖြစ် သတ်မှတ်ထားတာပဲဖြစ်မယ်'

သူမ၏စကားကြောင့် ကျွန်းယို့ငြိမ်၍ စဉ်းစားနေပြန်သည်။

'ဟုတ်ပြီ၊ ဒီလိုဆိုယင် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးဟာ ဒီနယ်မြေက နဂါးစိမ်းဂိုဏ်းရဲ့ ခေါင်းဆောင်ဖြစ်ရမယ်'

ကျွန်းယို့ကအားတက်သရော ထင်မြင်ချက်ပေးလိုက်သည်။

ဝေဝေဘုန်းက ပြုံးလိုက်သည်။

'သိပ်ဖြစ်နိုင်တာပေါ့ရှင်'

သူမကထောက်ခံလိုက်သည်။

ကျွန်းယို့က ခေါင်းတဆတ်ဆတ်ညိတ်ပြ၍ ပြုံးနေသည်။

ဝေဝေဘုန်းမှာနေတတ်၊ မသိုးသက်ဖြစ်နေသည်။





'အစ်ကို ဘာတွေများ အနက်အဓိပ္ပာယ်ပေါက်နေရပြန်တာလဲ'

ကျွန်းယို့ကပြုံး၍ ကြည့်နေပြန်သည်။

ပြီးမှ သက်ပြင်းတချက်ချလိုက်သည်။

'အစ်ကိုတွေးမိသို့ပါ၊ သူတို့က ညီမကိုညမွှေးပန်းနဲ့ မှားသွားတာဖြစ်ရမယ်'

ဝေဝေဘုန်း ခေါင်းညိတ်လိုက်သည်။

'သိပ်ဟုတ်ပေါ့၊ ဒါကြောင့် အစ်ကိုအိမ်မမှားဘူး'

ကျွန်းယို့က နားမလည်ဟန်ဖြင့် ဝေဝေဘုန်းကို စိုက်ကြည့်လိုက်သည်။

'ဘာ့ကြောင့်'

'ညမွှေးပန်းဒီအိမ်မှာနေသွားတာကို အစ်ကိုအသိ၊ ပြီးတော့ အစ်ကိုပဲ ဒီအိမ်မှာ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးကိုတွေ့ခဲ့တယ်မဟုတ်သလား၊ ခပ်ရှင်းရှင်းပြောရယင်၊ ညမွှေးပန်းနှင့် သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးက လင်မယားဖြစ်နိုင်တယ်'

ကျွန်းယို့မျက်လုံးပြူးသွားသည်။

ဝေဝေဘုန်းက အသံကလေးများထွက်အောင်ပင် ရယ်မောလိုက်၏။

'အစ်ကိုက အံ့သြသွားသလား၊ သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးက၊ ဘုန်းကြီးမှမဟုတ်ပဲ၊ လူထွက်ပြီးပြီရှင့်၊ ဒါပေမယ့် လူတွေက သူ့ကို သိုင်းပြောင်းပြန် တရုပ်ဘုန်းကြီးလို့ပဲ ခေါ်ကြတယ်'

သည့်တော့မှ ကျန် ယို့ သဘောပေါက်သွားသည်။

သူသည် ဝေဝေဘုန်းကို စူးစိုက်ကြည့်လိုက်သည်။

သူမ၏ပါးနပ်မှုရဲ့ရင့်မှုများကို မချီးကျူးပဲမနေနိုင်အောင်ဖြစ်သွားသည်။

'ညီမဟာ သိပ်ကိုတော်တယ်'

ကျန်းယို့က တကယ်ပင်ချီးကျူးလိုက်သည်။

ဝေဝေဘုန်းက စေ့စေ့ကြည့်ပြီး ထေ့ထေ့ကလေး ပြုံးနေသည်။

ကျန်းယို့သည် ချစ်စရာကောင်းသော မျက်နှာကလေးကို တစိမ့်စိမ့်ကြည့်ပြီး သက်ပြင်းချလိုက်သည်။

ကျန်းယို့က ကြမ်းပြင်ပေါ်သို့ စိတ်လွှတ်ကိုယ်လွှတ် ထိုင်ချလိုက်သည်။

သူမကလည်း ကျန်းယို့နံဘေးတွင် ထိုင်လိုက်သည်။

ကျန်းယို့၏လက်တဖက် ဝေဝေဘုန်း၏ ကိုယ်ကလေးကို တင်းတင်းဖက်ထားလိုက်သည်။

'အစ်ကိုဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး၊ အစ်ကို တခုစဉ်းစားမိတယ်၊တကယ်လို့ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးဟာ၊ နဂါးစိမ်းဂိုဏ်းရဲ့ ခေါင်းဆောင်ဖြစ်တယ်ဆိုရင်၊ အစ်ကို့ကိုလုပ်ကြံတဲ့ကိစ္စဟာ၊ နဂါးစိမ်းဂိုဏ်းရဲ့ လက်ချက်ပဲဖြစ်ရမယ်'

ဝေဝေဘုန်းက ခေါင်းညိတ်လိုက်သည်။





'ဖြစ်နိုင်တာမဟုတ်ဘူး၊ တကယ်ပဲ နဂါးစိမ်းရဲ့လက်ချက်ဖြစ်ရမယ်'

ဝေဝေဘုန်းက အတိအကျပြောနေသည်။

ကျန်းယို့သည် တချက်တွေသွားပြီး စဉ်းစားပြန်သည်။

'နဂါးစိမ်းရဲ့လက်ချက်ဖြစ်တယ်ထားဦး ဘာကြောင့် သူတို့က အစ်ကို့အပေါ်မှာ ရန်ရှာရတာလဲ၊ တယ်လဲစဉ်းစားရ ခက်ပါလား'

ကျန်းယို့က သက်ပြင်းတချက်ချလိုက်ပြန်သည်။

'ဒါကတော့ အစ်ကို့ဆီမှာပါလာတဲ့ အဖိုးတန်ပစ္စည်းတခုခုကြောင့် ဖြစ်ချင်ဖြစ်မှာပေါ့'

ဝေဝေဘုန်းက ချက်ချင်းပင် ထင်မြင်ချက်ပေးလိုက်သည်။

ကျန်းယို့ခေါင်းညိတ်လိုက်သည်။

ဟုတ်သည်။

ဝေဝေဘုန်း၏ထင်မြင်ချက်သည် သဘာဝကျလှသည်။

သူ့ထံတွင် ကျောက်စိမ်းခေါးတလက်ပါလာခဲ့သည်မဟုတ်ပါလော။

ကျောက်စိမ်းခေါး။

ကျန်းယို့၏မိဘဘိုးဘွားပိုင် ကျောက်စိမ်းခေါးတလက်။

တန်ဖိုးအားဖြင့် အဖိုးအနဂ္ဃတန်သည်။

ဒါတင်မကသေး။

ကျောက်စိမ်းခေါးပေါ်တွင် သိုင်းပညာ၏လျှို့ဝှက်ချက် ပါရှိသည်။

ထိုလျှို့ဝှက်ချက်များကို အဓိပ္ပာယ်ဖော်ထုတ်နိုင်ပါက သိုင်းလောကတခွင်တွင် **ပြိုင်**ဖက်ကင်း ကေရာဇ်ဖြစ်မည်မှာ သေချာသည်။

ထို့ကြောင့် ကျောက်စိမ်းခေါးသည် တန်ဖိုးမဖြတ်နိုင်လောက်အောင်ပင် အဖိုးတန်ပစ္စည်း ဖြစ်နေသည်။

သည့်အတွက် ကျောက်စိမ်းခေါးကိုယူချင်၍ နဂါးစိမ်းဂိုဏ်းက အနှောင့်အယှက်ပေးဟန်တူပေသည်။

ကျန်းယို့သည် သူမ၏ကိုယ်ကလေးကို ဖက်ထားသည့် လက်တဘက်ကို လွှတ်ပေးလိုက်သည်။

'နောက်တခု စဉ်းစားစရာ တခုရှိသေးတယ်၊ လျှူကောင်းရဲ့သား လျှူရှောင်ယင်းကို ဘယ်သူသတ်တယ်ထင်သလဲ'

'သူတို့ပဲ သတ်မှာပေါ့ရှင်'

သူမက မဆိုင်းမတွပင် ထင်မြင်ချက်ပေးလိုက်သည်။

ကျန်းယို့က ခေါင်းခါလိုက်သည်။

'လျှူရှောင်ယင်းရဲ့အဖေ၊ လျှူကောင်းနဲ့ သံမဏိ တရုတ်ဘုန်းကြီးဟာ ရင်းနှီးတဲ့မိတ်ဆွေတွေပဲ မဟုတ်လား'

ဝေဝေဘုန်းက ရယ်မောလိုက်သည်။

'နဂါးစိမ်းဂိုဏ်းတဲ့ရှင်၊ လုပ်စရာရှိယင် ဘယ်သူ့မျက်နှာကိုမှ မထောက်ဘူး၊ စိမ်းစိမ်းကျက်ကျက် လုပ်စရာရှိတာကိုတော့ ရဲရဲဝံ့ဝံ့ လုပ်မှာပဲ'

ကျန်းယို့က ခေါင်းညိတ်လိုက်သည်။





'ညီမနဲ့သဘောတူပါတယ်၊ ဒါပေမယ့်... နဂါးစိမ်းဂိုဏ်းရဲ့ အသိုင်းအဝိုင်းရယ်၊ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးရဲ့ ပြောင်မြောက်တဲ့သိုင်းပညာဟာ အစ်ကို့ကို အလွယ်တကူ သတ်နိုင်ပါလျက်နဲ့ ဘာ့ကြောင့် ပြောင်ပြောင်တင်းတင်း မလုပ်ကြတာလဲ၊ ဒါကိုတော့ စဉ်းစားမရဖြစ်နေတယ်'

'အို....ဒီကိစ္စကို ဦးနှောက်ခြောက်ခံပြီး မစဉ်းစားပါနဲ့၊ အစ်ကို့ ထိပ်ပြောင်သွားလို့ အလှပျက်ကုန်ပါဦးမယ်။ နဂါးစိမ်းဂိုဏ်း သိပ်လည်တယ်၊ အစ်ကို့အဖေဟာ နယ်စုံမှာ တပည့်တပန်းများတယ်၊ နာမည်လဲကြီးတယ်၊ တကယ်လို့သိသွားယင် တဘက်နဲ့ တဘက်အပြန်အလှန် ရန်မီးပွားမယ်၊ နောက်ပြီး နဂါးစိမ်းဂိုဏ်းရဲ့လက်ချက်ကို ဘယ်သူ့ကိုမှမသိစေပဲ အစဖျောက် လုပ်တတ်တယ်၊ ဒါကြောင့် အမျိုးမျိုးကြံစည်နေတာ ဖြစ်မှာပေါ့'

ဝေဝေဘုန်းက ရှည်လျားစွာ ရှင်းပြလိုက်သည်။

ကျန်းယို့က နားမရှင်းဟန်ဖြင့် ခေါင်းကိုသာ တွင်တွင်ခါနေသည်။

ဝေဝေဘုန်းက ပြုံးလိုက်သည်။

'အစ်ကို သဘောမပေါက်သေးဘူးထင်တယ်၊ ရှင်းရှင်းပြောမယ်၊ လျှူရှောင်ယင်းက ပုလဲကျွန်းကိုသွားမှာဆိုတာ သူတို့သိတယ်၊ လျှူရှောင်ယင်းကို ညမွှေး နံ့နဲ့မှားပြီး သတ်ပစ်တယ်၊ အစ်ကို့ကိုလဲ ညမွှေးပန်း နဲ့မှားပြီး ကျောက်စိမ်းခေါးကိုရအောင်ယူတယ်၊ ပြီးတော့ လျှူရှောင်ယင်းရဲ့ ရင်ဝမှာ ကျောက်စိမ်းခေါးစိုက်ထားလိုက်တယ်၊ ဒီတော့ လျှူရှောင်ယင်းရဲ့ အဖေက

အထင်မှားပြီး အစ်ကို့ကိုသတ်မယ်၊ မနိုပ်ဘူးလား၊ သူတို့က တရားခံငှားပြီးသတ်ခိုင်းတာနဲ့ ဘာထူးသေးလဲ’

ကျန်းယို့ ငိုင်ကျသွားသည်။

သူက ခေါင်းဘဆတ်ဆတ်ညိတ်နေမိသည်။

‘နဂါးစိမ်းဂိုဏ်းက ဆင်တဲ့အကွက်ကတော့ သိပ်လှတယ်၊ ဒါပေမယ့် သူတို့ဆင်တဲ့အကွက်ထဲ ဘယ်သူမှမဝင်မိကြဘူး၊ အံ့သြစရာကောင်းတာက လျူချောင်ယင်းရဲ့ အဖေက အစ်ကို့ကို သိပ်ပြီးယုံနေတယ်၊ သူ့သားကို အစ်ကိုသတ်တယ်လို့ မယုံဘူး၊ သိပ်အံ့သြဖို့ကောင်းတယ်။

သူမက တအံ့တသြဝေဖန်လိုက်သည်။

ကျန်းယို့က ပြုံးလိုက်သည်။

‘သူနဲ့အစ်ကိုနဲ့ ဖဲအတူကစားတယ်၊ အစ်ကိုလိမ်မပြောတတ်ဘူးဆိုတာ သူသိသွားတယ်၊ အဲဒါကြောင့် သူက အစ်ကို့အပေါ် လုံးဝယုံကြည်နေတာ’

ဝေဝေဘုန်းက ထေ့ထေ့ပြုံးနေတော့သည်။

‘တော်သေးတာပေါ့ရှင်’

ညှိမျှပင် ဝေဝေဘုန်းက ဆိုလိုက်သည်။

ကျန်းယို့ကမူ သူ့ကိုယ်သူကျေနပ်ပြီး ပြုံးနေတော့သည်။

‘ကျွန်မတို့ ရှေ့ဆက်ပြီး ဘာလုပ်ကြမလဲ’

ကျန်းယို့ တက်ကြွလာပြန်သည်။

‘သိုင်းပြောင် ပြန် တချတ်ဘုန်းကြီးကို သွားရှာမယ်’

‘ဘယ်မှာသွားရှာမှာလဲ’





ကျန်းယို့ ခေါင်းခါလိုက်သည်။

‘နေရာတိတိကျကျ ဘယ်သိနိုင်မှာလဲ၊ ဒါပေမယ့် အစ်ကို့မှာ ကိစ္စရှိသေးတယ်၊ အချိန်ကုန်မခံနိုင်ဘူး၊ ဖြစ်သလိုရှာပြီး စာရင်းရှင်းသွားမှဖြစ်မယ်’

ကျန်းယို့က သူ့စိတ်ဆန္ဒကို ထုတ်ဖော်ပြောပြလိုက်သည်။

‘အစ်ကို ဘယ်ကိုသွားစရာ ရှိလို့လဲဟင်....’

‘ပုလဲကျေးရွာက အစ်ကို့အဖေသူငယ်ချင်း ကျူစွမ်းရဲ့ မွေးနေ့အမီ သွားရမယ့်တာဝန်ရှိသေးတယ်’

ဝေဝေဘုန်းက ကျန်းယို့အား မချင့်မရဲဖြင့် စူးစိုက် ကြည့်လိုက်သည်။

‘အဲဒီပုလဲကျေးရွာက သိုင်းဆရာကြီး ကျူစွမ်းမှာ သမီးတယောက်ရှိတယ်လို့ဆိုတယ်၊ တော်တော်ချောရဲ့လား’

ကျန်းယို့က ခေါင်းခါလိုက်သည်။

‘အစ်ကို တခါမှ မတွေ့ဖူးလို့ မသိဘူး’

ကျန်းယို့က တိုးတိုးတိတ်ပင်ဖြေလိုက်သည်။

ဝေဝေဘုန်းက ကျန်းယို့၏မျက်နှာကို စေ့စေ့ကြည့်လိုက်ပြန်သည်။

‘ဟိုရောက်ယင် ရှင့်ကိုတော့ သဘောကျမှာ သေချာတယ်’

ကျန်းယို့က ဝေဝေဘုန်း၏မျက်နှာကို စူးစိုက် ကြည့်လိုက်သည်။

ပြီးနောက် တစုံတရာကိုပြောမည့်ဟန်ပြုပြီးမှ မပြောတော့ပဲ ငြိမ်နေလိုက်သည်။

'ကဲ....ညဥ့်နက်လှပြီ၊ ညီမပြန်တော့၊ အစ်ကိုက ခရီးဆက်ရဦးမှာ'

ဝေဝေဘုန်းက ခေါင်းခါသည်။

'အစ်ကိုကော မပြန်ဘူးလား။ ကျွန်မလဲလိုက်မှာပေါ့'

ကျန်းယို့က ခေါင်းခါလိုက်သည်။

'မပြန်ဘူး၊ ညီမနဲ့မဆိုင်ဘူး၊ ပြန်တော့'

ကျန်းယို့က ဝေဝေဘုန်းကို နှင်နေတော့၏။

ဝေဝေဘုန်းက တချက်မဲ့သွားသည်။

'အစတုန်းကတော့ မဆိုင်ပါဘူး၊ ခုတော့ အခြေအနေက ပြောင်းသွားတယ်၊ အစ်ကိုတယောက်တည်း မလွှတ်နိုင်ဘူး'

ကျန်းယို့ ရင်မောရပြန်သည်။

သူသည် ကရုဏာသက်စွာဖြင့် ဝေဝေဘုန်း၏ မျက်နှာကလေးကို ကြည့်နေမိသည်။

ဝေဝေဘုန်းကလည်း ကျန်းယို့ကို တောက်ပြောင်သောမျက်လုံးအစုံဖြင့် ပြန်ကြည့်လိုက်သည်။

ပြီးနောက် သူတို့နှစ်ယောက်သား၏ ကိုယ်ခန္ဓာချင်း တိုးကပ်သွားမိလျက်သား ဖြစ်သွားသည်။

ကျန်းယို့က ဝေဝေဘုန်း၏ နူးထွေးသော ကိုယ်လုံးကလေးကို နွေးနွေးထွေးထွေး တယုတယပင် ပွေ့ဖက်ထားလိုက်လေတော့သည်။

မည်မျှကြာသွားသည်မသိ။

ကျန်းယို့က သက်ပြင်းတချက်ချလိုက်သည်။





'အစ်ကိုက သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးကို လိုက်ရှာရမယ်၊ သည့်အပြင်တခြားနည်းလမ်းမရှိတော့ဘူး၊ အစ်ကို့အဖေကဒ်အကြောင်းသိယင် ခွင့်လွှတ်မှာမဟုတ်ဘူး'

ကျန်းယို့က တတွတ်တွတ်ဖြင့်ပြောပြနေသည်။

'ကျွန်မနားလည်ပါတယ်'

ဝေဝေဘုန်းက ကျန်းယို့၏မျက်နှာကို ရှန်းရှန်းစားစားမော့ကြည့်ယင်း သိမ်မွေ့စွာဆိုလိုက်သည်။

'အစ်ကိုသွားမယ့်လမ်းက အန္တရာယ်များတယ်၊ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးဆိုတာ တကယ့် ကြောက်ဖို့ကောင်းတယ်၊ ဒါကြောင့်ညီမကို မလိုက်စေချင်တာ'

'ကျွန်မသိပါတယ်'

'သိယင်ဘာဖြစ်လို့လိုက်ချင်ရတာလဲ'

'ကျွန်မစိတ်မချလို့ပဲ ရှင်သိပါတယ်'

ကျန်းယို့မပြောသာတော့။

သူမ၏ပျော့ပြောင်းသောသက်ချောင်းကလေးများက ကျန်းယို့၏လက်မောင်းသားကို ဆုပ်ကိုင်ထားသည်။

'သွားစရာရှိယင်လဲ မိုးလင်းမှပဲသွားတာကောင်းပါတယ်'

သူမက သာယာပျော့ပြောင်းစွာပြောလိုက်သည်။

သူမ၏အကြံကို လက်ခံဟန်ဖြင့် ကျန်းယို့က ခေါင်းညိတ်လိုက်သည်။

ပြီးနောက် သူတို့နှစ်ယောက်သည် ကြမ်းပြင်ပေါ်သို့လှဲချလိုက်ကြသည်။

အခန်းတွင်း၌ မှောင်မည်းနေသည်။

ဟုတ်သည်။

မှောင်အတိဖုံးလွှမ်းနေသည်။

ကြီးမားသောအမှောင်ထုကြီး ကျရောက်နေလေသည်။

* * *



## အခန်း (၁၁)

နွေဦး၏နံနက်ခင်းဖြစ်သည်။

နွေးထွေးသောနေရောင်ခြည်များ အခန်းတွင်းသို့ ဖြာ၍ကျနေသည်။

သည်တော့မှ ကျန်းယို့သည် အိပ်ရာမှနိုးလာသည်။

နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသဖြင့် ကျန်းယို့သည် လန်းလန်းဆန်းဆန်းဖြစ်နေသည်။

အနားတွင် ဝေဝေဘုန်းသည် ယို့ယို့ကလေး ထိုင်နေသည်။

သူမသည် ကျန်းယို့ကိုငုံကြည့်ပြီး ပြုံးနေသည်။

သူမသည် တညလုံးအိပ်ခဲ့ဟန်မတူ။

သူ့အား တညလုံး အိပ်ဖန်စောင့်နေခဲ့ဟန်တူသည်။

ကျန်းယို့သည် ဝေဝေဘုန်း၏မျက်နှာကလေးကို တစိမ့်စိမ့် ကြည့်ယင်း ပီတိတွေဖြာနေသည်။

တဒင်္ဂအချိန်ကလေးတွင် ကျန်းယို့သည် ဝေဝေဘုန်းအပေါ်တွင် အနှစ်သက်ဆုံး ဇနီးမယားကလေးတယောက်အဖြစ် ထင်မှတ်နေမိတော့သည်။

ဝေဝေဘုန်းနှင့်ကျန်းယို့တို့နှစ်ယောက် ကိုယ်လက်များ သန့်စင်ပြီး အိမ်ဆောင်ကြီးအတွင်းမှ ထွက်လာခဲ့သည်။

လမ်းတလျှောက်တွင် လမ်းသွားလမ်းလာများနှင့် တွေ့သည်။

သို့သော် မည်သူဘဦး တယောက်မျှ သူတို့ကို စိတ်မဝင်စားအထူးတလည်ဖြစ်မနေ။

'လမ်းသွားလမ်းလာတွေက အစ်ကို့ကိုမကြည့်ကြဘူး'

ဝေဝေဘုန်းကခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါရဲ့၊ဆုငွေ ၅၀၀၀ ထုတ်ထားတဲ့လူကို ဘာကြောင့် မကြည့်ကြသလဲမသိဘူး'

သူမကလဲ အံ့ဩဟန်ဖြင့် လွှတ်ကနဲပြောလိုက်မိသည်။

ကျန်းယို့က ခေါင်းတချက်ဆတ်လိုက်သည်။

'အင်း သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး ကပ်ထားတဲ့ ဆုငွေထုတ်ထားတဲ့ကြော်ငြာကို မတွေ့မိလို့ဖြစ်မယ်ထင်တယ်'

ကျန်းယို့က တမျိုးလှည့်၍တွေးလိုက်ပြန်သည်။





'ဖြစ်နိုင်ပါတယ်'

သူမက ထောက်ခံလိုက်သည်။

'ဒါဖြင့် အစ်ကို့ပုံကပ်ထားတာကို ဘယ်နေရာမှာ တွေ့ခဲ့လို့လဲ'

ဝေဝေဘုန်းက ရှေ့ခပ်လှမ်းလှမ်းသို့ လက်ညှိုး ထိုးပြလိုက်သည်။

'ဟိုရှေ့က လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့တာရှင့်'

ကျန်းယို့က ခေါင်းညိတ်လိုက်သည်။

နှစ်ယောက်သား လက်ဖက်ရည်ဆိုင်သို့ အရောက် သွက်လက်စွာ လျှောက်သွားကြသည်။

လက်ဖက်ရည်ဆိုင်တွင် လူအများ အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

နှစ်ယောက်သား လက်ဖက်ရည်ဆိုင်တွင်းသို့ ဝင်ရောက်လာခဲ့သည်။

လက်ဖက်ရည်ဆိုင်နံရံတွင်ကျန်းယို့၏ကိုယ်တပိုင်းပုံများ အနှံ့ကပ်ထားသည်ကို တွေ့ရှိရသည်။

သူတို့နှစ်ယောက်သည် စားပွဲလွတ်တလုံးတွင် ဝင်၍ထိုင်လိုက်သည်။

သို့သော် မည်သူတဦးတယောက်မျှ ကျန်းယို့အား အထူးအဆန်းလုပ်၍ ကြည့်နေခြင်းမရှိ။

ကျန်းယို့ခံပြင်းနေမိသည်။

သူသည် အများသတိထားမိစေရန်၊ အသံကိုလိုသည်ထက်ပို၍ ကျယ်လောင်စွာအော်ပြောလိုက်သည်။

'ဟော့ ယက်ဖက်ရည်နှစ်ခွက် မြန်မြန်ယူခဲ့၊ စားစရာမုန့်ပါ ယူခဲ့'

ကျန်းယို့က ဆိုင်အတွင်းမှ လူအများက ဂရုစိုက် ကြည့်လာအောင် တမင်အသံကိုမြှင့်၍ပြောလိုက်ခြင်းဖြစ်သည်။

သို့သော် အခြေအနေမှာမထူးခြား။

သူ၏အသံ အော်ကျယ်အော်ကျယ်ပြောဆိုမှုကြောင့်လူများက တချက်လှမ်းကြည့်လိုက်ပြီး မထူးဆန်းသလိုပင် လက်ဖက်ရည် သောက်မပျက် မျက်နှာလွှဲသွားကြသည်။

ခက်ချေပြီ။

မည်သူကမျှ သူ့ကို ဂရုမစိုက်။

ဆုငွေထုတ်ထားသော လူတယောက် ဝင်ရောက်လာသည်ကို တစုံတယောက်သည် သတိပြုမိလောက်သည်။

ယခုတော့ ဤသို့မဟုတ်။

မည်သူကမျှ ဂရုမထား ဘာသိဘာသာပင် စားသောက်နေကြသည်။

ကျန်းယို့သည် စိတ်မရှည်နိုင်တော့။

ထိုင်ရာမှ ဇုန်းကနဲထလိုက်သည်။

ပြီးနောက် ဆုငွေကပ်ထားသောနံရံရှေ့သို့လျှောက်သွားသည်။ နံရံနှင့်ကပ်လျက်စားပွဲတွင် လူနှစ်ယောက် လက်ဖက်ရည် ထိုင်သောက်နေသည်။





ကျန်းယို့က စားပွဲအနီးတွင် မတ်တတ်ရပ်လိုက်သည်။

ပြီးလျှင် ချောင်းတချက်ရှင်းလိုက်ပြီး ရုပ်ပုံအောက်တွင် ရေးသားထားသောစာများကို အော်ကျယ်အော်ကျယ်ဖြင့် ဖတ်လိုက်သည်။

'အများသိစေရန် ကြေငြာလိုက်သည်။

မည်သူမဆို အထက်ပါ ဓာတ်ပုံရှင်ကို တွေ့ရှိလျှင် အောက်ပါပုဂ္ဂိုလ်ထံသို့ လာရောက် သတင်းပေးလျှင်ဆုငွေ ၅၀၀၀ ချီးမြှင့်ပါမည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး'

ကျန်းယို့က ကြော်ငြာစာကိုဖတ်ပြီး ဆိုင်တွင်းသို့ လှည့်ပတ်ကြည့်လိုက်သည်။

သို့သော် မည်သူတဦးတယောက်ကမှ ဂရုမစိုက်၊ အရေးမထား စိတ်မဝင်စား။

အစားအသောက်ပင် မပျက်။

ကျန်းယို့ သက်ပြင်းတချက်ချလိုက်သည်။

ထို့ကြောင့် သူနှင့်ကပ်လျက်စားပွဲတွင် လက်ဖက်ရည်သောက်နေသူ နှစ်ဦးဘက်သို့လှည့်ပြီး ပြုံးပြလိုက်သည်။

'ဒီမှာမိတ်ဆွေ၊ ကျုပ်ကို အသေအချာကြည့်စမ်းပါဗျာ၊ ဒီဆုငွေထုတ်ထားတဲ့လူနဲ့မတူဘူးလား'

ကျွန်ုပ်တို့က မအောင့်အည်းနိုင်တော့ပဲ အနီးမှ လူနှစ်ယောက်ကို မေးမြန်းလိုက်သည်။

ထိုလူနှစ်ယောက်က ခေါင်းခါလိုက်သည်။

'မတွေ့ပါဘူးဗျာ'

ကျွန်ုပ်တို့ စိတ်ပျက်သွားသည်။

သူက ခေါင်းကို သွက်သွက်ခါအောင် ယမ်းလိုက်သည်။

သေသေချာချာကြည့်ပါဦး၊ ကျုပ်နဲ့တကယ်တူပါတယ်'

ထိုလူနှစ်ယောက်က ကျွန်ုပ်တို့ကို တချက် မော့ကြည့်လိုက်သည်။

'မတူပါဘူးဗျာ'

ထိုလူနှစ်ယောက်က ခတ်ပြားဟောင်းပြန်ဖွင့်ပြီး ခေါင်းငုံ့သွားသည်။

ခက်ချေပြီ။

မိမိ၏ရုပ်ပုံကို ဆုငွေထုတ်ထားခဲ့သည်။

ဆုငွေထုတ်ထားသူကို တွေ့ပါလျက်၊ မတွေ့ဟန်ဆောင်နေကြသည်။

မည်သူတဦးတယောက်မှ ဂရုတစိုက်မရှိကြ။

မည်သို့သောအကြောင်းများကြောင့် ယခုကဲ့သို့ မသိကျိုးကျွံပြုနေကြလေသနည်း။

သတင်းပေးရုံဖြင့် ဆုငွေ ၅၀၀၀ ရရှိပေမည်။

ဆုငွေ ၅၀၀၀ သည် နည်းသည့်ငွေမဟုတ်။

ယခုတော့ မည်သူကမျှ တုတ်တုတ်မလှုပ်။





အံ့သြစရာဖြစ်နေသည်။

ကျွန်ုပ်တို့သည် အကြီးအကျယ်စိတ်ပျက်သွားမိသည်။

ထိုစဉ် စားပွဲထိုးတယောက်သည် သူ၏အနီးသို့ ရောက်လာသည်။

ကျွန်ုပ်တို့က စားပွဲထိုး၏လက်မောင်းကို ဖမ်းဆွဲလိုက်သည်။

'ဟေ့....ဒီမှာကြည့်စမ်း၊ နံရံမှာကပ်ထားတဲ့ပုံနဲ့ ငါ့ပုံမတူဘူးလား'

စားပွဲထိုး၏မျက်လုံးအစုံသည် ပြူးကျယ်ထွက်သွားသည်။

သူ၏မျက်နှာသည် ရုတ်ခြည်း သွေးဆုတ်သွားသူပမာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

'မတူပါဘူးဗျာ'

ကျွန်ုပ်တို့ ငိုင်ကျသွားတော့သည်။

ဝေဝေဘုန်းက မနေသာတော့ပဲ ကျွန်ုပ်တို့ထံသို့ လျှောက်သွားသည်။

'လာပါ အစ်ကို....၊ ခဏလောက် ထိုင်စောင့်ကြတာပေါ့....တယောက်ယောက်လောက်တော့သွားပြီး သတင်းပို့နေလောက်မှာပါ'

ဝေဝေဘုန်းက တိုးတိုးလေးသံဖြင့် အနားသို့ကပ်၍ သတိပေးစကားပြောလိုက်သည်။

ကျွန်ုပ်တို့သည် မကျေမနပ်ဖြင့် ဝေဝေဘုန်းခေါ်ရာ စားပွဲဆီပြန်၍ လျှောက်သွားသည်။

သူသည် သက်ပြင်းတချက်ချပြီး ကုလားထိုင်တလုံးတွင် ထိုင်ချလိုက်မိသည်။

ကျွန်းယို့၏စိတ် ဂနာမငြိမ်ဖြစ်နေမိသည်။

သူတို့နှစ်ယောက်သည် လာရောက်ချပေးသောမုန့်နှင့် လက်ဖက်ရည်ကို အချိန်ဆွဲပြီး စားသောက်နေမိသည်။

အချိန်ကာလအားဖြင့် တနာရီခန့်ကြာသွားသည်။

သို့သော် တစုံတရာထူးခြားမလာ။

မည်သူ တဦးတယောက်မှလည်း ပေါ်မလာ။

ကျွန်းယို့ စိတ်ပျက်သွားမိသည်။

သူသည် နံရံတွင်ကပ်ထားသော သူ၏ပုံတူရုပ်ပုံကို စူးစိုက်ကြည့်လိုက်ပြန်သည်။

ပြီးနောက် ကျွန်းယို့က ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'အင်း....ဆုငွေ ၅၀၀၀ ဆိုတာ နည်းတဲ့ငွေမဟုတ်ဘူး၊ ဘာ့ကြောင့် မယူချင်ကြသလဲ မသိဘူးနော်'

ကျွန်းယို့က ညည်းညည်းညူညူ ပြောဆိုလိုက်သည်။

ထိုစဉ်....

လက်ဖက်ရည်ဆိုင်တွင်းသို့ လူတယောက် သုတ်သုတ်ပြာပြာ ဝင်ရောက်လာသည်။

ထိုလူသည် လက်ဖက်ရည်ဆိုင် နံရံတွင်ကပ်ထားသော ဆုငွေကြော်ငြာစာရွက်များကို ဖြုတ်ယူနေသည်။

ကျွန် ယို့ သိလိုက်ပြီ။





ထိုလူသည် လက်တဖက်ပြတ် သက်သတ်လွတ်တရုတ်ဘုန်းကြီး၏ တပည့်ကျော်လေ့သမား ဝှာရှောင်ဆိုသူပင်ဖြစ်သည်။

မှန်သည်။

ထိုသူ၏နောက်တွင် လက်ဘဖက်ပြတ် သက်သတ်လွတ် တရုတ်ဘုန်းကြီး ပါလာသည်ကိုတွေ့မြင်ရသည်။

နံရံမှ ဆုငွေကြော်ငြာများကိုဖြုတ်ပြီးနောက် သက်သတ်လွတ်တရုတ်ဘုန်းကြီးသည် ကျွန်းယို့တို့၏စားပွဲဆီသို့ လျှောက်လာသည်။

သူသည် ကျွန်းယို့တို့နှင့်အတူရောရှု ထိုင်လိုက်၏။

'စောစောစီးစီး လက်ဖက်ရည်လာသောက်ကြတယ်ထင်တယ်'

လက်တဖက်ပြတ် သက်သတ်လွတ် တရုတ်ဘုန်းကြီးက စကားမရှိ စကားရှာ ပြောလိုက်သည်။

ကျွန်းယို့က ခေါင်းတချက်ညိတ်ပြီး ပြုံးပြလိုက်သည်။

နောက်မှပါလာသော ဝှာရှောင်က သူ၏လက်ထဲမှ ကြော်ငြာစာရွက်လိပ်ကို စားပွဲပေါ်သို့ ထိုးတင်ပေးလိုက်သည်။

'ဒီဆိုင်သိမ်းတာနှင့်ဆိုယင် ကုန်လောက်ပါပြီ။ အားလုံး ကြော်ငြာသုံးရာလောက် ရှိလိမ့်မယ်ခင်ဗျ'

ဝှာရှောင်က သူ၏ဆရာ သက်သတ်လွတ်တရုတ်ဘုန်းကြီးအား အစီရင်ခံလိုက်သည်။

ကျွန်းယို့က မသိဟန်ဆောင်၍ မေးမြန်းလိုက်သည်။

'ခင်ဗျားတို့က ကြော်ငြာတွေကို ဘာဖြစ်လို့ လိုက်သိမ်းနေရတာလဲ'

'ဘာအသုံးကျလို့လဲ၊ မျက်စိထဲအမြင်မတော်လို့ သိမ်းခိုင်းလိုက်တာ'

ဝေဝေဘုန်း၏မျက်နှာ တင်းမာသွားသည်။

'ဘယ့်နှယ့် အသုံးမကျရမှာလဲ၊ ငွေငါးတောင်တန်ဆယ်ဆိုတာများ မသိဘူးလား'

သူမက စူးစမ်းသည့်သဘောဖြင့် မေးမြန်းလိုက်သည်။

ဝှာရှောင်က ရယ်မောလိုက်သည်။

'ဒါပေမယ့် အခုတော့ ငါးထောင်မပြောနဲ့ ခြူးတပြားမှ မတန်တော့ပါဘူး'

ဝှာရှောင်၏စကားကြောင့် ကျန်းယို့အံ့သြသွားသည်။

'ဘာဖြစ်လို့လဲဗျ'

ကျန်းယို့က သိချင်ဇောဖြင့် အလျင်စလိုမေးမြန်းလိုက်သည်။

သည်တခါ အံ့သြသွားသူမှာ ဝှာရှောင်ဖြစ်သည်။

ဝှာရှောင်က နားမလည်ဟန်ဖြင့် ကျန်းယို့အားတချက်ကြည့်လိုက်သည်။

'ဟင်းဟင်း၊ ခင်ဗျားတို့ တခေတ်နောက်ကျသွားပြီ၊ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးအကြောင်း မကြားသေးဘူးနဲ့တူတယ်'

ဝေဝေဘုန်းက မဲ့ပြုံလိုက်သည်။

'သူ့အကြောင်းတော့မသိဘူး၊ ဒါပေမယ့် သူနဲ့ တွေ့ချင်လို့ ကျုပ်တို့ကလိုက်ရှာနေတာ'





ဝေဝေဘုန်း၏စကားကြောင့် ဝှါရှောင်နှင့် သက်သတ်လွတ်တရုတ်ဘုန်းကြီးတို့နှစ်ယောက်သည် တယောက်မျက်နှာတယောက် ကြည့်လိုက်ကြသည်၊

ပြီးနောက် မပြုံးပဲနှင့် ဝါးလုံးကွဲရယ်ချလိုက်သည်။

'ခင်ဗျားတို့သူ့ကိုလိုက်ရှာယင် တွေ့နိုင်ပါတယ်ဗျာ၊ တွေ့ပါလိမ့်မယ်'

ကျန်းယို့က တက်ကြွသွားသည်။

'သူဘယ်မှာရှိသလဲ၊ တဆိတ်လောက် လိုက်ပို့ပါလားဗျာ'

ကျန်းယို့က တောင်းတောင်းပန်ပန်ဖြင့် အကူအညီတောင်းလိုက်သည်။

လက်တဖက်ပြတ်သက်သတ်လွတ် တရုတ် ဘုန်းကြီးက တစုံတရာ ပြန်မဖြေ။

ခွက်ထိုးခွက်လ တဟားဟားရယ်မောနေတော့သည်။

ဝေဝေဘုန်းက မျက်မှောင်တချက် ကြုတ်လျက် သက်သတ်လွတ်တရုတ်ဘုန်းကြီးအား စူးစိုက်ကြည့်လိုက်သည်။

ကျန်းယို့၏မျက်နှာ တင်းမာသွားတော့သည်။

'ခင်ဗျား တာလောက်တော င် ဘာဖြစ်လို့ရယ်မောနေရတာလဲ'

ကျန်းယို့က လေသံမာမာဖြင့် မေးမြန်းလိုက်သည်။

သည်တော့မှပင် လက်တဖက်ပြတ် တရုတ် ဘုန်းကြီးသည် အရယ်ရပ်သွားတော့သည်။

သူ၏မျက်နှာ ပြန်လည်တည်သွားတော့သည်။

ကျန်းယို့ကိုတလှည့်၊ ဝေဝေဘုန်းကိုတလှည့် ကြည့်လိုက်ပြန်သည်။

ပြီးမှသူက အေးဆေးတည်ငြိမ်စွာဖြင့် စကား ဆိုတော့သည်။

'သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးကို ရှာယင်တွေ့တော့ တွေ့နိုင်တယ်၊ ဒါပေမယ့် သူက အသက်မရှိတော့ဘူး'

'ဟယ်'

ဝေဝေဘုန်းက အထိတ်တလန့်ဖြင့် လွတ်ကနဲ အာမေဍိတ်သံပြုလိုက်သည်။

ကျန်းယို့မျက်လုံးပြူးသွားသည်။

သူတို့အားလုံး မှင်သက်မိသွားသည့်အလား ငြိမ်သက်သွားသည်။

ပြီးမှ ဝှါရှောင် စကားဆက်ပြောလိုက်သည်။

'သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးအသတ်ခံလိုက်ရပြီ'

ကျန်းယို့ အားပျက်သွားတော့သည်။

သူ၏ကိစ္စတွင် သဲလွန်စတခုဖြစ်သော သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး အသတ်ခံလိုက်ရသည့်အတွက် အခက်ကြုံရတော့သည်။

ကျန်းယို့က သက်ပြင်းဘချက်ချလိုက်မိသည်။

'သူဘယ်တုန်းကအသတ်ခံရတာလဲ'

'မနေ့ညကပဲခံလိုက်ရတယ်'

ဝှါရှောင် နှုတ်သွက်လျှာသွက်ဖြေကြားလိုက်သည်။

ကျန်းယို့က သူ၏ခေါင်းကို သွက်သွက် ခါယမ်းလိုက်သည်။





သူ၏ရင်ထဲဝယ် မေးခွန်းတွေကို မေးမြန်းနေမိသည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးကို မည်သူကသတ်သွားလေသနည်း။

အဘယ်ကြောင့်သတ်ပစ်ရလေသနည်း။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးသည် နဂါးစိမ်းခေါင်းဆောင်ဖြစ်လျှင် သူ့ကိုမည်သူကအံတုနိုင်မည်နည်း။

ကျန်းယို့သည် အတွေးပေါင်းစုံဖြင့် ခေါင်းငိုက်စိုက် ကျနေတော့သည်။

* * *

## အခန်း (၁၂)

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီး၏ဈာပန။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးသည် လူထွက်သွားပြီးဖြစ်သည်။

သို့သော် သူ၏အလောင်းကို ရှောင်လင် ဘုန်းတော်ကြီးကျောင်းက ပြန်လည်လက်ခံထားသည်။

သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီး၏ အသုဘကိစ္စအဝဝကို လျူကောင်းက တာဝန်ယူ စီစဉ်လျက်ရှိသည်။

မိုးဆမ်းပန်းစာပေ

သူသည် သားပျောက်ဆုံးမှုအတွက် ဗျာများနေခဲ့သည်။

ထို့နောက် သူ၏သားသေဆုံးခဲ့သည်ကို မြင်တွေ့ခဲ့သည်။

ယခုသူ၏မိတ်ဆွေ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏အသုဘကိစ္စကို စီစဉ်ရပြန်သည်။

ရက်ပိုင်းအတွင်း အလွန်ပင်အလုပ်ရှုပ်သွားသည်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီး၏အလောင်းကို ဘုန်းကြီးကျောင်း အနောက်ဘက် မြေကွက်လပ်တွင် မီးသဂြိုဟ်လျက်ရှိသည်။

ကျန်းယို့နှင့် ဝေဝေဘုန်းတို့သည်လည်း မီးသဂြိုဟ်ပွဲသို့ ရောက်ရှိနေသည်။

ကျန်းယို့သည်သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီး၏အလောင်းမှ မီးတောက်မီးလျှံများကို ငေးမော၍ကြည့်ရှုနေသည်။

သူ အားလုံးသည် ငြိမ်လျက် အလောင်း မီးသဂြိုဟ်သည်ကို ဝိုင်း၍ကြည့်ရှုနေကြသည်။

မည်သူတဦးတယောက်မှ စကားမပြောကြ။

သို့သော် အငြိမ်မနေနိုင်သော ဝေဝေဘုန်းက စပ်စပ်စုစု မေးမြန်းလိုက်သည်။

'သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးကို သတ်တဲ့ တရားခံဘယ်သူလဲဟင်'

ဝေဝေဘုန်းက သက်သတ်လွတ် တရုတ်ဘုန်းကြီး၏မျက်နှာကို စေ့စေ့ကြည့်၍ မေးမြန်းလိုက်သည်။





လက်ဘဖက်ပြတ် သက်သတ်လွတ်တရုတ်ဘုန်းကြီး ခေါင်းခါပြလိုက်သည်။

လျှုကောင်းကမူ တစုံတရာမပြောတော့ပဲ ရွှေရောင်တောက်နေသောအရာဝတ္ထုတခုကို လှမ်း၍ပေးလိုက်သည်။

ကျန်းယို့က ပြာပြာသလဲ့ လှမ်းယူလိုက်သည်။

ကျန်းယို့က ထိုရွှေရောင်အရာဝတ္ထုကို ခေါင်းငုံ့၍ကြည့်လိုက်သည်။

ကျန်းယို့မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

သူ၏တကိုယ်လုံးသည် အေးစက်တောင့်တင်းသွားတော့၏။

အဘယ့်ကြောင့်ဆိုသော်၊ ရွှေရောင်ငါးမျှားချိတ်ငယ် တခုဖြစ်နေသောကြောင့်ပင်ဖြစ်သည်။

'ဒီငါးမျှားချိတ်က ဘယ်ကရတာလဲ'

'သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးရဲ့ရင်ဝကတွေ့လို့ ကျုပ်နှုတ်ယူထားလိုက်တာ'

လျှုကောင်း၏စကားကြောင့် ကျန်းယို့ မျက်လုံးပြူးသွားပြန်သည်။

အဘယ့်ကြောင့်ဟူမူ၊ သေတ္တာတွင်းမှ ကယ်ထုတ်ခဲ့သောလုလင်သည်လည်း၊ ဤရွှေရောင်ငါးမျှားချိတ်ငယ် စူးဝင်ပြီးဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

သူကိုယ်တိုင် အဆိပ်သင့်သည်ကို ကုစားပေးခဲ့ရသည်မဟုတ်ပါလော။

ယခုလည်းကြည့်။

သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးသည် ဤလိုင်းများ၏ဖြင့် အသက်ပျောက်ခဲ့ရသည်။

လူသင်ငယ်နှင့် သိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးတို့အား သတ်ခဲ့သည့် တရားခံသည် တဦးတည်းပင်ဖြစ်ပေမည်။

ဤသို့ဆိုလျှင်၊ ထိုလူသတ်တရားခံသည်မည်သူဖြစ်လေသနည်း။

ဆက်စပ်တွေးကြည့်မည်ဆိုလျှင် ယင်းတရားခံသည်၊ သူ့ရှေ့မှ လူနည်းစုအတွင်းမှ တဦးဦးဖြစ်ဖွယ်ရှိပေသည်။

ရှေရှေဝေးဝေးတွေးစရာမလို။

ပြေးကြည့်လျှင် သူတို့သုံးယောက်သာ ရှိသည်။

သက်သတ်လွတ် တရုတ်ဘုန်းကြီး၊ သူရဲ့တပည့် ဝှာရှောင်ပြီးတော့ လျူကောင်း။

သူတို့သုံးယောက်သည် တရားခံ မည်သူဖြစ်လေမည်နည်း။

မည်သို့ဖြစ်စေ၊ သုံးယောက်အနက် တယောက်ယောက်တော့ ဖြစ်နိုင်သည်။

သို့သော်။

ငိုအားထက် ရယ်အားသန်ဆိုသလိုဖြစ်နေသည်။

ပြေူးက ဖြဲပြနေသေးသည်။

လက်တဖက်ပြတ်သက်သတ်လွတ်တရုတ်ဘုန်းကြီးက ကျန်းယို့နှင့် ဝေဝေဘုန်းတို့အား ပြန်လည်၍စစ်ဆေးနေသေးသည်။

'ခင်ဗျားတို့နှစ်ယောက် မနေ့က ဘယ်မှာရှိသလဲ'

ဝေဝေဘုန်းက ကြားစင်ဖြေကြားလိုက်သည်။





'သူဟာ ကျုပ်နဲ့အတူရှိနေခဲ့တယ်'

'ဘယ်မှာရှိနေတာလဲ'

'သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးရဲ့နေအိမ်မှာ'

'သူ့အိမ်မှာ ဘယ်သူရှိသေးလဲ'

'ခင်ဗျားသွားကြည့်ပါလား'

ကျန်းယို့က ကြားဖြတ်၍ ဘုတောလိုက်သည်။

သည်တော့မှ သက်သတ်လွတ်တရုတ်ဘုန်းကြီး ဖြိမ်ကုတ်သွားသည်။

'ဒါဖြင့်လဲ ခင်ဗျားတို့ သွားနိုင်ပါပြီ'

လက်တဖက်ပြတ် သက်သတ်လွတ်တရုတ်ဘုန်းကြီးက စကားကို လှိုးလွဲပြောလိုက်သည်။

ကျန်းယို့ခေါင်းခါလိုက်သည်။

'ကျုပ်က ဘယ်ကိုသွားရမှာလဲ၊ ဘယ်ကိုမှမသွားနိုင်သေးဘူးဗျ'

ကျန်းယို့၏အသံက တင်းမာခက်ထန်လှသည်။

သက်သတ်လွတ်တရုတ်ဘုန်းကြီး၏မျက်လုံး ပြူးကျယ်သွားတော့သည်။

'ခင်ဗျားသွားမယ့်လမ်းကို ဖြောင့်ဖြောင့်သွားနိုင်ပြီလို့ကျုပ်ကစေတနာနဲ့ပြောတာပါ'

'ကျုပ်မသွားနိုင်သေးဘူး၊ လူသတ်တရားခံ မပေါ်မချင်းကျုပ်မသွားဘူးဆိုတာ မှတ်ထားလိုက်ပါ'

သက်သတ်လွတ်တရုတ်ဘုန်းကြီး၏ မျက်နှာသည် သိသိသာသာပျက်သွားသည်။

လျှုကောင်းက ချောင်းတဟွတ်ဟွတ်ဆိုးနေသည်။

'ဒီမှာမိတ်ဆွေ၊ ကျုပ်က ခင်ဗျားကို လုံးဝစိတ်ချယုံကြည်ပါတယ်၊ မောင်ရင်သွားစရာရှိတာကို အေးဆေးစွာ သွားနိုင်ပါတယ်'

ကာယကံရှင်ဖြစ်သော လျှုကောင်းက တိုက်တိုက်တွန်းတွန်းပြောလိုက်သည်။

ကျန်းယို့က ခေါင်းခါ၍ သက်ပြင်းချလိုက်သည်။

'ကျွန်တော်မသွားနိုင်ဘူး၊ ဘယ်နည်းနဲ့မှမသွားနိုင်ဘူး'

ကျန်းယို့၏စကားကပြတ်သားသည်။

ယတိပြတ်ဆုံးဖြတ်ထားပုံလည်း ရသည်။

သက်သတ်လွတ် တရုတ်ဘုန်းကြီးက သက်ပြင်းတချက်ချလိုက်သည်။

'ဒီလိုဆိုယင် ခင်ဗျားက လူသတ်တရားခံကို တွေ့များထားပြီလား'

ကျန်းယို့ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော်တွေ့ထားတယ်'

လက်တဖက်ပြတ် သက်သတ်လွတ် တရုတ်ဘုန်းကြီးက မျက်မှောင်တချက် ကြုတ်လိုက်သည်။

'ခင်ဗျားက ဘယ်သူ့ကိုထင်နေလို့လဲ'





ကျန်းယို့က ပြုံးလိုက်သည်။

'ထင်တာမဟုတ်ဘူး၊ တွေ့ထားတယ်'

'ဒါဖြင့် ဘယ်သူများလဲ'

'နဂါးစိမ်း'

သက်သတ်လွတ်တရုတ်ဘုန်းကြီး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'နဂါးစိမ်းဟုတ်လား'

သက်သတ်လွတ် တရုတ်ဘုန်းကြီး၏ မျက်နှာသည် ကွက်ကနဲပျက်သွားသည်။

ကျန်းယို့က ပြုံးလိုက်သည်။

'ဟုတ်တယ် နဂါးစိမ်းဂိုဏ်း'

နဂါးစိမ်းဂိုဏ်း....။

လျှုကောင်းနှင့် လက်တဖက်ပြတ် သက်သတ်လွတ်တရုတ်ဘုန်းကြီးတို့နှစ်ယောက်စလုံး ဣန္ဒြေမဆောင်နိုင်လောက်အောင်ပင် မျက်စိပျက် မျက်နှာပျက်ဖြစ်သွားသည်။

သူတို့၏မျက်နှာများပေါ်တွင် ကြောက်ရွံ့ထိတ်လန့်မှု အရိပ်အရောင်များ လွှမ်းမိုးထားသည်ကို အထင်အရှား တွေ့မြင်နိုင်သည်။

မှန်သည်။

နဂါးစိမ်းဂိုဏ်းဟုဆိုလျှင် လူအများသည် ဖိန့်ဖိန့်တုန်အောင်ပင် ကြောက်ရွံ့ကြသည်။

ဩဇာအာဏာထက်မြက်သည်၊ လုပ်ရပ်က လျှို့ဝှက်သည်၊ ပိုရိုသည်၊အကောင်အထည်မပေါ်ပဲ တကယ်ရှိနေသည်ကို လူအများက သိရှိနေသည်။

ကြောက်စရာအကောင်းဆုံးသော လျှို့ဝှက် အဖွဲ့အစည်းတခု ဖြစ်သည်။

ထို့ကြောင့် နဂါးစိမ်းဂိုဏ်းဆိုရုံဖြင့်၊ လျှုကောင်းနှင့် လက်တဖက်ပြတ်သက်သတ်လွတ်တရုတ်ဘုန်းကြီးတို့ အကြီးအကျယ် တုန်လှုပ်သွားခြင်းဖြစ်သည်။

သက်သတ်လွတ် တရုတ်ဘုန်းကြီးက သက်ပြင်းရှည်တချက် လေးလေးပင်ပင်ချလိုက်သည်။

'ဒီကိစ္စမှာ နဂါးစိမ်းဂိုဏ်းက ပါဝင် ပတ်သက်နေတယ်လို့ မောင်ရင်က ထင်နေသလား'

လက်တဖက်ပြတ် သက်သတ်လွတ် တရုတ်ဘုန်းကြီးက တည်ငြိမ်စွာ မေးမြန်းလိုက်သည်။

ကျန်းယို့က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော်ဟာ လဆန်းဆယ်ရက်နေ့က ရောက်လာတယ်၊ တည်းခိုခန်းမှာ ပစ္စည်းချပြီး ထမင်းဆိုင်မှာ ထမင်းစားတယ်၊ ညမွှေးပန်းနဲ့စတင်တိုးခဲ့ရတယ်'

ကျန်းယို့က ဇာတ်ကြောင်းကို ပြန်လှန်လိုက်သည်။

'ဟုတ်ပါတယ်၊ ဒီသတင်းကို ကျုပ်တို့သိပြီးပါပြီ'





ကျန်းယို့ကပြုံးလိုက်သည်။

'ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းလိုက်တာပဲ၊ ညမွှေးပန်းက၊ သူ့ကိုမမြင်၊ မြင်အောင်ဟန်ပြတယ်၊ အဲဒီအချိန်မှာပဲသိုင်းပြောင်းပြန်တရုတ်ဘုန်းကြီးရဲ့ တပည့်တွေက ညမွှေးပန်းနဲ့ ပြဿနာတက်ကြတယ်၊ တကယ်တော့ ဆင်ကွက်ပါ၊ ကျွန်တော်ရောက်တာမှ နာရီပိုင်းရှိသေးတယ်၊ ပြဿနာဖြစ်ရတယ်ဆိုတော့စဉ်းစားသာကြည့်ပေတော့'

သက်သတ်လွတ်တရုတ်ဘုန်းကြီးက ကျန်းယို့၏မျက်နှာကိုတချက်လှမ်းကြည့်လိုက်သည်။

'ဒီကိစ္စမှာ သူတို့ဟာ ကြိုတင်အကွက်ဆင်ထားတယ်လို့ ခင်ဗျားဆိုလိုချင်တာလား'

'သိပ်ဟုတ်တာပေါ့'

'ဒီလိုဆိုယင်၊ ညမွှေးပန်းနဲ့ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးတို့ဟာ တဖွဲ့တည်း၊ တကျိတ်တည်း၊ တဂိုဏ်းတည်းလို့ ဆိုရမှာပေါ့'

ကျန်းယို့က ခေါင်းညိတ်လိုက်ပြန်သည်။

'မှန်ပါတယ်၊ ကျွန်တော်ရောက်မယ့်အချိန်နဲ့ ကိုက်ပြီး လုပ်ဇာတ်ခင်းလိုက်တာပဲ'

သည်တော့မှ အတန်ကြာ ငြိမ်သက်စွာ နားထောင်နေသော ဝေဝေဘုန်းက ကြားဝင်လာတော့သည်။

'သူက သူ့ရဲ့ကောင်းကြီးလုပ်ပြီး၊ မိန်းကလေး တယောက်ကို လူဆိုးလေးယောက်လက်က ဝင်ကယ်လိုက်ပါရော၊ ပြီးတော့

ညမွှေးပန်းကလဲ၊ တော်တော်လှတယ်မဟုတ်လား၊ ဒီတော့ဘယ်ပြောကောင်းပါ့မလဲ’

သူမက၊ သူ့ကိုယ်သူ မနည်းထိန်းပြီး စကားပြောလိုက်ရသည်။

ကျန်းယို့က ပြုံးနေသည်။

‘သူတို့ဒီလိုအကွက်ဆင်တာဟာ ဘယ်လိုရည်ရွယ်ချက်ရှိလို့လဲ’

‘အကြောင်းက လျူရှောင်ယင်းကို အကြောင်းတခုကြောင့်သတ်တယ်၊ လက်သည်မပေါ်အောင် ကျုပ်ကို တရားခံအဖြစ်ဖန်တီးလိုက်တယ်၊ အဲဒီတော့ ကျုပ်ကို သူတို့ကိုယ်တိုင် မသတ်ရတော့ပဲ၊ ဟောဒီ လျူရှောင်ယင်းရဲ့ ဖခင် လျူကောင်းက ကျုပ်ကိုသတ်မယ်၊ ဘယ်လောက်ကောင်းတဲ့အကြံဉာဏ်လဲ’

သက်သတ်လွတ်တရုတ်ဘုန်းကြီးက ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

လျူကောင်း၏မျက်နှာမှာမူ သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

‘ဒါကြောင့် နဂါးစိမ်းဂိုဏ်းဟာ လုပ်ချင်သလိုလုပ်၊ အောင်မြင်နေတာကိုး’

သက်သတ်လွတ်တရုတ်ဘုန်းကြီးက သဘောပေါက်ဟန်ဖြင့်ပြောလိုက်သည်။

ကျန်းယို့ကပြုံးနေသည်။

‘ဒါပေမယ့် အခုကိစ္စမှာ သူတို့မအောင်မြင်ဘူး’





လက်တဖက်ပြတ် သက်သတ်လွတ်တရုတ်ဘုန်းကြီးက ခေါင်းညိတ်လိုက်သည်။

‘ဟုတ်တယ် အဓိကရည်မှန်းထားတဲ့လူက မသေဘူး၊ အခုဆိုယင် မောင်ရင်သွားချင်ရာကို သွားနိုင်တယ်၊ ဘယ်သူ့မှတားမယ့်သူမရှိဘူး မဟုတ်လား’

ကျန်းယို့ကခေါင်းခါလိုက်၏။

‘ဒီလိုလွယ်လွယ်နဲ့ ထွက်သွားလို့ဘယ်ဖြစ်ပါ့မလဲ၊ ကျုပ်ထွက်သွားယင် သူတို့အောင်မြင်သွားမှာပေါ့ဗျ’

သက်သတ်လွတ် တရုတ်ဘုန်းကြီး မျက်မှောင်ကြုတ်သွားသည်။

‘ဘာဖြစ်လို့လဲ၊ အဓိပ္ပာယ်ကိုရှင်းစမ်းပါအုံး’

‘ဒီကိစ္စ မရှင်းမလင်းနဲ့ထွက်သွားယင်၊ လျူရှောင်ယင်းကိုသတ်တဲ့တရားခံဟာ ကျွန်တော့်ကိုပဲဆင်နေကြမှာပေါ့’

‘အင်း....ဒါလဲဟုတ်တာပဲ’

‘ဒါတင်မကဘူး၊ သူတို့က ကျွန်တော့်ကို တိတ်တဆိတ်နည်းနဲ့ချောင်းမြောင်းသတ်မယ်၊ ပြီးတော့အပြစ်ကိုလျူကောင်းရဲ့ ခေါင်းပေါ်ပုံချမယ်၊ သူတို့ရဲ့ဆင်ကွက်က မဟန်လား’

သက်သတ်လွတ်တရုတ်ဘုန်းကြီးက ကျန်းယို့အား စေ့စေ့ကြည့်လိုက်သည်။

‘ခင်ဗျား သိပ်တော်တယ်၊ အစကတော့ ခင်ဗျားကို အထင်သေးခဲ့မိတယ်’

သက်သတ်လွတ် တရုတ်ဘုန်းကြီးက ရယ်ရယ် မောမောဖြင့် ချီးကျူးစကား ဆိုလိုက်သည်။

ဝေဝေဘုန်းကမမနိုင်တော့၊ ရောယောင်ပြီး ရယ်မောလိုက်သည်။

'ဟုတ်တယ်၊ ဟုတ်တယ်၊ သူ့ကြည့်တော့ မခုတ်တတ်တဲ့ ကြောင်တကောင်ကျနေတာပဲ၊ တကယ်တော့ သိပ်လျင်တယ်၊ မှတ်နေအောင်လည်တယ်၊ အတယ်၊ နှံတယ်များမထင်လိုက်နဲ့ မှားသွားမယ်'

ဝေဝေဘုန်းက အကြောင်းသိမို့ ထောက်ခံ ပြောလိုက်သည်။

ကျန်းယို့က တစုံတရာပြန်မပြောနိုင်တော့ပဲ၊ တုံဏှိဘာဝေ ဆိတ်ဆိတ်နေလိုက်သည်။

သက်သက်လွတ်တရုတ်ဘုန်းကြီးက ရယ်ရယ်မောဖြင့် ပြောလိုက်ပြန်သည်။

'အင်းအင်း ကျုပ်တောင်သူ့ကိုသဘောကျမိတယ်၊တကယ်လို့သာ ကျုပ်ဟာ ပုလဲကျေးရွာက သိုင်းဆရာကြီး ကျူစွမ်းဖြစ်ခဲ့ယင် သားမက်လောင်းအဖြစ်သူ့ကိုပဲ ရွေးမိမှာသေချာတယ်'

ဝေဝေဘုန်းက ဏ္ဍခြွေဆယ်လိုက်သည်။

'ဒါပေမယ့်ခင်ဗျားက ပုလဲကျေးရွာက သိုင်းသမားကြီး ကျူစွမ်းမှမဟုတ်တာ၊ဒီတော့ခက်တာပေါ့'

ဝေဝေဘုန်း၏စကားကြောင့် အားလုံးက ပွဲကျပြီး တဟားဟား ရယ်မောလိုက်သည်။





ကျန်းယို့၏မျက်လုံးအစုံကမူ ဝေဝေဘုန်း၏မျက်နှာကို မသိမသာ လှမ်းကြည့်လိုက်သည်။

ဤသို့ပင် ဝေဝေဘုန် ကလည်း တိတ်တခိုးဖြင့် ကျန်းယို့၏ မျက်နှာကို လှစ်ကနဲကြည့်လိုက်သည်။

အကြည့်ချင်းဆုံသွားသည်။

မျက်လုံးထဲတွင် ဝင်းကနဲ လက်သွား၏။

သူတို့နှစ်ယောက်စလုံး ရင်ဖိုသွားကြသည်။

သည်အဖြစ်ကို မည်သူမျှမသိလိုက်။

ကာယကံရှင်နှစ်ယောက်တည်းသာ ခံစား သိရှိကြလေသည်။

* * *

## လွင်စာပေ

အမှတ်(၁၃၈) ဒီ လမ်း

တောင်ဥ

အခန်း (၁၃)

အလင်းပျောက်၍ အမှောင်ထုက အောင်ပွဲခံချိန်။

နေဦး၏လေရှူးသည် အရပ်ရှစ်မျက်နှာမှ ဦးတည်ရာမဲ့ ပြေးလွှားတိုက်ခတ်နေသည်။

လျှိုကောင်းတို့သည် ဘုန်းကြီးကျောင်းဝင်းအတွင်းမှမထွက်ခွာသေး။မှောင်ရိပ်တွင် စကားပြောကောင်းနေစဉ်ပင် ဖြစ်သည်။

မိုးဆင်းပန်းစာပေ

'မောင်ရင်ရဲ့စေတနာကို ကျုပ်ယုံကြည်တယ်၊ဒါပေမယ့် စိတ်မစောနဲ့၊ စိတ်စောယင် နဂါးမျိုသွားမယ်၊ သိုသိုသိပ်သိပ်လျှို့ဝှက်ပြီး လုပ်ရမယ်ကွယ့်၊ ကျုပ်ပြောတာကို ဒီလောက်ဆို သဘောပေါက်လောက်ပါတယ်'

လျှုကောင်းက ကျန်းယို့အား သွန်သင်ဆုံးမနေသည်။

'ဟုတ်ကဲ့၊ကျွန်တော်သဘောပေါက်ပါတယ်၊ ကျေးဇူးတင်ပါတယ်'

ကျန်းယို့က တလေးတစား ပြန်ပြောလိုက်သည်။

ထိုစဉ်....။

အမှောင်ထုအတွင်း သစ်ပင်များကြားမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရသည်။

လျှုကောင်း၏မျက်နှာသည် ကွက်ကနဲ ပျက်သွားလေတော့သည်။

သူက သက်ပြင်းတချက်ချလိုက်သည်။

ရုတ်တရက်ပင် လျှုကောင်း၏ကိုယ် တချက် လှုပ်ရှားသွားသည်ကိုသာ မြင်လိုက်သည်။

သိန်းငှက်ကြီးတကောင်ပမာ သူ၏ကိုယ်ခန္ဓာသည် လေကိုထွင်း၍ သစ်ကိုင်းပေါ်သို့ ရောက်သွားသည်။

လျှုကောင်း၏ ကိုယ်ဖေါ့ပညာသည် သူ့ မတူအောင်ပင် ကောင်းလှသည်။





ကျန်းယို့၊ဝေဝေဘုန်းနှင့် သက်သတ်လွတ် တရုတ်ဘုန်းကြီးတို့သည်လည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကိုယ်ဖေါ့ပညာဖြင့် ခုန်လိုက်သွားကြသည်။

သို့သော် သစ်ပင်သစ်ကိုင်းများကြားတွင် မည်သူ တဦးတယောက်မျှ မတွေ့ရတော့ပေ။

ဆန်းသည်။

ထိုသူသည် မည်သူဖြစ်လေသနည်း။

လျှုကောင်းသည်သစ်ပင်အောက်တွင်ငူငူကြီးရပ်လျက်ရှိသည်။

ကျန်းယို့ သက်ပြင်းတချက်ချလိုက်သည်။

'အေးလေ ဘယ်သူပဲဖြစ်ဖြစ် အန္တရာယ်ပေးမယ့်လူ မဟုတ်တာတော့ သေချာတယ်'

ဝေဝေဘုန်းက ကျန်းယို့အနားသို့တိုးတပ်သွားသည်။

'ဟိုလုလင်များ ဖြစ်နေမလားမသိဘူး'

'ဘယ်သူ့ကိုပြောတာလဲ'

ကျန်းယို့က အသံအုပ်အုပ်ဖြင့် မေးမြန်းလိုက်သည်။

'ကျွန်မသူ့ကို လှစ်ကနဲမြင်လိုက်တယ်၊ မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်မိဘူး၊ဒါပေမယ့် သူက ကျွန်မရဲ့အင်္ကျီကို ဝတ်ထားတယ်'

ကျန်းယို့တို့ မျက်လုံးပြူးသွားသည်။

'ညီမရဲ့အင်္ကျီဟုတ်လား'

'ဟုတ်တယ် ကျွန်မဝတ်တဲ့ ယောကျ်ားဝတ်စုံအင်္ကျီ အစိမ်းနု ရောင်'

ကျန်းယို့ပြုံးနေသည်။

'အစ်ကိုမြင်လိုက်ပါတယ်၊ သူက လောလောဆယ် အန္တရာယ် မပေးပေမယ့် သတိထားရလိမ့်မယ်'

ကျန်းယို့က တစုံတရာအကြောက်အကန် အငြင်းအခုံ မလုပ် တော့ပဲ ရေငုံနှုတ်ပိတ်နေလိုက်သည်။

ကျန်းယို့၏ မတုန်မလှုပ်လုပ်နေလေလေ၊ဝေဝေဘုန်း ဒေါပွ လာလေလေဖြစ်သည်။

နောက်ဆုံးတွင် ဝေဝေဘုန်းသည် ဒေါပွသွားတော့သည်။

'ဒီမှာ သူများကပြောတိုင်း ရှင့်ကိုရှင်စောင်လှုပြီ၊ တတ်လှုပြီ ဆိုပြီး ဘဝင်မမြင့်နဲ့၊ ရှင်ဟာတကယ်တော့ နုပါသေးတယ်၊ ဒါ ပေမယ့် ခင်ဗျား လျှင်တယ်ဆိုတာ ကျွန်မ အိပ်နေသလောက် ရှိသေးတယ်'

ကျန်းယို့က ပြုံးမဲ့ပြုံးနေသည်။

သက်သတ်လွတ် တရုတ်ဘုန်းကြီးက ကြားက ဝင်ရောက်ပြော သည်။

'ဆိုစမ်းပါဦး မင်းတို့နှစ်ယောက်က ဘယ်သူပိုပြီး လျှင်တယ် ဆိုတာ သိရအောင် မင်းကဘယ်လောက်လျှင်သလဲ'

ဝေဝေဘုန်းက တခစ်ခစ်ရယ်မောလိုက်သည်။





'ဟင် ဟင်း ရှင်တို့အားလုံး အချိန်ကုန်ခံပြီး ဒီကိစ္စကိုပဲ စဉ်း စားနေကြတယ်၊ တကယ်တော့ လွယ်လွယ်ကလေး၊ ဒီအရှုပ်တော် ပုံဟာ ညမွှေးပန်းကစတာ၊ ဒီတော့ ညမွှေးပန်းပဲရှင်းနိုင်မယ်'

သက်သတ်လွတ် တရုတ်ဘုန်းကြီးက ခေါင်းညိတ်လိုက်သည်။

ဝေဝေဘုန်းက ဆက်ပြောပြန်သည်။

'အခုဒီမှာရှိတဲ့လူအားလုံးဟာ ညမွှေးပန်း ဘယ်မှာရှိတယ်ဆို တာ သိကြရဲ့လား'

'ဘယ်မှာရှိတယ်ဆိုတာ မင်းသိလို့လား'

သက်သတ်လွတ်တရုတ်ဘုန်းကြီးက အလျင်စလိုမေးလိုက်သည်။

'သိတယ်ဆိုယင် ဘယ်သူကယုံမှာလဲ၊ ဘာ့ကြောင့်လဲဆိုတော့ ကျွန်မဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ရှင်တို့ အားလုံးကမှ မသိကြတာ'

သက်သတ်လွတ်တရုတ်ဘုန်းကြီးနှင့် လျူကောင်းတို့နှစ်ယောက် က ကျန်းယို့ဘက်သို့ မေးငေါ့ပြလိုက်သည်။

ကျန်းယို့ ခေါင်းခါလိုက်သည်။

ဟုတ်သည်။

သူမအကြောင်းကို ကျန် ယို့ လုံးဝမသိပါချေ။

ဤသို့ဆိုလျှင် ဝေဝေဘုန်းသည်မည်သူနည်း။

မည်သည့်အရပ်ကရောက်လာပြီး ကျန်းယို့၏ အရှုပ်တော်ပုံ တွင် ဝင်ရောက်လိုက်ပါနေခဲ့သနည်း။

စဉ်းစားစရာဖြစ်လာသည်။

လျှူကောင်းသည်စိတ်ဝင်စားလာသည်။

'ဒီလိုဆိုယင်မိန်းကလေးက ဘယ်သူလဲဆိုတာ ပြောပါဦး'

လျှူကောင်းကသိချင်ဇောဖြင့် ဒရောသောပါးမေးမြန်းလိုက်သည်။

ဝေဝေဘုန်းက ဖြေရန်သင့်မသင့် စဉ်းစားဟန်ဖြင့် အတန်ကြာငြိမ်သက်နေသည်။

'ရှင်တို့ကိုမေးရဦးမယ်၊ နေပြည်တော်က တရားရုံးချုပ်မှာ တဦးတည်းသောအမျိုးသမီးအထောက်တော်တယောက် ရှိတယ်ဆိုတာ ကြားဖူးရဲ့လား'

လျှူကောင်းက ခေါင်းညိတ်လိုက်သည်။

'ကြားမိတယ်၊ နာမည်ကိုတော့ မသိဘူး၊ သူ့ကို အများက "သိန်းငှက်"လို့ ခေါ်ကြတယ်'

ဝေဝေဘုန်း ပြုံးလိုက်သည်။

'ဒါဖြင့် ရှင်တို့သူ့ကိုကော တွေ့ဖူးကြရဲ့လား'

အားလုံး က ခေါင်းခါပြလိုက်သည်။

'မမြင်ဖူးယင် မြင်ဖူးအောင်ကြည့်ကြ၊ ရှင်တို့ရှေ့ ရောက်နေပြီလေ'

ဝေဝေဘုန်းက ခပ်တည်တည်ဖြင့်ပြောလိုက်သည်။





လက်တဖက်ပြတ် သက်သတ်လွတ် တရုတ်ဘုန်းကြီး မျက်လုံးပြူးသွားသည်။

'ခင်၊ခင်၊ခင်ဗျား အမျိုးသမီး အထောက်တော် သိမ်းငှက်ဟုတ်လား'

လက်တဖက်ပြတ် သက်သတ်လွတ်တရုတ်ဘုန်းကြီးက တအံ့တသြဖြင့်မေးမြန်းလိုက်သည်။

ဝေဝေဘုန်းက ခေါင်းညိတ်လိုက်သည်။

လျှူကောင်းနှင့် ကျန်းယို့တို့ပါ အံ့သြသွားသည်။

'အခု ဟန်ကျူးကို ရောက်လာတာ ညမွှေးပန်းကို ဖမ်းဖို့ဆိုပါတော့'

လျှူကောင်းက အလျင်စလိုမေးမြန်းလိုက်သည်။

'ဟုတ်တယ် ဒီကောင်မဟာ မှုခင်းတွေ ကျူးလွန်တာ သိပ်များနေပြီ၊ ဒါကြောင့် တကူးတကရောက်လာတာပဲ'

အားလုံးက ငြိမ်သက်စွာနားထောင်နေသည်။

ဝေဝေဘုန်းက ဆက်လက် ပြောဆိုပြန်သည်။

'ကျွန်မအနေနဲ့ နောက်မှလိုက်လာတာ တပည့်ကျော်တွေရောက်မှ ဒီကောင်မကိုဖမ်းဖို့ စိတ်ကူးတာ အခုတော့ လျှို့ဝှက်ချက်တွေကို ရှင်တို့ကိုပြောပြလိုက်မိပြီ၊ ဒီတော့ နောက်မှလိုက်လာတဲ့လူတွေရောက်တဲ့အထိ စောင့်လို့မဖြစ်တော့ဘူး'

ဝေဝေဘုန်း စကားကို ခေတ္တ ရပ်ထားသည်။

'အကူအညီလိုချင်ပြောပါ၊ ကျုပ်က အချိန်မရွေး ကူညီနိုင်ပါတယ်'

သက်သတ်လွတ်တရုတ်ဘုန်းကြီးက လေသကွတ်ပြောလိုက်သည်။

ဝေဝေဘုန်းက လျှုကောင်းနှင့်ကျန်းယို့ဘက်သို့ လှည့်ပြီး မေးငေါ့လိုက်သည်။

'ရှင်တို့ကကော ကူညီမှာလား'

သူတို့ကလဲ ခေါင်းညိတ်လိုက်သည်။

ဝေဝေဘုန်း ပြုံးလိုက်သည်။

'ရှင်တို့အားလုံးကို ကျွန်မယုံကြည်ပါတယ်၊ ဒါပေမယ့် သတင်းမပေါက်ကြားမီမှာ ညမွှေးပန်းကို အမိဖမ်းရမယ်၊ ဒါကြောင့် ခုညတွင်းချင်းပဲ ဖမ်းရလိမ့်မယ်၊ ဒါကြောင့် ရှင်တို့အားလုံး ကျွန်မနားက ထွက်မသွားရဘူး၊ တခြားဘယ်သူနဲ့မှလဲ စကားမပြောရဘူး ဒါဟာ အမိန့်ပဲ'

ငေဝေဘုန်းက လေးနက်တည်ငြိမ်စွာ ပြောလိုက်သည်။

ဝေဝေဘုန်း၏မျက်နှာသည် ပြောင်းလဲသွားလေပြီ၊ သူ၏ အသွင်အပြင် မျက်နှာထားသည် တည်ငြိမ်လှသည်။

'ကောင်းပါပြီ၊ ကျုပ်တို့အားလုံး အမိန့်နာခံပါ့မယ်၊ ဒါပေမယ့်၊ ကျုပ်တို့လူတယောက် လိုနေတယ်၊ ဝှမ်းဟွံ့ယောက် ကျုပ်တို့ထမင်းဆိုင်မှာရှိမယ်၊သူ့ကိုပါသွားခေါ်ရယင် မကောင်းဘူးလား'





ဝေဝေဘုန်းက ခေါင်းညိတ်လိုက်သည်။

သူမက ရှေ့ဆုံးမှ ထွက်ခွာသွားသည်။

ကျန်းယို့ အပါအဝင် လူအားလုံးက နောက်မှ လိုက်သွားသည်။

## အခန်း (၁၄)

နေလုံးပျောက်လုလေပြီ....။

တဖြည်းဖြည်းဖြင့် အမှောင်ထုက ကြီးမားလာသည်။

မိုတဖွဲဖွဲကလည်း ရွာသွန်းလျက်ရှိသေးသည်။

ဝေဝေဘုန်းက ပြုံးနေသည်။

'ကောင်းတယ်၊ ကောင်းတယ်၊မိုးရွာတာအဆင်ပြေတာပေါ့ ခင်ဗျားတို့က နယ်ခံတွေဆိုတော့ လူသိမှာစိုးရတယ်၊ အခုတော့ ဟန်ကျသွားတယ်'။

သူမက နံရံပေါ်တွင် ချိတ်ထားသော မိုးကာနှင့်ခမောက်များကို ဖြုတ်ယူပြီး တဦးစီကို ဝေငှပေးလိုက်သည်။
ကျန်းယို့ သဘောကျသွားသည်။
သူမ၏ ကြိုးတင်စီစဉ်ချက်ကို ကျိတ်ပြီး ချီးကျူးလိုက်မိသည်။
သူတို့သည် မိုးရွာထဲတွင် မိုးကာအင်္ကျီကိုယ်စီ ခမောက်ဆောင်း၍၊ ထွက်လာခဲ့ကြသည်။

အနောက်ကန်၏ တဘက်တွင်ရှိသော တောင်ကုန်းပေါ်သို့ လာလမ်းအတိုင်း တက်ရောက်သွားကြသည်။
မိုးရွာနေသဖြင့် လမ်းမှာချော်နေသည်။
သည်ကြားထဲ ရွှံ့ဗွက်ကလည်း ထူပြောသေးသည်။
တောင်တက်လမ်းဖြစ်သည့်အပြင် ရွှံ့ဗွက်ထူသဖြင့် သွား၍မကောင်း။

သူတို့၏တကိုယ်လုံးတွင် ရွှံ့များပေကျန်နေတော့သည်။
မို့သည် မစိုးနိုင်ပဲ ရှိသည်။
သို့သော် ညမွှေးပန်းကို ဖမ်းဆီးရန် တောင်ကုန်းပေါ်သို့ အားခဲ၍ မညည်းမညူတက်ရောက်လာခဲ့သည်။

မကြာလှပါ။
တောင်ကုန်းပေါ်သို့ ရောက်ရှိလာကြသည်။
ခပ်လှမ်းလှမ်းတွင် သစ်သားအိမ်တဆောင်ကို လှမ်းမြင်ရသည်။





သူတို့အားလုံး အိမ်ကလေးဆီသို့ အားတက်သရောလျှောက်သွားကြသည်။

အိမ်ကလေး၏ ပြတင်းပေါက်မှ မီးရောင်လက်လက်ကို လှမ်းမြင်လိုက်ရသည်။
သေချာပေပြီ။
ညမွှေးပန်းအိမ်ဆောင်တွင်း၌ ရှိရမည်။
ကျန်းယို့သည် ရင်တဒိတ်ဒိတ်ခုန်နေမိသည်။
ထိုစဉ်....။
ရှေ့ဆုံးမှသွားနေသော ဝေဝေဘုန်းက လက်ထောင်ပြလိုက်သည်။

နောက်မှ လူအားလုံးတို့ကနဲ ရပ်တန့်လိုက်သည်။
မရှေးမနှောင်းပင် ခြေသံသဲ့သဲ့ကြားလိုက်ရပြန်သည်။
ဝေဝေဘုန်းက ဝပ်ချရန် လက်ပြလိုက်သည်။
သူတို့အားလုံး ရွှံ့ထဲသို့ ဝပ်ချလိုက်ကြသည်။
အဘိုးအိုတယောက်....။
လက်တဖက်တွင်မီးတိုင်ကိုကိုင်လျက် လက်တဖက်က အရက်အိုးကိုဆွဲပြီး လျှောက်လာနေသည်။

အအိုးအိုသည် တောင်တောင်အီအီသို့ပင် မျက်လုံးမကစား၊ တောင်အောက်သို့ တန်းဆင်းသွားသည်။
အဘိုးအိုလွန်သွားမှဝေဝေဘုန်းက မတ်တတ်ရပ်လိုက်သည်။

သည်တော့မှ ကျန်းယို့တို့လူစု မတ်တတ်ရပ်လိုက်သည်။

ပေရေနေသောရွှံ့နွံများကို ခါထုတ်လိုက်ကြရသည်။

ဝေဝေဘုန်း၏အချက်ပြလိုက်သည်နှင့် သူတို့အားလုံး ခြေသံလုံလုံဖြင့် ရှေ့သို့ဆက်လက်လျှောက်ခဲ့ကြပြန်သည်။

အိမ်ကလေးနှင့် ကိုက်ငါးဆယ်ခန့်အကွာသို့ ရောက်လာလျှင်၊ ဝေဝေဘုန်းက လက်ကာပြလိုက်ပြန်သည်။

ကျန်းယို့တို့လူစု တုံ့ကနဲရပ်တန့်လိုက်ကြသည်။

အိမ်ဆောင်အတွင်း၌ မီးများလင်းလျက်ရှိသည်။

ထို့ကြောင့် အတွင်းတက်တွင် လူရှိသည်မှာ သေချာသည်။

ညမွှေးပန်း....။

ဒီတခါမင်းဘယ်ပြေးဦးမည်နည်း။

ကျန်းယို့စိတ်တွင် တထင့်ထင့်ဖြစ်နေမိသည်။

'အိမ်ထဲကိုကျွန်မအယင်ဝင်မယ်၊ ရှင်တို့ကအိမ်ကလေးကိုဝိုင်းထားကြ၊ တစက်ကလေးမှ လွတ်ထွက်မသွားစေနဲ့'

သူမကိုယ်ကလေးကို အနည်းငယ်ယို့လိုက်သည်။

သူမ၏ကိုယ်ခန္ဓာသည် စင်ရော်ငှက်ကလေးပမာ၊ လေထဲတွင် ခဲပျံသွားပြီး အိမ်အတွင်းသို့ ရောက်ရှိသွားသည်။

'တယ်ကောင်းတဲ့ကိုယ်ဖော့ပညာပါလား'

လက်တဖက်ပြတ် သက်သတ်လွှယ် တရုတ်ဘုန်းကြီးက ချီးကျူးလိုက်၏။





'သိမ်းငှက်' အမည်ခံ အနထောက်တော်မကလေး၊ ဝေဝေဘုန်းက တံခါးကို ခြေနှင့်ကန်၍ဖွင့်လိုက်သည်။

'ဝုန်း' ကနဲအသံနှင့်အတူ၊ တံခါးပွင့်သွားပြီး၊ ဝေဝေဘုန်း၏ အသံပါတပါတည်းထွက်ပေါ်လာသည်။

'ဟိတ်၊ ညမွှေးပန်းဘယ်ကိုပြေးဦးမလဲ'

ကျန်းယို့၊ လျူကောင်း၊ ဝုမ်းဟွာ်းနှင့်သက်သတ်လွှတ်တရုတ်ဘုန်းကြီးတို့သည် အိမ်အတွင်းသို့တပြိုင်တည်း ခုန်ဝင်လိုက်သည်။

သို့သော်....။

သူတို့အားလုံး မျက်လုံးပြူးသွားကြသည်။

အိမ်ဆောင်တွင်း၌ ညမွှေးပန်းကိုမမြင်ရ။

ဝေဝေဘုန်း တယောက်တည်းသာ မတ်တတ်ရပ်လျက် ရှိနေသည်။

သူတို့အားလုံး မှင်သက်မိသည့်အလား၊ ငြိမ်သက်စွာရပ်နေမိကြသည်။

အခန်းတခုလုံးသည် ညစ်ပတ်ပေရေနေသည်။

ဝေဝေဘုန်းက စားပွဲအနီးတွင် ရပ်လျက် ရေစိုနေသောဆံပင်များကို သုတ်နေသည်။

'ညမွှေးပန်းကော'

ဝုမ်းဟွာ်းက သိချင်ဇောဖြင့် မေးမြန်းလိုက်သည်။

'ဘယ်သိမလဲ'

'ဟင်'

'ဒါနဲ့ ညမွှေးပန်း ဒီမှာရှိတယ်ဆို'

လျှိုကောင်းက ဝင်ပြောလိုက်သည်။

'ဘယ်မှာသိမှာလဲ၊ ကျွန်မက ဗေဒင်ဆရာမှမဟုတ်တာပဲ'

အားလုံးပါးစပ်အဟောင်းသား ဖြစ်သွားသည်။

လက်တဖက်ပြတ် သက်သတ်လွတ်တရုတ်ဘုန်းကြီးက မနေနိုင်တော့ပဲ ဝင်မေးလိုက်သည်။

'ဒါနဲ့ မင်းဟာ တကိုယ်တော် အထောက်တော်သိမ်းငှက်ဆို'

'ရှင်၊ မ မ မ ဟုတ်ချပါဘူးရှင်'

သူမ၏စကားကြောင့် ရွှံ့ဗွက်တွေ ပေရေနေသော ကိုယ်ကို ကြည့်ပြီး၊ ဝှမ်းဟွားဒေါပွသွားသည်။

'ဘာ အထောက်တော်မကြီး မဟုတ်ဘူး ဟုတ်လား၊ ဒါဖြင့် ဘာဖြစ်လို့ ကျုပ်တို့ကိုဒီ ကိုညာပြီးခေါ်လာရတာလဲ'

ဝေဝေဘုန်းက နှာခေါင်းရှုံ့ပြလိုက်သည်။

'ကျွန်မက သက်သက်မဲ့ ရှင်တို့ကို စမ်းလိုက်တာပါ'

လက်တဖက်ပြတ် သက်သတ်လွတ်တရုတ်ဘုန်းကြီးသည် သူ၏ ကိုယ်ပေါ်မှ ရွှံ့ဗွက်များကို ခါချနေသည်။

'ကျုပ်တို့ကိုစမ်းလိုက်တာဟုတ်လား'

ဝေဝေဘုန်းက ခေါင်းညိတ်လိုက်သည်။





'ဟုတ်တယ်၊ ခင်ဗျားတို့အထဲက လူတယောက်ယောက်ဟာ၊ နဂါးစိမ်းဂိုဏ်းရဲ့ဌာနခွဲမှူးဖြစ်မယ်ထင်လို့ ခုလိုစမ်းကြည့်တာပါ'

ဝေဝေဘုန်းက သူမ၏ကိုယ်ပေါ်မှ ရွှံ့တွေကိုသုတ်ချယင်းဖြေလိုက်သည်။

'ဒါဖြင့် အခုသိပြီလား'

သက်သတ်လွတ်တရုတ်ဘုန်းကြီးက မေးမြန်းလိုက်သည်။

ဝေဝေဘုန်းက ခေါင်းခါလိုက်သည်။

'အခုလိုစမ်း တော့ ရှင်တို့အားလုံး လူကြီးလူကောင်းတွေဖြစ်တယ်ဆိုတာ၊ ကျွန်မယုံကြည်ပါတယ်၊ ပြီးတော့ အခုလိုလိမ်မိတဲ့အတွက် ခွင့်လွှတ်ပါလို့ ကျွန်မတောင်းပန်ပါတယ်ရှင်'

ငိုအားထက်၊ ရယ်အားသန်ရတော့သည်။

ကျန်းယို့ကမူ ရင်ထဲဘွင်ကြိတ်ပြီးရယ်နေမိသည်။

'ကဲ မိန်းကလေး၊ နောက်ထပ်ဘာများ အမိန့်ပေးစရာရှိသေးသလဲ'

လျှိုကောင်းက အရွဲ့တိုက်ပြီးမေးမြန်းလိုက်သည်။

ဝေဝေဘုန်းက မျက်တောင်တဖျပ်ဖျပ်ခတ်လိုက်သည်။

'ဟုတ်ကဲ့ ရှင်တခုပဲရှိပါတယ်'

ဝေဝေဘုန်းစကားကြောင့် အားလုံးက မျက်လုံးပြူးသွားကြသည်။

သူမ မည်သည့်စကားကို ဆက်လက်ပြောရဦးမည်ကို နားစွင့်နေကြသည်။

ဝေဝေဘုန်းက ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

'အခုအချိန်ကစပြီး အားလုံးပဲအိမ်ပြန်နိုင်ပါပြီရှင်'

ကျန်းယို့သည် မအောင့်အည်းနိုင်တော့။

တချိန်လုံးရယ်ချင်လျက် အောင့်အည်းနေခဲ့ရသည်။

ယခုတော့ ပေါက်ကွဲထွက်သွား၊ အူတက်မတတ် ဝါးလုံးကွဲ ရယ်ချလိုက်မိတော့သည်။

* *



## အခန်း (၁၅)

အဆက်မပြတ်ရွာချသောမိုးသည် ယခုမှပင် စဲသွားလေတော့သည်။

ကျန်းယို့နှင့် ဝေဝေဘုန်းတို့ အနောက်ကန်နဘေးမှ အိမ်ကလေးသို့ ပြန်ရောက်ချိန်တွင် သေတ္တာတွင်းမှ ကယ်တင်လိုက်သော လုလင်ကို ကုလားထိုင်တလုံးတွင် ထိုင်နေသည်ကို တွေ့ရှိရသည်။

သူသည် စားပွဲတွင်ကျန်ရှိနေသေးသော ပေါက်စီများကို စားသောက်လျက်ရှိသည်။

ကျန်းယို့ကလည်း ဗိုက်ဆာဆာဖြင့် ပေါက်စီတလုံး ကောက်ယူစားလိုက်သည်။

'ပေါက်စီတွေ မသိုးသေးဘူးဗျ၊ ကောင်းသေးတယ်'
ထိုလုလင်က ကျန်းယို့ကိုပြုံးကြည့်ယင်း ပြောလိုက်သည်။
ကျန်းယို့က ပြုံးရုံပြုံးပြလိုက်သည်။
လုလင်က ဆက်မေးပြန်သည်။
'မိတ်ဆွေက နာါးသွားဖမ်းတယ်နဲ့တူတယ်၊ တကိုယ်လုံးရှုံတွေပေလို့'

ကျန်းယို့က မဲ့ပြလိုက်သည်။
'နဂါ ဖမ်းတာမဟုတ်ဘူး၊ အလိမ်ခံရလို့'
'ဘယ်သူက ခင်ဗျားကို လိမ်လိုက်တာလဲ'

'ကျုပ်ပေါ့'
ဝေဝေဘုန်းက အဝတ်အစားလဲပြီး အခန်းထဲမှ လျှောက်လာယင်း လှမ်း၍ ပြောလိုက်သည်။
သူမကပင် ဆက်၍ပြောပြန်သည်။

'ဟုတ်တယ်၊ သူအလိမ်ခံရလို့ ရှုံတွေပေနေတာ ဒါပေမယ့် အသားလွတ် အိမ်ထဲမှာနေယင်း ရှုံပေစာက ဒီမှာ'
သူမက လက်ထဲမှ အစိမ်းနုရောင် ဝတ်စုံကို မြှောက်၍ပြလိုက်သည်။





ဝေဝေဘုန်းက လုလင်၏မျက်နှာကို စေ့စေ့ ကြည့်ယင်း ဆက်လက်ပြောလိုက်ပြန်သည်။
'ဟောဒီအင်္ကျီဟာ အခန်းထဲမှာထားခဲ့တာ၊ ဘာကြောင့်ရှုံမှုန့်တွေပေနေရတယ်မသိဘူး၊ ဒီအင်္ကျီမှာ ခြေထောက် ပေါက်နေတယ်ထင်တယ်၊ ဟိုဘုန်းကြီးကျောင်းမှာလဲ သစ်ပင်ကြား မှာ မြင်လိုက်တယ်၊ ပြီးတော့ ကျုပ်တို့နောက်လိုက်ပြီး ရှုံမှုန့်တွေလူးနေတယ်ခင်ဗျားဘယ်လိုဖြေရှင်းမလဲ'

လုလင်၏မျက်နှာပြင်တခုလုံး နီရဲသွားသည်။
သို့သော် တစုံတရာ စကားပြန်မရ။
ဝေဝေဘုန်းက အေးစက်စက်လေသံဖြင့် ပြောလိုက်ပြန်သည်။
'ဖြစ်နိုင်တာကိုပြောရယင် အင်္ကျီမှာ ခြေထောက်မရှိဘူး၊ တခုတော့ရှိတယ်၊ ခင်ဗျားခြေထောက်ငှားသွားတာပဲဖြစ်မယ်'
သည်တော့မှပင် ကျန်းယို့က သတိပြုမိတော့သည်။

ဝေဝေဘုန်း ဒေါပွနေသည်။
'ဒီမှာ၊ ရှင့်ကိုမေးပါရစေ၊ ရှင်ကကျွန်မတို့ကို ဘာဖြစ်လို့ နှောက်ယှက်ခံလိုက်ရတာလဲ၊ ရှင်နဲ့ညမွှေးပန်း နဲ့ ဘယ်လိုပတ်သက်သလဲ ဒီအရှုပ်တော်ပုံထဲမှာ ရှင်ကောပါနေသလား'
လုလင်သည် ထုံပေပေနိုင်လှသည်။
ဝေဝေဘုန်း၏အမေးကို တစုံတရာပြန်မဖြေ။
ထိုစဉ်။

အနောက်ကန်တွင်းမှ လှေဘစင်း လှော်ခတ်သံကို ကြားလိုက်ရသည်။

ထို့ကြောင့် ဝေဝေဘုန်းနှင့် ကျန်းယို့တို့က ပြတင်းပေါက်မှ တဆင့် ရေအိုင်တွင်းတို့ လှမ်းကြည့်လိုက်သည်။

သည်စဉ် ရရှိသည့်အခွင့်အရေးကို အပြည့်အဝ အသုံးချပြီး လုလင်က ရုတ်တရက် တံခါးအပြင်သို့ ခုန်ထွက်ပျောက်ကွယ်သွားတော့သည်။

ဤနိုတည်းမှာပင် ပြတင်းပေါက်မှ လူတယောက် ခုန်ဝင်လာသည်။

ကျန်းယို့နှင့် ဝေဝေဘုန်းတို့ အံ့သြသွားသည်။

အခန်းတွင်းသို့ခုန်ဝင်လာသူမှာ လျှုကောင်းဖြစ်နေသည်။

'ခင်ဗျား အခုအထိ မပြန်သေးဘူးလား'

ကျန်းယို့က ကောက်ကာငင်ကာ မေးမြန်းလိုက်သည်။

လျှုကောင်းက ခေါင်းခါပြလိုက်သည်။

'ကျုပ်မပြန်သေးဘူး၊ ကျုပ်လာခတာ လူသတ်ဖို့သက်သက် လာခဲ့တာ'

ဝေဝေဘုန်း မျက်လုံးပြူးသွားသည်။

'ရှင်၊ လူသတ်မလို့ ဘယ်သူ့ကိုသတ်မလို့ လာတာလဲ'

'မင်းတို့နှစ်ယောက်စလုံးကိုသတ်မယ်'





ကျန်းယို့ မျက်မှောင်တချက်ကြုတ်သွားသည်။

'ဘယ်လိုကြောင့် ကျုပ်တို့ကိုသတ်ရမှာလဲ'

လျှုကောင်း၏မျက်နှာသည် တင်းမာသွားသည်။

စူးရှတောက်ပြောင်သော မျက်လုံးအစုံဖြင့် ဝေဝေဘုန်းနှင့် ကျန်းယို့တို့အား စူးစူးဝါးဝါးကြည့်နေသည်။

'ကျုပ်သားအတွက် ကလဲ့စားချေမလို့ကွ'

လျှုကောင်းက ပြောပြောဆိုဆိုဖြင့် ကျန်းယို့အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်၊

ထိုစဉ်။

ရုတ်ခြည်းဆိုသလို စကားသံပေါ်ထွက်လာသည်။

'မလုပ်ကြနဲ့ မှားကုန်လိမ့်မယ်'

စကားသံနှင့်အတူ လူရိပ်တခု အခန်းတွင်းသို့ ခုန်ဝင်လာသည်။

ဟင်....။

ဝေဝေဘုန်း အံ့အားသင့်သွားသည်။

ကျန်းယို့က မျက်တောင်တဖျပ်ဖျပ်ခတ်လျက်ကြည့်နေသည်။

အခန်းတွင်းသို့ ဝင်ရောက်လာလူမှာ သေတ္တာထဲမှ ကယ်ထုတ်ပေးခဲ့သော လုလင်ဖြစ်နေသည်။

လုလင်သည် လျှုကောင်း၏ ရှေ့မှောက်တွင် ဒူးတုပ်လိုက်သည်။

‘နေဖေ၊ သားမိုက်ကိုခွင့်လွှတ်ပါ’

လုလင်က သူ၏အဖေအား တောင်းပန်နေရှာသည်။

လျူကောင်း၏သား လျူရှောင်ယင်းမသေ။

သည်တော့မှ ဇာတ်ရည်လည်တော့သည်။

‘ငါ့သား မင်းမသေဘူးဆိုတာ အဖေသိတယ်၊ ဘာဖြစ်လို့ ပုန်းရှောင်နေရတာလဲ’

‘ကျွန်တော် ရှက်လို့ပါ’

လျူကောင်းက ဝေဝေဘုန်းတို့ဘက်သို့လှည့်၍ပြောလိုက်သည်။

‘ကျုပ်ကိုခွင့်လွှတ်ပါ၊ ကျုပ်သားမသေဘူး ဆိုတာ ကျုပ်သိတယ်၊ ဘုန်းကြီးကျောင်းထဲက သစ်ပင်ကြားမှာ သက်ပြင်းချသံကြားကတည်းက ကျုပ်သားမှန်းသိတယ်’

‘ဒါဖြင့် ကျွန်မတို့ကို သတ်မယ်ဆိုတာ ဟန်လုပ်တာပေါ့နော်’

ဝေဝေဘုန်းက နားမရှင်းဟန်ဖြင့် မေးမြန်းလိုက်သည်။

လျူကောင်းကခေါင်းညိတ်လိုက်သည်။

‘ဟုတ်တယ်၊ ကျုပ်သားကမိုက်ပေမယ့် အဖေ မှားမှားယွင်းယွင်းဖြစ်မှာကိုတော့ သူစိုးရိမ်တယ်’

‘ဒါဖြင့် သူဒီမှာရှိတယ်ဆိုတာ ခင်ဗျားဘယ်လိုလုပ် သိသလဲ’

ကျန်းယို့က ဝင်မေးလိုက်သည်။

‘တရုတ်ဘုန်းကြီး ကျောင်းထဲမှာ သေတ္တာထဲက လူငယ်တယောက်ကယ်တဲ့အကြောင်း မင်တို့နှစ်ယောက် ပြောနေတာ ကျုပ်ကြားမိပါတယ်’





ဝေဝေဘုန်းက ရယ်မောလိုက်သည်။

‘ရှင် တော်တော်နားပါးသားပဲ’

လျူကောင်းက ခေါင်းညိတ်လိုက်သည်။

‘ဒါထက် ဒီကိစ္စရဲ့သဲလွန်စ ရပြီလား’

ဝေဝေဘုန်းက ခေါင်းခါလိုက်သည်။

‘ရှင်ကကော သဲလွန်စ ရထားလို့လား’

ဝေဝေဘုန်းက မေးမြန်းလိုက်သည်။

လျူကောင်းက ခေါင်းညိတ်လိုက်သည်။

‘ရထားတယ်’

ကျန်းယို့ ထက်ကြွသွားသည်။

‘ဒါဖြင့် ဘယ်သူလဲ’

ကျန်းယို့က အလျင်စလို မေးမြန်းလိုက်သည်။

‘လက်တဖက်ပြတ် သက်သတ်လွတ်တရုတ်ဘုန်းကြီး’

ကျန်းယို့ မျက်လုံးပြူးသွားသည်။

‘ဟုတ်တယ်၊ ကျွန်မလဲ ဒီလိုပဲထင်တယ်။ ဒါဆိုရင် သက်သတ်လွတ် တရုတ်ဘုန်းကြီးနဲ့ ညမွှေးပန်းတို့ဟာ နဂါးစိမ်းဂိုဏ်းက လူတွေပေါ့နော်’

‘ဟုတ်တယ်၊ သက်သတ်လွတ်တရုတ်ဘုန်းကြီးက ဌာနချုပ်မှူးပဲ’

ထိုစဉ်....

ရုတ်တရက် ရယ်မောသံကြီး ပေါ်ထွက်လာသည်။

'ဟား....ဟား....ဟား....'

ကြောက်မက်ဖွယ်ကောင်းလှသည့် ရယ်မောသံကြီး။

အတွင်းအားပါ၍ အိမ်ကလေးအတွင်း၌ ဟိန်း၍ပဲ့တင်ထပ်သွားသည်။

ရယ်မောသံနှင့်အတူ လူရိပ်တခု အခန်းတွင်းသို့ ဇွေ့ကနဲရောက်လာသည်။

ခြေချသံပင် မကြားလိုက်ရ။

ထိုသူ၏ ကိုယ်ဖော့ပညာ မည်မျှကောင်းလေသည်ကို အလွယ်တကူပင် သိသာနိုင်သည်။

ကျွန်းယို့က နောက်သို့ခုန်ဆုတ်လိုက်သည်။

ထိုလူသည် လက်တဖက်ပြတ် သက်သတ်လွတ်တရုတ်ဘုန်းကြီးပင် ဖြစ်သည်။

သက်သတ်လွတ် တရုတ်ဘုန်းကြီး၏ မျက်နှာသည် အလွန်ပင်တင်းမာခက်ထန်နေသည်။

ဘီလူးသဘက်စီးသူပမာ ကြမ်းပြင်ကိုခြေချမိသည်နှင့် လက်တွင်ကိုင်ထားသောဓားဖြင့် ကျွန်းယို့အား စတင်တိုက်ခိုက်လေတော့သည်။

အခန်းကျဉ်းကျဉ်းတွင် ဓားရောင်တဝင်းဝင်းလက်နေသည်။





'ခုတ်....'

'ခွပ်....'

'ဝုန်း....'

'ဒိုင်း....'

သက်သတ်လွတ်တရုတ်ဘုန်းကြီး၏ဓားချက်များသည် အခန်းတွင်းရှိ စားပွဲကုလားထိုင်နှင့် တိုင်များကို ခုတ်မိနေသည်။

ကျွန်းယို့သည် အရှောင်အတိမ်းပညာကို တဘက်ကမ်းခတ်တတ်မြောက်ထားသူတယောက်။

သက်သတ်လွတ်တရုတ်ဘုန်းကြီး၏ဓားချက်ကို အလွယ်တကူပင် ပေါ့ပါးစွာ ရှောင်တိမ်းနိုင်သည်။

ကျွန်းယို့သည် ရှောင်တိမ်းယင်း အခန်းထောင့်သို့ ရောက်သွားသည်။

'ဟား....ဟား...ဒီတခါတော့ မင်းသေပြီမှတ်'

လက်တဖက်ပြတ် သက်သတ်လွတ် တရုတ်ဘုန်းကြီးသည် ဓားကိုမြှောက်၍ တအားကုန်ပိုင်းချလိုက်သည်။

'အား....'

စူးဝါးနက်ကျောသောအသံသည် ကြောက်ခမန်းလိလိ ထွက်ပေါ်လာသည်။

သက်သတ်လွတ် တရုတ်ဘုန်းကြီး၏ လက်တွင်းမှ ဓားသည် တဖြည်းဖြည်းလျော့ကျသွားသည်။

သက်သတ်လွတ်တရုတ်ဘုန်းကြီး၏ ကိုယ်ခန္ဓာသည် တဖြည်းဖြည်း ယိမ်းယိုင်လာပြီး ကြမ်းပြင်ပေါ်သို့ လဲကျသွားတော့သည်။
သူ၏နောက်ကျောတွင် ဓါးမြှောင်တလက်က အဆုံးထိမြုပ်ဝင်နေသည်။

နောက်ကျောတွင် သွေးများအိုင်ထွန်းနေသည်။
သက်သတ်လွတ်တရုတ်ဘုန်းကြီးကို ဆုံးမလိုက်သည်မှာ ဝေဝေဘုန်းပင်ဖြစ်သည်။
သက်သတ်လွတ်တရုတ်ဘုန်းကြီး၏ နောက်ကျောမှ သွေးများအဆမတန်ထွက်လာသည့်အတွက် ကျန်းယို့က သွေးကြောကိုပိတ်ပေးလိုက်သည်။

လျူကောင်းက သက်သတ်လွတ်တရုတ်ဘုန်းကြီး၏ မျက်နှာအနီးသို့ ကပ်၍မေးမြန်းလိုက်သည်။
'မိတ်ဆွေ၊ ခင်ဗျားဟာ နဂါးစိမ်းဂိုဏ်းရဲ့ ဌာနခွဲမှူးလား။ ခင်ဗျား ဘာကြောင့် ဒီလိုလုပ်ရတာလဲ'

'ခင်ဗျားတို့ ပြောခဲ့ကြတယ် မဟုတ်လား၊ နဂါးစိမ်းဂိုဏ်းအတွက် အလုပ်လုပ်ပေးတဲ့လူဟာ မအောင်မြင်ယင် သေလမ်းပဲရှိတယ်'

လက်တဖက်ပြတ် သက်သတ်လွတ်တရုတ်ဘုန်းကြီးသည် ဤမျှသာ ပြောနိုင်တော့သည်။





ယခုတော့မူ သူသည် လူ့လောကကြီးအတွင်းမှ အပြီးအပိုင်ထွက်ခွာသွားခဲ့ပါလေပြီ။

လျူကောင်း၊ ကျန်းယို့နှင့် ဝေဝေဘုန်းတို့သည် သက်သတ်လွတ် ထမင်းဆိုင်သို့ ဆက်လက်သွားကြပြန်သည်။
သက်သတ်လွတ် တရုတ်ဘုန်းကြီး သေပြီဖြစ်ကြောင်း သွားရောက်သတင်းပေးရန် ဖြစ်သည်။
ထမင်းဆိုင်သို့ ရောက်သောအခါ ထမင်းဆိုင်သည် တံခါးစာခြမ်းသာဖွင့်ထားသည်။

သူတို့သည် စားပွဲဝိုင်းတခုတွင် ဝင်ထိုင်လိုက်ကြသည်။
စားပွဲထိုးလုလင်တယောက် တံမြက်လှဲနေသည်ကိုတွေ့ရသည်။
'မင်းတို့ဆိုင်ရှင်ကော'

ကျန်းယို့က လှမ်းမေးလိုက်သည်။
'အိပ်နေတုန်းပဲ'

သို့သော် အပြင်မှ စကားပြောသံကြား၍ ဆိုင်ရှင်အမျိုးသမီးပြေးထွက်လာသည်။
ဆိုင်ရှင်အမျိုးသမီးကို အသေအချာ အကဲခတ် ကြည့်လိုက်စသည်။

အသက်အရွယ် မကြီးလှသေး။
တောင့်တင်းသော ကိုယ်ခန္ဓာနှင့် လှပနေဆဲပင်ရှိသည်။

သစ်လွင်သောအဝတ်အစားများကို ကိုယ်ခန္ဓာနှင့် လိုက်ဖက်စွာ ဝတ်စားတတ်သည်ကိုတွေ့ရသည်။

ကျန်းယို့နှင့်လျူကောင်းတို့က ထိုင်ရာမှထလိုက်ကြ၏။

'ကိစ္စ အထူးရှိလို့ပါလားရှင်'

ဆိုင်ရှင်အမျိုးသမီးက မေးမြန်းလိုက်သည်။

လျူကောင်းက စကားပြောရန် လည်ချောင်းတချက် ရှင်းလိုက်သည်။

'ခင်ဗျားရဲ့ခင်ပွန်း သက်သတ်လွတ်တရုတ်ဘုန်းကြီး ဆုံးရှာပြီ'

လျူကောင်း၏အသံက တိမ်ဝင်သွားသည်။

သူမက အပေါ်နှုတ်ခမ်းကို အောက်သွားဖြင့် ဖိကိုက်ထားလိုက်သည်။

ပြီးနောက် သူမ၏ပါးပြင်ပေါ်သို့ မျက်ရည်ဥကလေးများကလိမ့်ဆင်းလာသည်။

သူမက ခေါင်းညိတ်လိုက်သည်။

'သူ့အလောင်း ဘယ်မှာလဲ'

'ကျွန်မတို့အိမ်ခန်းမှာ'

ဇေဝေဘုန်းကဖြေလိုက်သည်။

'ကောင်းပါပြီ၊ ကျွန်မလိုက်ယူပါ့မယ်'





သူမက အခန်းဟောင်းသို့ ပြန်ဝင်ရန် ဟန်ပြင်လိုက်သည်။

'နေပါအုံး၊ ခင်ဗျားကိုမေးစရာတခုရှိသေးတယ်'

ဆိုင်ရှင်အမျိုးသမီးက တုံ့ဘနဲ့ရပ်တန့်လိုက်သည်။

'မေးပါ'

'ခင်ဗျား လိမ်မနေပါနဲ့တော့၊ ခင်ဗျားဟာ ညမွှေးပန်းနဂါးစိမ်းဂိုဏ်းရဲ့ ဌာနခွဲမှူး၊ သိုင်းပြောင်းပြန် တရုတ်ဘုန်းကြီးကိုသတ်တာလဲ ခင်ဗျားပဲ၊ လျူရှောင်ယင်းကိုလုပ်ကြံတာလဲ ခင်ဗျားပဲမဟုတ်လား'

ကျန်းယို့၏စကားကြောင့် ဆိုင်ရှင်အမျိုးသမီး၏မျက်နှာသည် ရုတ်ခြည်းပျက်သွားသည်။

အမျိုးသမီးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'ရှင်က ကျွန်မကို ဘယ်လိုကြောင့် ညမွှေးပန်းလို့ စွပ်စွဲရတာလဲ'

ကျန်းယို့ ပြုံးလိုက်သည်။

'ဒီမှာမိန်းကလေး၊ ဆက်ပြီးညာမနေနဲ့၊ မင်းမျက်နှာကို ရုပ်ဖျက်ထားတယ်၊ ဒါပေမယ့် ကိုယ်နေဟန်ထားက ညာလို့မရဘူး၊ ဟား... ဟား...'

မိန်းကလေးကဆက်၍ မဖုံးသာတော့သည့်အဆုံး မျက်နှာဖုံးကို ခွာချလိုက်သည်။

'ဟင်....'

'ဟာ....'

'အို....'

လျှုကောင်း၊ လျှုရှောင်ယင်း၊ ဝေဝေဘုန်းတို့ တအံ့တသြ ဖြစ်သွားသည်။

တချိန်လုံးခြေရာဖျောက်နေသော ညမွှေးပန်း။

အခုတော့ ထမင်းဆိုင်ရှင်ယောင်ဆောင်နေခြင်း ဖြစ်သည်။

'ဟား၊ ဟား၊ ဟား'

ညမွှေးပန်းက ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး လက်ထဲမှဝါးတံတချောင်းကို ဝှေ့ယမ်းလိုက်သည်။

ကျန်းယို့သည် ဝါးတံလက်နက်၏ ထက်မြက်ပုံကို သိရှိပြီး ဖြစ်သည်။

ထို့ကြောင့် သူက နောက်သို့ အလျင်အမြန် ခုန်ဆုတ်လိုက်သည်။

'ဝှီး'

ရွှေရောင်ဝင်းကနဲလက်သွားသည်။

ရွှေရောင်ဝင်းလက်သော ငါးမျှားချိတ်တချောင်းသည်၊ မျှားတစင်းကဲ့သို့ အရှိန်ပြင်းစွာဖြင့် ကျန်းယို့ထံသို့ တန်းတန်းမတ်မတ်ပြေးဝင်သွားသည်။





ကျန်းယို့က သတိရှိသူတယောက်၊ သူက ကိုယ်ကို လေထဲသို့ ခုန်လိုက်ပြီး ကျွမ်းတပတ်ထိုးလိုက်သည်။

အတော်လှမ်းလှမ်းသို့ ကျန်းယို့ရောက်သွားသည်။

ထိုစဉ် မြင်းဟီသံတချက် ထွက်ပေါ်လာသည်။

'ဝုန်း'

မြင်းဟီသံနှင့်အတူ ဝုန်းကနဲမြည်သံ ထွက်ပေါ်လာသည်။

မြင်း၏ဦးခေါင်းသည် ညမွှေးပန်း၏ ကိုယ်ခန္ဓာအား အရှိန်ပြင်းစွာ ဝင်ဆောင့်လိုက်ခြင်းဖြစ်သည်။

ညမွှေးပန်းလွင့်စဉ်သွားသည်။

ဝါးတချက်အကွာသို့ရောက်သွားပြီး ညမွှေးပန်း ဖင်ထိုင်ကျသွားသည်။

အရိုးအချဉ်များ ကျိုးပဲ့ကုန်ဟန်တူသည်။

သူမသည် ထိုင်ရာမှ ဘုန်းဘုန်းလဲကျသွားတော့သည်။

မြင်းလိမ္မာတကောင်။

ဒေါက်ကောင်း၊ မောင်းသံ၊ အားကောင်းသည့် အမျိုးကောင်းမြင်းကြီး။

ကျန်းယို့၏ မြင်းလိမ္မာကြီးပင်ဖြစ်သည်။

'ကိုင်း၊ ကျုပ်တို့သွားကြစို့'

ကျန်းယို့က သတိပေးလိုက်သည်။

'ဟ၊ ညမွှေးပန်းကို ဒီအတိုင်းထားခဲ့လို့ဖြစ်ပါ့မလား'

လျှူကောင်းက စိတ်ပူပန်မိစွာဖြင့် သတိပေးလိုက်သည်။

ကျန်းယို့က ရယ်မောလိုက်သည်။

'သူတို့ နဂါးစိမ်းဂိုဏ်းက ရှင်းသွားပါလိမ့်မယ်၊ သူတို့ကိစ္စထဲ ဝင်မပါတာ အကောင်းဆုံးပဲ'

လျှူကောင်းက သဘောတူဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

* * *



## အခန်း (၁၆)

ည....။

လသာသောည။

အနောက်ဘက်ရေအိုင်သည် လရောင်အောက်တွင် ကြေးမုံပြင်သဖွယ် လှပတင့်တယ်နေသည်။

ဝေဝေဲဘုန်းသည် ကန်ဘောင်ရိုးပေါ်တွင် ထိုင်လျက် ရေကန်အလယ်သို့ ငေးမောနေသည်။

ကျန်းယို့က သူမ၏အနားတွင်ထိုင်နေသည်။

သူတို့၏နောက်တွင် ကျန်းယို့၏ မြောက်ပိုင်း မြင်းညိုကြီးသည် မြက်စားနေသည်။

ကျန်းယို့နှင့်ဝေဝေဘုန်းတို့ တယောက်ကိုတယောက် စကားမပြောပဲ ငြိမ်သက်စွာ ကန်ရေပြင်ကို စူးစိုက်ကြည့်နေကြသည်။

'မနက်ဖြန် အစ်ကိုသွားတော့မှာလား'

ကျန်းယို့ ခေါင်းညိတ်လိုက်သည်။

'မသွားလို့ မဖြစ်ဘူးလား'

ကျန်းယို့ ခေါင်းခါလိုက်သည်။

'ကျောက်စိမ်းခဲကို ပုလဲကျေးရွာ သိုင်းဆရာကြီးထံ သွားပို့ရမှာလား'

ကျန်းယို့ ခေါင်းညိတ်လိုက်သည်။

'ပြစမ်းပါဦး ကျောက်စိမ်းခဲက ဘယ်လောက်များကောင်းလို့လဲ'

ကျန်းယို့က ခါးတွင် ချိတ်ထားသော ကျောက်စိမ်းခဲကို ခါးမှဖြုတ်ပေးလိုက်သည်။

ဝေဝေဘုန်းက ခဲကိုထုတ်ယူကြည့်လိုက်သည်။

ကျောက်စိမ်းခဲသည် လရောင်တွင် တဖြတ်ဖြတ် ဝင်းလက်သွား၏။

ကျန်းယို့တကိုယ်တည်း တီးတိုးရေရွတ်လိုက်မိသည်။





'ဒီခဲက မင်္ဂလာကိစ္စမှာ တင်ပြရမယ့် လက်ဆောင်ပစ္စည်း မဟုတ်လား'

ကျန်းယို့က ခေါင်းညိတ်လိုက်သည်။

'ဝူန်း'

ကန်ရေမျက်နှာပြင် လှုပ်ရှားသွားသည်။

ကျန်းယို့ မျက်လုံးပြူးသွားတော့သည်။

ထို့ကြောင့် ကျန်းယို့သည် အချိန်ဆွဲမနေတော့ပဲ၊ ရေထဲသို့ ခုန်ဆင်းလိုက်သည်။

ကျန်းယို့သည် ရေငုပ်၍ ကျောက်စိမ်းခဲကိုရှာသည်။

မတွေ့၊

ဟုတ်သည်။

ရေကန်အောက်တွင် ရွှံဗွက်တွေကထူသည်၊ သည်တော့ ပစ်လွှတ်လိုက်သောခဲကို မည်သူမျှရှာမရနိုင်။

မတတ်နိုင်သည့်အဆုံး ကမ်းပေါ်သို့ ပြန်တက်ခဲ့သည်။

ကျန်းယို့မျက်လုံးပြူးရပြန်သည်။

ဝေဝေဘုန်းပျောက်သွားသည်။

သူမ မည်သည့်အရပ်ဒေသသို့ ထွက်သွားလေပြီနည်း။

အနီးအနားတွင်မူ၊ လူရိပ်တယောက်ကိုပင် မမြင်ရ။

ကျန်းယို့ရယ်မောရတော့သည်။

'ဝေဝေဘုန်း၊ မင်းကို ငါတကယ်ချစ်ပါတယ်ကွယ်'

ကျန်းယို့တကိုယ်တည်း တီးတိုး ရေရွတ်လိုက်မိသည်။

* * *

## အခန်း (၁၇)

ပုလဲ့ကျေးရွာ....။

ကျန်းယို့ရောက်ခဲ့ရပြန်ပြီ။

ပုလဲကျေးရွာသည် သာယာလှပါတိသည်။

အထူးသဖြင့် ပုလဲကျေးရွာ၏ အရှင်သခင် ကျူးစွမ်း၏အိမ်ဂေဟာကြီးသည် ခမ်းနားထယ်ဝါလှသည်။

ကျန်းယို့သည် အဆောက်အအုံရှေ့တွင် မြင်းကိုချည်နှောင်ခဲ့ပြီး၊ ဧည့်ခန်းတွင်းသို့ စင်ရောက်လာခဲ့သည်။

ရိုးဆဝ်းပန်းစာပေ

ဧည့်ခန်းတွင်းဝယ်၊ ပုလဲကျေးရွာ အရှင်အခင်၊ ကျူး စွမ်းနှင့် အတူ၊ သူ၏ဖခင်သည် နှစ်ယောက်သား အတူယှဉ်တွဲ၍ထိုင်နေသည်။

သူ၏အဖေသည် သုန်မှုန်သောမျက်လုံးအစုံနှင့် သူ့အား ကြည့်နေသည်။

'မင်းကို ပုလဲကျေးရွာကို ကျောက်စိမ်းခဲယူပြီးလာဖို့ ငါ လွှတ်လိုက်တာမဟုတ်လား'

'ဟုတ်ပါတယ် ဖေဖေ'

ကျန်းယို့က တရိုတသေဖြေလိုက်သည်။

'ဒါဖြင့် ကျောက်စိမ်းခဲကော'

ကျန်းယို့ ဇောချွေးပြန်လေတော့သည်။

'ကျွန်၊ ကျွန်၊ ကျွန်တော်လမ်းမှာ ပျောက်ဆုံးခဲ့ပါတယ်'

ကျန်းယို့က ရိုးရိုးစင်းစင်းပင် ဝန်ခံလိုက်သည်။

ကျန်းယို့၏ဖခင် ဒေါပွသွားသည်။

'ဘယ်လို ပျောက်သွားတာလဲ၊ မင်းဘာသာအလိုလိုပျောက်တာလား၊ တစုံတယောက်ပယောဂကြောင့်လား'

'ကျွန်တော့်ကြောင့်ပါအဖေ'

ကျန်းယို့၏အဖေ၊ ကျန်းဟွီးဟင်ကသက်ပြင်းချလိုက်သည်။

'ကဲ ထားပါတော့၊ ဘယ်လိုပဲပျောက်ပျောက် မင်းကောကိုယုံရခက်သားပဲ၊ အခုလာတာက မင်းနဲ့ငါ့မိတ်ဆွေသမီးနဲ့ လက်







ဆက်ပေးဖို့ တို့လူကြီးတွေက စီစဉ်ထားတယ်၊ မင်း ဘယ်လိုသဘောရသလဲ'

ကျန်းယို့ ခေါင်းငိုက်စိုက်ကျသွားသည်။

မည်သို့ပြောရမည်မသိအောင် ဖြစ်သွားသည်။

'ဟော့ ကောင်၊ မင်းကိုငါမေးနေတာ ကြားသလား'

ကျန်းယို့၏အဖေ ကျန်းဟွီးဟင်၏အသံက ဧည့်ခန်းတခုလုံး ဟိန်းထွက်သွားသည်။

ကျန်းယို့ သက်ပြင်းတချက်ချလိုက်သည်။

ပြီးနောက် သူ၏ဖခင်၏မျက်နှာကို မဝံ့တဝံ့ကြည့်လိုက်၏။

'ကျွန်တော် လက်မခံပါရစေနဲ့'

'ဘာ၊ လက်မခံဘူး၊ ဟုတ်လား၊ လမ်းမှာ မင်း ဘယ်လိုလူနဲ့ တွေ့ခဲ့ပြီလဲ'

ကျန်းယို့မဖြေ၊ ခေါင်းငုံ့နေသည်။

'မင်း တကယ်ပြောနေတာလား၊ ကျူးစွမ်းရဲ့သမီးဟာ တော်ရုံတန်ရုံလူနဲ့ ပေးစားတာမဟုတ်ဘူး၊ မင်းကို ငါ နောက်ဆုံးမေးမယ် မင်း တကယ်မယူဘူးလား'

ကျန်းယို့က ခေါင်းခါသည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါ ဖေဖေ'

ဤတွင် ပုလဲကျေးရွာ အရှင်သခင် ကျူးစွမ်းက တဟားဟားရယ်မောလိုက်သည်။

ကဲပါလေ၊ သူငယ်လေးကလဲ ခရီးပန်းလာတယ်၊ စကား ပြောစရာရှိတာ နောက်မှပြောကြတာပေါ့၊ လောလောဆယ် ထမင်းစားပြီး အနားယူပါစေဦး။

ဤသို့ဖြင့် ကျွန်းယို့တို့သားအဖနှင့်တကွ ကျူးစွမ်းတို့ဇနီး မောင်နှံအပါအဝင်၊ ထမင်းစားပွဲကြီးတွင် ဝိုင်းထိုင်လိုက်ကြ သည်။

ကြီးမားသောစားပွဲကြီးပေါ်တွင် ဟင်းလျာများက စုံလှ သည်။

'ဟော့သူငယ်ချင်း၊ မင်းသမီးကော ခေါ်လေကွာ၊ တခါ တည်း ထမင်းစားခိုင်းလိုက်ပါ၊ ငါ့သားနဲ့လဲ မိတ်ဆက်ပေးရ တာပေါ့'

ကျူးစွမ်းက ခေါင်းညိတ်လိုက်သည်။

'ဟေ့၊ ငါ့သမီး ပုလဲကိုခေါ်လိုက်၊ ထမင်းစားမယ်၊ ညို့ သည်တကောက်က တွေ့ချင်လို့ပြောလိုက်'

အိမ်စေတဦးက ပြာပြာသလဲပင် ထမင်းစားခန်းမှ ထွက်သွား သည်။

မကြာလိုက်။

ခန်းစီးစကလေး လှုပ်ယမ်းသွားသည်။

အစိမ်းနုံရောင်ဝတ်စုံကိုဝတ်ဆင်ထားသော မိန်းကလေး တ ယောက်သည် ဣန္ဒြေရရထမင်းစားခန်းသို့ လှမ်းဝင်လာသည်။





ကျွန်းယို့က မကြည့်ဝံ့ဝံ့၊ ကြည့်ဝံ့ဝံ့ဖြင့် မော့၍ကြည့်လိုက် သည်။

ကျွန်းယို့မျက်လုံးအစုံသည် ပြူးကျယ်ထွက်သွားသည်။

ထမင်းစားခန်းထဲသို့ ဝင်ရောက်လာသူမှာ ဝေဝေဘုန်းဖြစ် နေသည်။

သူမက၊ ကျွန်းယို့အား တချက်ပြုံးပြပြီး၊ ကျွန်းယို့ထံသို့ ဖြည်းဖြည်းမှန်မှန်လျှောက်လာသည်။

ကျွန်းယို့က သူ၏ဖခင်ဘက်သို့လှည့်ကြည့်လိုက်သည်။

'ဖေဖေ၊ ကျွန်တော်ဖေဖေ့စကားကို နားထောင်ပါတော့ မယ်'

ကျွန်းယို့၏အဖေ၊ ကျွန်းဟွမ်းဟက်ပြုံးနေသည်။

ဝေဝေဘုန်းက သူမလက်ထဲမှ ကျောက်စိမ်းခွားကို ကျွန်းယို့ လက်သို့ ပေးအပ်လိုက်သည်။

ကျွန်းယို့က မဆိုင်းမတွပင် ကျောက်စိမ်းခွားကို လက်နှစ် ဖက်ဖြင့်ကိုင်လျက်၊ ကျူးစွမ်းလက်သို့ ရိုသေစွာ ပေးအပ်လိုက် သည်။

'ကျွန်တော့်ကျွန်းယို့က၊ ကျွန်တော့်အဖေကိုယ်စား ဘိုး ဘွားပိုင် ကျောက်စိမ်းခွားကို ပေးအပ်ပါတယ်ခင်ဗျား'

ကျူးစွမ်းတို့ဇနီးမောင်နှံနှင့် ကျွန်းယို တို့၏ဖခင် ကျွန်းဟွမ်း ဟင်တို့က၊ တဟားဟားရယ်မောလိုက်ကြသည်။

တဒင်္ဂအတွင်း၌ ထမင်းစားခန်းအတွင်း၌ ရယ်မောသံများဖြင့် ပြည့်လျှံသွားတော့သည်။

မင်္ဂလာထမင်းစားပွဲ ဖြစ်သွားသည်။

ကျွန်းယို့က၊ ဝေဝေဘုန်း၏ မျက်နှာကို တချက် လှမ်းကြည့်လိုက်သည်။

ဝေဝေဘုန်းနှုတ်ခမ်းစူသွား၏။

သူမက၊ ခေါင်းငုံ့သွားသည်။

ကျွန်းယို့၏နှုတ်ခမ်းအစုံတွင်အပြုံးပန်းတစ်ထောင် ပွင့်လန်းသွားလေတော့သည်။

ပြီး............။

နိုးဆစ်းပန်းစာပေ